VIEW

ဗျူးစာပေ

# ဗျူး

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# မျိုး

ဗီလ်န်စတိုရီ

**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** – ၅၀၀၇၃၁၀၇၁၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – ၅၀၀၈၇၅၀၈၁၀

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (ယ–၁၃၅၈) (ဖျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း။ ဗဟန်းမြို့နယ်။။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျင်ရင် (မြ–၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၂၂၅)၊ (၃၂) လမ်း (အထက်)၊

ပန်းဘဲတန်း။ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

မောင်နိုး

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ

တန်ဖိုး • ၂၀၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

**ဖြန့်ချိရေး**

စိုးမိုးစာပေ

ဖုန်း – ၀၁– ၂၉၀၉၉၅

၈၉၅ • ၈၃

ဖျူး

ဗီလိန်စတိုရီ / ဖျူး ။ – ရန်ကုန်။

ဖျူးစာပေ ၊ ၂၀၁၀ ။

၂၁၀ – စာ ၊ ၁၃ X ၂၁ စင်တီ။

(၁) ဗီလိန်စတိုရီ

image art work
Film Group

## အမှာ

ဘာလိုလိုနဲ့ ကျွန်တော် ထွက်ခဲ့ပြီးတဲ့ လုံးချင်းဝတ္ထုရှည်တွေက အုပ်ငါးဆယ်နီးပါး ရှိပြီ။ အဲဒီအထဲမှာ "ကိုယ်ဖော့ထားတဲ့ဆည်းဆာ" ဝတ္ထု ကလွဲလို့ ကျန်တဲ့ ဝတ္ထုတွေအားလုံး စကားပြေနဲ့ ရေးခဲ့တာချည်းပဲ။

အခုတစ်ခါ "စကားပြော"လေးနဲ့ ရေးချင်စိတ် ပေါက်လာပြန် တယ်။ သဘာဝကျတဲ့ ဟာသဇာတ်လေးကို စကားပြောဟန်နဲ့ ကျွန်တော် ရေးဖွဲ့လိုက်ပါတယ်။ ခံစားကြည့်ပါဦး။

ပရိသတ်အတွက်
အမြဲတမ်း
ဖျူး



PUBLISHED BY VIEW

## အခန်း (၁)

ဒီရွာမှာ ရက်ချိန်းဆို မသိတဲ့လူ မရှိဘူး။

ကလေးရော ခွေးရော နွားပါ မကျန် သိကြတာ။ တော်လို့ လို့တော့ မဟုတ်ဘူး။ ဆိုးလွန်း ပေလွန်း ရမ်းကားလွန်းလို့ နာမည် နဲ့ ကျော်တာမျိုး။ ရွာမှာ ပြဿနာကြီးငယ် တစ်ခုခု ဖြစ်လို့ ဘယ်သူပါလဲ ဝမ်းနဲ့ ဖေဒင် မမေးနဲ့ သေချာတယ် ထစ်ခနဲဆို ရက်ချိန်းပဲ။

"မျိုး ကိုဘသော် ရွာလူကြီး ဦးအောင်မောင်းက ခဏလောက် ကြွခဲ့ပါဦးတဲ့၊ ထုံးစံအတိုင်း ဆေးဖိုးဝါးခလေးပါ ယူလာခဲ့ပါတဲ့"

ရေမိုးချိုးပြီးလို့ ဝါးပက်လက် ကုလားထိုင်လေးမှာ ထိုင်ရုံပဲ ရှိ သေးတယ်၊ ခြံဝကနေ လာအော်တဲ့ ငညြ အသံကို ကြားလိုက်ရပြန်ပြီလေ။

ကိုဘသော် မျက်မှောင်ကြီး တွန့်ကုပ်ပြီး မီးမညှိရသေးတဲ့ ဆေးပေါ့လိပ်ကို ပြန်ချထားလိုက်ရတယ်။ အိမ်နောက်ဖေးမှာ ထမင်းဗိုင်း င်နေတဲ့ ကိုဘသော်ရဲ့ ဇနီး ဒေါ်ငွေခင်လည်း အထိတ်တလန့်နဲ့ အပြင် ကို လှမ်းကြည့်တယ်။

"ဟိုကောင် ရက်ချိန်း ဘာပြဿနာ ရှာပြန်ပြီလဲ ငညြ"


PUBLISHED BY VIEW

"ဒိုက်ကြီးတို့ဆိုင်ထဲမှာ ရန်ဖြစ်လို့တဲ့၊ ခေါင်းကွဲသွားတဲ့ တာနေဝနဲ့ ရွှေဘော်ကိုတော့ ရွာဆေးခန်း ခေါ်သွားကြပြီ၊ ရက်ချိန်းတို့က ရွာရုံးခန်းမှာ ကိုင်း ကျုပ်သွားနှင့်မယ်၊ အခု လိုက်လာခဲ့နော်"

ငြေက အိမ်ပေါ်တောင် မတက်ဘဲ ခပ်သုတ်သုတ် ပြန်လှည့်ထွက်သွားတယ်။ ငြေက အတွင်းရေးမှူး။ ရပ်ရေးရွာရေးမှာ လွှတ်စိတ်ဝင်စားတဲ့ကောင်။ ဒါကြောင့်လည်း ဦးအောင်မောင်းက ငြေကို မျက်နှာသာပေးတယ်။ အားကိုးတယ်။ လယ်ကိစ္စ ယာကိစ္စ၊ ကျွဲပျောက် နွားပျောက်က စပြီး ရန်ဖြစ်တဲ့ ကိစ္စအဆုံး အားလုံး ငြေပဲ။

အခုလည်း ရက်ချိန်းတို့ ရန်ပွဲကိစ္စ ဖြေရှင်းဖို့ ရွာလူကြီးက ငြေကို ကိုဘသော်ဆီ အကြောင်းကြားခိုင်းလိုက်တာပဲ။

"ဘာ ဘာတဲ့လဲ ကိုဘသော်၊ ဘယ်သူ ဘာဖြစ်လို့လဲ"

မီးဖိုခန်းထဲက ဒေါ်ငွေခင် လှမ်းမေးတယ်။

"ဘာဖြစ်ရမလဲ ငွေခင်၊ ကျေးဇူးရှင်လေ ဒိုက်ကြီးရဲ့ အရက်ဆိုင်မှာ ရန်ဖြစ်ပြန်ပြီတဲ့"

"ဟင် ကျွန်မ သားလေး ဘာဖြစ်သွားသေးလဲ"

ပြင်ဆင်နေတဲ့ ထမင်းဝိုင်းကို တိုးလို့တန်းလန်း ပစ်ထားခဲ့ပြီး ဒေါ်ငွေခင် အိမ်ရှေ့ကို ထွက်လာတယ်။ ကိုဘသော်ကတော့ တက်တခေါက်ခေါက်နဲ့ပဲပေါ့။

"တောက် မွေးလာကတည်းက မိဘကို ဒုက္ခပေးလာတဲ့ကောင် ဒီကောင် မရှိမှ အေးမှာ၊ ဒင်းကြောင့် ငါ့မှာ အောက်ကျို့ တောင်းပန်ရတာလည်း ရွာရှိ လူကုန်နေပြီ၊ အခုလည်း တာနေဝနဲ့ ရွှေဘော်ကို ဆေးခန်းပို့လိုက်ရသတဲ့၊ ဘယ်လို သနွေဆိုးနဲ့ မွေးလာမှန်းကို မသိဘူး"

ဦးဘသော် ပါးစပ်က တဖျစ်တောက်တောက် ပြောရင်း အိမ်တိုင်က သံမှာ ချိတ်ထားတဲ့ ရပ်အင်္ကျီကို လှမ်းယူလိုက်တယ်။ အဲဒီအချိန်မှာပဲ အိမ်ပေါ်တက်လာတဲ့ လူရိပ်မြင်လို့ ကြည့်လိုက်တော့ အကြီးကောင် အောင်ချိန်း ဖြစ်နေတယ်။

"အဖေ ဘယ်သွားမလို့လဲ"

အပြင်ထွက်ဖို့ ဟန်ပြင်နေတဲ့ ဦးဘသော်ကို ကြည့်ပြီး အောင်ချိန်းက မေးတယ်။

“ကိုအောင်မောင်း ခေါ်လို့ကွ၊ ဟိုဂြိုဟ်ကောင် ပြဿနာ ထပ်ရှာလိုက်ပြန်ပြီလေ”

“ရက်ချိန်း ဘာဖြစ်ပြန်ပြီလဲ အဖေ”

“ရန်ဖြစ်တာပေါ့ ရန်ဖြစ်တာ၊ မင့်အမေသာ မေးကြည့်တော့ အဖေ သွားလိုက်ဦးမယ်”

ဦးဘသော် အင်္ကျီကြယ်သီးတပ်ရင်းနဲ့ အိမ်ပေါ်က ကသုတ်ကရက်ဆင်းသွားတယ်။ အောင်ချိန်းက ငိုင်တွေတွေကြီး ရပ်နေတဲ့ အမေ့ကို ကြည့်ရင်း

“ဘယ်သူတွေနဲ့ ဖြစ်ကြတာလဲ အမေ၊ ညနေက တွဲလုံးနဲ့အတူ ဦးနိုက်ကြီး ဆိုင်ဘက်ထွက်သွားတာ သား တွေ့လိုက်သေးတယ်”

“တာနောတို့ အုပ်စုနဲ့တဲ့၊ ပြေ ပြောပုံအရတော့ မင့်ညီလက်ချက်နဲ့ တာနောတို့ ကွဲပြဲသွားပုံပဲ”

“ဟား ဒီကောင်ကတော့ တကယ့် ပြဿနာကောင်ပဲ၊ ထစ်ခနဲရှိ ရိုက်လိုက်နှက်လိုက်ရမှ ကျေနပ်တဲ့ကောင်၊ တစ်နေ့ ဝဋ်လည်မယ်”

အောင်ချိန်းက ပြောရင်း ထမင်းဝိုင်းဆီသွားတယ်။ ဒေါ်ငွေခင်နောက်က တကောက်ကောက် လိုက်သွားရင်း

“သား မင်းအဖေနောက် လိုက်သွားစမ်းပါကွယ်၊ စိတ်တိုတိုနဲ့ တော်ကြာ အငယ်ကောင်ကို ထိုးလားကြိတ်လား လုပ်နေပါဦးမယ်”

“ဟာ အမေကလည်း အဖေ့အကြောင်း သိသားနဲ့ဟာ၊ ဆွဲမနိုင်လွှဲမနိုင်နဲ့ ထားလိုက်ပါ။ ရွာလူကြီးတွေလည်း ရှိနေတာပဲ၊ လာပါ အမေယ်၊ ထမင်းစားနှင့်ရအောင်၊ ပြန်လာရင် ပွက်လောရိုက်ဦးမှာနဲ့ ထမင်းမြိန်မှာ မဟုတ်ဘူး”

“သားပဲ စားနှင့်၊ အမေ မဆာသေးဘူး။ သား မလိုက်ရင်လည်း အမေလိုက်သွားဦးမှ ဖြစ်မှာ”

“အမေနဲ့တော့ ခက်တယ်ဗျာ၊ အဲလို လိုက် လိုက်ရှင်းပေးနေလို့ ဒီကောင် ကမ်းတက်နေတာ၊ အဖေ့ကိုသာ မကြောက်ရရင် ရွာကို မီးရှို့မလားတောင် မသိဘူး”

“ဩော် အောင်ချိန်းရယ်၊ ရက်ချိန်းက မင်းညီပါ။ ဆိုးလို့ မိုက်လို့ဆိုပြီး ပစ်ထားလို့ ရတာမှ မဟုတ်ဘဲ ကဲ ကဲ စားနှင့် အမေ လိုက်သွား

ဦးမယ်"

ဒေါ်ငွေခင် အဝတ်အစားတောင် မလဲနိုင်ရှာဘူး။ သိမ်းထားတဲ့ ပိုက်ဆံခေါက်လေး ယူပြီး ကသောကမျောနဲ့ အိမ်ပေါ်က ဆင်းသွားတယ်။ အောင်ချိန်းက အမေ့ကို ကြည့်ရင်း စိတ်မသက်သာသလိုနဲ့ ခေါင်းတရမ်းရမ်း ကျန်ရစ်တယ်။

အမေ့ကို တားလို့ရမှာ မဟုတ်ဘူးဆိုတာ အောင်ချိန်း သဘောပေါက်ပြီးသား။ အငယ်ကောင် ရက်ချိန်းအတွက်ဆို အမေ့ ဝဋ်ဒုက္ခက မသေးလှဘူး။ ရက်ချိန်းနဲ့သူနဲ့ ယှဉ်ရင် အမေက ရက်ချိန်းကို ပိုချစ်တယ်လို့ သူ ထင်တယ်။

ဆိုးတဲ့မိုက်တဲ့ သားသမီးကို မိဘတွေ ပိုချစ်တယ် ဆိုတဲ့ စကား မှန်လိုက်တာလို့ သူ တွေးမိတယ်။ အခု အရက်ဆိုင်မှာ ရက်ချိန်းတို့ ရန်ဖြစ်တဲ့ကိစ္စကိုပဲကြည့်၊ ကွဲပြဲသွားတာ တစ်ဖက်က၊ ရက်ချိန်း ဘာမှ မဖြစ်ဘူး။ ဒါကိုပဲ အဖေနဲ့ ရက်ချိန်း ထပ်ပြီး ပြဿနာ ဖြစ်မှာစိုးလို့တဲ့။

အဖေ ရက်ချိန်းကို ဆုံးမတိုင်းလည်း အမေက ဝင်တားတယ်။ ဆွဲဟယ် လွှဲဟယ် ကာဟယ် ဆီးဟယ်နဲ့ နောက်ဆုံး အဖေနဲ့အမေပဲ စကားများကြရတာ။

အဖေလည်း ဒေါသကြောင့် ဆတ်ဆတ်တုန်၊ အမေလည်း ဖပ်ဖပ်ကို မောလို့၊ ရက်ချိန်းကတော့ သူနဲ့မဆိုင်သလို ပြန်မပြော နားမထောင် ရေငုံနှုတ်ပိတ်၊ အစားအသောက်တောင် မပျက်ဘူး။

သားသမီးမကောင်း မိဘခေါင်းတဲ့၊ ရက်ချိန်း ပြဿနာတွေ ရှင်းဖို့ အမေ ရွာလူကြီးအိမ်ရောက်ရတာ ချောင်းပေါက်နေပြီ။ ရက်ချိန်း မွေးသမျှ မီးကို ပိုက်ဆံနဲ့ လိုက်ရှင်းရလို့ ကုန်တာ ခမ်းတာက သောက်သောက်လဲ။

အခုလည်း တာနောနဲ့ ရွှေဘော်တို့ မိဘတွေ ကျေနပ်အောင် အမေက မျက်နှာအောက်ချ တောင်းပန်ရင်း ဆေးဖိုးဝါးခ လျော်ရဦးမှာလည်း သေချာတယ်။

အဲသလို ရှင်းရလွန်းလို့ ဟိုကောင် ရက်ချိန်း နောင်တရပြီး ဆင်ခြင်မယ် ထင်သလား။ ဝေးသေး။ ခွေးမြီးကောက် ကျည်တောက်စွပ် ဆိုတဲ့ စကားက ရက်ချိန်းအတွက် ပေါ်လာတာ။

အောင်ချိန်း အတွေးတွေ ဖြတ်ပြီး စားလက်စ ထမင်းကို မြန်မြန် လက်စသပ်လိုက်တယ်။ စားပြီး အိမ်က ရှောင်နေတာ အကောင်းဆုံး။ ပြန်လာရင် နားတွေပူဦးမှာက မြေကြီးလက်ခပ်မလွဲ မဟုတ်လား။

အဲဒီအချိန်မှာ ရွာလူကြီး ဦးအောင်မောင်းက ရက်ချိန်းတို့ အဖွဲ့ ကို ကြားနာနေဆဲပေါ့။

"ကဲ ရက်ချိန်း မင်းကို ဆုံးမ ပညာပေးရတာလည်း စကားလုံး တွေ အပ်ကြောင်းထပ်နေပြီ၊ ၃၈ ဖြာ မင်္ဂလာရော ငါးရာ့ငါးဆယ် နိပါတ် တော်ရော ကိုးကားရလွန်းလို့ ဖွတ်ဖွတ်ညက်ညက် ကျေနေပြီကွ"

"စာကျေတော့ ကောင်းတာပေါ့ ဦးလေး အောင်မောင်းရ၊ ဦးလေး ဖမ္မာစရိယ ဝင်ဖြေတဲ့အခါ အထောက်အကူ ဖြစ်တာပေါ့"

"အေးကွ ပထမကြီး ဖြေတုန်းကတောင် ဂုဏ်ထူးထွက် ဟာ ဒီကောင် လူကြီးကို မခန့်လေးစားနဲ့ ပြော၊ တစ်ရွာထဲသားတွေ ဘာလို့ ရန်ဖြစ်ရတာလဲ"

ရွာလူကြီးရဲ့ အမေးစကားအဆုံးမှာ ရက်ချိန်းနဲ့တွဲလုံး အချင်းချင်း ကြည့်ပြီး အဖြေပေးဖို့ မျက်စပစ်နေကြလေရဲ့။ သူတို့ကို ကြည့်ရင်း ရွာ လူကြီးတောင် မျက်ခုံးတွေ အကြောလိုက်သလို ဖြစ်လာရတယ်။

"ဟော့ကောင်တွေ ကြာပစ်သလို လာရစ်မနေနဲ့၊ ငါက ကွမ်း တောင်ကိုင် မဟုတ်ဘူး။ ပြောစမ်း ဘယ်က ဘယ်လို စဖြစ်သလဲဆိုတာ အင်း မေးသာ မေးရတယ်၊ မင်းလွန်လို့သာ တာနေတာတို့ ကွဲပြကုန်တာပေါ့"

"ဟာ မဟုတ်ဘူး။ ဦးလေးအောင်မောင်း ဒီကောင်တွေ ငွတ်ငြင်း လို့ ဒီကိစ္စ ဖြစ်ရတာပါ။ ကျွန်တော်တို့အလွန် မဟုတ်ဘူး။ သူတစ်ပြန် ကိုယ်တစ်ပြန် ချကြတဲ့ဥစ္စာ၊ သူတို့ခေါင်းက ဗိန္ဓသီးလို့ ပျော့လို့ ကွဲသွား တာ"

"ဟုတ်ပါတယ်ဗျာ ရက်ချိန်း ပြောတာ အမှန်ပါပဲ ခင်ဗျာ"

ရွာလူကြီးရဲ့အမေးကို ရက်ချိန်းက ခပ်မြန်မြန် ဖြေလိုက်တော့ တွဲလုံးက အလေးသုံးဆယ် ဝင်ပြီး ထောက်ခံလိုက်လေရဲ့။

"အင်း ဒီလိုဆိုတော့လည်း ဟုတ်ပြန်ရော၊ ကိုယ့်ခေါင်းပျော့မှန်း သိရင်လည်း ရန်မဖြစ်နဲ့ပေါ့"

"ကျွန်တော်လည်း အဲဒါပြောတာပေါ့၊ မသကာ ဆိုင်ကယ်စီး

ဦးထုပ်လေး ဘာလေး ဆောင်းထားတာ မဟုတ်ဘူး အကွဲသက်သာတာ ပေါ့"

"အေး ရွာက ကာလသား အားလုံး ခမောက် မဆောင်းဘဲ ဆိုင်ကယ်စီး ဦးထုပ်ဆောင်းဖို့ အမိန့်ထုတ်လိုက်မယ်"

"သိပ်ကောင်းတာပေါ့ ဗျာ၊ ကဲ ဒါဆို ကျွန်တော်တို့ ပြန်မယ် နော်"

"အေး အေး ပြန်ကြ"

ရက်ချိန်းက အရှုးချီးပန်းလျှောက် ပြောနေတာကို ရွာလူကြီးက ယောင်ပြီး စကားထောက်ပေးနေမိတယ်။ ရက်ချိန်းတို့ ထပြန်ဖို့ပြင်တော့မှ သူ့တာဝန် သူ သတိရသွားတယ် ထင်ပါရဲ့ ဒေါသ အမြှက်ခြောင်းခြောင်း ထွက်ပြီး

"ဟော့ကောင်တွေ ဟော့ကောင်တွေ မပြေးနဲ့"

"ဟာ ဦးလေး အောင်မောင်း အဲဒါ တောဂေါ်လီသီချင်းထဲက စာသားတွေလေ သီချင်းဆိုမလို့လား"

"မင်းတော့လားကွာ မုတ်လောက်သားလောက် ထိပ်တုံးနဲ့ ပေးစားထားရင် ကောင်းမယ် ထင်တယ်၊ ဘယ်က ဘယ်လို စဖြစ်သလဲဆိုတာ ရှင်းပြစမ်း"

ရွာလူကြီးက ထပ်မေးတော့ မလည်မဝယ်နဲ့ တွဲလုံး ဘာမှ ပြောမှာမဟုတ်မှန်း သိနေလို့ ရက်ချိန်းပဲ ရှင်းပြရတာပါ။

"ဒီလိုပါ ခင်ဗျာ ဟို ရုပ်ချောချော ကိုယ်လုံးတောင့်တောင့်နဲ့ ဟိုကြော်ငြာထဲက မင်းသမီး (—)လေ၊ ဦးလေး အောင်မောင်း သိတယ် မဟုတ်လား"

"အေး သိတယ် ငါတောင် သဘောကျနေတာ"

"ဟုတ်ပါတယ်ဗျာ အားလုံးလည်း သဘောကျကြတာပါပဲ၊ ခု လည်း သူ့ကြောင့် ပြဿနာ ဖြစ်ရတာ"

ရက်ချိန်း ရှင်းပြတော့ ရွာလူကြီး အံ့ဩပြီး ပါးစပ်အဟောင်းသား နဲ့

"ဟေ အဲဒီ မင်းသမီးလေး ရွာကို လာသွားတယ်ပေါ့ မင်းတို့ကွာ ငါ့ကို ဘာလို့ လာမခေါ်တာလဲ"

"ဗျာ အယ်ဟဲ လာသွားတာ မဟုတ်ပါဘူး၊ တီဗီ ကြော်ငြာကြည့်ရင်း နဲ့ ငြင်းပြီး စကားများကြတာ"

"ဒါနဲ့များကွာ ငါဖြင့် အဟုတ်မှတ်လို့၊ ပြောပါဦး ဘာကို ငြင်းကြတာလဲ"

"အဲဒီ မင်းသမီးမှာရှိတဲ့ မှဲ့သုံးလုံးကိစ္စပါ၊ ကျွန်တော်က အတိအကျ သိလို့ ရှင်းပြတာကို တာနေဒက လာမပြောနဲ့ မယုံဘူးတဲ့"

ရက်ချိန်းက ဝေ့လည်လည်နှင့် ရှင်းပြတာကို ရွာလူကြီးက စိတ်ရှည်ရှည်နဲ့ နားထောင်ပြီး မရှင်းတာ မေးပါတယ်။

"မင်းက ဘယ်လိုလုပ်သိလဲ"

"ဟိုတလော မြို့ကို သွားလည်တုန်းက သူငယ်ချင်းတစ်ယောက် အင်တာနက်မှာ ရှာပြလို့ ကြည့်ခဲ့ရတာဗျာ၊ လည်ပင်းအောက်နားမှာ တစ်လုံး ရင်ညွှန့်မှာ တစ်လုံး ပြီးတော့"

"ဟိုး ဟိုး တော်ပြီ သဘောပေါက်ပြီ၊ မင်းက သေချာမြင်ခဲ့တဲ့ ကောင်ဆိုတော့ မင်း မှန်တာပေါ့"

"အဲဒါကြောင့် ပြောတာပေါ့၊ ဒါကို ဟိုကောင် တာနေဒတို့က တွတ်ခံငြင်းနေတော့ မခံချင်ဖြစ်ရာက စကားများပြီး ထချကုန်ကြတာပါ"

"ဘယ်သူက အရင်ချသလဲ"

"တာနေဒက စ တာပါ"

"ဟုတ်ပါတယ် ခင်ဗျာ ကျွန်တော့်မျက်မြင်ပါပဲ၊ တာနေဒတို့ စ တာပါ"

ရက်ချိန်း ပြောသမျှကို တွဲလုံးက ထောက်ခံတယ်။

"သူတို့ အရင်စချပြီး သူတို့ပဲ ကွဲရသလား"

"ဒါကတော့ အတွေ့အကြုံပေါ့ ဦးလေး အောင်မောင်းရယ်၊ ကျွန်တော်က အပွဲပွဲ နွှဲလာတာ မဟုတ်လား၊ ဒီကောင်တွေ ဘယ်ယှဉ်နိုင်မလဲ ဟဲ ဟဲ"

"အေး ဒီလိုပဲ ဖြစ်တော့မှာပေါ့၊ အခု ငါ မေးတာက မင်း လွန်ခဲ့တယ်ဆိုတာ သေချာအောင် စစ်ဆေးတဲ့သဘော၊ အခု မင်းကိုယ်တိုင် ဝန်ခံတော့ ပိုပြီး ထင်ရှားသွားတာပေါ့၊ ထိပ်တုံးနဲ့မင်းနဲ့တော့ ဖွားဘက်တော် တွေပါပဲကွာ"

"ဗျာ"

ရွာလူကြီးရဲ့ မှတ်ချက်ကြောင့် ရက်ချိန်း ခေါင်းငိုက်စိုက်ကျသွား ရတယ်။ အဲဒီအချိန်မှာ ရက်ချိန်းအဖေ ဦးဘသော် ရောက်လာကာ ကျွဲကြီးနှာမှုတ်သလို တရှူးရှူး တရှဲရှဲနဲ့ပေါ့။ ရွာလူကြီးက အဖြစ်စုံကို ရှင်းပြပြီးတဲ့နောက်

"ကိုင်း အဲဒါပဲ ကိုဘသော်ရေ အဖြစ်ကတော့ ထုံးစံအတိုင်းပဲ ဘယ်သူလွန်သလဲဆိုတာ မေးစရာတော့ မလိုပါဘူးနော်"

"မလိုပါဘူး ကိုအောင်မောင်းရာ ရက်ချိန်း ဘယ်လိုကောင်စားလဲ ဆိုတာ သိပြီးသားပဲဟာ ဒီတော့ လူရင်းတစ်ယောက်အနေနဲ့ အကူအညီ တစ်ခုပဲ တောင်းပါရစေ ကိုအောင်မောင်းရယ်"

"ကိုဘသော်ရယ် ဒီလောက် နီးဒါန်းတွေ ပျိုးနေရလား ပြော ဘာလုပ်ပေးရမလဲ"

"ခင်ဗျားရဲ့ လုပ်ပိုင်ခွင့် အပြည့်သုံးပြီး ဒီကောင့်ကို မြို့က အချုပ်ထဲ အထိ ရောက်အောင် ပို့ပေးပါ"

"ဟာ ကိုဘသော်"

"အဖေ"

ဦးဘသော်ရဲ့ တောင်းဆိုမှုကြောင့် ရွာလူကြီးနဲ့ ရက်ချိန်းတို့ တအံ့ တသြဖြစ်သွားကြတယ်။ ရက်ချိန်းဆိုတာ သူ့အဖေကို မယုံနိုင်သလို ကြည့် လို့။ အဲဒီအချိန်မှာပဲ ဒေါ်ငွေခင် အပြေးတစ်ပိုင်းနဲ့ ရောက်လာတာပါ။

သူ့ယောကျ်ား ဦးဘသော် ကိုယ်တိုင် ရက်ချိန်းကို အချုပ်ထဲ ပို့ဖို့ ပြောတာလည်း သိသွားရော လင်မယားတွေ ရန်ဖြစ်လိုက်ကြတာ ဆွဲလို့တောင် မနိုင်ဘူး။ နောက်ဆုံးတော့ ခံဝန်မှာ လက်မှတ်ထိုးဖို့တောင် မစောင့်တော့ဘဲ ဦးဘသော် အံ့တကြိတ်ကြိတ်နဲ့ ထွက်သွားပါရော။

တောင်းဆိုးပလုံးဆိုး မဟုတ်တဲ့ သားဆိုးကို မပစ်ရက်နိုင်တဲ့ ဒေါ်ငွေခင်ပဲ ရက်ချိန်း လက်မှတ်ထိုးတာစောင့် လူကြီးတွေကို တောင်းပန် တာနောက်နဲ့ ရွှေဘော်ရဲ့ မိဘတွေကို ဆေးဖိုးပေးနဲ့ အမေ တစ်ယောက် ရဲ့ မေတ္တာကို ဖော်ကြူးနေရှာတော့တယ်။

■ ■ ■

## အခန်း (၂)

"အဖေက တော်တော့်ကို စိတ်ဆိုးနေတာ နှင်းဥရဲ့ ရှာလူကြီး အောင်မောင်းကို ကြိုက်သလို အရေးယူပြီး အချုပ်ထဲ ထည့်ဖို့အထိကို ပြောတာ ဒီမှာတင် အမေ ကြားဝင်ပြီး တောင်းပန်တော့ အဖေနဲ့အမေ ...ားများကုန်ရော"

"ဒါကတော့ ဒေါ်လေးငွေက အမေ မဟုတ်လား။ ဝမ်းနဲ့လွယ်ပြီး ...က်စွန့်မွေးခဲ့ရတဲ့ အမေလေ ရက်ချိန်း ဘယ်လိုဆိုးဆိုး ဘယ်လိုလုပ် ...ဖြစ်မြင်ရက်မှာလဲ"

နှင်းဥက အကြမ်းရည်ခရားအိုးကို အောင်ချိန်းရှေ့ ချပေးရင်း ...တယ်။ ရေချိုးပြီးစ သနပ်ခါး ပါးကွက်ကျားလေးနဲ့ ရှင်းသန့်နေတဲ့ ...ဲ့ မျက်နှာ ဝင်းမွတ်မွတ်လေးကို အောင်ချိန်း ခိုးကြည့်လို့ကို မဝတော့ ...။

"အင်း မငွေခင် ခမြာလည်း တကာယ့်ကို သနားစရာပါပဲကွယ်"

အိမ်နောက်ဖေးဘက်က ထွက်လာရင်း ဝင်ပြောတဲ့ နှင်းဥအမေ ...လေးမြ အသံကြားမှ နှင်းဥဆီက အကြည့်တွေ အောင်ချိန်း ခွာဖြစ်

တယ်။

"မွေးထားတာက သားနှစ်ယောက် ရက်ချိန်းကျမှ ဘယ်လို ဉာဉ်ဆိုးက ပါလာတယ် မသိဘူး။ အခု တာနောနဲ့ ရွှေဘော်ကို လျော်ကြေး ပေးလိုက်ရတယ်ဆို"

"ဟုတ်တယ် ဒေါ်လေးမြ၊ တာနောက သုံးချက်ချုပ်လိုက်ရတယ်၊ ရွှေဘော်က နှုတ်ခမ်းကွဲသွားတယ်လေ၊ အမေ့မှာ တာနော မိဘတွေ ကျေနပ်အောင် တောင်းပန်ပြီး ဆေးဖိုးသဘောမျိုးနဲ့ အဖေ မသိအောင် ငွေငါးထောင်ကို လက်သိပ်ထိုးပေးလိုက်ရတာ၊ ဒီကောင် ပြဿနာ ရှာတိုင်း ဖြေရှင်းဖို့ အမေ မစားရက် မသောက်ရက်နဲ့ စုဆောင်းနေရတာလည်း ကြာပါပြီဗျာ"

အောင်ချိန်း စကားကို နားထောင်နေရင်း နှင်းဥ ပင့်သက်မောကို ခိုးရှိုက်မိတယ်။ အတွေးထဲမှာလည်း ဂျစ်တစ်တစ် ပေတေတေနဲ့ ရက်ချိန်း မျက်နှာကို မြင်ယောင်လာတယ်။

ဒေါ်လေးငွေခင်ရဲ့ သားနှစ်ယောက်နဲ့ နှင်းဥဆိုတာ ဟိုးငယ်ငယ် လေးကတည်းက ကစားဖော် ကစားဘက်တွေ၊ ရွာမူလတန်းကျောင်းမှာ အတူကျောင်းတက်ခဲ့ကြတာပေါ့။ အောင်ချိန်းနဲ့ ရက်ချိန်းက နှစ်နှစ်ပဲ ခြားတဲ့ ညီအစ်ကိုတွေ။

တစ်မိပေါက် သွေးရင်းဆိုပေမယ့် စိတ်ဓာတ်ခြင်းကတော့ တကယ့်ကို တခြားစီ။ အကြီးကောင် အောင်ချိန်းက သိမ်မွေ့နူးညံ့သလို မိဘတွေ ကိုလည်း ဝိုင်းကူတယ်။ ဟိုကောင် ရက်ချိန်းကတော့ အရက်လည်းသောက် လောင်းကစားလည်းဖက်၊ မိဘကူဖို့ဆိုတာ ဝေလာဝေး။ ပျင်းလိုက်တာမှ လေတောင် ယောင်လို့ မချွန်ဘူးဆိုတဲ့ အစားထဲက။

ထားတော့ ပြောရရင် အကျင့်စရိုက်တင် မကဘူး၊ ရုပ်ချင်းက လည်း တူမှမတူတာ။

အောင်ချိန်းက အသားလတ်ပြီး မျက်နှာသွယ်သွယ် မျက်ခုံးမွေး ပါးလျှပ်လျှပ်နဲ့ အမေတူလို့ ပြောရမှာ။

အရုပ်အမောင်း ကောင်းတာကတော့ နှစ်ယောက်စလုံး တူပါရဲ့ ဒါပေမဲ့ ရက်ချိန်းက အသားညိုပြီး ခန္ဓာကိုယ် ပိုပြီး ကျစ်လစ်သန်မာတယ် ထင်းရှင်းပြီး ပေါ်လွင်တဲ့ မျက်ခုံးထူထူနဲ့ မျက်ဝန်းစူးရှရှတွေက ကိုယ်ထင်

တာကို ဖွင့်လုပ်မယ်ဆိုတဲ့ အတွင်းစိတ်ကို ဖော်ပြနေသလိုပဲ။

နုတတ်စင်းစင်းနဲ့ ပိပိရိရိ ရှိတဲ့ နှုတ်ခမ်းအထက်တစ်ဝိုက်နဲ့ မေးရိုး တစ်လျှောက်မှာ စိမ်းမြမြ မွှေးညှင်းတွေနဲ့ ယောက်ျားပီသတယ်လို့ ဆိုရမယ်။

"နှင်းဥ"

"ဘာလဲ ကိုအောင်၊ ဘာပြောမလို့လဲ"

အောင်ချိန်း အသံကြားမှ နှင်းဥ အတွေးတွေ ရပ်သွားတယ်။ လှည့်ကြည့်တော့ စိုက်ကြည့်နေတဲ့ အောင်ချိန်း မျက်လုံးတွေနဲ့ ဆုံမိတယ်။

"မနက်ဖြန် ငါ မြို့ဈေးရောက်မယ်၊ နှင် ဘာမှာဦးမလဲ"

"ဩော် ဘာမှ မမှာတော့ပါဘူး"

"ရွာထဲက ကြာညိုတို့ တက်တက်စင်တို့ကတော့ ရွာကထိန် အလှူပွဲကျရင် ဝတ်ဖို့ အဝတ်အစားတွေ ဝယ်ကြ ချုပ်ကြနဲ့ လုပ်နေကြပြီ ဟ၊ နှင်ကော ပိတ်စလေး ဘာလေးများ မှာဦးမလားလို့ ငါ မေးတာပါ"

"မမှာတော့ပါဘူး ကိုအောင်ရယ်၊ အဖေ့ရဲ့ စိုက်ခင်းက သီးနှံတွေ သွားရောင်းတဲ့နေ့ကျမှပဲ တစ်စုံလောက် ဝယ်တော့မယ်"

ပြောသာ ပြောလိုက်ရတာ ဒီနှစ် အဖေရဲ့ ယာခင်းက သီးနှံသိပ် မဖြစ်ဘူးဆိုတာ နှင်းဥ သိနေတယ်။ အဖေ အမေနဲ့ နှင်းဥတို့ သုံးယောက် တည်း ရှိတဲ့ မိသားစုလေးမှာ အဖေ့ရဲ့ စိုက်ခင်းဝင်ငွေလေးနဲ့ပဲ ရှင်သန်နေ တာ အဖေ့စိုက်ခင်းက ဝင်ငွေလေး ပိုလျှံမှ နှင်းဥ အဝတ်အစား သစ် လေး ဝယ်ဖြစ်မှာလေ။

ဒီနှစ် ရွာရဲ့ ကထိန်ပွဲမှာ သူငယ်ချင်းတွေ အားလုံး အဝတ်အစား သစ် ကိုယ်စီဝယ်ပြီး ခွဲကြဖို့ ရည်စူးနေတာ နှင်းဥ သိတာပေါ့။ မိကြာညို တို့ တက်တက်စင်တို့ သူ့ထက်ငါ အလှသွေးကြွယ်အောင် အဆင်ဆန်းဆန်း တစ်တွေ ဝယ်ဖို့ ချုပ်ကြဖို့ ပြောနေကြတာ နှင်းဥ ဆုံတိုင်း ကြားနေရတာ လေ။

ကထိန်ပွဲအတွက် နှင်းဥလည်း အဝတ်အစားတစ်စုံလောက် လိုချင် တာ အမှန်ပဲ။ ဒါပေမဲ့ ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုတဲ့ အတိုင်း အဖေ့ စိုက်ခင်းတွေ ပိုးကျတယ်ဆိုကတည်းက နှင်းဥ စိတ်ကူးတွေ ပျက်ကရောပဲ။

အဖေကတော့ နှင်းဥအတွက် အဝတ်အစား တစ်စုံလောက်

ဝယ်ပေးဦးမှလို့ အမေ့ကို ပြောနေတာ နှင်းဥ ကြားခဲ့တယ်။ အဖေ့စေတနာကို နှင်းဥ နားလည်တာပေါ့။ ဒါပေမဲ့ မက်မက်မောမောကြီးလည်း မျှော်လင့်မထားပါဘူး။ ကိုယ့်မှာရှိတဲ့ အဝတ်အစားလေးနဲ့ပဲ ရွာကထိန်ပွဲ နွှဲဖို့ ဆုံးဖြတ်ထားခဲ့တာ။

"ကဲ ကိုယ်သွားတော့မယ် နှင်းဥ"

ကိုယ့်အတွေးနဲ့ကိုယ် နှုတ်ဆိတ်နေမိတဲ့ နှင်းဥကို အောင်ချိန်းနှုတ်ဆက်တော့မှ အတွေးကို သိမ်းပြီး ခေါင်းညိတ်ပြမိတယ်။ အောင်ချိန်းထရပ်ရင်း မီးဖိုထဲက နှင်းဥအမေကိုပါ လှမ်းနှုတ်ဆက်တယ်။

"ဒေါ်လေးမြ ကျွန်တော် ပြန်တော့မယ်"

"ဩော် အေး အေး မောင်အောင်ချိန်း ထမင်းစားသွားပါဦးလားကွဲ့"

"မစားတော့ဘူး ဒေါ်လေးမြ၊ မနက်ဖြန် မြို့တက်မှာဆိုတော့ ခူးထားတဲ့ သီးနှံတွေ လှည်းပေါ်တင်သင့်တာတင်၊ ပြင်ဆင်ရဦးမယ်၊ ဟိုကောင်ရက်ချိန်းက ဘာမှလုပ်မှာ မဟုတ်ဘူး၊ အဖေ တစ်ယောက်ထဲ ဖြစ်နေမှာ"

"အေး အေး ဒါဆိုလည်း ပြန်ဦး မောင်အောင်ချိန်းရေ"

အောင်ချိန်း အိမ်ပေါ်က ဆင်းသွားတာကို ဒေါ်လေးမြ ငေးကြည့်ရင်း ပင့်သက်ရှိုက်လိုက်မိတယ်။

"အင်း ရက်ချိန်းက ဆိုးသလောက် အောင်ချိန်း လိမ္မာလို့ တော်သေးတာပေါ့ သားနှစ်ယောက်လုံးသာ သုံးစားမရရင် မငွေခင်တော့ ရှူးမှာ"

အမေက တစ်ယောက်ထဲ တီးတိုးပြောရင်း မီးဖိုပေါ်က ခရမ်းသီးနှပ်အိုးကို ဖွင့်ပြီး ယောက်မနဲ့ မွှေနေတယ်။ နှင်းဥ နှုတ်ဆိတ်ပြီး အိမ်ပေါ်က ဆင်းခဲ့တယ်။ အဖေ ယာခင်းထဲက ပြန်လာရင် အဆင်သင့် ရေချိုးနိုင်အောင်လို့ ရေငင်ထားရဦးမှာ။

ခြံထောင့်က ရေတွင်းမှာ ဝါးလုံးရှည်တပ် ရေပုံးနဲ့ နှင်းဥ ရေငင်နေတုန်း ခြံရှေ့က လူရိပ်ကြောင့် ကြည့်လိုက်တော့ ရက်ချိန်းနဲ့ တွဲလုံးတို့နှစ်ယောက်ကို ခြံဝမှာ တွေ့လိုက်ရတယ်။

တွဲလုံး မျက်နှာက နှင်းဥကို မြင်တော့ ပြီတီတီ ပြုံးပြတယ်။ ရက်ချိန်းကတော့ တစ်ချက်လှမ်းကြည့်ပြီး ဘာမှမဟုတ်သလို မျက်လုံးလွှဲသွားတယ်။

အမြင်ကပ်စရာ အပြုံးတွေနဲ့ တွဲလုံးကို နှင်းဥက မကျေမနပ်နဲ့

ကြည့် ကြည့်ပစ်လိုက်တယ်။ ဒါတောင် ဒင်းမျက်နှာက တစ်ချက်လေး ပြုံးမပျက်ဘူး။

မျက်နှာသွယ်သွယ်၊ နှာခေါင်းကြီးကြီး အရပ်က ပုတက်တက်နဲ့ ယ်လို့မှ အချိုးမကျတဲ့ရုပ်။

ကွမ်းချိုးတက်ပြီး နီရဲနေတဲ့ သွားတွေပေါ်အောင် ဖြဲထားပုံက စ်စက်လေးမှ ကျက်သရေ မရှိဘူး။ ရက်ချိန်းကလည်း သူနဲ့ ဘာမှ ဆိုင်သလို ကျောခိုင်းပြီး ခါးထောက်ရပ်နေတယ်လေ။

သူ့ကို ကြည့်ရင်းနဲ့ နှင်းဥ ဒေါသထွက်လာတယ်။ အဲဒီ တွဲလုံး တဲ့ကောင် နှင်းဥကို ရိသဲ့သဲ့ လုပ်နေတာ ကြာပြီ။ နှင်းဥ အပြင်ထွက် င်းလည်း တကောက်ကောက်လိုက်ပြီး နှောင့်ယှက်တတ်တာ။

ကျားကိုးစီး စားမကုန်တဲ့ ခန္ဓာကိုယ်နဲ့ အလုပ်လုပ်ဖို့ မစဉ်းစားဘဲ လုပ်စာ ထိုင်စားပြီး အချိန်ပြည့် မူးနေတဲ့ကောင်။ မိဘတွေ လယ်ပိုင် နဲ့ပဲ အခြောက်တိုက် ဘဝင်မြင့်ပြီး လက်ကြော မတင်းဘဲ ပေတေနေ ကောင်။

တစ်ခါကလည်း သူ့ကို နှင်းဥ အပြတ်ပြောပြီးပြီ။ နင့်လိုကောင်ကို ယ်အစား ခွေးကို အမြီးဖြတ်ပြီး ယူမယ်လို့ အဲလောက် နာအောင် ခဲ့တာတောင် အရှက်မရှိ တကောက်ကောက် လိုက်ကပ်နေတာ။

အဲဒီနောက်ပိုင်း တွဲလုံး အချိုးပြောင်းလာတယ်။ နှင်းဥတို့ အိမ် မှာ ခေါက်တုံ့ခေါက်ပြန်နဲ့ ရေတွက်မတတ် လျှောက်နေတော့တာ၊ ဥ ဒေါသဖြစ်တာက တွဲလုံးနဲ့အတူ ပါလာတာ ရက်ချိန်း ဖြစ်နေလို့ပဲ။

နှင်းဥကို တွဲလုံး နှောင့်ယှက်နေတာ ရက်ချိန်း မသိတာမှ မဟုတ် ပြီးတော့ နှင်းဥဘက်က ခါးခါးသီးသီး ဆက်ဆံပြခဲ့တာလည်း ရက်ချိန်း သိ။ ဒါနဲ့တောင် ရက်ချိန်းက အလိုတူ အလိုပါ လိုက်လာရက်တာ ပြီး တန့်နဲ့ ဒေါသဖြစ်ရတယ်။ ဘာကယ်ဆို ရက်ချိန်း ဒီလို မလုပ်သင့်

"ဟော့ နှင်းဥ ခဏ"

နှင်းဥ အတွေးမဆုံးသေးဘူး ရက်ချိန်း လှမ်းခေါ်လို့ ခပ်လက်စ း ထားခဲ့ပြီး ခြံဝကို ထွက်လာခဲ့တယ်။

"ဘာလဲ ရက်ချိန်း"

နှင်းဥ မေးတော့ ရက်ချိန်းက သူ့နောက်မှာ ဝင်ပုန်းနေတဲ့ တွဲလုံးကို ဆွဲထုတ်ပြီး ရှေ့ကို ပို့တယ်။

"ဒီကောင် နင့်ကို ပြောစရာ ရှိလို့တဲ့"

ရက်ချိန်းရဲ့ အပြောနဲ့ လုပ်ရပ်ကြောင့် နှင်းဥ ဒေါ်ပွတာထက် မပယ့်နိုင်အောင် ဖြစ်မိရတယ်။ သူ့ကိုကြည့်တော့ မထီတရီရုပ်နဲ့ ဘာကိုမှ ဂရုမစိုက်တဲ့ပုံ ဖမ်းထားတယ်။ တွဲလုံးက သူတို့နှစ်ယောက်ကြားမှာ တဆတ် ဆတ်တုန်နေပြီ။

"ဟေ့ကောင် ပြောလေ ငါ နှင်းဥကို ခေါ်ပေးပြီးပြီ"

"မင်း မင်းပဲ ပြောပေးပါကွာ၊ ငါ မပြောရဲတော့လို့"

"ဟေ့ကောင် တွဲလုံး မညစ်နဲ့ အရက်တစ်လုံးက ခေါ်ပေးရုံပဲလေ"

"လုပ်ပါ ရက်ချိန်းရာ နောက်တစ်လုံး ထပ်ပေးပါ့မယ်၊ ငါ ပြောချင် တာတွေ မင်းလည်း သိသားပဲဟာ၊ ဘာတွေပြောရမယ်ဆိုတာတောင် မင်းပဲ သင်ပေးခဲ့တာလေ"

"ဒါဆိုလည်း ပြီးရော၊ အရက်နှစ်လုံးနော်"

"စိတ်ချပါကွာ၊ အမြည်းပါ စုံစေရမယ် ဟဲ ဟဲ"

နှင်းဥကို ရှေ့မှာထားပြီး ပြောချင်တိုင်း ပြောနေကြတဲ့ ရက်ချိန်း နဲ့ တွဲလုံးကို နှင်းဥ ဒေါသမထွက်ဘဲ နေပါတော့မလား။ တကယ်ဆို ရက်ချိန်းက နှင်းဥကို စောင့်ရှောက်ရမှာ ခုတော့ သူက အလိုတူ အလိုပါ။

"ဒီလိုဟာ နှင်းဥရာ တွဲလုံး နင့်ကို ပိုးစိုးပက်စက် ချစ်နေတာ ငါ အသိဆုံး။ အရက်ဝိုင်းမှာဖြစ်ဖြစ် ဖဲဝိုင်းမှာဖြစ်ဖြစ် ဘာမှ အာရုံစိုက်လို့ မရအောင်ကို တတွတ်တွတ် ပြောနေတာ"

ကြည့်စမ်း တကယ့်ကို နှမချင်း မစာနာတတ်တဲ့ကောင်၊ မျက်နှာ ပြောင်ပြောင်နဲ့ ပြောနေလိုက်တာ။

"နင်က ငါ့သူငယ်ချင်း။ နင့်ကို မတော်တရော်ကောင်တွေနဲ့ ညား သွားမှာ မကြည့်ရက်ဘူး။ တွဲလုံးဆို တစ်ဦးတည်းသော သား၊ လယ်ပိုင် ယာပိုင် နွားပိုင်နဲ့ သူ့မိဘ ရှိသမျှ နင်ပဲ ခံစားရမှာ"

ရက်ချိန်းရယ် အရက်နှစ်လုံးနဲ့ ငါ့ကို လဲရက်တယ်နော်လို့ နှင်းဥ တွေးရင်း စိတ်အနာကြီး နာသွားရတယ်။ ရက်ချိန်းက မရပ်သေးဘူး။

"ဒီကောင် ငါနဲ့ပေါင်းလို့ လက်ကြော မတင်းဘူး မထင်နဲ့ နင့်ကို

ရရင် ဒီကောင်က ကျွဲကြီးလို နွားကြီးလို လယ်ထွန်စက်ကြီးလို နံ့ရှန်ပြီး ရှာဖွေကျွေးမှာ၊ အားလုံး နင့်စကားတစ်ခွန်းပဲဟာ အရက်သောက်နဲ့ ဖဲမရိုက်နဲ့လို့ နင့်ပါးစပ်က တစ်ခွန်းပဲ ပြောလိုက်၊ ဒီကောင် က်နာဖို့ အသင့်ပဲ"

"ဟဲ ဟဲ ဟုတ် ဟုတ်ပါတယ် နင်းဉရယ် ဒီကောင် ပြောတဲ့ တိုင်းပဲ"

"နင့်ကို ချစ်လိုက်တာ ဆိုတာလည်း ငါတောင် အံ့သြယူရတယ်၊ ကောင့်အချစ်က ပေတစ်သီး ကျီးတစ်သား ဆိုသလို တန်ဖိုးရှိပြီး တစ် ဟက်ဆိုတစ်ယောက် ပိတောက်ဆို ပိတောက်ဆိုတဲ့ စွဲမြဲမှုမျိုးနဲ့ဟာ၊ တော့လည်း သူက နင့်ဘဝကို ရွက်ဖြန့် မြေသြဇာလို ကြီးထွားသန်မာ ပြီး ပိုးမထိုးအောင် ကာကွယ်စောင့်ရှောက်မယ့်သူ သိလား။ နင် စိတ်ကူး လွဲနဲ့"

ရက်ချိန်းက လမ်းဘေး မျက်လှည့်ဝိုင်းမှာ ဆေးကြော်ငြာပြီး ရှင်းတဲ့ လူတစ်ယောက်လို ရေပက်မဝင်အောင် ပြောသွားလိုက်တာများ ကယ့်ကို စိတ်ပါလက်ပါနဲ့ပေါ့။ နင်းဉလည်း ရက်ချိန်း ပြောတာတွေ းနေရတော့ သူ့ကို သတ်ပစ်ချင်လောက်အောင် မုန်းတီးသွားရတယ်။ လုံးကတော့ ရက်ချိန်း အပြောတွေကို သဘောကျလွန်းလို့ သွားအဖြီး ားနဲ့ပေါ့။

"ဟုတ်ပါတယ် နင်းဉရယ်၊ ရက်ချိန်း ပြောသလိုပဲ တွဲလုံးဆိုတဲ့ ကောင်က နင်းဉအတွက်ဆို အာမို ပါ၊ မြန်မာ့သြဘာ ပါ ဟဲ ဟဲ"

စိတ်အချဉ်ပေါက်ပြီး ရက်ချိန်းကို မကြည့်ချင်တော့လောက်အောင် န့်သွားတဲ့ နင်းဉက

"ပြောလို့ ပြီးပြီလား ရက်ချိန်း"

"အေး ပြီးပါပြီဟာ၊ နင့်သဘောထားလေးပဲ တွဲလုံးကို ပြောပြ းလိုက်ပါ"

"နင် ပြောသွားသလိုဆိုရင်တော့ တွဲလုံးက တကယ့် အဖိုးတန် မှန် ယောကျာ်းကောင်း တစ်ယောက်ပေါ့နော်"

"သိပ်ကို သေချာတာပေါ့ ဟာ"

"အေး ဒါဆို ငါ တစ်ခါတည်း အဖြေပေးလိုက်မယ်"

နှင်းဥရဲ့ အပြောကြောင့် တွဲလုံး တစ်ယောက် နွားပြာကြီး အောက် သွားမရှိ ဆိုသလိုကို ဖြစ်သွားတော့တာ ရက်ချိန်းက လက်မထောင်ပြီ

"တွေ့တယ် မဟုတ်လား တွဲလုံး။ အရက်နှစ်လုံးမက တန်သွားပြီ နော်"

"အေးပါကွာ အေးပါ မင်းအတွက် တိုက်ကြက်တစ်ကောင်ပါ လက်ဆောင်ပေးဦးမှာ"

"ကတိနော် ကတိ ဟဲ ဟဲ ဟဲ၊ ကဲ နှင်းဥ တွဲလုံးကို အဖြေပေး လိုက်တော့"

"အေး ဒီလောက် တော်နေ ကောင်းနေတဲ့ ယောက်ဖလောင်း တွဲလုံးကို နှင့်နှမ ဝမ်းကွဲ ထွေးရီနဲ့ ပေးစားပြီး ယောက်ဖ ရာထူးပေးလိုက် နင်တို့နှစ်ယောက်လုံး ငါ့ရှေ့မှာ ထပ်ပြီး ပေါ်လာဦးမယ် နှောင့်ယှက်ဦးမယ် ဆိုရင်တော့ ရွာလူကြီးနဲ့ မတိုင်တော့ဘူး။ တစ်လတစ်ခါ ကင်းလှည့် ရောက်လာတဲ့ ရဲလက်ထဲပဲ တစ်ခါထဲ အပ်မယ် ရှင်းလား"

"ဟမ်"

နှင်းဥက ဒေါနဲ့မောနဲ့ စကားအပြတ်ပြောပြီး လှည့်ထွက်သွားတယ် ရက်ချိန်းလည်း ပါးစပ် အဟောင်းသားနဲ့ပေါ့။ တွဲလုံးကတော့ ဗျိုင်းကို အမွေးနုတ်ပြီး တံစို့ထိုးထားတဲ့ ရုပ်နဲ့ကျန်ခဲ့တော့တာလေ။

အချိန်က ရွာနောက်ဘက် ခင်တန်းတောအုပ်ထဲကို နေလုံးက ခေါင်းလျှိုတိုးဝင်သွားပြီ။

■ ■ ■

## အခန်း (၃)

"အမေ မအိပ်သေးဘူးလား"

အိမ်ရှေ့ခန်းမှာ တစ်ယောက်ထဲ ငုတ်တုတ်ထိုင်နေတဲ့ ဒေါ်ငွေခင်ကို အောင်ချိန်း လှမ်းမေးတယ်။ ဖွင့်ထားတဲ့ အိမ်ရှေ့တံခါးကနေ အပြင်ဘက် မှောင်ထဲကို ငေးရီနေတဲ့ ဒေါ်ငွေခင်က အောင်ချိန်းဘက် လှည့်ကြည့်တယ်။

"အမေ မအိပ်ချင်သေးပါဘူး သားကြီးရယ်"

ဒေါ်ငွေခင့် စကားကြောင့် အောင်ချိန်း ပင့်သက်ရှိုက်ရင်း အခန်းဝမှာ ရပ်နေရာက လှမ်းထွက်လာတယ်။ ပြီးမှ သူ့အမေရှေ့ အသာဝင်ထိုင်ရင်း

"ဟိုကောင် ရက်ချိန်းကို စောင့်နေတာ မဟုတ်လား အမေ၊ အိပ်ပျက်ခံပြီး စောင့်မနေပါနဲ့ အမေရာ၊ ဒီကောင်က ပြန်အိပ်ချင်မှ အိပ်မှာ လောက်ဆို အဖော်တွေနဲ့ သောက်ကောင်းတုန်း ရှိမှာပေါ့"

"အမေ မအိပ်ချင်လို့ပါ သား၊ သွားအိပ်တော့လေ၊ မနက်လည်း အစောကြီး ထရဦးမှာ မဟုတ်လား"



PUBLISHED BY VIEW

ရက်ချိန်းနဲ့ ပတ်သက်လာရင် အမေက အချစ်ပိုလွန်းသူပါ။ အမေသာ မရှိရင်တော့ အဖေနဲ့ရက်ချိန်းတော့ လွယ်မယ် မထင်ဘူး။

ညီအစ်ကိုရင်းချာတွေ ဆိုပေမယ့် ရက်ချိန်းက ဆိုးလွန်းတော့ အောင်ချိန်းလည်း သည်းမခံနိုင်တော့ဘူးလေ။ အသက်ချင်းကလည်း သိပ်ကွာလှတာမှ မဟုတ်တဲ့။ အလုံးအထည်ချင်း ယှဉ်ရင် ရက်ချိန်းက သူ့ထက်တောင် ထွားကျိုင်းသေးတဲ့ဟာ။

သူ့မှာတော့ အစ်ကိုကြီးဆိုတဲ့ ဂုဏ်ပုဒ်ကို ရက်ချိန်းထက် နှစ်နှစ်စောပြီး လူ့လောကထဲကို ရောက်လာခဲ့လို့သာ ပိုင်ဆိုင်ရတာ၊ ငယ်ငယ်ကတည်းက ရက်ချိန်းနဲ့ ပတ်သက်ရင် အမြဲတမ်း အလျှော့ပေးခဲ့ရတာ သူ မှတ်မိနေတုန်းပဲ။

သူ အခါလည်သား အရွယ်မှာပဲ အမေက ရက်ချိန်းကို ကိုယ်ဝန်ဆောင်ပြီဆိုတော့ အမေ့ရဲ့ နို့ကို စောစောစီးစီးပဲ ဖြတ်ခဲ့ရတယ်။ မွေးကာင်းစ ရက်ချိန်းကိုပဲ အမေ ဂရုစိုက်နေရတော့ သူ့မှာ အမေ့ရင်ငွေ့လှုံလို့ အားမရခင်မှာ ရင်ခွင်ပျောက်ခဲ့ရတာ။

အစ်ကိုကြီး ဖြစ်ရတဲ့အတွက် အောင်ချိန်း ပေးဆပ်ခဲ့ရတာတွေက အများကြီးပါ။

"သားကြီး အိပ်ချီတော့ အမေ့အတွက် မပူနဲ့ ခဏနေရင် အမေလည်း အိပ်မှာ"

အမေ့ကို ငေးကြည့်ရင်း အတွေးလွန်နေတဲ့ အောင်ချိန်းကို ဒေါ်ငွေခင်က လက်တို့ သတိပေးလိုက်လို့ အောင်ချိန်းလည်း ခေါင်းညိတ်ပြရင်း သူ့အခန်းဆီ ပြန်လာခဲ့တယ်။

သားကြီးရဲ့ ကျောပြင်ကို ငေးကြည့်ရင်း ဒေါ်ငွေခင် သက်ပြင်းချရှိုက်မိတယ်။ ဝမ်းနဲ့လွယ်ပြီး မွေးခဲ့ရတဲ့ သားနှစ်ယောက်ဆိုပေမယ့် ငွေခင်က ရက်ချိန်းကို အချစ်ပိုတယ်လို့ အားလုံးပြောနေကြတာ သူလည်း အသိပါ။ မိဘဆိုတာ သားသမီးတွေကို ချစ်တာခြင်းအတူတူ ဆိုပေမယ့် ရက်ချိန်းအပေါ် အကဲပိုမိ အချစ်ပိုမိတာလည်း အမှန်ပဲလေ။

ရက်ချိန်းရဲ့ မာကြောကြော အကျင့်တွေကြောင့်လို့ပဲ ပြောရမယ် ထင်ပါရဲ့။ အကြီးကောင် အောင်ချိန်းက မိဘအပေါ် သိတတ်လို့ ပူပန်စရာကို ဘာမှမရှိပေမယ့် ရက်ချိန်းကျတော့ တစ်စက်လေးမှ စိတ်မအေးရဘူး။

ဖေတုလို့လား ဆိုတော့လည်း ကိုဘသော် ဒေါသကြီးတာ စိတ်ဆတ်တာ ပေးမယ့် ရက်ချိန်းလို တဂွတ်ထိုး တဇောက်ကန်း မဟုတ်ဘူး။ ရက်ချိန်း အဖေ့ထက် သားတစ်လကြီးနေတာမျိုး။

အောင်ချိန်း မွေးပြီး ရက်ချိန်းကိုယ်ဝန်ရတော့ ကိုဘသော်က သမီးလေး လိုချင်တယ်။ ဒေါ်ငွေခင် ကိုယ်တိုင်လည်း သမီးပဲ တောင့်တ တာပါ။ တကယ်တမ်း မွေးလာတော့ ယောကျ်ားလေးပဲ။ ဒီလိုနဲ့ပဲ ဘုရား ပေးတဲ့ သားဆိုပြီး ချစ်ခဲ့ရတာပေါ့။

အကြီးကောင် မွေးတုန်းက သားဦးမို့ ကြောက်သလိုလို ဖြစ်မိ ပေမယ့် တကယ်တမ်း မွေးတော့ ဝေဒနာတောင် သိပ်မခံစားရဘူး။ လွယ် လင့်တကူ ရှောရှောရှူရှူပဲမို့ အံ့သြရသေးတယ်။ မှတ်မိသေးတယ် လက် သည်က ရေမွှာပေါက်ပြီ ညှစ်တော့လို့ ဆိုတာနဲ့ မျက်စိစုံမှိတ်ပြီး နင်းကန် ညှစ်တာ၊ ကလေးထွက်လို့ ထွက်မှန်းမသိ ဆက်ညှစ်နေလို့ လက်သည် ဒေါ်ခင်ပုကြီးတောင် တားယူရသေးတာလေ။

"ဟဲ့ ဟဲ့ ငွေခင် မညှစ်နဲ့ မညှစ်နဲ့တော့ ကလေးက ထွက်နေပြီ တော်တော့"

ဒေါ်ခင်ပု အလန့်တကြား အော်ဟစ်တားတော့မှ ဒေါ်ငွေခင် ရှိတ်အုပ်လိုက်ရတာလေ။ အမေကို ဒုက္ခမပေးတဲ့ သားမို့ ကိုဘသော် အချစ်ပိုတာ ထင်ပါရဲ့။

အိမ်မှာ ကလေးရှိတယ်လို့ မထင်ရအောင်ကို အောင်ချိန်းတို့ တာ။ အငိုအယိုလည်း မရှိ ဂျီလည်းမကျတတ်လို့ အားလုံးက ရေခဲတုံး လေးလို့ ခေါ်ကြတာ။

"မဖြစ်ဘူး ငွေခင် ကြာရင် ငါ့သား ဒီနာမည်ကြီး တွင်နေဦးမယ်၊ ဆရာတော်ကိုလျှောက်ပြီး နာမည်အမြန်ပေးမှ"

အိမ်နီးချင်းတွေက ကလေးကို ချစ်စနိုးနဲ့ ရေခဲတုံးလေးလို့ ခေါ်နေ ကြတော့ ကိုဘသော် မနေနိုင်တော့ဘဲ နာမည်ပေးဖို့ စီစဉ်တယ်။ ရွာဦး ကျောင်း ဆရာတော် ဦးဝိမလ က နေ့နာမ်နဲ့ တွက်ချက်ပြီး အောင်ချိန်းလို့ မည်ပေးတာတောင် ရေခဲတုံးလေးလို့ ခေါ်တဲ့သူက ခေါ်တုန်း။

"ဟော့ မယ်ကွက် ငါ့သားနာမည် ရေခဲတုံး မဟုတ်ဘူး။ အောင်ချိန်း ပါဟ"

"တော့ဘာသာ အောင်ချိန်းချင်ချိန်း မချိန်းချင်နေ တော့သာ အေးချက်က ရေခဲတုံးမှ ရေခဲတုံးပဲဥစ္စာ၊ အေးလွန်းလို့ နေပူစာလှုံရမလို ဖြစ်နေတာလေ"

"ဒီလိုတော့ နာမည် မဖျက်ပါနဲ့ဟာ၊ ဒါ ဆရာတော် ကိုယ်တိုင် ပေးထားတာနော် နယ်နယ်ရရ မဟုတ်ဘူး"

"ဒါဆိုလည်း တော် အလွယ်မလုပ်နဲ့လေ၊ အကျွေးအမွေးလေးနဲ့ ကင်ပွန်းတပ်ဦးမှပေါ့"

"အေး ယာထဲက သီးနှံတွေ ရောင်းပြီးတာနဲ့ ငါ့သားရဲ့ နာမည် ပေး ကင်ပွန်းတပ်လုပ်မယ်၊ နင်တို့ လာပြီး အဝစားကြ၊ စားပြီးလို့မှ ရေခဲတုံး ဆက်ခေါ်နေဦးမယ်ဆိုရင်တော့ ကျုပ်အဆိုး မဆိုနဲ့"

"စိတ်ချ စိတ်ချ စားပြီးမှ မှားခေါ်မိရင် ပါးသာဆွဲရိုက်လိုက် ကိုဘသော်ရေ"

"ဟား ဟား ဟား ဟား"

သားကြီးအောင်ချိန်းက အဲသလို ရာဇဝင်တွင်အောင် အနေအေး သူ့ ဗီဇ ငယ်ငယ်ကတည်းက ညင်သာနူးညံ့အေးဆေးခဲ့တာ။

■ ■ ■

## အခန်း (၄)

ရက်ချိန်းကျတော့ မဟုတ်ပေါင်။ စကာတည်းက ယဉ်သကို ဆိုသလို ကိုယ်ဝန်ရှိကာတည်းက ထူးခြားခဲ့တာ။ မှတ်မှတ်ရရ ကိုယ်ဝန် သုံးလလောက်မှာ ထူးထူးဆန်းဆန်း ချဉ်ခြင်းတွေ အမျိုးမျိုးတပ်ခဲ့သေးတယ်။

အစပိုင်းမှာတော့ ဒေါ်ငွေခင် တစ်ယောက်တည်း ကျိတ်မှိတ်ပြီး ခံစားနေခဲ့ရတာ၊ အဲလိုမှ ကျိတ်မှိတ်မနေလို့လည်း ဖြစ်မှ မဖြစ်တာ။ သူ့ရဲ့ချဉ်ခြင်းတွေက လူကြားလို့ မကောင်းဘူးလေ။

ကွမ်းယာကို ဆေးပေါင်းစုံထည့်ပြီး အဆက်မပြတ် စားချင်တယ်။ ကိုနိုက်ကြီးဆိုင်က ထန်းလျက်မီးတောက် ချက်အရက်ကို မူးအောင်သောက်ချင်တယ်။ ကာလေးတွေလို လောက်လေးတစ်လက်နဲ့ ငှက်လိုက်ပစ်ပြီး ရသမျှ အကောင်ပလောင်တွေ မီးကင်စားချင်တယ်။ ကဲ အဲဒါ ဘယ်လို လုပ်မလဲ။ အဆိုးဆုံးက မြင်းကို ဒုန်းစိုင်းပြီး တက်စီးချင်တဲ့ကိစ္စပဲ။

အဲဒါကြောင့် ဘယ်သူ့ကိုမှ မပြောသာဘဲ ဒေါ်ငွေခင် တစ်ယောက်ထဲ ကျိတ်မှိတ်ခံစားလာခဲ့တာ။ ကိုယ်ဝန် ငါးလရောက်တော့ တပိန်ပိန် တလိမ်လိမ်နဲ့ အိပ်ရာထဲ ဗုန်းဗုန်းလဲရော။



PUBLISHED BY VIEW

အရပ်လက်သည်က အဲဒါ ဝမ်းကြီးနာထထတာ သူ ချဉ်ခြင်းတပ်တာတွေသာ ရှာကျွေးလိုက် ကောင်းသွားလိမ့်မယ်လို့ ပြောတယ်။ ဒီတော့မှ ကိုဘသော်ကို နစ်ကိုယ်ကြား နစ်နားဆိုသလို သူ့ရဲ့ ချဉ်ခြင်းတွေကို မငွေခင် ပြောပြရတယ်။

မငွေခင်ရဲ့ ချဉ်ခြင်းတွေလည်းကြားရော ကိုဘသော်ဆိုတာ အံ့ဩလွန်းလို့ ခြေမကိုင်မိ လက်မကိုင်မိကို ဖြစ်နေတော့တာလေ။

"ဟား ငွေခင် ဒါ ဒါဆိုရင်တော့ သေချာပါပြီဟာ၊ ညည်း ယောက်ျားလေးပဲ မွေးမှာ၊ ငါလိုချင်တဲ့ သမီးလေး မရတော့ဘူးပေါ့"

"ဘယ်တတ်နိုင်မလဲ ကိုဘသော်ရယ် ကိုယ်လိုချင်တာ ဖန်တီးယူလို့မှ မရတဲ့ဟာ"

ဒေါ်ငွေခင်က အောင်ချိန်းလေးကို ရင်ခွင်ထဲထည့် နို့တိုက်ရင်း ယောက်ျားကို ချော့ရတယ်။ သွေးသားက တောင့်တလာတဲ့ ချဉ်ခြင်းကိုလည်း ဖြည့်ဆည်းပေးဖို့ အသနားခံရတာပေါ့။

ခက်တာက ကိုဘသော်က ကွမ်းမစားဘူး၊ အရက်မသောက်ဘူး၊ ဆေးလိပ်ပဲ ဖွာတာ၊ အိမ်မှာ ဘာမှအဆင်သင့် မရှိဘူး။ ဒီတော့ အလွယ်ကူဆုံး ကွမ်းကိစ္စကိုပဲ နီးစပ်ရာက တောင်းရမ်းပြီး အာသာပြေ ဖြည့်ဆည်းပေးထားရတယ်။

တစ်ရက် ကိုဘသော် လယ်ထဲကအပြန် အိမ်ပေါ်အတက်မှာပဲ တစ်အိမ်လုံး သိမ့်သိမ့်တုန်နေလို့ ဘာများ ဖြစ်ပါလိမ့်ဆိုပြီး အထိတ်တလန့်နဲ့ ငွေခင်ကို ရှာရတော့တယ်။

အိပ်ခန်းထဲက ငွေခင့်အဖြစ်ကို တွေ့လိုက်ရတော့ ကိုဘသော် အတော် စိတ်ပျက်သွားရတယ်လေ။

ကလေး သေးစိုမှာစိုးလို့ ခေါက်သိမ်းထားတဲ့ မင်္ဂလာဦး မွေ့ရာပေါ် ဖက်လုံးတွေ ခေါင်းအုံးတွေ ဆင့်ပြီး တက်စီးနေတဲ့ ငွေခင်ကို တွေ့ရတာကိုး။

ငွေခင့်ပါးစပ်ကလည်း တစ်ကလုပ် တစ်ကလုပ်နဲ့ အော်နေတာဆိုတော့ မြင်းစီးချင်သေးတဲ့ ချဉ်ခြင်း ကျန်နေသေးတာ သတိရပြီး စိတ်မကောင်း ဖြစ်ရတယ်။

ဒါပေမဲ့ ဒီကိစ္စက သိပ်မလွယ်လှဘူးလေ။ ကိုယ်ဝန်အရင့်အမာနဲ့ မိန်းမတစ်ယောက် မြင်းစီးဖို့ဆိုတာ လူကြားလို့ မကောင်းသလို မြင်လို့လည်း မကောင်းဘူး မဟုတ်လား။

ဒီ့ထက်ပိုအရေးကြီးတာက မြင်းစီးလို့ မတော်တဆ ပြုတ်ကျက် ကျရင် ဘယ်လိုလုပ်မလဲ။ ငွေခင်ကော ကလေးပါ ဒုက္ခရောက်မှာ။ ပြီးတော့ တစ်ရွာလုံး ကဲ့ရဲ့ပြောဆိုတာကိုလည်း မချိမဆန့် ခံရမှာလေ။

"ငွေခင်ရယ် မင်းမလည်း ဒုက္ခပါပဲလားကွာ"

"ဟုတ်တယ် ကိုဘသော် ကျုပ် မြင်းတအား စီးချင်နေတာ၊ ဘယ်လိုမှ အောင့်ထားလို့ မရလို့ ခုလို လုပ်နေရတာပါတော်"

"ငွေခင်ရယ် ကျုပ် လုပ်မပေးချင်လို့ မဟုတ်ဘူး။ အန္တရာယ်များ လွန်းလို့ လုပ်မပေးတာပါကွာ"

"ကျုပ် သိပါတယ် ကိုဘသော်ရယ် ဒါပေမဲ့"

"ဒီလိုလုပ်ရင်ကော ငွေခင် မြင်းမစီးဘဲ မြင်းလှည်းစီးပါလား။ မြင်းကို ကိုယ်တိုင် ဇက်ကြိုးထိန်းပြီး အစာပြုရတာလေ အာသာပြေပေါ့"

"မဖြစ်ပါဘူး ကိုဘသော်ရယ်၊ ကျုပ်က ခွစီးချင်တာ"

"ဒါဆိုလည်း ငါ့ကို စီးကွာ"

"အို မဟုတ်တရုတ်တော် ငရဲတွေ မပေးပါနဲ့ မြင်းစီးရအောင် အောင်သာ ကြံစမ်းပါ"

ဘယ်လိုမှ ဖျောင်းဖျ နားချလို့မရတဲ့အဆုံး ရွာထိပ်နဲ့ မြို့ကို ပြေးဆွဲ နေတဲ့ မြင်းလှည်းဆရာ ကိုဆင်ကြီးကို အကူအညီတောင်းခဲ့ရတာ။

ကိုဆင်ကြီးကလည်း ကူညီရှာပါတယ်။ သူ့မြင်းက လှည်းဆွဲတာ

ဆိုပေမယ့် ထောင်ထောင်မောင်းမောင်း ခေါင်ကောင်းကောင်း။ ပြီးတော့ တအားလိမ္မာတယ်လို့လည်း အာမခံရှာတယ်။ ကျော့ပေါ်က လူကို ခါချတာတွေ၊ ပဒပ်ရုပ်တာတွေ လုံးဝ မလုပ်တတ်ဘူးလို့လည်း ပြောတယ်။

ဒါနဲ့ပဲ တစ်ရက်မှာ ကိုဆင်ကြီး မြင်းလှည်း မထွက်ခင် မနက်စောစော မြင်းကြီးစီးပြီး ရောက်လာပါလေရောလား။

ငါးပွတင်းမ ငွေခင်လည်း မြင်းကိုမြင်တော့ သူ့ရဲ့ မီးပုံပျံကိုမှ အားမနာ လက်ခုပ်လက်ဝါးတီးပြီး ခုန်ပေါက်နေတော့တာလေ။

"ကိုဆင်ကြီး ဖြစ်ပါ့မလားဗျာ"

"ဖြစ်ပါတယ် ကိုဘသော်ရာ၊ ကျုပ်ကို စိတ်ချစမ်းပါ၊ ကျုပ်မြင်းကလည်း ဉာဉ်ကောင်းတယ်ဗျ"

"ဘယ်လိုလဲ ငွေခင်"

"အိမ်ထိ ရောက်လာမှတော့ အားနာစရာကြီး ကိုဘသော်ရယ်၊ ငွေခင် တက်စီးလိုက်မယ်နော်"

ငွေခင်ရဲ့ မလျော့သော ငွဲ လုံ့လနဲ့ ကိုဆင်ကြီးရဲ့ အာမခံမှုကို ယုံကြည်ပြီး ငွေခင်ကို မြင်းစီးခွင့်ပြုလိုက်ရတယ်။ ခြေတံရှည် ခုံမြင့်ပေါ်က တစ်ဆင့် မြင်းပေါ်ရအောင် ကုပ်ကပ်တက်နေတဲ့ ငွေခင်ကို ကိုဘသော် ဘယ်လိုမှ တားလို့ မရခဲ့ပါဘူး။

အဲဒီအဖြစ်ကို မျက်ဝါးထင်ထင် မြင်ရတဲ့ အိမ်နီးချင်းတွေရဲ့ သတင်းပေးမှုကြောင့် ရွာလုံးကျွတ် နီးပါး လာကြည့်ကြတယ်လေ။ ကိုဘသော်ဆိုတာ ရှက်လွန်းလို့ မျက်နှာမဖော်ဝံ့ဘူး။

ငွေခင်ကတော့ မြင်းပေါ်မှာ ဝံ့ဝံ့ကြွားကြွား ကားကားကြီးပေါ့။ ကိုဆင်ကြီးရဲ့ ထိန်းချုပ်စေခိုင်းမှုနဲ့ ငွေခင် မြင်းစီးပြီး ရွာတစ်ပတ် ပတ်ခဲ့တယ်။ ချဉ်ခြင်း အာသီသနဲ့ ဆန္ဒတွေ ပြည့်သွားပုံရတဲ့ ငွေခင်ကတော့ ပျော်တပြုံးပြုံးနဲ့ပေါ့။ ခပ်နောက်နောက် ကာလသားတွေက

“ကလေးကဖြင့် မမွေးရသေးဘူး။ ရှင်လောင်းလှည့်နေပြီလားဗျို့

“ရှင်လောင်းလှည့်တာ မဖြစ်နိုင်ဘူး ချက်ဖောင်း။ အဲဒါ ဗိုက်လောင်း ည့်တာကွ ဗိုက်လောင်းလှည့်တာ”

“ဟား ဟား ဟား ဟား”

ဒါတောင် ငွေခင်က ရှက်ရမှန်းမသိဘူး။ မြင်းပေါ်က လေအေး းနဲ့ ပြောနေသေးတယ်။

“ဒီတစ်ယောက်ကို မြို့ဆေးရုံမှာ မွေးမလားလို့ ဆေးရုံကို မြင်းနဲ့ ားဖို့ လေ့ကျင့်နေတာ ဟေ့”

နောက်က တကောက်ကောက် လိုက်ကြည့်ကြတဲ့ ရွာလူထု က်မှာ ကိုဘသော် ပါလာတယ်လေ။ မိန်းမကို စိုးရိမ်ပေမယ့် ရှက်လို့ းမကပ်ဝံ့ဘူး။ ကိုဆင်ကြီး လက်ထဲမှာပဲ ဝ,ကွက်ပြီး အပ်ထားလိုက် တာ့တယ်။

အဲ ရွာလယ်ရောက်တော့ ဆွမ်းခံကြွလာတဲ့ ဆရာတော် ဦးဝိမလ ဆုံပါလေရော။ မြင်ကွင်းက ထူးလွန်းတော့ ဆရာတော်တောင် ရပ်ကြည့် တဲ့ အထိပါပဲ။ အကြောင်းစုံသိသွားတဲ့ ဆရာတော်က ဗိုက်ထဲက ကလေး နိမိတ် ဖတ်သွားခဲ့တယ်။

“ဗိုက်ထဲက ကလေးကြီးလာရင် အင်မတန်မှ ထင်ရှား ကျော်ကြား မယ်” တဲ့။ မငွေခင် ဆိုတာ ကျေနပ်မဆုံး တပြုံးပြုံးနဲ့ပေါ့။ ဒီတော့ သော်လည်း ရောယောင်ပြီး ကျေနပ်ရတော့တာပေါ့။

ဘာပဲပြောပြော ငွေခင်ရဲ့ ချဉ်ခြင်းတွေ အကုန်ဆောင်ရွက်ခွင့်ရတဲ့ တွက် လင်မယားနှစ်ယောက်စလုံး ဝမ်းသာကြရတာတော့ အမှန်ပါ။

ချဉ်ခြင်းအားလုံး စုံသွားတဲ့ ငွေခင်လည်း မြင်းစီးပြီးတဲ့နောက်ပိုင်း ဆို ဘာမှ မလုပ်တော့ဘူး။ ကွမ်းလည်းမစား။ လေးခွလည်းမပစ်၊ က်လည်း မသောက်ဘဲနဲ့ အားအားရှိ ဘုရားပဲ လိုမ့်ရှိခိုးနေသတဲ့။

ဒီလိုနဲ့ မွေးကာ ဖွားကာနီး တစ်ရက်မှာတော့ မျက်စိမျက်နှာပျက်ပျက်နဲ့ ငူငိုင်နေတဲ့ ငွေခင်ကြောင့် ကိုဘသော် စိုးရိမ်တကြီးနဲ့ မေးရပြန်တယ်။

"ဘာဖြစ်သလဲ ငွေခင်၊ ဘာတွေ ထပ်ပြီး ချဉ်ခြင်းတပ်ပြန်ပြီလဲ"

"ဘာချဉ်ခြင်းမှ မတပ်ပါဘူး ကိုဘသော်ရယ်၊ ညက အိပ်မက်မက်လို့ပါ"

"ဘာအိပ်မက်မို့ မင်း ဒီလို ဖြစ်နေရတာလဲ ငွေခင်ရယ်"

"ညက အိပ်မက်ထဲမှာ ဗိုက်ထဲက ကလေး ထွက်လာပြီး ကျွန်မကို စကားပြောတာ ကိုဘသော်ရဲ့"

"ဟား ဆန်းလှချီလားကွာ၊ လုပ်စမ်းပါဦး"

"အမေ မနက်ဖြန် သား အိမ်ကို လာခဲ့မယ်ဆိုပြီး ရက်ချိန်းပေးသွားတာ ကိုဘသော်၊ ကဲ မဆန်းဘူးလား"

"ဟင် မနက်ဖြန်ကို ရက်ချိန်းပေးသွားတာ ဟုတ်လား"

"ဟုတ်တယ် ကိုဘသော်၊ အိပ်မက်သာ မှန်ရင် မနက်ဖြန်ဆိုတာ ဒီနေ့ပဲ"

"ဒါ ဒါဆို မင်း ဗိုက်နာပြီလား ဘာထူးခြားလဲ"

"ဝမ်းသွားချင်သလိုမျိုးတော့ နာနေပြီ ကိုဘသော်"

"ဟေ ဒါဆို ဒီလို အေးအေးဆေးဆေး ထိုင်နေလို့ ဖြစ်မလား။ မခင်ပု ခြေးခေါ်မှ ဖြစ်တော့မှာပေါ့၊ ကျုပ် သွားခေါ်လိုက်ဦးမယ်"

"မြန်မြန်ပြန်လာခဲ့နော် ကိုဘသော်"

"အေးပါကွာ"

နောက်ဆုံးတော့ အဲဒီနေ့မှာပဲ ဒေါ်ငွေခင် မီးဖွားဖို့ ပြင်ဆင်ထားတဲ့ အခန်းထဲ ရောက်သွားရတာပေါ့။ အကြီးကောင် သားဦးကိုယ်ဝန် မွေးတုန်းက ဘာဝေဒနာမှ မခံစားခဲ့ရပေမယ့် ဒုတိယ ကိုယ်ဝန်ကျတော့ ဒေါ်ငွေခင် သေကောင်ပေါင်းလဲပဲ။

ရက်ချိန်း လောကထဲ ဝင်လာပုံက အများနဲ့မတူဘူး။ ခေါင်းနဲ့ထွက်လာဘဲ တင်ပဆုံက စထွက်လာလို့ တကာယ်ကို ထော်လော်ကန့်လန့်လို့ပြောရမှာ။ အထဲမှာ ခြေတစ်ဖက် ကျန်နေတော့ နာလွန်းလို့ ဒေါ်ငွေခင် အော်တာဟစ်တာများ ရှာပျက်မတတ်ဘဲ။

ဝမ်းဆွဲသည် ဒေါ်ခင်ပု ခမြာလည်း မျက်ကလဲဆန်ပြာနဲ့၊ အခန်းအပြင်က ကိုဘသော်လည်း ထိုင်မရ ထမရ ကုန်းကုန်းကွကွကြီးကိုဖြစ်လို့။

ခက်ခက်ခဲခဲ မွေးလာရတဲ့ ကလေးက အိပ်မက်နဲ့ ရက်ချိန်းပေးတဲ့အတိုင်း အတိအကျ မွေးလာသလို ယောက်ျားလေးလည်း ဖြစ်နေပြန်တော့ ကိုဘသော်တို့ လင်မယား အံ့ဩမဆုံး ဖြစ်နေကြရတာလေ။ ဘာပဲဖြစ်ဖြစ် သားသမီး ဆိုတော့လည်း အားလုံး ဝိုင်းပြီး ချစ်ကြရတာပါပဲ။

"ဟား အငယ်ကောင်က ထွားသလား မမေးနဲ့၊ ချီရပိုးရတာကိုက တနင့်တပိုး တစ်တုံးတစ်ခဲကြီးဟေ့"

"ကြံဖူးပေါင် ငွေခင်ရယ်၊ ငါ့မှာ တောက်လျှောက် ဘုရားတလာခဲ့ရတာ ခုထိပဲ၊ ဒီလောက် မွေးရခက်တဲ့ ဗိုက်မျိုး ကြံဖူးပေါင်တော်"

ချွေးတွေ ရွှဲနစ်နေတဲ့ ကြားက ဒေါ်ခင်ပုကြီး ငြီးရှာတယ်။ မငွေခင်လည်း ဝေဒနာကြားကပဲ မိခင်တစ်ယောက်ရဲ့ မေတ္တာစိတ်နဲ့ ခင်ပွန်းသည်လက်ထဲက သားငယ်ကို လှမ်းကြည့်နေရှာတယ်။

"ဘယ့်နှယ်လဲ မိငွေခင်၊ အကြီးကောင်တုန်းက ကလေး အပြင်ရောက်တဲ့အထိ ညစ်လို့ကောင်းနေတဲ့ မိန်းမ အခုတော့ မှတ်ပြီလား"

လက်သည် ဒေါ်ခင်ပုက ကရုဏာ ဒေါသောနဲ့ ငေါက်တော့ ငွေခင် အပြုံးလေးနဲ့ ငြိမ်သက်နေရှာတယ်။

မွေးကတည်းက ကန့်လန့်တိုက်ခဲ့တဲ့ ရက်ချိန်းကို နာမည်ပေးဖို့ကျတော့ ဆရာတော်ဆီတောင် သွားမနေတော့ဘူး။ မမွေးခင်ကတည်းက

သူ မွေးမယ့်နေ့ကို အိပ်မက်နဲ့ အသိပေး ရက်ချိန်းပေးခဲ့တဲ့အတွက် ရက်ချိန်းလို့ပဲ နာမည်ပေးလိုက်တော့တယ်လေ။

အစ်ကိုက အောင်ချိန်း ညီက ရက်ချိန်းဆိုတော့ ဘာပဲပြောပြော ခေတ်မီတယ်လို့တောင် ပြောရမှာပဲ မဟုတ်လား။

ဒီလိုနဲ့ ရက်ချိန်း ဇာတိက တဖြည်းဖြည်းနဲ့ ပြလာတယ်။ စကားမပီကလာ ပီကလာ အရွယ်မှာပဲ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ချင်တာကို လုပ်ရအောင် နည်းမျိုးစုံနဲ့ ဂျီကျတာကို မိဘတွေ လက်တွေ့သိလိုက်ကြရတယ်။

တစ်ရက် ကိုဘသော်ရဲ့ ညီဝမ်းကွဲ တစ်ယောက် ရန်ကုန်ကနေ အလည်ရောက်လာတယ်။ မဟာရန်ကုန်မြို့ကြီးမှာ ခေတ်စားနေတဲ့ မော်ဒယ်တွေအကြောင်း ပြောပြတယ်။

စကားဝိုင်းမှာ မငွေခင်မှာလည်း ရက်ချိန်းကိုပွေ့ချီထားရင်း ဝင်နားထောင်မိတယ်။ အမေ့ရင်ခွင်ထဲက မျက်လုံးလေး ပြူးပြီး ငေးမောရင်း နားထောင်နေတဲ့ ရက်ချိန်း ရန်ကုန်က ဧည့်သည် ပြန်သွားတော့ ပြဿနာရှာတော့တာပဲ။

"မော်ဒယ် ချားချင်တယ်၊ မော်ဒယ် ချားမယ် အီး ဟီး ဟီး"

"ဒုက္ခပါပဲ ကိုဘသော်ရယ်၊ သားတော့ ဂျီကျနေပြီ၊ ရန်ကုန်က ရှင့်ညီ ပြောသွားတဲ့ မော်ဒယ်ပဲ စားမယ် ဆိုပြီး တစ်နေကုန် ပူဆာနေတော့တာ၊ နို့တိုက်လို့လည်း မရ၊ မုန့်ကျွေးလို့လည်း မရနဲ့ လုပ်ပါဦးတော်"

ယာခင်းထဲက ပြန်လာတဲ့ ကိုဘသော်ကို မငွေခင် ဆီးတိုင်တယ်။ ရက်ချိန်းကလည်း ကြမ်းပေါ်မှာ လူးလိမ့်ငိုနေလိုက်တာများ ပွက်လောကိုရိုက်လို့။

"အီး ဟီး မော်ဒယ်ကြီး ချားမယ် ဝယ်ပေး၊ အထု ဝယ်ပေး ဟီး အီး"

"ဟော သားက လုပ်ပြီ၊ မော်ဒယ်ဆိုတာ စားစရာ မဟုတ်ဘူးကွ"

"ဟင့်အင်း ဟုတ် ဟုတ် မဟုတ်ဟုတ် ချားမယ်၊ ထု ချားမယ်"

ကိုဘသော် ချိုပိုးပြီး ချော့မော့ ပြောတယ်၊ မရဘူး။ ရက်ချိန်းက ကော့လုန်ထိုးပြီး အသံပြဲကြီးနဲ့ အော်ငိုနေတာ။

"တိတ်ပါ သားရယ်၊ ရှာထိပ်က ဒေါ်ဘုမ ဘူးသီးကြော် စားမလား"

"ချားဘူး ချားဘူး ဘုမ ချားဘူး။ မော်ဒယ် ချားမယ်"

ကိုဘသော် ဘယ်လိုချော့ချော့ မရဘူး။ ငွေခင် နို့တိုက်လည်း မိုဘူး။ တကယ် ငွဲကောင်းကောင်းနဲ့ကို ငိုနေတာ။

ကြာတော့ မောပြီး အိပ်သွားရော။ ဒါပေမဲ့ ပြန်နိုးလာတာနဲ့ ပြီ ဂျိကျတော့တာပဲ။ ငိုတော့တာပဲ။ ကြာတော့ နားတွေတောင် အူလာရော။ ဘေးအိမ်တွေကိုလည်း အားနာလာရတယ်လေ။

ကိုဘသော် စိတ်တိုပြီး မချော့ဘဲ ကြမ်းပေါ် ပစ်ချထားတော့လည်း ရပ်မနား ငိုနေတာ အသံတွေ ပြာလာမတတ်ပဲ။

ဘေးအိမ်က ကိုတိုးတို့ မယ်တင်တို့လည်း မခံနိုင်လို့လား၊ မနေနိုင် လို့လား မပြောတတ်ဘူး။ ရှိသမျှ မုန့်တွေ ယူလာပြီး ရက်ချိန်းကို လိမ်ညာ ချော့ကြည့်ကြတယ်။

"သားလေး ရော့ စားကြည့်စမ်း။ ဒီမှာ မော်ဒယ်မုန့်"

"ဟင့်အင်း ချားဘူး။ အဲဒါ ပေါင်မုန့်ကြီး အီး ဟီး ဟီး"

"ဩော် ဟော် ဟော် သားက လူလည်ပဲ၊ ပေါင်မုန့်ကို သိတယ် ဟုတ်လား။ ကဲ ရော့ ဒါကမှ မော်ဒယ်မုန့် အစစ် ရော့ စားကြည့်စမ်း"

"ချားဘူး ချားဘူး အဲဒါ ပေါသီးကြီး၊ သားသား မော်ဒယ်ပဲ ချားမယ်၊ အီး ဟီး ဟီး ဟီး"

လူလည်ကျလွန်းတဲ့ ရက်ချိန်းကြောင့် ကြံရမရ ဖြစ်ပြီး ကိုဘသော် ငိုရပ် တစ်ရပ် ရအောင်ရှာလို့ အရပ်မှာ နို့ဆီသုပ်ပေးလိုက်မှ ရက်ချိန်း

ငြိမ်ကျသွားတယ်။

"ကောင်းတယ် ချိုတယ် ဒါမှ မော်ဒယ်မုန့်၊ နေ့တိုင်း ချားမယ် ပလွတ် ပြွတ် ပြွတ် ပြွတ်"

နို့ဆီသုတ်ထားတဲ့ ဘိုမရုပ်ကို တပြွတ်ပြွတ် စုပ်ရင်း ရက်ချိန်း ကျေနပ်သဘောကျ ငြိမ်သွားမှ အားလုံး နားရတော့တယ်။

အရင်ကတော့ ကိုဘသော်တို့ လင်မယား သမီးလေး တစ်ယောက်လောက် ထပ်ပြီး ယူဖို့ စိတ်ကူးထားကြတာ။ သားနှစ်ယောက် သမီးတစ်ယောက်ဆို တော်ပြီပေါ့။ အဲလို တွေးခဲ့ကြတာ အခုတော့ ရက်ချိန်းကြောင့် အဲဒီ စီမံကိန်းက ပြုလဲပျက်စီးသွားရပြီလေ။

သမီးလေး ရ မရ မသေချာဘဲနဲ့ နောက်ထပ် ကလေးယူဖို့ဆိုတာ သူတို့ လင်မယား စိတ်ကူးတောင် မယဉ်ရဲတော့ဘူး။ ရက်ချိန်းလို သန္တေမျိုး ထပ်ပါလာမှာစိုးလို့။

■ ■ ■

## အခန်း (၅)

ဒီအဖေ ဒီအမေက မွေးလာကြတာခြင်း တူပေမယ့် ရက်ချိန်းက တမူထူးခြားနေတော့ ကိုဘသော်တို့ စိတ်ပျက်မယ်ဆိုလည်း ပျက်လောက်တယ်။

စကားပြောတတ်စ တွတ်တီးတွတ်တာ အရွယ်လေးမို့ မဆူရက် မပုရက် မရိုက်ရက်ဘဲ အလိုလိုက်ထားမိတော့ ရက်ချိန်းက ဂျီကျခွင့် ထိုင်စင်ရထားသလို ဆိုးချင်တိုင်း လွှတ်ဆိုးနေတော့တာပေါ့။

အိမ်မှာလည်း အိမ်မှာမို့ ကစားတဲ့အခါလည်း ကစားတဲ့အခါမို့လို့ ရက်ချိန်းတို့က ပြဿနာလေး နည်းနည်းလောက်ဖြစ်ဖြစ် ရှာလိုက်ရမှ တးဝင် အိပ်ပျော်သလိုလိုပဲ။

"ဒေါက် ဒေါက်"

"ဘယ်ဒူရဲ"

"အရှုံးမကြီး မချာဥ"

"ဘယ်တွားမရှိရဲ"

"တရိတ်ခြံရုံ"

"နာဒို့ရဲ ရိုက်မယ်"

"ရိုက်နဲ့ ကျားဒေ ခြင်ဒေ တိုက်ရိုက်မယ်"

"တိုက်တိုက် တော တော"

"ဟိုရောက်ရင် နာ့ကို အရှုးမကြီးရို့ ထော်နဲ့"

ကလေးဘဝကတည်းက အရွယ်တူ တာတီး၊ တွဲလုံး၊ နှင်းဥတို့တွေ နဲ့ ရက်ချိန်း ကစားပြီဆိုရင် ပြဿနာ တစ်ခုမဟုတ် တစ်ခု တက်တော့ တာပဲ။

အရူးမကြီး မစာဥတမ်း ကစားတော့ ရက်ချိန်း လိုက်ရမယ့်အလှည့် မှာ အားလုံးက ကစားနည်းအတိုင်း အရူးမကြီးလို့အော်ပြီး ပြေးကြရတယ်

"ဟေး အရူးမကြီး မစာဥ အရူးမကြီး မချာဥ"

ကလေးတွေ အကုန်လုံး ကဆုန်ပေါက်ပြေးကြရင်း စကြ ပြော ကြတာကို ရက်ချိန်း မျက်မှောင်ကုပ် စိုက်ကြည့်တယ်။

"ထော်ပါနဲ့ချိ"

"ထော်မယ် ထော်မယ် အရူးမကြီး မချာဥ"

မကျေမနပ် ခါးထောက်ပြီး ရပ်ကြည့်နေတဲ့ ရက်ချိန်းကို အားလုံ က ဝိုင်းအော်ဟစ် စကြတယ်။ ရက်ချိန်းက အနားမှာ တွေ့ရတဲ့ သစ်ကိုင် ခြောက် တစ်ချောင်းကို ကောက်ယူလိုက်တယ်။

အားလုံးလန့်ပြီး သုတ်ခြေတင် ပြေးကြပေမယ့် အနေးဆုံ အငေးဆုံး နှင်းဥက ရက်ချိန်းကို ကြောင်တောင်တောင်နဲ့ ငေးကြည့်နေ တယ်။

"တဲဟာ ထော်ဦး"

"ဖြောင်း"

"အမယ်ရေး အမေရေ အီး ဟီး ဟီး"

နှင်းဥ နားသယ်စပ်လေးမှာ သွေးတွေ ရဲခနဲ ဖြာကျလာပြ နာလွန်း လို့ အော်ငိုတော့ ကလေးတွေက အော်ဟစ်ပြီး တိုင်လို့ လူကြီးတွေ ရောက်လာကြတယ်။

"လာကြပါဦး နှင်းဥကို ရက်ချိန်း ရိုက်လိုက်လို့ဗျို့"

"ရိုက်ရော့ ဘာဖစ်ရဲ နာ့ကို ပြောင်ပြလို့ ရိုက်တာ"

ရက်ချိန်းလက်ထဲက သစ်ကိုင်းခြောက်ကို ပစ်ချပြီး ခပ်တည်တည် လှည့်ထွက်သွားတယ်။ ကလေးတွေ အော်သံကြောင့် အပြေးရောက်လာ

နှင်းဥရဲ့ အမေ ဒေါ်နှင်းမြ၊ သူ့သမီး နားထင်က သွေးတွေမြင်တော့ ပြူးပြူး ပြာပြာ ဖြစ်သွားတယ်။

နာလွန်းလို့ ငိုနေတဲ့ နှင်းဥကို ပွေ့ချီပြီး ဒေါ်နှင်းမြ ဦးဘသော်တို့ အိမ်ရှေ့ ရောက်သွားရော။

"ကောင်းကြသေးရဲ့လား ကိုဘသော်ရဲ့"

"ဟင် မနှင်းမြ ဘာဖြစ်လာတာလဲဗျာ"

နေ့ခင်းနေ့လည် တစ်ရေးလောက် အိပ်မယ်ကြံတုန်း ဒေါ်နှင်းမြ အသံကြောင့် ဦးဘသော် ကသောကမျော ထွက်လာပြီး မေးတယ်။ ဒေါ်နှင်းမြ လည်း သမီးဇောနဲ့ ရန်တွေ့တော့တာပေါ့။

"ဘယ်လိုဖြစ်ရမှာလဲ၊ ရှင့်သား ရက်ချိန်းလေ၊ ကျုပ်သမီးကို သစ်ကိုင်းခြောက်နဲ့ ရိုက်လိုက်တာ နဖူးကွဲသွားပြီတော့ ဟွန်း"

"ဗျာ ဟုတ်လား ကျုပ် တောင်းပန်ပါတယ် မနှင်းမြရယ်"

ဦးဘသော် မျက်စိပျက် မျက်နှာပျက်နဲ့ တောင်းပန်တယ်။ ဒေါ်နှင်းမြ ဒေါသမပြေနိုင်ဘူး။ နှင်းဥရဲ့ ဒဏ်ရာက သွေးတွေ ထွက်နေတာ မြင်နေတော့ ပိုဆိုးတာပေါ့။

"ရှင့်သား ရက်ချိန်းက သိပ်လွန်နေပြီ၊ ကလေးတွေမို့ အတူကစား ပါစေ ဆိုပြီး ကြည့်နေတာ ထစ်ခနဲရှိ သူက ဦးအောင်လုပ်သွားတာချည်းပဲ၊ ရှင်တို့ မျက်နှာတွေကြောင့် ကျွန်မ သည်းခံနေတာ ကြာပြီ"

"ဟုတ် ဟုတ်ပါတယ်ဗျာ ဟော့ ငွေခင် လာစမ်းပါဦးဟ၊ ဒီမှာ ရှင့်သား ရက်ချိန်း လုပ်လိုက်တာ နှင်းဥလေး ပြဲသွားလို့တဲ့ဟ"

"ဘာ တော် ဘာစကားပြောတာလဲ ကိုဘသော်"

"ဟာ ဒဏ် ဒဏ်ရာကို ပြောတာပါ မနှင်းမြရယ်၊ ငွေခင် ဆေးတို့ဖတ် ပုလင်း ယူခဲ့စမ်းပါဟာ၊ ဒီမှာ နှင်းဥ ဒဏ်ရာကို ဆေးထည့်ပေး လိုက်ဦး"

"မလိုပါဘူး ကျုပ် အိမ်မှာလည်း ဆေးတို့ဖတ် ရှိတာပဲ၊ ရှင့်သား ရက်ချိန်းကို ဆုံးမလိုက်ဖို့ လာပြောတာ သွားမယ်"

"စိတ် စိတ်ချပါ မနှင်းမြရယ်၊ ရက်ချိန်းကို ကျုပ် ကိုယ်တိုင် ဆုံးမလိုက်ပါ့မယ်ဗျာ ဖြစ်ခဲ့တာကိုလည်း ကျုပ် အနူးအညွတ် တောင်းပန်ပါ တယ်"

မကျေမနပ်နဲ့ ဆောင့်ဆောင့်အောင့်အောင့် ထွက်သွားတဲ့ မနှင်းမြို့ သားအမိကို ကိုဘသော် အတော်အားနာသွားတယ်။ ဘယ်လောက် မျက်နှာပူဖို့ ကောင်းလဲ။ တစ်ရွာထဲသားအချင်းချင်း ယောက်ျားတန်မဲ့ အောက်ကျို့တောင်းပန်နေရတာ ရှက်စရာကောင်းလိုက်တာ။

ရန်တွေ့သွားတဲ့ ဒေါ်နှင်းမြရဲ့ ခက်ခက်ထန်ထန် မျက်နှာကြီးကို ပြန်မြင်ယောင်ရင်း ကိုဘသော် ဒေါသတွေ တရိပ်ရိပ် တိုးလာတယ်။

"ရက်ချိန်း လာခဲ့စမ်း ဒီကို"

"ဂျာ ရာပြီ ဖေကြီး"

"လာစမ်း ခွေးမသား မိဘကို အရှက်ခွဲတဲ့ကောင် တောက်"

အခန်းထောင့်မှာ ကုပ်ကုပ်လေး ရပ်နေတဲ့ ရက်ချိန်းကို ဆွဲထုတ်ပြီး ဆော်လိုက်တာ တံမြက်စည်း တစ်ချောင်းလုံး အပိုင်းပိုင်း ကျိုးတဲ့အထိပဲ။

"မှတ်ထား သနားကြင်နာစိတ် မရှိတဲ့ကောင် မှတ်ပြီလား ခွေးမ သား"

"ကိုဘသော် ရှင် သိပ်လွန်နေပြီနော်"

"ဘာကွ မင်းက ဘာကိစ္စ ဝင်ပြီး ကာဆီး ကာဆီး လုပ်ရတာလဲ၊ မင့်သားလုပ်ရပ်က ဘယ်လောက် ရှက်စရာ ကောင်းသလဲ"

"သားကို ကာဆီးနေတာ မဟုတ်ဘူး၊ ရှင့်ကို နာနာတီး ချင်နေတာ၊ ကလေးကို ဆုံးမတာ ခွေးမသားဆိုတော့ ကျွန်မက ဘာဖြစ်သွားလဲ"

"ဟင် အဲ ငါ ငါ ဒေါသဖြစ်လွန်းလို့ပါကွာ"

"ရှင် ဒေါသဖြစ်တာနဲ့ပဲ ကျွန်မကို ခွေးနဲ့ နှိုင်းရသလား၊ ကျွန်မက ခွေးဆိုရင် ရှင်ကော ဘာဖြစ်သွားမလဲ"

"အဲ ဟုတ်သားပဲ ရက်ချိန်းကြောင့် တို့နှစ်ယောက်လုံး ခွေးအဖြစ် မခံနိုင်ဘူး၊ တောက် ဒီကောင့်ကိုပဲ အသေဆော်လိုက်ချင်တယ်"

မျက်နှာကြီး ရဲရဲတောက်နေတဲ့ ဦးဘသော်က ရက်ချိန်းကို ရိုက်ဖို့ လက်ရွယ်လိုက်တော့ ဒေါ်ငွေခင်ကြားထဲက ဝင်ကာလိုက်တယ်။

"ကဲ တော်ပါတော့ ကလေးပဲတော့ မသိတတ်လို့ လုပ်ခဲ့တာ ဖြစ်မှာပေါ့၊ ရှင် ရိုက်ထားလို့ ကလေးလည်း ဗတ်လဘိုင် လိုက်နေပြီ"

ဒေါ်ငွေခင်က ရက်ချိန်းလေးကို ချော့မော့ နှစ်သိမ့်မေးမြန်းတယ်။

"ဘာလို့ နင်းဉကို ရိုက်ခဲ့တာလဲ သားလေးရယ်"

"သူက သားကို အရူးမဂျီး မချာဥလို့ ထော်တာကိုး"

"အဲဒါ မင်းတို့ ကစားကြတာလေ၊ စိတ်ဆိုးစရာလား"

"ကဂျားတာ ချိတ်ချိုးဘူး၊ တားက ယောက်ျားလေ အရူးမဂျီးလို့ ခေါ်တော့ တား မိန်းမဂျီး ဖြစ်တွားမှာပေါ့"

"ဟော့ကောင် မင်း စကားကို ကပ်တီးကပ်ဖဲ့ ပြောမနေနဲ့၊ နောက် တစ်ခါ ကစားရင် ရန်ဖြစ်ဦးမလား ပြောစမ်း"

"နင်းဥ မထော်ရင် မဖစ်ဘူး"

"ကွာ ဒီကောင် လုပ်လိုက်ရ သေတော့မယ်"

ကိုဘသော် ဟန်ပြင်တာနဲ့ ငွေခင်က လက်တစ်ဖက်နဲ့ ကာပြီး နောက်လက်တစ်ဖက်က ရက်ချိန်းကို သိုင်းဖက်ထားတယ်။ ရက်ချိန်းရဲ့ မှန်တေတေ မျက်နှာကြောကတော့ ခပ်မာမာပဲ။

"သားလေး နောက်ကို အဲဒီလို မလုပ်ရဘူးနော်၊ အနိုင်မကျင့်ရဘူး၊ တခြားသူတွေအပေါ် စိတ်ကောင်းထားရမယ်၊ ကူညီရမယ် ကြားလား"

သားရဲ့ခေါင်းကို ပွတ်သပ်ပေးပြီး ဒေါ်ငွေခင် ချော့ပြောတော့ ရက်ချိန်း က ခေါင်းညိတ်ပြတယ်။

"အေး အဲလို ကြပ်ကြပ်လုပ်၊ မင်းကြောင့် ဒီကောင် ရောင့်တက်ပြီး ပိုဆိုးလာမယ် ငွေခင်"

ကိုဘသော် စိတ်ပျက်သလို ပြောရင်း အခန်းထဲ ချာခနဲ လှည့်ဝင်သွားတယ်။ ဒေါ်ငွေခင်က ရက်ချိန်းကိုယ်ပေါ်က အရိုးရာတွေကို ပွတ်သပ်ပေးရင်း မျက်ရည်တွေ ရစ်ဝဲလို့။

အမေဆိုတော့လည်း အဖေတစ်ယောက်ရဲ့ အချစ်နဲ့ မတူနိုင်ဘူးလေ။ နူးနူးညံ့ညံ့ မိခင်တစ်ယောက်ရဲ့ နှလုံးသားက အနှိုင်းမဲ့ ချစ်ခြင်းဟာ ရက်ချိန်း အပေါ်မှာ ကြီးမားခဲ့တာ အမှန်ပါပဲ။

■ ■ ■

## အခန်း (၆)

အရွယ်သာ တဖြည်းဖြည်း ပြောင်းလာတယ်။ ရက်ချိန်း အကျင့်စရိုက်က မပြောင်းဘူး။ အဖေ ဖြစ်တဲ့သူက ဒေါ်သနဲ့ဆုံးမတတ်လို့ ရက်ချိန်း ကိုယ်ပေါ်မှာ အရိုးရာက ဆေးမင်ကြောင်လို အမြဲရှိနေတော့တာပေါ့။

မိခင်ဖြစ်တဲ့ ဒေါ်ငွေခင်က တိုးတိုးတိတ်တိတ်နဲ့ နားဝင်အောင် ပြောပြီး ဆုံးမတတ်တယ်။

"လူတွေ ချစ်အောင် လိမ်လိမ်မာမာ နေရတယ် သားရဲ့ သူငယ်ချင်း တွေနဲ့လည်း ရန်မဖြစ်ရဘူး။ ပြီးတော့ လူကြီး သူမတွေကိုလည်း လေးစားရတယ်၊ ကူညီစရာရှိရင် ကူညီရတယ်၊ ဒါမှ သားကို ချစ်ကြမှာ"

"တကယ်လား အမေ"

"တကယ်ပေါ့"

"ဒါဆို အမေပြောသလို သားနေမယ် စောင့်ကြည့်၊ ဒီနေ့ကစပြီး ရန်လည်း မဖြစ်တော့ဘူး။ သူများကိုလည်း ကူညီမယ်"

"အမလေး သားလေးက လိမ်မာလိုက်တာ၊ တွေ့လား ကိုဘသော် ကလေးဆိုတာ ချော့မော့ပြီး ပြောရင် နားဝင်ပါတယ်တော်"

"အေး မင်းသား တကယ်လိမ္မာမလား စောင့်ကြည့်ပါဦးကွာ"

ကိုဘသော်က ရက်ချိန်းကို မယုံကြည်တော့ဘူး။ ဒေါ်ငွေခင်က မျက်စောင်းတစ်ချက် လှမ်းထိုးရင်း သားကို တရှုံ့ရှုံ့ နမ်းတယ်။

"အမေ သား သွားဆော့ဦးမယ်နော်"

"အေး အေး ရန်မဖြစ်ရဘူးနော် သား"

"ဟုတ်"

ရက်ချိန်းဆော့ဖို့ ပြေးဆင်းသွားတော့ ကိုဘသော် ငွေခင့်ကို စကား စတယ်။

"ငွေခင် မင်း ဒီကောင့်ကိုယ်ဝန်ကြီးနဲ့တုန်းက ချဉ်ခြင်းတွေ မှတ်မိသေးရဲ့လား"

"မှတ်မိပါတယ်တော် ဘာဖြစ်လို့လဲ"

"ငါ ရင်လေးလွန်းလို့ပါကွာ"

"ဘာကိစ္စ ရင်လေးရပြန်တာလဲ ကိုဘသော်ရယ်"

"ဆရာတော် မှတ်ချက်ပေးခဲ့တာလေ နိမိတ်ဖတ်ခဲ့တာလေ"

"ဘာလဲ ထင်ရှားကျော်ကြားလိမ့်မယ်ဆိုတာလား"

"အေး မင့်သားက ခုကတည်းက ထင်ပေါ်ကျော်ကြားနေပြီလေ၊ ဒါပေမဲ့ ကောင်းတဲ့ဘက်ကတော့ မဟုတ်ဘူး။ လူဆိုးလေးဆိုပြီး နာမည်ကြီးနေတာ"

"မဟုတ်တာ ကိုဘသော်ရယ် ကလေး တော်တော်များများက ဒီလိုပါပဲ ကြီးလာတော့လည်း အကောင်းအဆိုး သိသွားမှာပေါ့"

"အင်း မင်းတွေးသလို ဖြစ်လာပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့ကွာ၊ ကိုင်း ကျုပ် ယာထဲဆင်းလိုက်ဦးမယ်"

ကိုဘသော် ထွက်သွားတော့ မငွေခင်လည်း လျှော်ရမယ့် အဝတ်တွေ ယူပြီး လျှော်နေလိုက်တယ်။ သိပ်မကြာလိုက်ဘူး ရက်ချိန်း ဖုန်တွေလူး ချွေးတွေရွှဲလို့ ပေကျံပြီး ပြန်ရောက်လာတယ်။

"အမေ ဒီနေ့ သား လူကြီးတစ်ယောက်ကို ကူညီလိုက်တယ် သိလား"

"ဟင် ဟုတ်လား သားက ဘယ်လို ကူညီလိုက်တာလဲ၊ အမေ့ကို ပြောစမ်းပါဦး"

"စောစောကလေးတင် ရှာလယ်ပိုင်းက ဦးအောင်ပန်းကြီးကို ကူညီလိုက်တာ အမေ၊ ဦးအောင်ပန်းက အိတ်တစ်ဖက် သေတ္တာတစ်ဖက်နဲ့ မနိုင်မနင်း ဖြစ်နေတာ အမေရ"

"ဟုတ်လား သားက ကူသယ်ပေးလိုက်တာပေါ့"

"ကူသယ်ရအောင် သားမှ မနိုင်တာ သူက ဒုက္ခပဲ ငါတော့ ရထားမီမှာ မဟုတ်တော့ဘူးလို့ ငြီးနေတာနဲ့ မြန်မြန်သွားလို့ရအောင် ကူညီလိုက်တာ"

"ကိုအောင်ပန်း မြို့တက်မလို့ ထင်တယ်၊ သားက ဘူတာအထိ လိုက်ပို့ပေးလိုက်တာလား"

"မပို့ပါဘူး အမေရာ ရထားမီသွားအောင် ဂုတ်ကျားကို ကြိုးဖြည်ပြီး ရှူးတိုက်လွှတ်လိုက်တာ"

"ဟင် ဘုရား ဘုရား"

"အမေ့လိုပဲ ဦးအောင်ပန်းကြီးလည်း ဘုရားတပြီး အထုပ်အပိုးတွေနဲ့ ပြေးလိုက်တာ တန်းနေတာပဲ၊ သူ ရထားမီမှာ သေချာပါတယ် အမေ"

ရက်ချိန်း အားရပါးရ ပြန်ပြောနေတုန်း ကာလသားနှစ်ယောက် တွဲခေါ်လာတဲ့ ကိုအောင်ပန်းကြီးကို ခြံဝ မငွေခင် မြင်လိုက်ရတယ်။

"သား သွား အိမ်ထဲဝင် ထမင်းစား အားလုံး ခူးထားတယ်"

ရက်ချိန်းကို အိမ်ထဲဝင်ခိုင်းပြီး မငွေခင် မျက်နှာပွပွနဲ့ပဲ ကိုအောင်ပန်းကို ရင်ဆိုင်ရတော့တာပေါ့။

"ဩော် ကိုအောင်ပန်း နေကောင်းတယ်နော်၊ ဘယ်က လှည့်လာတာတုန်း"

"ဒီကိုပဲ တန်းလာတာ လူက နေကောင်းပေမယ့် ကျုပ် ခြေထောက်တွေ ခင်ဗျားခွေး ဂုတ်ကျား ကိုက်လို့ အသားတစ် လန်သွားပြီ၊ ဒီမှာ ကြည့်ဦး အား အားလား လား"

"ကျွန်မ ခွေးဆိုတာ သေချာလို့လားရှင်၊ သေချာဦးတော့ ခွေးက ဘာသိမှာမို့လဲ ကိုအောင်ပန်းရယ်"

"ခွေးက ဘာမှမသိပေမယ့် ခင်ဗျားသား ရက်ချိန်းက သိတယ်၊ ဒီကောင်ပဲ ဂုတ်ကျားကို ကြိုးဖြည်ပြီး ရှူးတိုက်လွှတ်လိုက်တာဗျ၊ အိမ်က မိန်းမနင်ချလို့ ဆင်းလာရတဲ့အထဲ ခင်ဗျားသားကြောင့် ခွေးပါ အကိုက်ခံရပြီ

ဗျ အ ဟီး ဟီး ဆိုးလိုက်တဲ့ ကျုပ်ဘဝဗျာ၊ အဟီး ဟစ် အစ် အစ်"

"ဟို ဟို အဲ သားလေးက ရှင့်ကို ကူညီတာ ဖြစ်မှာပါ။ ရှင် ရထားမီအောင်လို့ ဂုတ်ကျားကို ပို့ခိုင်းတာ ဖြစ်မှာပါ ကိုအောင်ပန်းရယ် ဟင်း ဟင်း ဟင်း"

"ဘာဗျ ခွေးကို လိုက်ပို့ခိုင်းတာ ဟုတ်လား၊ ကျုပ်မှာ ရွာပြင်ထိ ပြေးတာတောင် မလွတ်ဘူး၊ အဟီး ရက်စက်လိုက်ကြတာဗျာ"

"ကျွန်မ တောင်းပန်ပါတယ်ရှင် ဘယ်လိုမှ မအောင့်မေ့ပါနဲ့၊ ဟော ဒီမှာ ဆေးဖိုးလေး ယူသွားပါနော်၊ ဂုတ်ကျားက ခွေးရူးမဟုတ်လို့ ရှင်လည်း ရူးမှာ မဟုတ်ပါဘူး၊ ကလေးက စေတနာနဲ့ ကူညီခိုင်းတာကို အသုံးမကျတဲ့ ခွေးက နားမလည်လို့ ဖြစ်သွားရတာပါ၊ ကျွန်မ ဂုတ်ကျားကို ရိုက်ပြီး ဆုံးမ လိုက်ပါ့မယ်ရှင်"

မငွေခင် ဝါးလုံးပိုင်းဆွဲပြီး ဂုတ်ကျားကို ရှာသလိုလို လုပ်နေတော့မှ ကိုအောင်ပန်းတို့ သုံးယောက်လည်း ဆေးဖိုးငွေ နှစ်ထောင်ကိုင်ပြီး ကိုဒိုက်ကြီးရဲ့ ဆိုင်ဘက် တရွေ့ရွေ့ ထွက်သွားကြတော့တယ်။

မငွေခင် ပင့်သက်မောကို ရှိုက်လိုက်ရင်း အိမ်ထဲ ဝင်လိုက်တော့ ရက်ချိန်းက ထမင်းဝိုင်းမှာ ပလုပ်ပလောင်း လွေးနေပြီ။

"ဦးအောင်ပန်းကြီး ရထားမမီဘူးလား အမေ၊ သူ့ အသားကုန်ပြေးသွားတဲ့ဟာကို"

"ရက်ချိန်းရယ် နင်နဲ့တော့ ခက်တော့တာပါပဲ၊ တစ်နေ့တစ်နေ့ ပြဿနာတစ်ခုလောက်မှ မရှာရရင် မနေနိုင်တော့ဘူးလား ငါ့သားရယ်"

ဒေါ်ငွေခင် စိတ်ပျက်လက်ပျက် ငြီးရုံကလွဲပြီး ဘာမှမတတ်နိုင်ခဲ့ဘူး။ ကလေးဆိုတော့လည်း ခက်သား။ ရက်ချိန်း လုပ်သမျှက ပြဿနာတွေချည်း ဖြစ်နေတော့ သူ့အဖေ ဒေါသထွက်မယ်ဆိုလည်း ထွက်စရာကိုး။

ရိုက်ပါများလို့ ထူပြီး ထုံပေပေဖြစ်သွားတာများလားလို့ ဒေါ်ငွေခင်တို့ လင်မယား ဆွေးနွေးမိကြသေးတယ်။

"အင်း မင်း ပြောတာလည်း ဖြစ်နိုင်တယ်၊ ဒီကောင်က နေ့တိုင်း ပြဿနာရှာ ငါက နေ့တိုင်း ရိုက်နဲ့ ကြာလာရင် သိပ်မကောင်းနိုင်ဘူးကွ"

"အဲဒါကြောင့် တော့်ကို ပြောတာပေါ့၊ ရွာကို လာတဲ့ ကျွန်းမာရေး

အဖွဲ့ပြောသွားတာတွေ ရှင်လည်း သိတာပဲ၊ ကလေးဆိုတာ သိပ်နုနယ်တာ တဲ့၊ အမှားလုပ်မိရင် ရိုက်နှက်ဆုံးမတာထက် အမှားအမှန် ခွဲခြားသိနိုင်အောင် ရှင်းပြဆုံးမပေးရမှာဆိုတာလေ"

"အေးပါကွာ ငါလည်း ဒေါသလျှော့ပြီး မရိုက်မိအောင် ထိန်းပါ့မယ်"

အဲဒီနောက် ကိုဘသော် သူ့စိတ်ကို သူထိန်းပြီး ကလေးကို ရိုက်တာ နက်တာ လျှော့ခဲ့တယ်။ တတ်နိုင်သမျှ ပါးစပ်နဲ့ပဲ ငေါက်တယ်။

"အမေရေ ဒီမှာ ဘုရားတင်ဖို့ ပန်းတွေ သားယူလာတယ်"

မနက်လင်းလို့ မျက်စိနှစ်လုံးပွင့်ကတည်းက ကစားဖို့ ထွက်သွားတဲ့ ရက်ချိန်း အိမ်ပြန်လာတော့ လက်ထဲမှာ ပန်းတွေ တစ်ပွေ့တစ်ပိုက်နဲ့။

ကိုဘသော် မျက်မှောင်ကုပ်သွားပေမယ့် မငွေခင်ကတော့ ထမင်းပွဲ ပြင်ဆင်နေရာက ထလာပြီး ရက်ချိန်း လက်ထဲက ပန်းတွေကို လှမ်းယူတယ်။

"ဟယ် ပန်းတွေက လှလိုက်တာ၊ ဟွန်း ကျုပ်သားလေးက ရှင် ပြောသလောက်လည်း မဆိုးသေးပါဘူး မိဘမှန်း ဘုရားမှန်းတော့ သိပါသေးတယ်"

ရက်ချိန်း ခူးလာတဲ့ လတ်လတ်ဆတ်ဆတ် လန်းလန်းဆန်းဆန်း ဘုရားပန်းတွေကို ပွေ့ယူရင်း ကိုဘသော်ကို မငွေခင် လှမ်းပြောလိုက်သေးတယ်။ ကိုဘသော်ကတော့ ချင့်ချင့်ချိန်ချိန်နဲ့

"ငွေခင် နောက်မှ ချီးမွမ်း။ ဒီကောင် ဘယ်က ရလာတာလဲ မေးဦး"

"ဘကြီး ဦးဝင်းမြင့်အောင် ခြံထဲကပါ အဖေရဲ့"

ရက်ချိန်းအပြောကြောင့် မငွေခင် ထိတ်ခနဲ ဖြစ်သွားရတယ်။

"ဦးဝင်းမြင့်အောင်ကရော သားခူးလာတာ သိရဲ့လား"

"ဟာ သိတာပေါ့ အမေရ"

သည်တော့မှ မငွေခင် စိုးရိမ်စိတ်ကလေး ပြေလျော့သွားပြီး ကိုဘသော်ကို လှမ်းပြောတယ်။

"တွေ့လား သိတယ်တဲ့ ကိုဘသော်ရဲ့ ဦးဝင်းမြင့်အောင်ကြီး ပေးလိုက်တာ ဖြစ်မှာပေါ့တော်"

"အာ အမေကလည်း ဒီအဘိုးကြီးလား ပေးမှာ အရမ်းကပ်စေးနဲ တာ၊ သူ မသိအောင် သားခူးနေတာ မြင်သွားတော့ ထမ်းပိုးကြီး ကောက်ကိုင်ပြီး ပြေးလိုက်လာတာ နို့မို့ဆို ဒီ့ထက် အများကြီး ရတာပေါ့"

ကိုဘသော်ကော မငွေခင်ပါ မျက်လုံးကြီးတွေ ပြူးလို့ တစ် ယောက် မျက်နှာ တစ်ယောက်ကြည့်မိကြတယ်။ ရက်ချိန်းကတော့ ခပ် တည်တည် အကြောက်အရွံ့ကင်းဟန်နဲ့

"ဒီအဘိုးကြီး အိမ်ထိ လိုက်မလာနိုင်ပါဘူး အမေရဲ့ ခြံထဲမှာပဲ ထွမ်းပစ်လဲကျကျန်ခဲ့တာ ပြန်တောင် မထနိုင်ဘူး"

"တကယ့် ပြဿနာပဲ ငွေခင်ရေ၊ ငါသွားတောင်းပန်ပြီး ဆေးဆရာ လေး ဘာလေး ပင့်ပေးမှ ဖြစ်မယ်၊ တောက် ခွေးမသား အဲ ခွေးကောင် ဒါ ပြန်လာမှ မင်းနဲ့တွေ့မယ်"

ကိုဘသော် အိမ်ပေါ်က သုတ်ခြေတင်ပြီး ပြေးဆင်းသွားရှာတယ်။ ငွေခင်လည်း လက်ထဲက ပန်းတွေကို တစ်လှည့် ရက်ချိန်းကို တစ်လှည့် ကြည့်ရင်း ဘုရားတနေမိတော့တယ်။

ရက်ချိန်းကတော့ မီးဖိုထဲ ဝင်သွားပြီး စားပွဲပေါ်က အုပ်ဆောင်းကို ဖွင့်ပြီး ထမင်းထိုင်စားနေတာ ခပ်တည်တည်ပါပဲ။

■ ■ ■

## အခန်း (၇)

ဆရာတော်ရဲ့ နိမိတ်အတိုင်း ရက်ချိန်းရဲ့ ထင်ပေါ်ကျော်ကြားမှုက တော့ တဖြည်းဖြည်းနဲ့ အရှိန်တက်လို့ ကောင်းနေဆဲပါပဲ။ အိပ်ရာက နိုး ပြီဆိုတာနဲ့ တွေ့သမျှ မြင်သမျှ စားလို့ရတာ အကုန်စားပြီး အပြင်ထွက် သွားတော့တာပဲ။

သူတို့တွေရဲ့ စရပ်ဖြစ်တဲ့ ရွာထိပ်မူလတန်းကျောင်းနားက သစ်ပင် ကြီးတွေအောက်မှာ ရက်ချိန်းတို့ ကလေးတစ်သိုက် ကစားနေကြတယ်။ ရက်ချိန်းကို စိတ်မချလို့ လိုက်လာတဲ့ မငွေခင် မှန်းထားတဲ့အတိုင်း ကလေး အုပ်စုက သစ်ပင်ကြီးအောက်က မြေတလင်းမှာ စုဝေးထိုင်နေကြရဲ့။

"အံမယ် ဒီအုပ်စု ထူးထူးခြားခြား ငြိမ်နေကြပါလား"

မျောက်ရှုံးအောင် ဆော့တဲ့အုပ်စု ငြိမ်ငြိမ်လေး စုထိုင်လို့ စကား ပြောနေတော့ အံ့ဩစိတ်နဲ့ မငွေခင် ခြုံကွယ်ကနေ နားစွင့်နေမိတယ်။ ဒီတော့မှ ရက်ချိန်းက ဆရာကြီး လုပ်နေမှန်း မငွေခင် သိလိုက်ရတာ။

"ငါ့အဖေ ပြောဖူးတယ်ကွ၊ လောကမှာ လူဆိုတာ တန်ဖိုးအရှိဆုံး တန်ခိုးအရှိဆုံးပဲတဲ့၊ လူလုပ်ရင် ဘာမဆို ဖြစ်တယ်တဲ့"

"ဒါတော့ မင်းအဖေ မှားတယ် ထင်တယ်"

တာနော က လက်မခံဘဲ ငြင်းတော့ ရက်ချိန်း မကျေမနပ်နဲ့ ျက်မှောင်ကြီးကုပ်ပြီး ကြည့်တယ်။

"ငါ့အဖေက ဘယ်တော့မှ မမှားဘူး၊ အမြဲ မှန်နေကျ"

"ငါ့ဘကြီးက ပိုမှန်မယ် ထင်တယ် ရက်ချိန်း၊ ဘကြီးပြောတော့ ူတွေထက် နတ်တွေက ပိုပြီး တန်ခိုးကြီးတာတဲ့ကွ၊ မင်း မကြားဖူးဘူး ား နတ်တွေက မိုးပေါ်မှာ နေတာ၊ အဲဒါ လူတွေထက် တန်ခိုးကြီးလို့ ပဲကွ"

တာနော က ချက်နဲ့လက်နဲ့ ပြောတော့ ရက်ချိန်း ဘာပြန်ပြောရမှန်း သိဘဲ တာနောကိုပဲ ရှုသိုးသိုးနဲ့ စိုက်ကြည့်နေတယ်။ သူတို့နှစ်ယောက် ျာတာတွေ ဝိုင်းနားထောင်နေတဲ့ တွဲလုံးတို့ နှင်းဥတို့ ကြာညိုတို့ ကလေး စုကလည်း တာနောဘက်က ထောက်ခံသလို ငြိမ်နေကြတယ်။

တာနော က ဒီတစ်ခါတော့ ရက်ချိန်းကို နိုင်ပြီဆိုတဲ့ မျက်နှာပေးနဲ့ ိုက်ကြည့်ရင်း

"မင်းအဖေထက် ငါ့ဘကြီးစကားက ပိုမှန်တယ်ဆိုတာ လက်ခံ ြလား ရက်ချိန်း၊ နတ်က ဆရာကြီး လူတွေထက် ပိုတန်ခိုးကြီးတယ်"

တာနော က ရင်ကော့ပြီး အပိုင်ပြောတယ်။ ရက်ချိန်းက လက်မခံ င်သလို ခေါင်းခါပြီး ငြင်းတယ်။

"ငါ မယုံဘူးကွာ၊ မင်းရဲ့ နတ်တွေ တန်ခိုးရှိတယ်ဆိုရင် ခုချက်ချင်း ွာလာအောင် လုပ်ပြနိုင်းလိုက်ကွာ ကဲ"

နွေခေါင်ခေါင်မှာ မိုးရွာခိုင်းနေတော့ တာနော မျက်နှာလေး ျက်လောက်ပဲ ရှိတော့တယ်။ ရက်ချိန်းက မဖြစ်နိုင်တာ တမင်ခိုင်းမှန်း ားလုံးလည်း သိတယ်။ ဒီတော့ တာနော ဒုက္ခရောက်ရော။

"ဟို အဲ ခု နွေရာသီကြီးလေကွာ၊ ဘယ်လိုလုပ် မိုးရွာမလဲ"

"ဘာဖြစ်ဖြစ်ကွာ တန်ခိုးရှိရင် ရွာချနိုင်ရမှာပေါ့"

"မင်း တမင်ညစ်တာ၊ ကဲ ဒါဆို မင်း တန်ခိုးရှိတယ်ဆိုတဲ့ ူတွေကကော လုပ်ပြနိုင်သလား ပြော"

"လုပ်နိုင်တယ်ကွာ ရွာနိုင်တယ်"

"ဘယ်သူလုပ်နိုင်တာလဲ၊ လက်တွေ့လုပ်ပြ၊ မင်းအဖေ လုပ်နိုင်

သလား"

"အဖေတောင် မလိုဘူး၊ ငါ လုပ်ပြနိုင်တယ်"

ရက်ချိန်းစကားကြောင့် မငွေခင်တောင် မျက်လုံးပြူးသွားရတယ်။ ချက်ချင်း မိုးရွာအောင် လုပ်ပြမတဲ့။ အားလုံးက ရက်ချိန်းကို မယုံသလို မျက်လုံးတွေနဲ့ ဝိုင်းကြည့်နေကြတယ်။

"မင်း လုပ်နိုင်ရင် အခု လုပ်ပြ၊ တို့က လက်တွေ့မှ ယုံမှာ"

တာနောက အပိုင်ပဲဆိုတဲ့ စတိုင်နဲ့ ရက်ချိန်းကို ချောင်ပိတ်ရိုက်ဖို့ ကြံပြီး စိန်ခေါ်လိုက်တယ်။ ရက်ချိန်း ထိုင်နေရာက ဆတ်ခနဲ ထရပ်ပြီး

"ငါ ခုချက်ချင်း မိုးရွာအောင် လုပ်ပြမယ်၊ မင်းတို့ စောင့်ကြည့်"

ပြောပြောဆိုဆို ရက်ချိန်းက လက်ပံပင်ကြီးပေါ် ကုတ်ဖက်တွယ်တက် သွားတယ်။ ရက်ချိန်း ဘာလုပ်မလဲဆိုတာ ကလေးတွေ အားလုံး စိတ်ဝင်တစားနဲ့ မော့ကြည့်နေကြတယ်။

ဒေါ်ငွေခင်လည်း သိချင်လွန်းလို့ အသာဆက်ကြည့်နေလိုက်တယ်။ သစ်ပင်ခွဆုံထိ ရောက်သွားတဲ့ ရက်ချိန်း မော့ကြည့်နေတဲ့အောက်က လူတွေကို အော်ပြောလိုက်တယ်။

"မင်းတို့ အားလုံး အပေါ်ကို မော့ကြည့်မနေကြနဲ့၊ မျက်လုံးမှိတ်ပြီး ငြိမ်ငြိမ်လေး ထိုင်နေကြ၊ ငါ အမိန့်ပေးလိုက်တာနဲ့ မိုးရွာချလိမ့်မယ်"

ရက်ချိန်းစကားကြောင့် ကလေးအားလုံး ခေါင်းငုံ့ပြီး မျက်လုံးမှိတ်ထားကြတယ်။ ရက်ချိန်းက စူးစူးရှရှ အသံနဲ့

"ဟေ့ မိုးကောင်းကင်ကြီး ငါ ရက်ချိန်း အမိန့်ပေးတယ်၊ ခု ချက်ချင်း မိုးရွာချလိုက်စမ်း၊ ရွာချလိုက်စမ်း ဟော ပြောရင်းဆိုရင်း မိုးရွာတော့မယ်၊ ဟော ရွာပြီ ရွာပြီဟေ့"

"ဟာ တကယ် ရွာတယ်ဟ"

"ဩော် အေး မိုးရေက နွေးတေးတေးလေး ဟဲ့"

အံ့သြနေတဲ့ တာနောက သူ့ခေါင်းပေါ် တပေါက်ပေါက်ကျလာတဲ့ မိုးရေတွေကို လက်နဲ့ စမ်းကြည့်တယ်။ သစ်ပင်ခွဆုံပေါ်က ရက်ချိန်းက

"နွေးနွေးအေးအေးပေါ့ကွာ၊ မိုးရွာရင် ပြီးတာပဲ မဟုတ်လား ကဲ ရွာလိုက်စမ်း ရွာလိုက်စမ်း"

"ဟင် မိုးရေက ငံတန်တန်နဲ့ နံ့သလိုလိုပဲ ထို"

တာနော ပါးစပ်ထဲ စီးဝင်လာတဲ့ မိုးရေပူတွေကို ထွေးထုတ်ရင်း ရေရွတ်တယ်။ ဒေါ်ငွေခင် ပြုံးပြုံးပြာပြာနဲ့ ပုန်းကွယ်နေရာက ကသော ကမျော ပြေးထွက်လာတယ်။

"ဟဲ့ သား ရက်ချိန်း သစ်ပင်ပေါ်တက် ဆော့ရသလား ဆင်းစမ်း နဆင်း"

"ဒီကောင်တွေကို မိုးရွာချပြနေတာ အမေရ"

"အမလေး ဒုက္ခပါပဲတော် ဒီလောက် ပူလောင်နေရတဲ့အထဲ မိုးရွာနိုင်းနေရလား။ ကဲ ကလေးတွေ အိမ်ပြန် အဝတ်အစားတွေ လဲလိုက်ကြ အပူရုပ်ကုန်မယ် ပြန်ကြ ပြန်ကြ"

အပင်ပေါ်က ဆင်းလာတဲ့ ရက်ချိန်းကို လက်ဆွဲပြီး ဒေါ်ငွေခင် မပြေးရုံတမယ် အိမ်ပြန်ခဲ့ရတယ်။ တာနောတို့ ကလေးအုပ်စုလည်း စိုရွှဲနေတဲ့ အဝတ်အစားတွေ လဲဖို့ လူစုခွဲပြီး ပြန်ကုန်ကြပြီ။

"နင် တော်တော် ပြဿနာရှာပါလား ရက်ချိန်းရယ်၊ လာ လာ နင် အပြင်မထွက်နဲ့တော့၊ အိမ်ထဲမှာပဲနေတော့၊ ငါတော့ နင့်ကြောင့် သေသာ သေလိုက်ချင်တော့တာပါပဲ ဟယ်"

■ ■ ■

## အခန်း (၈)

အိမ်မှာလည်း ပြဿနာရှာလွန်းလို့ ရက်ချိန်းကို ယာထဲ ခေါ်သွားတော့လည်း ဒေါ်ငွေခင် စိတ်မောရတာပါပဲ။

"ဟာ ဟော့ကောင် ပျိုးပင်တွေကို ရေနွေးပူနဲ့ လောင်းရသလား ဒုက္ခပါပဲ သေကုန်ပါပြီကွာ၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"မနေ့က အဖေပဲ ပြောနေတာလေ၊ ရေတွင်းထဲက ရေဆိုပေမယ့် မသန့်ရှင်းဘူး ရောဂါပိုးတွေ ပါတတ်တယ်၊ ကျိုချက်သောက်ရမယ်ဆိုဒါကြောင့် ပျိုးပင်လေးတွေကို ပိုးသတ်ထားတဲ့ ရေနွေးပူနဲ့ လောင်းပေးနေတာ"

"ဟာ ဒီကောင် ငါ တယ်လေ လုပ်လိုက်ရ"

ကိုဘသော် ဒေါ်ပွပြီး ရိုက်မလို့ ရွယ်ရုံရှိသေး၊ ပျိုးနှုတ်နေတဲ့ မငွေခင် အပြေးရောက်လာရင်း တားတော့တာ။

"ကလေးက မသိလို့ လုပ်တာပါ ကိုဘသော်ရယ်၊ တော်ကလည်း ကလေးရှေ့ ဆတ်ဆော့ပြီး ပြောထားတာကိုး"

"ဟ ငါ ပြောတာက ဟာ တော် တော်ကွာ ဒီကောင့်ကို

ထဲ ဘယ်တော့မှ ခေါ်မလာနဲ့၊ သွားပါပြီကွာ ငါပို့ုးပင်တွေ ကုန်ပါပြီ"
ကိုဘသော် ဒေါသကို မျိုသိပ်ပြီး အံတကြိတ်ကြိတ် ဖြစ်နေတော့ ငွခင်လည်း ရက်ချိန်းကို ဆွဲခေါ်ပြီး ထွက်လာခဲ့ရတော့တယ်။
ရက်ချိန်းကလည်း ပြဿနာကို ဘီးစိပ်နဲ့ တိုက်ချသလိုကို ရှာတတ် တဲ့ကောင်။ သူ့အဖေကလည်း ဒေါသကုမ္ပာရ၊ ဒီအဖေနဲ့ ဒီသားကြားမှာ ငွခင် ဘဝက ပဲလှော်ကြားက ညပ်တဲ့ဆား။ သူတို့ လင်မယားမှာတော့ ရက်ချိန်းပေးတဲ့ ဒုက္ခတွေကို ခါးစည်းခံရုံပဲ ရှိတော့တယ်။
"ဘသော် ဘသော် မင်းသား ရက်ချိန်း ငါ့တင်းကုပ်က နွားစား ကွက်ထဲ ပိုးသတ်ဆေးတွေ လာထည့်သွားလို့ ငါ့နွားနှစ်ကောင် သေပြီကွ"
"ဗျာ ဒါကြောင့် ဗီရိုအောက်မှာထားတဲ့ ကျုပ်ရဲ့ ပိုးသတ်ဆေးပုလင်း ပျောက်သွားတာကိုး"
"အရေးထဲ ပိုးသတ်ဆေးကို နမြောနေရတယ်လို့ကွာ၊ အခု နွားတွေ မရှိဘဲ လယ်ထဲ ငါ ဘယ်လိုဆင်းမလဲ၊ မင့်သား လုပ်တာ ကြည့်စမ်းလျော်"
"ဟာ ခင်ဗျားကလည်း မတရား ပြောနေပြန်ပြီ၊ ခင်ဗျာ့နွားတွေက ဘယ်အရွယ်တုန်း"
"ဟ နိုင်းကောင်းတဲ့အရွယ် နွားပျိုလေးတွေ ခုမှ ခြောက်နှစ်သား ရှိသေးတာ"
"အဲဒါ ပြောတာပေါ့၊ ခင်ဗျား နွားတွေက နွားပျိုပေါက်အရွယ်လေး ကျုပ်သားက အခုမှ လေးနှစ်သားပဲ ရှိသေးတာ၊ ငယ်တဲ့ကလေးက ငယ်တာကို ကြီးတဲ့ နွားတွေက ဆင်ခြင် စဉ်းစားမှပေါ့ဗျ"
"ဟေ အဲ အဲဒါ"
"အဲဒါတွေ ဘာတွေ လုပ်မနေနဲ့ ကျုပ် တစ်ဝက်လျော်မယ်၊ ဒီလို ကျေနပ်တော့၊ မကျေနပ်လို့ ရွာလူကြီးတိုင်လည်း ခင်ဗျား နွားတွေ မှုံ့တာ အရှင်းကြီးရယ်၊ တစ်ပြားမှ အလျော်မရဘဲ နေမှာနော်"
နှစ်ခြိကျော်က ကိုရွှေအရဲ့ နွားတင်းကုပ်ထဲထိ ဝင်ပြီး ရက်ချိန်း လာခဲ့တဲ့ ပြဿနာက ပေါ့သေးသေး မဟုတ်ဘူး။ ရွှေအလို ထူထူထုံထုံ ကောင်မို့ ကိုဘသော် ပြောသလောက် လျော်ကြေးနဲ့ ပြီးသွားတာ။ ဒါတောင် လေးတွေ ရှင်ပြုဖို့ သီးနှံရောင်းပြီး စုထားတဲ့ ငွေလေး တက်တက်ပြောင်

ရော။

ရက်ချိန်းလို ကလေးမျိုး ထပ်ရမှာစိုးလို့ ကိုဘသော်တို့ လင်မယား မြို့တက်ပြီး သားကြောဖြတ်ဖို့ စီစဉ်ကြရတယ်။ သမီးလေးလည်း မမျှော်ချင် တော့ဘူး။ ရက်ချိန်းနဲ့တင် ကလေးဆို စိတ်ကုန်လွန်းလို့လေ။

"ဆရာ ကျုပ်တို့ လင်မယား ကလေးမလိုချင်တော့လို့ သားကြော ဖြတ်ပေးပါ"

"ဟုတ်ကဲ့ ဘယ်သူ ဖြတ်မှာလဲ ခင်ဗျားလား ခင်ဗျား မိန်းမလား"

"နှစ်ယောက်စလုံး ဖြတ်မှာပါ ဆရာ"

"ဟုတ်သေးဘူးလေ တစ်ယောက်ဖြတ်ရင် လုံလောက်ပြီ"

"မလုပ်ပါနဲ့ ဆရာရယ်၊ သေချာသထက် သေချာအောင် နှစ်ယောက်လုံးရဲ့ အကြောတွေ အကုန်ဖြတ်ပေးပါ တောင်းပန်ပါတယ် ဆရာရယ်"

ကလေးထပ်ရမှာကို သေမလောက် ကြောက်နေတဲ့ ကိုဘသော်နဲ့ မငွေခင်ကို ဆေးရုံက ဆရာဝန်တွေ ဝိုင်းပြီး သဘောပေါက်အောင် ရှင်းပြကြတယ်။ သည်တော့မှ သဘောပေါက်ပြီး မငွေခင်ကိုပဲ သားကြောဖြတ်ဖို့ သဘောတူလိုက်ကြတယ်လေ။

ဒီသတင်းကြားတော့ တစ်ရွာလုံး ကြိတ်ဝမ်းသာနေကြတယ်လေ၊

"တော်သေးတာပေါ့ နောက်ထပ် ရက်ချိန်းလိုဟာမျိုး တစ်ယောက် လောက်သာ ထပ်မွေးရင် ငါတို့ပါ ရွာက ပြောင်းပြေးနေရမှာ"

"ဟုတ်ပါ့တော် ကိုဘသော်တို့ လင်မယား အမြော်အမြင်ကြီးပေလို့ တစ်ရွာလုံး အခြေမပျက်တာ"

ကလေးဘဝမှာတင် ထင်ပေါ် ကျော်ကြားလွန်းလှတဲ့ ရက်ချိန်း အကြောင်းက တစ်ရွာလုံး ပြောမဆုံးဘူး။ တစ်မိပေါက် တစ်ယောက်ထွန်း ဆိုတာ တကယ်ပါပဲလားဆိုပြီး စံတင်ခဲ့ကြရတာလေ။

■ ■ ■

## အခန်း (၉)

ရွာမှုလတန်းကျောင်းမှာ ရက်ချိန်းက ကကြီး ခကွေး စသင်ရတဲ့ ချိန်မှာပဲ စူးစမ်းတတ်တဲ့ ဉာဉ်လေး ကလေးမှာ ရှိနေတာ ကိုဘသော်တို့ ထင်မယား သိခဲ့ကြရတယ်။

"အဖေ ကားတွေ ဘာဖြစ်လို့ မောင်းလို့ ရတာလဲဟင်"

"ဟော အဲ ဟိုကွာ ဓာတ်ဆီထည့်ထားလို့ မောင်းလို့ ရတာပေါ့ကွ"

"လေယာဉ်ပျံတွေ မိုးပေါ် ဘာလို့ ပျံနိုင်တာလဲ အဖေ"

"အတောင်ပံတွေ ပါလို့ပေါ့ကွ သားရ"

ရက်ချိန်း သိချင်လို့ မေးသမျှ ကိုဘသော် ရှင်းပြရတယ်။ လူက ... သုငယ်တန်း ဆိုပေမယ့် သူ့စာအုပ်တင် မကဘူး၊ သူ့ထက် နှစ်တန်း ... တဲ့ အောင်ချိန်းရဲ့ စာအုပ်တွေလည်း စိတ်ဝင်တစား လှန်ကြည့်တတ် ... ယ်။

"ဒီကောင် မဆိုးဘူး ငွေခင် ပညာရေးတော့ ထွန်းပေါက်မယ် ... တယ်၊ ကြည့်စမ်း သားကြီးရဲ့ နှစ်တန်းစာအုပ်တွေပါ အသေအချာ ... လှောကြည့်နေတာကွ တွေ့လား"


PUBLISHED BY VIEW

"ဟုတ်ပ့ါ ကျုပ်သားလေး စာကို အတော် စိတ်ဝင်စားတာ"

အစ်ကို အောင်ချိန်းရဲ့ လွယ်အိတ်ထဲက စာအုပ်တွေ တစ်အုပ်ပြီး တစ်အုပ် လှန်ကြည့်နေတဲ့ ရက်ချိန်းကို ကိုဘသော် မေးတယ်။

"သား ဘာတွေကြည့်နေတာလဲ၊ မင်း နှစ်တန်းစာ ဖတ်တတ်လို့လား"

"မဖတ်တတ်ပါဘူး အဖေ"

"မဖတ်တတ်ဘဲနဲ့ ဘာယူလုပ်တာလဲ"

"ကိုကြီးအောင်ချိန်းက သူ့မှန့်ဖိုးကို စာအုပ်ထဲ ညှပ်ပြီး စုထားတတ်တာ အဖေရဲ့ တွေ့အောင်ရှာပြီး မုန့်ဝယ်စားမလို့ ကူရှာပေးစမ်းပါ"

"ဟင် ခွေးကောင် ငါ့မှာတော့ အထင်ကြီးလိုက်ရတာ သွား သွားစမ်းကွာ ငါ တီးလိုက်ရ သေတော့မယ်"

ဘယ်လိုပဲဖြစ်ဖြစ် ရက်ချိန်းက အောင်ချိန်းထက် သွက်လက်ချက်ချာတယ်။ သိချင် စူးစမ်းချင်စိတ်လည်း ရှိတယ်။ အကျင့်စရိုက်တင် မကဘူး၊ လူကလည်း အောင်ချိန်းထက် ထွားတယ်။ နှစ်နှစ်ကွာပေမယ့် အောင်ချိန်းနဲ့ ရွယ်တူလို ဖြစ်နေပြီ။

အကြမ်းပတမ်း နေတတ်တော့ အောင်ချိန်းလို ဖြူဖြူနွဲ့နွဲ့ မဟုတ်ဘဲ ကျစ်လစ်သန်မာလွန်းတဲ့ကောင်။ ကိုယ်ထင်တာ ကိုယ်ငွတ်လုပ်တတ်တဲ့ စရိုက်ကြောင့် ပြဿနာ ခဏ ခဏ တက်ရတာလည်း ဆန်းတော့ မဆန်းဘူးပေါ့။

ကိုဘသော်တို့ လေးအိမ်ကျော်က ဦးလုပိုကြီးရဲ့ ကြောင်လေး ရွှေဝါ ကို အမိဖမ်းပြီး ရက်ချိန်း လုပ်ပုံကိုလည်း ကြည့်ဦး။

ရွှေဝါ့ပါးစပ်ကို ဖြဲပြီး အိမ်က ယူလာတဲ့ ဓာတ်ဆီတွေ ပုလင်းလိုက် လောင်းထည့်တယ်။ သူ သိချင်တာကို စမ်းသပ်ကြည့်တာ။

"ခြေထောက် မပါတဲ့ မော်တော်ကားတောင် ဓာတ်ဆီ ထည့်ပေးရင် လူတွေ လိုက်မမီအောင် ပြေးတတ်တယ်၊ မင်းလို လေးချောင်းပါတဲ့ကြောင်ဆို ဘယ်လောက် မြန်မလဲ ကဲ ကြည့်ရအောင်"

"ငွီး ငွီး ငွီး"

"အလို့ ကားစက်သံနဲ့ ကြောင်စက်သံက ကွာပါ့ ကဲ ပြေး ပြေးစမ်း ရွှေဝါရေ ဘယ်လောက်မြန်မလဲလို့"

ရွှေဝါ ပြေးတယ်၊ ကမ္ဘာ့ရှုးထိုးနဲ့ သွေးရူးသွေးတန်း ပြေးတယ်။ အား ကြာတော့ ချာလပတ်ရမ်းပြီး ဘုန်းခနဲ လဲကျ အသက်ထွက်သွားရော။

"ဟော့ကောင်လေး ငါ့ကြောင်ကို မင်း ဘာလုပ်လိုက်တာတုန်းကွ ဟေ"

ရက်ချိန်း လုပ်ရပ်ကို မြင်လိုက်တဲ့ ဦးလုပိုကြီး ပြေးထွက်လာတယ်။ ရက်ချိန်း တွေဝေ စဉ်းစားမနေတော့ဘူး။ အတွေ့အကြုံအရ ပြဿနာ ဆိုတာ သိနေတော့ ခြေကုန်သုတ်ပြီး ထွက်ပြေးတော့တာပေါ့။

အိမ်ပေါ်ကို ဝုန်းဒိုင်းကျဲ ပြေးတက်လာတဲ့ ရက်ချိန်းကို မြင်တာနဲ့ ဒေါ်ငွေခင့် နားထင်မှာ တဒိတ်ဒိတ်နဲ့ သွေးတိုးသွားတယ်။

"ဟဲ့ သား ဘာဖြစ်လာတာလဲ"

"အီး အီးပါချင်လို့ မေမေ"

ရက်ချိန်း အိမ်သာထဲ တန်းဝင်ပြေးတယ်။ ဟုတ်ရာမှာပဲလို့တွေး အိမ်ရှေ့ကိုအထွက် အိမ်ပေါ်တက်လာတဲ့ ကိုလုပိုကို မြင်လိုက်ရတယ်။ မျက်နှာ ရစ်ခေါက်ချိုးနဲ့ဆိုတော့ အလည်လာတာ မဟုတ်မှန်း ဒေါ်ငွေခင် သိလိုက်ရပြီ။

"ဘသော် ဘသော် ဘသော် ဟော့ ဘသော်"

"ကိုဘသော် ယာထဲသွားတယ်လေ ကိုလုပိုရဲ့ ဘာကိစ္စများ ရှိလို့လဲ"

"ဒီမယ် ငွေခင် နင့်သား အငယ်ကောင် ငါ့ကြောင်ကြီး ရွှေဝါကို ဇက်ဆီတွေ အတင်းတိုက်လို့ အခု သေသွားပြီ သိလား တောက်"

"ပေါက်ပေါက်ရှာရှာ တော်"

"အေး အဲဒီ ပေါက်ပေါက်ရှာရှာကို နင့်သား လုပ်သွားတာ၊ ငါ့မျက်စိ နဲ့ တပ်အပ်မြင်တာ၊ ဟောဒီမှာ ဒီကောင် လွှင့်ပစ်သွားတဲ့ ဇက်ဆီပုလင်း သက်သေရှိတယ်"

ကိုလုပို လက်ထဲက ပုလင်းခွံကြောင့် ဒေါ်ငွေခင် ငြင်းလို့ မရတော့ ဘူး။

"ဟို အဲ ကလေးက ကိုလုပိုရဲ့ ကြောင်ကို ရေနဲ့မှားပြီး တိုက်တာ ဖြစ်မှာပါတော်၊ တောင်းပန်ပါတယ်ရှင် စိတ်မဆိုးပါနဲ့နော်"

"နင် တောင်းပန်လို့ ငါ့ကြောင် ပြန်ရှင်လာမှာလား၊ အရက်ဆိုင်က

ဒိုက်ကြီး တစ်ထောင်ပေး ဝယ်တာတောင် ငါ မရောင်းခဲ့တာ ခုတော့ ဖွတ်မရ ဓားမဆုံးပြီ"

ကိုလုပ္ပိုကို ငွေတစ်ထောင် အလျော်ပေးလိုက်မှ ပြဿနာက ပြေ လည်သွားတယ်။ ဒေါ်ငွေခင် ရေအိမ်လိုက်ပြီး တံခါးဖွင့်ကြည့်တော့ အိမ်သာထဲ ဝင်ပြီး ရေတွေဆော့နေတဲ့ ရက်ချိန်းကို ငုပ်တုပ်လေး တွေ့ရတယ်။

"သားရယ် ကိုလုပ္ပိုရဲ့ ကြောင်ကြီးကို ဘာလို့ ဓာတ်ဆီ တိုက်ရ တာလဲ၊ ဓာတ်ဆီတိုက်မှတော့ သေပြီပေါ့"

"မသိဘူးလေ အဖေပြောတော့ ဓာတ်ဆီထည့်ရင် ကားတွေ တောင် အမြန်မောင်းလို့ ရတယ်ဆိုလို့ ရွှေဝါ မြန်မြန်ပြေးပြီး ကြွက်ခုတ်နိုင် အောင် သားက ဓာတ်ဆီထည့်ပေးတာ"

"ဘုရားရေ ကြောင်နဲ့ကားက တူမလား ဟဲ့၊ ဒုက္ခပါပဲ"

"အခု သား သိသွားပြီ အမေ၊ ခွေးနဲ့ လေယာဉ်ပျံလည်း မတူဘူး နော်၊ ဂုတ်ကျားကို အတောင်ပံတပ်ပေးပြီး သစ်ပင်ပေါ်က ပစ်ချကြည့်တော့ လည်း သူ မပျံနိုင်ဘူး အမေရ"

"ဗုဒ္ဓေါ ဒါ ဒါဆို ဂုတ်ကျား ဘာဖြစ်သွားလဲ"

"ရွာထိပ်က ညောင်ပင်အောက်မှာ အိပ်နေတယ် အမေ နှိုးလို့ကို မရဘူး"

ဒေါ်ငွေခင် ရင်ဘတ်ဖိပြီး ဘုရားကို ဒလစပ် တလိုက်မိတယ်။ တစ်မနက်ထဲမှာပဲ ရက်ချိန်းရဲ့ စူးစမ်းလေ့လာမှုကြောင့် သတ္တဝါနှစ်ကောင် ဘဝ ပြောင်းသွားခဲ့ရပြီ။

တော်ပါသေးရဲ့ ရွာထဲက ကလေးတွေကို ဓာတ်ဆီ မတိုက်၊ အတောင်တွေ တပ်မပေးပေလို့။

■ ■ ■

## အခန်း (၁၀)

ရက်ချိန်း တကူးတက ရှာလာတဲ့ ပြဿနာတွေ နိုင်ခံဖြေရှင်းပေးရတာ ဒေါ်ငွေခင် အတွက်တော့ ရိုးအီနေပြီ။ အဖေလုပ်တဲ့သူ သိတာရော မသိတာရော အများကြီး။ ဖုံးတန်ဖုံး ဖိတန်ဖိပြီး ဖြေရှင်းပေးခဲ့ရတာ။

သားနှစ်ယောက်မှာ လိမ္မာတဲ့ သားကြီးကို ကိုဘသော်က ပိုချစ်တယ်။ သားကြီးအောင်ချိန်း ခမြာလည်း ပညာရေးနဲ့ ပတ်သက်ပြီး မူလတန်းအဆင့်ပဲ သင်ခဲ့ရရှာတာ။

အလယ်တန်းကျောင်းက ရွာသာကြီးမှာပဲ ရှိတော့ အဲဒီအထိသွား တက်ဖို့ဆိုတာ မလွယ်ဘူး။ ဒီတော့ လေးတန်းအောင်တာနဲ့ အောင်ချိန်း ကျောင်းထွက်ပြီး ဖအေနဲ့ ခိုးတူပေါင်ဖက် ယာထဲဆင်းရတော့တာ။

ရက်ချိန်းကျတော့ ကံကောင်းတယ် ပြောရမလားဘဲ။ အလယ်တန်း ဆက်တက်ဖို့ အခွင့်အရေး ရတယ်။ ရွာကနေ အလယ်တန်း ဆက်တက်မယ့် သူ လေးငါးယောက်ရှိလို့ ရက်ချိန်းလည်း ဆက်တက်ဖြစ်တယ်။

အဲဒီနှစ်တွေမှာ လယ်တွေ ယာတွေ အဆင်ပြေလို့ ရက်ချိန်း

ကျောင်းတက်ဖို့ စက်ဘီး တစ်စီး ဝယ်ပေးဖြစ်တယ်။ ရက်ချိန်းနဲ့အတူ အလယ်တန်းကျောင်း လိုက်တက်တဲ့ နှင်းဥတောင် ရှစ်တန်းထိ မရောက်လိုက်ဘူး။ နှင်းဥအိမ်က စီးပွားရေးမကောင်းလို့ ခုနစ်တန်း မဖြေတော့ဘဲ ထွက်ခဲ့ရတာ။

ရွာက အထက်တန်းကျောင်း ဆက်တက်ခွင့်ရတဲ့သူ နှစ်ယောက်ထဲမှာ ရက်ချိန်းလည်း ပါတယ်။ မြို့က အထက်တန်းကျောင်းထိ ဆက်ထားပေးဖို့ ဒေါ်ငွေခင်တို့ စဉ်းစားကြသေးပေမယ့် စိတ်ကူးသလောက်မှ မလွယ်တာ။

မြို့ကျောင်းတက်ဖို့ဆိုတာ ငွေရှိရုံနဲ့ မပြီးဘူးလေ။ မြို့မှာနေဖို့ထိုင်ဖို့ စားဖို့သောက်ဖို့နဲ့ ဇာရီပာတွေက အများကြီး။ ဒေါ်ငွေခင်တို့ ဘယ်လိုမှ မတတ်နိုင်ဘူး။ ဒါနဲ့ပဲ ရက်ချိန်းလည်း ရှစ်တန်းအောင်နဲ့ပဲ ကျောင်းနားလိုက်ရတယ်။

ဒါကို ရက်ချိန်း မကျေနပ်ဘူး။ ကျောင်းမတက်ရလို့ဆိုပြီး ဆန္ဒပြတဲ့အနေနဲ့ ယာအလုပ် ကိုင်းအလုပ်တွေကို လုံးဝ လှည့်မကြည့်ဘဲ အပေါင်းအသင်းတွေနဲ့ ရွာရိုးလျှောက်ပြီး ထင်ရာမြင်ရာ အကုန်လုပ်တော့တာပဲ။

သူ့ရည်ရွယ်ချက်ကို မိဘတွေ ဖြည့်ဆည်းမပေးလို့ဆိုပြီး အရွဲ့တိုက်တာလည်းပါတယ်။ ကလေးတုန်းက ကလေးအလျောက်တတ်အားသရွေ့ပြဿနာ ရှာပြီးတဲ့နောက် လူပျိုပေါက် ဖြစ်လာတော့ အသောက်အစားနဲ့ အကာစားပါ ဖက်ပြီး ပြဿနာတွေက ပိုပိုကြီးလာတယ်။

ပြဿနာတွေ ရှင်းရလွန်းလို့ အဖေနဲ့အစ်ကိုက ယာထဲ ခေါ်သွားပြီး အလုပ်လုပ်ခိုင်းတော့လည်း အဆင်မပြေဘူး။ အခင်းကို ရေလောင်းခိုင်းရင် ပျိုးပင်တွေပါ တက်နင်းလား နင်းရဲ့ ရင့်မှည့်နေတဲ့ သီးနှံတွေ ဆွတ်ခိုင်းခူးခိုင်းတော့လည်း အနုအရင့် မရွေးဘဲ မြင်မြင်ရာ အကုန်ခူးပစ်လို့ ဦးဘသော် ဒေါသဖြစ်ရပြန်ရော။

"မင်း ဒီလောက်လေးမှ မသိဘူးလား"

"ကျွန်တော်မှ မသိတာ အဖေရ"

"ဟာ တော် တော်ကွာ တော်တော့ သွား ဘာမှ အသုံးမကျတဲ့ကောင်"

ညဘက် ယာကို အစောင့်ခိုင်းတော့လည်း သီးနှံတွေ ခူးဆွတ်ပြီး

အရက်နဲ့ လဲသောက်တယ်။ နောက်ဆုံးတော့ ဦးဘသော် လက်လျှော့ပြီး ဥပေက္ခာပြုပြီး ပစ်ထားတဲ့ အဆင့်ရောက်ရော။

ရက်ချိန်းကတော့ ငယ်နိုင် တွဲလုံးကို အဖော်လုပ်ပြီး အသောက် အစား မပျက် သောင်းကျန်းလျက်ပါပဲ။

အခုလည်း ရွာစွန် သောက်ရေကန်ထဲ ရေခပ်ဆင်းတဲ့ တစ်ခု တည်းသော တံတားပေါ်မှာ ရက်ချိန်းနဲ့ တွဲလုံး စန့်စန့်ကြီး အိပ်နေကြ တယ်။ အချိန်က နေအေးစ ရွာက လုံမတွေ ရေခပ်ဆင်းတဲ့ အချိန်။

သုံးယောက်တစ်တွဲ နှစ်ယောက်တစ်တွဲနဲ့ ရွာက အပျိုတွေ ရေလာ ခပ်တဲ့အချိန်မှာ သူတို့က တံတားပေါ်က ဖယ်မပေးဘူး။ သောက်ရေကန်ကို ကျွဲနွားတွေ ဝင်မသောက်နိုင်အောင် ခြံခတ်ထားတာမို့ တံတားရှိတဲ့ နေရာမှာပဲ ဝင်ပေါက်က ရှိတာ။ ဒီတော့ ပြဿနာက စရော။

ကြာညိုက ရေအိုးလေး ပိုက်ပြီး တံတားပေါ် ဆင်းလာတယ်။

"ကိုရက်ချိန်း ကြာညိုတို့ ရေခပ်မလို့ လမ်းဖယ်ပေးပါဦး"

"ဘာကိစ္စ ဖယ်ပေးရမှာလဲ၊ ငါ အိပ်နေတာ မမြင်ဘူးလား"

"ကျုပ် ရေခပ်မလို့ တော့်ကို ကျော်ခွသွားရမှာလား"

"ခွရဲ ခွကြည့်ပါလား ခွတဲ့သူ ဖက်အနမ်းပဲ"

"ဟင် ရှင် ရှင်ကြီး မိုက်ရိုင်းလှချည်လား"

"မိုက်ရိုင်းတာ မဟုတ်ဘူး၊ ကျူညီမလို့ ညည်းတို့ ရေအိုးတွေပေး ငါ ရေခပ်ပေးမယ်၊ ဒါပေမဲ့ အပြန်အလှန် သိတတ်ရမှာနော်"

"မလိုဘူး ကျုပ်တို့ ခပ်တတ်တယ်၊ တော်သာ ဖယ်ပေး"

"မဖယ်ဘူး ဒီညနေ ဒီရေကန်ကို ငါ အပိုင်သိမ်းထားတယ်၊ ရေလိုချင်တဲ့သူ ငွေတစ်ရာပေး၊ ငါ ခပ်ပေးမယ် ဒါပဲ"

ကြာညိုနဲ့ ရက်ချိန်း အပြန်အလှန် ပြောနေကြတာ နားထောင်ရင်း ရက်ချိန်း သောက်ရေကန်ကို မောင်ပိုင်စီးပြီး မိုက်ကြေးခွဲနေမှန်း သဘော ပေါက် သွားကြတယ်။

ရက်ချိန်းရဲ့ ဇနဲ့ မထင်ရင် မထင်သလို လုပ်တတ်တဲ့ အကျင့်တွေ ကို သိလို့ ရေခပ်ဆင်းလာတဲ့ အပျိုတွေ အကျပ်ရိုက်ကုန်တော့တာပေါ့။

"ရေခပ်ဆင်းတာ ဘယ်သူက ပိုက်ဆံပါလာမှာလဲ ကိုရက်ချိန်းရဲ့"

"မပါရင် ပြန်ယူပေါ့ဟ ကုသိုလ်ရပါတယ်ဟာ၊ ငါတို့ ပိုက်ဆံလိုနေ

လို့ လိမ္မာစမ်းပါ ကြာညို့ရာ"

အပျိုတွေ ခေါင်းချင်းဆိုင်ရင်း တိုင်ပင်ပြီးတော့ ကြာညိုတို့ သုံးယောက် အဖွဲ့က ပါလာတဲ့ ငွေနှစ်ရာနဲ့သုံးယောက်စာ ရေသုံးအိုး ဈေးဆစ်တယ်။ ငွေအရမ်းလိုနေတဲ့ ရက်ချိန်းက

"အေး ဈေးဦးပေါက်မို့ နင်တို့ သုံးယောက်အတွက်တော့ ပေးလိုက်မယ်၊ ဒီကိစ္စ ရေခပ်လာတဲ့ အပျိုတွေအားလုံးကို သတင်းပေးလိုက် ငွေမပါရင် ရေ မရဘူးလို့ ကြားလား"

"အင်း အင်း ပြောလိုက်မယ်"

ဒီလိုနဲ့ ခဏလေးအတွင်းမှာ ငွေငါးရာ ရလိုက်တယ်။ အဲဒီအချိန်မှာ နှင်းဥ ရေလာခပ်တာ။ တွဲလုံးက မျက်နှာလို အားရနဲ့ ငွေမတောင်းဘဲ ရေခပ်ပေးလိုက်တယ်။ ရက်ချိန်းက ရေအိုး လှမ်းယူပြီး ရေတွေ ပြန်သွန်ပစ်တယ်။

"နှင်းဥ ရေလိုချင်ရင် ငွေတစ်ရာ ယူခဲ့"

"ဒီကန်က ရေခပ်လို့ ပိုက်ဆံပေးရတယ်လို့ တစ်ခါမှ မကြားဖူးဘူး"

"အခု ကြားဖူးပြီ မဟုတ်လား၊ ပါရင် ပေးခဲ့၊ မပါရင် ပြန်ယူ"

"အေး ဒါဆို ပိုက်ဆံလည်း မပေးဘူး၊ ရေလည်း မခပ်ဘူး ပြန်မယ်၊ လမ်းမှာ ရွာလူကြီးကို ဝင်ပြီး တိုင်ခဲ့ဦးမှာ"

"ကြိုက်သလိုသာလုပ် နှင်းဥ"

နှင်းဥ ဒေါပွပြီး ပြန်သွားတော့ တွဲလုံး မျက်နှာမကောင်းဘူး။

"မင်းကလည်းကွာ နှင်းဥကိုတော့ ချွင်းချက်ပေးသင့်ပါတယ်"

"ပေးလို့ မဖြစ်ဘူး၊ ဒီက ရမှ ဟိုဖဲကြွေးကို ဆပ်နိုင်မှာ၊ ဟိုကောင်တွေကို ဒီနေ့ ဆပ်မယ်လို့ ငါ ရက်ချိန်းပေးခဲ့တာ၊ ရက်ချိန်းပေးတဲ့ ရက်ချိန်းတော့ အပျက်မခံနိုင်ဘူး၊ တခြား ငွေရလမ်းလည်း ရှိမှ မရှိတာ၊ အသာနေစမ်းပါ တွဲလုံးရာ"

ရက်ချိန်း ပြောတာ မှန်နေတော့ တွဲလုံး ဘာမှပြန်မပြောသာဘူး။ ဒီလိုနဲ့ တစ်နာရီလောက် အတွင်းမှာ ရက်ချိန်းတို့ ငွေသုံးထောင် ရလိုက်တယ်။ လိုတဲ့ငွေ လုံလောက်အောင် ရပြီဆိုတာနဲ့ နှစ်ယောက်သား ပြေးလိုက်ကြတာ ဖုံတလုံးလုံး ထလို့၊ အမြီးတောင် မမြင်ရတော့ဘူး။

ရက်ချိန်းတို့ ကံကောင်းတယ် ဆိုရမှာပဲ။ သိပ်မကြာပါဘူး နှင်းဥ

ိုင်လိုက်လို့ ရွာလူကြီးနဲ့ ပြေ ရောက်ချလာပါရော။ ဒါပေမဲ့ ရက်ချိန်းတို့က ရှိတော့ဘူး။ သက်သေလည်းမရှိ ပက်ပင်းလည်း မမိတော့ ဒီလိုနဲ့ပဲ ပြီးသွားရော ဆိုပါတော့။

ရက်ချိန်းက အဲသလို လူစား။ အလုပ်မရှိ အကိုင်မရှိ ဆိုပေမယ့် တတိ အပျက်မခံဘူး။ ပြောထားတဲ့ ရက်ချိန်း မလွဲစေရဘူး။ တလွဲဆံပင် ကောင်းနေတာလေ။

ရက်ချိန်းကို ဦးဘသော်က ဥပေက္ခာပြုလိုက်ပေမယ့် အမေ ဖြစ်တဲ့ ဒေါ်ငွေခင်က မနေနိုင်ဘူး။ ရက်ချိန်းကို လေပြည်ထိုးပြီး တိုးတိုး ကျိတ်ကျိတ် ဆုံးမကြည့်သေးတယ်။

“သားရယ် မင်းလည်း မငယ်တော့ဘူး။ လိမ်လိမ်မာမာ နေပြီး အဖေတွေ အစ်ကိုတွေနဲ့အတူ အလုပ်အတူတူ လုပ်ကြရင် ဘယ်လောက် စိတ်ချမ်းသာလိုက်မလဲ”

“သိပါတယ် အမေရာ၊ အချိန်နည်းနည်းပဲစောင့်၊ သားကိုယ်သား ပြုပြင်သွားမှာပါ။ အခု သားကို ငွေနှစ်ရာလောက် ပေးစမ်းပါ၊ အကြွေးဆပ် ရာ ရှိလို့”

“လုပ်ပြန်ပြီ၊ ခုပဲ လိမ္မာဖို့ ဆုံးမနေတာကို အရက်ဖိုး ညာ တောင်းပြန်ပြီလား ရက်ချိန်း”

“သား မညာပါဘူး အမေရာ၊ တကယ် အကြွေးဆပ်ဖို့ တောင်း တာပါ”

“ဘယ်သူ့ကို ပေးစရာ ရှိတာလဲ”

“ကိုဒိုက်ကြီးကို အရက်ဖိုး အကြွေးပေးရမှာ အမေရဲ့”

“ကဲ ဒါဆို ဆပ်စရာရှိတဲ့ ကြွေးပဲ သွားဆပ်လိုက် ထပ်သောက် လာနဲ့နော်၊ အမေ့စကား နားထောင်ပါ သားရယ်”

ရက်ချိန်း ခေါင်းညိတ် ပိုက်ဆံယူပြီး ထွက်သွားတယ်။ ညနေကျ တော့ အရက်နံ့ တသင်းသင်းနဲ့ ထုံးစံအတိုင်းပဲ ပြန်လာတာ။

“သူ့အကြွေးဆပ်လိုက်လို့ ဦးဒိုက်ကြီးက ဝမ်းသာပြီး အကြွေး ဆပ် ရောင်းလိုက်တာ အမေရဲ့ အားနာလို့ သောက်ခဲ့ရတာဆိုတော့ အကြွေးနှစ်ရာ ထပ်တင်သွားတယ် အမေ”

“ရက်ချိန်းရယ် နင်က တကယ် မလွယ်ပါလား။ ကဲ ကဲ ထမင်း

စားတော့၊ အမေ ခူးပေးမယ်၊ ပြီးရင် တိုးတိုးတိတ်တိတ် ဝင်အိပ်တော့နော်၊ မင်းအဖေ နိုးသွားရင် အဆူခံနေရဦးမယ်"

ကြောင်အိမ်ထဲမှာ ခူးခပ်ဝှက်ထားတဲ့ ဟင်းပန်းကန် ထုတ်ပြီး သားငယ်ကို တယုတယ ကျွေးရှာတယ်။

ရက်ချိန်းအပေါ် သူ့အမေ အဲသလို ဂရုတစိုက် ရှိတတ်တာကို အောင်ချိန်းသိတော့ မကျေနပ်ချင်ဘူး။

"သားချင်း အတူတူ ရက်ချိန်းကို အချစ်ပိုလွန်းတယ်၊ တကယ်ဆို ဒီအိမ်မှာ အလုပ်လုပ်နေတာ အဖေနဲ့ ကျွန်တော်ပါ၊ ရက်ချိန်းက ထင်ရာစိုင်းနေတဲ့ကောင်၊ အမေက ဟင်းဆိုလည်း စားဦးစားဖျား ခူးခပ်ပေးရတာနဲ့ ညာတောင်းတာ သိသိကြီးနဲ့ အရက်ဖိုး ထုတ်ပေးရတာနဲ့ အမေ မဟုတ်သေးပါဘူးဗျာ"

"သားရယ် မင်းတို့ နှစ်ယောက်လုံး အမေ့သားတွေပါ၊ သားကြီးက လိမ္မာတယ်၊ သားငယ်က ဆိုးတယ် မိုက်တယ်၊ အမေတို့ မျက်ကွယ်ပြုသွားရင်တောင် သားကြီးကို စိတ်ချတယ်၊ သားငယ်အတွက်ပဲ အမေ့မှာ ပူနေရတာ၊ အများက ဥပေက္ခာ ပြုထားတဲ့ သူ့ကို အမေမှ ဂရုမစိုက်ရင် ဘယ်သူ ဂရုစိုက်တော့မှာလဲ၊ သားက စာနာစိတ်နဲ့ နားလည်ပေးပါကွယ်"

ဒေါ်ငွေခင်မှာတော့ အမြင်စောင်းနေတဲ့ သားကြီး နားလည်လက်ခံလာအောင် ချော့မော့ ရှင်းပြရသေးတယ်။ အောင်ချိန်းက ဘာမှတော့ ပြန် မပြောရှာဘူး။ မျက်နှာငယ်ငယ်လေးနဲ့ပဲ အမေ့နားက ထွက်သွားတယ်။ ညီနဲ့ယှဉ်ရင် အမြဲတမ်း အလျှော့ပေးနေရတဲ့ အောင်ချိန်းရဲ့ ခံစားမှုကို ဒေါ်ငွေခင် သိပါတယ်။

အားလုံးကို သူ့ကိုယ်တိုင် မွေးထုတ်ခဲ့ရတာ မဟုတ်လား။ ရက်ချိန်း အပေါ် အချစ်ပိုနေမိတဲ့ သူ့ကိုယ်သူလည်း နားမလည်နိုင်တော့ဘူးလေ။

■ ■ ■

# အခန်း (၁၁)

ကန်စပ်က ခရေပင်တန်းကြီးရဲ့ အရိပ်အာဝါသက ကောင်းမှ ကောင်းပဲ။ နေတစ်ပြောက်တောင် မထိုးတဲ့ အပင်ရိပ်အောက်က မြက်ခင်း ပေါ်မှာ ရက်ချိန်း စန့်စန့်ကြီး အိပ်နေလေရဲ့။

ခရေပင်ကြီးပေါ်က အမျိုးအစား စုံလင်လှတဲ့ ကျေးငှက်မျိုးစုံရဲ့ ဂီတယာနာပျော်ဘွယ် တွန်ကျူးသံကို နာခံရင်း ငိမ်ယူနေတာလေ။

တွဲလုံးကတော့ ရက်ချိန်း ဘေးမှာ ခြေပစ်လက်ပစ် ထိုင်နေတယ်။ ကိုယ်ကိုယ်က အကြံကုန်နေတဲ့ ဂဠုန်တစ်ကောင်လို ချက်စရာ ဆားတောင် မရှိတဲ့ စတိုင်မျိုးပါ။

“ဟေ့ကောင် မင်း ဒီလိုပဲ အိပ်နေတော့မှာလား။ အရက်သောက် ချင်နေပြီကွာ၊ ကြံစမ်း ဖန်စမ်းပါဦးကွ”

ရက်ချိန်းက ဘာမှပြန်မပြောဘဲ အိပ်ရင်းနဲ့ ဒူးနှန့်နေတယ်။ ကြာ တော့ တွဲလုံး စိတ်မရှည်တော့ဘူး။ ရက်ချိန်း ကောလံစက မပြီး ဆွဲထူလိုက် တယ်။ ရက်ချိန်းက စိတ်ပျက်လက်ပျက် ပုံစံနဲ့ ထထိုင်လိုက်တယ်။

“မင်းမှာ ပေါင်စရာ ဘာရှိသေးလဲ”

"ဘာမှမရှိလို့ ငုပ်တုပ်ထိုင်နေတာပေါ့ကွ"

"အေး ငါ့မှာလည်း ဘာမှမရှိတော့ဘူး။ ကိုဒိုက်ကြီးကလည်း အကြွေးပေးမှာ မဟုတ်တော့ဘူး။ ကဲ ဘယ်လိုလုပ်မလဲ"

"ဒုက္ခပါပဲကွာ၊ ပိုက်ဆံ မရှိတာက မရှိတာဘဲ၊ တို့က မသောက်ဘဲ နဲ့မှ မနေနိုင်တော့တာ"

ရက်ချိန်းဆီက ဘာအကြံဉာဏ်မှ မရတဲ့အတွက် တွဲလုံး ပိုပြီး စိတ်ပျက်သွားပုံပါပဲ။ အရင်ဆို ရက်ချိန်းဆီက အကြံကောင်း ဉာဏ်ကောင်း တွေ ထွက်လာစမြဲ။ ညနေတိုင်း ကိုဒိုက်ကြီး ဆိုင်မှာ သောက်နိုင် စားနိုင်မြဲ ပါ။

သောက်ရေကန်ကို မောင်ပိုင်စီးပြီး မိုက်ကြေးခွဲဖို့ကလည်း အဆင် မပြေတော့ဘူး။ ရွာက လုံမတွေ ရခပ်ဆင်းတိုင်း ယောကျ်ားသား တစ် ယောက်မဟုတ် တစ်ယောက် ခေါ်လာကြတော့ အလုပ် မဖြစ်တော့ဘူးပေါ့။

အဲဒီအချိန်မှာ လေထဲ လွင့်ပျံ့လာတဲ့ နတ်ဒိုးသံကို ရက်ချိန်းတို့ ကြားလိုက်ကြရတယ်။ လေတိုက်နှုန်းကြောင့် အသံကတော့ ပြတ်တောင်း ပြတ်တောင်းနဲ့ သိပ်မသဲကွဲဘူး။

"ဘယ်က နတ်သီချင်းသံတွေလဲ တွဲလုံး"

"ရွာမြောက်ဖျား ဦးသိန်းမောင် ဒေါ်တရုပ်မတို့ရဲ့ နတ်ကန္တားက အသံတွေလေကွာ၊ ဒီနေ့စတာ"

"သြော် သူဌေးတွေ ပေးတဲ့ နတ်ကန္တားပေါ့"

"အေး သူဌေးတွေက ကန္တားပေး၊ ခွေးတွေက ဒီမှာ ငုပ်တုပ်ထိုင် နေကြရတာ သဘောပေါက်လား"

စိတ်ပျက်လက်ပျက်နဲ့ အငေါ်တူး လိုက်တဲ့ တွဲလုံးရဲ့ စကားကြောင့် ရက်ချိန်း ဟားတိုက်ရယ်လိုက်တယ်။ ပြီးတော့ ထိုင်ရာက ထပြီး ဖုတ်ဖက် ခါလိုက်ရင်း

"ကဲ လာ သွားကြမယ်"

"ဘယ်လဲ"

"အရက်သွားသောက်မယ်လေကွာ"

"ဟုတ်မှလဲ လုပ်ပါကွာ၊ ဘယ်က ပိုက်ဆံနဲ့သောက်မှာလဲ"

"ဟောကောင် တွဲလုံး။ ငါ့နာမည် ရက်ချိန်းပါကွ ယုံကြည်ရင်

တ်ခဲ့"

ရက်ချိန်းရဲ့ အာမခံ စကားကို ကြားလိုက်ရမှ တွဲလုံး မျက်နှာ ပွသွားပြီး ရွာမြောက်ဖျားဆီကို နှစ်ယောက်သား တကဲညီလက်ညီ က် ခဲ့ကြတော့တယ်။

ပြောရင် ပြောတဲ့အတိုင်း လုပ်တတ်တဲ့ ရက်ချိန်းကို ယုံကြည် ယ့် သွားနေတဲ့ လမ်းကြောင်းက ကိုဒိုက်ကြီးဆိုင်နဲ့ တဖြည်းဖြည်း လာတော့ တွဲလုံး ဣန္ဒြေမရတော့ဘူး။

"ဟော့ကောင် အရက်သွားသောက်မှာဆို"

"အေးလေ"

"မသောက်ရသေးဘဲနဲ့ မင်းမူးနေပြီလား။ ရွာမှာ ကိုဒိုက်ကြီးဆိုင်ပဲ ကလေ"

"တွဲလုံး တွဲလုံး ငါနဲ့တွဲနေပြီး ဒီလောက်မှ မနပ်ဘူးလားကွာ၊ ဝ ငါတို့ အရက်သောက်ဖို့ သွားနေတာ၊ ဒါပေမဲ့ ကိုဒိုက်ကြီး အရက် တ်ဘူး။ အရက်အကောင်းစားကို သောက်မှာ"

"ဟုတ်မှလည်း လုပ်ပါကွာ၊ ဘယ်မှာသောက်မှာလဲ"

"နတ်ကန္တား မှာ"

"ဟေ"

ရက်ချိန်းရဲ့ အပြောကြောင့် တွဲလုံး ပါးစပ်ပေါင်းလောင်း ပွင့်သွား တယ်။ အံ့သြပြီး ရပ်နေမိလို့ တဖြည်းဖြည်း ဝေးသွားတဲ့ ရက်ချိန်း ကကို အပြေးလိုက်ရသေးတယ်။ ရွာမြောက်ပိုင်း ရောက်လာပြီဆိုတော့ တ်နိုးသံကလည်း စိတ်လှုပ်ရှားလောက်အောင် ကျယ်ကျယ်လောင်လောင် ားနေရတယ်။

ဟုတ်တာ မဟုတ်တာ အပထား။ မကြားခင် ရင်ဆိုင်ရတော့မယ့် တွေအကြံသစ် အတွက် တွဲလုံး ရင်ခုန်နေတယ်။ ရက်ချိန်းကတော့ သွက်သွက် လှမ်းနေဆဲမို့ တွဲလုံးလည်း ရက်ချိန်းရဲ့ ခြေလှမ်းတွေကို မီ လိုက်နေရတယ်။

မျှော်လင့်ချက်တွေနဲ့ လျှောက်လာကြတာဆိုတော့ သိပ်မကြာ ်မှာပဲ ဦးသိန်းမောင် ဒေါ်တာရုပ်မတို့ရဲ့ အိမ်ရှေ့က နတ်ကန္တား မဏ္ဍပ်ကို မ်းမြင် လိုက်ကြရတယ်။ ပွဲဝင်နေတဲ့ ရွာသူရွာသားတွေလည်း မဏ္ဍပ်

ရေမှာ အုံခဲနေတာပဲ။

မဏ္ဍာပ်ရှေ့ ရောက်တာနဲ့ ရက်ချိန်းက ခပ်တည်တည်ပဲ လူကြားထဲ တိုးဝင်သွားလို့ တွဲလုံးလည်း ထပ်ချပ်မကွာ လိုက်ရတော့တယ်။

လူတွေ အားလုံးရဲ့ ရှေ့ဆုံးကို ရောက်မှပဲ ရက်ချိန်း လှုပ်ရှား ရပ်သွားတာ။ ရက်ချိန်းနဲ့ တွဲလုံးကို မြင်တော့ အဖက်မလုပ်ချင်တဲ့ပုံနဲ့ လူတွေက ရှဲပေးကြလို့ နှစ်ယောက်သား ရှေ့ဆုံးမှာ ချောင်ချောင်ချိချိပါပဲ။ ဒေါ်တရုပ်မတို့က ခမ်းခမ်းနားနားနဲ့ အကြီးအကျယ် လုပ်တာဆိုတော့ မဏ္ဍာပ်ထဲမှာ နတ်ရုပ်တွေ ဆိုတာ ပြွတ်သိပ်နေတာပဲ။ အုန်းပွဲ ငှက်ပျောပွဲတွေ ဆိုတာလည်း ဟီးလို့ ထိုးထားလိုက်တဲ့ ပန်းအိုးတွေကလည်း ပန်းခြံကြီးလား ထင်ရတယ်။

မြို့က ငှားလာတဲ့ ဆိုင်းဝိုင်းနဲ့ ကန္တားစီးတွေ နတ်ကတော်တွေ ဆိုတာလည်း ရှယ်ပဲ။ ပြင်ဆင်ထားလိုက်ကြတာများ မိန်းမချောတွေတောင် အရှုံးပေးရတယ်။ ကန္တားစီး လုပ်တဲ့သူက သိပ်အသက်မကြီးသေးဘူး။ အလွန် ဆုံးရှိလှမှ သုံးဆယ့်ငါးလောက်ပေါ့။

ကန္တားစီးက အောင်မြင်ခန့်ညား ထည်ဝါတဲ့အသံနဲ့ နတ်သီချင်း သီဆိုလိုက်တယ်။

"မင်္ဂလာရယ်မှ မဏ္ဍိုင်လေ x x (ဟော့ ဟော့ ဟော့ အောင်ပါစေ) x x ရောင်ဆိုင်ငယ်မှလေးလီ x x သာမောငယ်စီ နတ်ပြည်ထိလု ပျော်ဖွယ် ငယ်ကောင်း နတ်ပေါင်း စုရှိ"

သီချင်းက မြူးကြွသလို ဒိုးသံကလည်း မြိုင်ဆိုင်လှတယ်။ ရက်ချိန်း က ဆိုနေ ကနေတဲ့ ကန္တားစီးကို မမိုတ်မသုန် ကြည့်နေတယ်။ တွဲလုံး ကတော့ အရက် ဘယ်အချိန် သောက်ရမှာလဲလို့ မျှော်တွေးနေရှာတယ်။

"ရက်ချိန်း အခြေအနေ ကောင်းပါ့မလား"

"ကောင်းပါတယ်ကွာ ကိုကြီးကျော် ဝင်တဲ့အချိန်ထိတော့ သည်းခံ ပြီး စောင့်ပေါ့"

"ဩော် အေး ဟုတ်သားပဲ ကိုကြီးကျော်ဆိုတာ တို့ ဘော်ဒါ ဟဲ ဟဲ"

တီးလုံး တစ်ပိုဒ် အဝင်မှာ ယဉ်ယဉ်လေး ကပြီးတော့ ကန္တားစီးက သီချင်း နောက်တစ်ပိုဒ် ဆက်ဆိုတယ်။

"ပြည်ဝတီသာ ရွှေဏ္ဏဘူမိ ဒေဝါ သနင်း ကေရာဇ်မင်း x x
န်နိုးရှင် စွ မိုးဘုရင်က တန်ခိုးရှင်စွ လေး)" ပူဇော်ပွဲမှာ လ အတူနော်
ပ်လေတည့် နွဲ့ အတူပျော်"

ငွေမကုန်ဘဲ အရက်သောက်ရမယ့် အရေးအတွက် ရက်ချိန်းတို့
ကောင်းကောင်းနဲ့ နတ်ပွဲကို ရှုစားရင်း စောင့်နေတယ်။ ရက်ချိန်းက
နွားစီးကို အမိအရ ကြည့်နေသလို အခါအခွင့်သင့်တိုင်းလည်း မျက်စိ
ပြလိုက် ပြုံးပြလိုက်နဲ့ စည်းရုံးရေး ဆင်းနေလေရဲ့။

ကန္တားစီးရဲ့ အကြည့်တွေကလည်း ဒေါင်ကောင်းကောင်း မိုက်တိ
က်နှာရုပ်နဲ့ ရက်ချိန်းဆီ မကြာခဏ ဆိုသလို ဝဲ ဝဲနေတာ တွဲလုံး
တို့ပြုံမိတယ်။

အစီအစဉ်အတိုင်း သူတို့ ခလေ့အတိုင်း သီချင်း ကပြနေလိုက်တာ
ကြီးကျော် အလှည့်ရောက်ဖို့ နာရီဝက်လောက် စောင့်လိုက်ရတယ်။

ကန္တားစီးလည်း ကြက်ကို ပိုက် ပုလင်းကို ဆွဲပြီး သီချင်း ဟဲဖို့
ပြင်နေပြီ။ အမြူးတကာ့ အမြူးဆုံး နတ်ဒိုးသံကလည်း တဒိန်းဒိန်းနဲ့
ထိ တိုးဝင်နေပြီ။

"ကိုကြီးကျော် ကိုကြီးကျော် ကိုကြီးကျော် တို့ကိုကြီးကျော် x x
လည်းထူးတယ် x x မြူးလည်း မြူးတယ် တို့ကိုကြီးကျော်"

"အရက်သမားမှန်ရင် ပူဇော်ကာ ပ သ ပါတယ် x x ကြက်သမား
ရင် ပူဇော်ကာ ပ သ ပါတယ်"

ကန္တားစီးဟာ မဏ္ဍပ်ထဲမှာ လှည့်ပတ် ကနေရင်းက ရက်ချိန်း
ရောက်လာပြီး ပုလင်းလိုက် မော့ပါတော့တယ်။ ပြီးတော့ ယိမ်းထိုးလှုပ်
နေတဲ့ ကကြိုးကို ခဏရပ်ပြီး ရက်ချိန်းကို ပုလင်း လှမ်းပေးလိုက်တယ်။

ရက်ချိန်းလည်း ပုလင်းကို လှမ်းယူရင်း ကန္တားစီးရဲ့ ပါးတစ်ဖက်ကို
ဖျစ်ညှစ်လိုက်တယ်။ ကန္တားစီးက ရက်ချိန်းကို ချစ်စနိုးနဲ့ မျက်စောင်း
ရင်း ကိုကြီးကျော် ရုပ်တုဆီ ခုန်ပေါက် ထွက်သွားတယ်။

ကိုကြီးကျော် နတ်ရုပ်ကို ကြက်နဲ့တင်မြှောက် ပ သရင်း သီချင်း
ဆိုနေတယ်။

ရက်ချိန်းနဲ့ တွဲလုံး အဖို့တော့ အငတ်ဘေးဆိုက်တုန်း စတုဒီသာနဲ့
လိုက်သလိုပဲပေါ့။

"ဟာ ဝီ ဝီစကီတွေကွ ဟုတ်လုချီလား ရက်ချိန်းရာ"

"ဟုတ်ရမယ်လေကွာ ဟင်း ဟင်း ဟင်း ငါ့နာမည် ရက်ချိန်းပါကွ"

"အေးပါ ရက်ချိန်းရာ အေးပါ သာဓု သာဓု ဟား ဟား ဟား"

တွဲလုံးက ကိုကြီးကျော် ပရဲ ဆန့်ပေးတဲ့ ဝီစကီကို မသေဆေးလို သဘောထားပြီး တရှိုက်မက်မက် မော့နေတယ်။ ရက်ချိန်းနဲ့ တစ်ယောက် တစ်လုည့်ပေါ့။ သူကြီး မရှိတော့ ရွာဆူသတဲ့။ အခု ရေလည်းမပါ အမြည်းလည်း မရှိဆိုတော့ အာပူတာ ဆန်းသလား။

အရက်ကို အလောတကြီး မော့မိတဲ့ တွဲလုံး လျှာထုတ်ပြီး ယပ်ခပ်နေရတယ်။ ရက်ချိန်းက ဣန္ဒြေမပျက်ဘူး။ ကန္တားစီးက ကြက်ကြော်ကို ဖဲ့ပြီး ဝါးနေတယ်။ ဝါးရင်း ရက်ချိန်းကို လှမ်းကြည့်လို့ ရက်ချိန်း ခေါင်းညိတ်ပြလိုက်တယ်။

အဲဒီနောက်မှာတော့ ကန္တားစီးကို ဂုတ်ခွစီးထားတဲ့ ကိုကြီးကျော်ဟာ ကြက်ပေါင်တစ်ဖက်ကို ဖဲ့ယူပြီး စောစောလေးကမှ ပဌာန်းဆက်ဖြစ်သွားတဲ့ ချစ်ညီဘွား ရက်ချိန်းဆီ ခုန်ပျံကျော်လွှားပြီး ရောက်လာတယ်။

ရက်ချိန်းရဲ့ ခေါင်းကို သုံးကြိမ်သုံးခါ သပ်လိုက်ရင်း ကြက်ပေါင်ကို ပေးသွားတယ်။ တွဲလုံး ရက်ချိန်းကို မကြည့်ညို မလေးစားဘဲကို မနေနိုင်တော့တာ။ ခုမှပဲ ဝီစကီ တစ်ကျိုက် ကြက်ကြော် တစ်ကိုက်နဲ့ အတော်ဟုတ်သွားတယ်။ ငွေတစ်ပြားမှ မရှိဘဲ ဒီလို အကောင်းစားတွေ သောက်စားခွင့်ရနေတာ ယုံတောင် မယုံချင်ဘူး။

ဒါတွေအားလုံး ရက်ချိန်းရဲ့ အစွမ်းအစတွေပဲ မဟုတ်လား။ ဒီလိုနဲ့ နှစ်ယောက်သား ကောင်းစားနေလိုက်ကြတာ ကိုကြီးကျော် မထွက်ခင်မှာ နောက်ထပ် ဝီစကီ တစ်လုံး ပေးသနားသွားသေးတယ်။

တစ်ညနေစာအတွက် လုံလောက်ရုံ မကဘဲ ပိုလျှံသွားပြီဆိုတော့ ရက်ချိန်းနဲ့ တွဲလုံး ပုလင်းပိုက်ပြီး အသာအယာ လစ်ထွက်လာခဲ့ကြတယ်။

ပါးစပ်ထဲ ဘာပဲလောင်းထည့် လောင်းထည့် ဝင်တယ်ဆိုပေမယ့် အစာအိမ်ရဲ့ အူသိမ် အူမတွေက အပြောင်းအလဲကို ချက်ချင်း လက်ခံချင်ပုံ မရဘူး။ အမြဲလိုလို ကိုဒိုက်ကြီးရဲ့ ချက်အရက်ကိုပဲ လက်ခံနေကျ အစာအိမ်ဟာ ဝီစကီနဲ့တွေ့တော့ ပြောင်းဆန်ကုန်သလား မသိပါဘူး။

မူးလိုက်တာ မူးလိုက်တာ တွဲလုံးဆိုတာ လမ်းတောင်ဖြောင့်ဖြောင့်

းယှက်နိုင်တော့ဘူး။ ဒေါင်ချာကို စိုင်းလို့၊ ရေချိန်ကိုက်ရုံတင် မကဘဲ
ချိန် လွန်သွားပြီဆိုတော့ တွဲလုံးကိုတောင် လိုက်မပို့နိုင်တော့ဘူး။ ကိုယ့်
ကိုယ်ပဲ တန်းပြန်ခဲ့ရတော့တာ။

"ကျေးဇူးပဲ ကိုကြီးကျော်ရေ"

■ ■ ■

## အခန်း (၁၂)

ညက တအားမှုးပြီး စောစောအိပ်ဖြစ်လို့ မနက်အစောကြီး ရက်ချိန်း နိုးနေတယ်။ ညစာ မစားဘဲ အိပ်ခဲ့တော့ ဗိုက်ထဲမှာ တကျုတ်ကျုတ်နဲ့ ဆာလိုက်တာ၊ ဒါပေမဲ့ မထရဲသေးဘူး။ အဖေနဲ့အစ်ကို ယာထဲ မသွားကြသေးဘူးလေ။ သူတို့နဲ့ ရက်ချိန်းက မျက်နှာချင်းဆိုင်လို့မှ မဖြစ်တာ။ ဒါနဲ့ အသာ ဆက်မှိန်းနေရတယ်။

အဖေတို့ သုံးယောက် ထမင်းကြမ်း စားရင်း စကားပြောနေကြတာကို ရက်ချိန်း အခန်းထဲက အတိုင်းသား ကြားနေရတယ်။

"သား ယာထဲက ခရမ်းသီးတွေ ဆွတ်လို့ ရလောက်ပြီလား"

"အသီး မညီသေးလို့ စောင့်နေတာ အဖေ၊ သုံးရက်လောက်ထားပြီးမှ ခူးမလားလို့"

"ဩော် အေး အေး အင်း အားကိုးရတဲ့ ငါ့သားကြီး ရှိလို့သာပေါ့၊ ဟိုကောင်နဲ့သာဆို ငါ တစ်ယောက်ထဲ သေအောင် လုပ်ရမှာ"

"စလာပြန်ပြီလား ကိုဘသော်ရယ်"

"မစလို့ ဖြစ်မလားကွ၊ ညကလည်း ဘယ်လောက်တောင် မူးလာလဲ မသိဘူး၊ ထမင်းတောင် မစားနိုင်ဘဲ ထိုးအိပ်သွားတာ မဟုတ်လား နင့်သားသာ တကယ့် ဆန်ကုန်မြေလေးပါကွာ"

"အဲသလို မနိမ့်ပါနဲ့ ကိုဘသော်ရယ်၊ အင်္ဂလိပ်မာလတို့လို အချိန်
တန်တော့လည်း ကျွတ်သွားမှာပေါ့"

"မင်းကြောင့် ဒီကောင် ပိုပြီး ရမ်းကားနေတာ ငွေခင်"

"ကျွန်မကြောင့် မဟုတ်ဘူး။ ရှင့်ကြောင့် တဆိတ်ရှိ ရိုက်ဖို့ နှက်ဖို့
ကိုဖို့ ကြံတံဖို့ပဲ စဉ်းစားနေတော့ ဟိုက ပိုပြီး အရွဲ့တိုက်ပြနေတာ တစ်ခါ
ကလေ ချိုချိုသာသာလေးနဲ့ ဆုံးမကြည့်ပါဦးလား"

"မရပါဘူးကွာ မင့်သားရဲ့ မွေးသန္ဓေက သေတာတောင် ပျောက်
မှ မဟုတ်ဘူး။ မိဘတောင် ဘေးမဲ့ပေးထားရတဲ့ တစ်ရွာလုံးရဲ့ ချဉ်ဖတ်"

အဖေ မို့ချိုး မျှစ်ချိုး ပြောနေတာတွေ ရက်ချိန်း အကုန်ကြားနေ
တယ်။ တကယ်ဆို သူကလည်း သူပါပဲ။ ဒီအသက် ဒီအရွယ်အထိ
တစ်ခုမှ လက်ကြောတင်းတင်းနဲ့ မလုပ်ခဲ့တာ သူ့ဟာသူလည်း သိတယ်။

အဖေ ပေးတဲ့ ဆန်ကုန်မြေလေးဘွဲ့ကို တစ်ရွာလုံးက ထောက်ခံ
ဆိုနေကြတာ သူလည်း ပြန်ကြားနေရတာပဲ မဟုတ်လား။

ဒါပေမဲ့ နေပူမိုးရွာ မရှောင် ယာထဲကိုင်းထဲ ဆင်းပြီး တပေပေ
တေတေ လုပ်ရတဲ့ အလုပ်ကို သူ စိတ်မဝင်စားတာ အမှန်။ သူ
ချိန်းခဲ့တာက မြို့ကျောင်းမှာ ပညာသင်ကြားခွင့်ရပြီး ပညာတတ်ကြီး
ဖို့ အဲဒါတွေက လုံးဝ အရာမထင်တော့ဘူး။ လယ်သမား ယာသမား
သားက လယ်သမားပဲ ဖြစ်ရမှာလား။

သူ့အစ်ကို အောင်ချိန်းလို လူလိမ္မာ အမည်ခံပြီး ရွာထဲမှာ တစ်
သက်လုံး နေရတော့မှာလား။ တောသားက တောအလုပ်ပဲလုပ်ဆိုတဲ့ ပုံစံ
ထဲ ပစ်ချခံရတာကို သူ မကျေနပ်တာ။

"တကတည်းတော် ဘိုးစဉ်ဘောင်ဆက် ဒီအလုပ်နဲ့ ထမင်းစား
တဲ့ကောင်က ကြီးကျယ်လို့ သူ့အဖေလည်း ယာသမား၊ သူ့အစ်ကိုလည်း
ပဲလုပ်တာ၊ သူက ဘာလို့ မလုပ်ချင်ရတာလဲ၊ သက်သက် ရမယ်ရှာ
ပါအေ၊ ဒီလောက် ပျင်းတဲ့ယောက်ျား ယောင်လို့တောင် စိတ်မကူးကြ
နဲ့"

ရွာထဲက အပျိုတွေရဲ့ ဝေဖန်စကားကိုလည်း သူ ကြားတယ်။
တို့က စိတ်မကူးသလို သူကလည်း စိတ်မကူးပါဘူး။ နေပူထဲမှာ ကောက်
ပျိုးနုတ်နဲ့ ညိုမှောင်ပြာနှမ်းလာတဲ့ အသားအရည် တောင့်တောင့်ဖြောင့်

ဖြောင့် သန်မာတဲ့ ခန္ဓာကိုယ်၊ အဆီတဝင်းဝင်း မျက်နှာတွေနဲ့ ရွာသူတွေကို သူ ဘယ်လိုမှ ခံစားလို့ မရပါဘူး။

နောက်ဆုံးတော့ လူပျင်းလူညံ့ တစ်ယောက်လို့ သတ်မှတ်ပြီး ဆေးဖော်ကြောဖက် မလုပ်တဲ့ တစ်ရွာလုံးကို အရွဲ့တိုက်ပြီး ပြည်သူ့ချဉ်ဖတ် ဆိုတဲ့ ဘွဲ့ထူး ဂုဏ်ထူးအောက်မှာ သူ ရှင်သန်နေပြလိုက်တာပေါ့။

အောင်ချိန်နဲ့ ရက်ချိန်းက ညီအစ်ကိုဆိုပေမယ့် အကျင့်စရိုက်နဲ့ စိတ်ဓာတ်က တောင်နဲ့မြောက်၊ ရက်ချိန်းက ရိုးရိုးသားသား ဆိုးနေတာ ဖြစ်ပေမယ့် အောင်ချိန်းက ကာလသားစိတ်ကို ချိုးနှိမ်ပြီး တမင်လိမ္မာပြ နေတာ။ ဘယ်လိုပဲ ဖြစ်ဖြစ် အောင်ချိန်း လိမ္မာပြလေ၊ ရက်ချိန်း ဆိုးတာ ပေါ်လွင်လေ ဆိုတော့ ပြောရရင် ညီအစ်ကိုချင်းတောင် သိပ်အစေးကပ် ကြတာ မဟုတ်ဘူး။

ရက်ချိန်း အမြင်မှာတော့ အောင်ချိန်းက သနားစရာပဲ။ တစ်ရွာလုံး ဝိုင်းချီးမွမ်းနေတဲ့ လူလိမ္မာဆိုတဲ့ စကားတစ်ခွန်းအတွက်နဲ့ သူ့ရဲ့ ပျိုမြစ်တဲ့ လူငယ်ဘဝကို စတေးပစ်နေရတာ။ အောင်ချိန်း ရင်ဆိုင်နေရတဲ့ ဝဋ်ဒုက္ခ က မသေးဘူးဆိုတာ ရက်ချိန်းက မြင်နေတယ်။

အတွေးတွေ ရှုပတ်နေတာ ဘယ်လောက်ကြာသွားလဲ မသိဘူး တစ်အိမ်လုံး တိတ်ဆိတ်နေတာ သတိပြုမိမှ အဖေတို့ ယာထဲဆင်းသွား ကြပြီဆိုတာ သဘောပေါက်ပြီး အိပ်ရာက ထလာခဲ့တယ်။

"ဟော သားငယ် နိုးလာပြီလား"

"ဟုတ် အဖေတို့ သွားကြပြီပေါ့"

"အခုပဲ သွားကြတာလေ၊ ကဲ သား မျက်နှာသစ်ချီ အမေ ပဲပြုတ်နဲ့ ထမင်းကြော်ထားတယ်၊ ပူပူလေး စားလိုက်ဦး"

အမေ့ကို ခေါင်းညိတ်ပြပြီး နောက်ဖေး ရေကပြင်ကို ထွက်ခဲ့တယ်။ အဖေက ဘယ်လောက်ပဲ ဆူဆူရိုက်ရိုက် အမေက အမြဲတမ်း သူ့ဘက်မှာ ရှိခဲ့တာ သူ အသိဆုံး။

တစ်ခါ တစ်ခါတော့လည်း အမေ့ကို သနားလို့ သူ လိမ္မာပြလိုက် ချင်တယ်။ ဒါဆို တစ်ရွာလုံး အံ့သြသွားကြမှာလားလို့ တွေးရင်း သူ ပြုံး လိုက်မိသေးရဲ့။

■ ■ ■

## အခန်း (၁၃)

"ကိုဘသော် ကိုဘသော်"

ယာထဲက ပြန်ရောက်လို့ ထိုင်တောင် မထိုင်ရသေးဘူး ခေါ်သံကြားလို့ ကိုဘသော်တို့ သားအဖ လှည့်ကြည့်လိုက်ကြတယ်။

အပေါ်ပိုင်း ဗလာကျင်းပြီး ပုဆိုးတိုတိုနဲ့ ကိုသာညွှက် မာမာထန်ထန်မျက်နှာနဲ့ ဝင်လာတာတွေ့လို့ ရက်ချိန်း ပြဿနာရှာပြန်ပြီဆိုတာ ရိပ်မိပြီးအားလုံး စိတ်မောသွားကြရတယ်။

"တက်လာလေဗျာ ကိုသာညွှက်၊ ဘာကိစ္စတုန်း၊ ကျုပ်တို့လည်းအခုမှ ယာထဲက ပြန်ရောက်ကြတာဗျ"

"အားနာပေမယ့် ကျုပ်ခြံထဲက ကြက်တစ်ကောင် ပျောက်သွားလို့အဲဒါ လာပြောရတာ"

ကိုဘသော် မျက်နှာ ရဲခနဲ ဖြစ်သွားသလို အောင်ချိန်းလည်းမျက်နှာပျက်သွားရတယ်။ ကိုသာညွှက်လည်း မျက်နှာပူလို့ ထင်ပါရဲ့ ဘာမှထပ်မပြောတော့ဘူး။

"တော့်ခြံထဲက ကြက်ပျောက်တာ ကျွန်မတို့နဲ့ ဘာဆိုင်လို့တုန်း"

ဘယ်အချိန် အခန်းထဲက ထွက်လာမှန်းမသိတဲ့ မငွေခင် ဝင်ပြောလိုက်တော့ ကိုသာညှုက် မျက်နှာ တင်းခနဲ ဖြစ်သွားတယ်။ ကိုသာညှုက်က မငွေခင်ကို စေ့စေ့ကြည့်ပြီး

"ဆိုင်တာပေါ့ ဒါ ရက်ချိန်း လက်ချက်ပဲ ဖြစ်မှာ"

"အလိုတော် စွပ်စွပ်စွဲစွဲ"

"စွပ်စွဲရတာ အကြောင်းရှိတယ် မငွေခင် ရက်ချိန်းနဲ့ တွဲလုံးတစ်နေကုန် ကျုပ်ခြံရှေ့မှာ ယောင်လည်လည် လုပ်နေတာ၊ ကျုပ် စောင့်ကြည့်နေပေမယ့် အိမ်သာအတက် သတိတစ်ချက် အလွတ်မှာ ကြက်ပျောက်သွားတာ၊ ဟိုနှစ်ကောင်လည်း အရိပ်တောင် မမြင်ရတော့ဘူး"

"အထင်နဲ့တော့ မစွပ်စွဲနဲ့ ကိုသာညှုက်ရယ် ကျွန်မသားယူတာရှင် မြင်လား"

မငွေခင် ချက်ကျကျ မေးတော့ ကိုသာညှုက် အဖြေခက်သွားတယ်။ ကိုဘသော် ကိုယ်တိုင်လည်း သားကို မယုံပေမယ့် ဒီလို စွပ်စွဲတာတော့ မခံနိုင်ဘူး။

"ခင်ဗျား စကားက မဟုတ်သေးဘူး ကိုသာညှုက်၊ ဘယ့်နယ်ဗျာ အရပ်ထဲက တစ်ခုခုဖြစ်တိုင်း ကျုပ်သားလို့ပဲ ထင်နေကြလား၊ ဒီမယ် ကိုသာညှုက် ကျုပ်သားက ဆိုးချင်ဆိုးမယ် ခိုးတော့ မခိုးဘူးဗျ"

"ဟုတ်သားပဲ ဦးလေးညှုက်ရာ၊ ရက်ချိန်းမှာ ဒီလို အကျင့်တော့ မရှိပါဘူး။ အိမ်က ပစ္စည်းတောင် အပ်တိုတစ်ချောင်း ခိုးဖူးတာ မဟုတ်ဘူး။ သူများပစ္စည်းဆို ဝေးရော၊ ဦးလေးညှုက် သံသယ ဖြစ်ရင်လည်း သက်သေရှိမှ ဒီလိုပြောသင့်တာပေါ့"

"သက်သေပြရမယ် ဟုတ်လား၊ ကောင်းပြီလေ ငါက အကျယ်အကျယ် မဖြစ်စေချင်လို့ အုပ်ထိန်းသူကို လာပြောတာ၊ ဝိုင်းငြင်းကြတော့လည်း ထားလိုက်ပါတော့"

ကိုသာညှုက် အခဲမကျေနိုင်ဘဲ အိမ်ပေါ်က ချာခနဲ ပြန်လှည့်ဆင်းသွားတယ်။ သားကို သူခိုးစွပ်စွဲလို့ မငွေခင်လည်း တဗျစ်တောက်တောက် ကိုဘသော်လည်း တက်တစ်ခေါက်ခေါက်နဲ့ပေါ့။

"တောက် ဒီကောင် အနေအထိုင် မတတ်လို့ အစွပ်စွဲ ခံရတာ၊ ငါ့စိတ်နဲ့ဆိုရင် သာညှုက် ခေါင်းမပါဘဲ ပြန်ဆင်းသွားရမယ် ဟင်း ငါကွာ"

"နေဦး အဖေ ဒီလောက်လည်း ဒေါသမကြီးပါနဲ့ဦး ဒီကောင်တွေ က ညဘက်ဆို သောက်ကြ စားကြနဲ့ အိပ်ကြတာမဟုတ်ဘူး ဦးသာညွှက် ကြက်ကို ချက်စားဖို့ ခိုးထားကြတာဆို ဘယ်လိုလုပ်မလဲ"

အောင်ချိန်းက ဖြစ်နိုင်ခြေကိုတွေးပြီး မှန်းဆပြောပြတော့မှ ကိုဘသော် ဒေါသတွေလျော့ကျပြီး ဇဝေဇဝါဖြစ်သွားတယ်။ မငွေခင် ကတော့ သူ့သားဘက်က မျက်စိမှိတ်ယုံကြည်မှုမျိုးနဲ့

"ရက်ချိန်းနဲ့ရွာက ကာလသားတွေကပေါင်းပြီး လုပ်ကြတယ်ထား ဦး ဒီလူကြီးက ရက်ချိန်းကိုခေါင်းစဉ်တပ်ပြီး လာပြောတာလေ ပြီးတော့ ဘာမှလည်းသက်သေမရှိဘဲနဲ့ နေပစေဦး ကျုပ်သားလက်ချက် မဟုတ်လို့ ကတော့ ဒင်း ကျုပ်ပါးစပ်နဲ့တွေ့မယ်"

"ကဲ ငွေခင် တော်တော့ မင်း သားကိုလည်းဆုံးမထားဦး အနေ အထိုင်မတတ်တော့ အထင်အမြင်သေးပြီး စွပ်စွဲခံရရော"

အဖေနဲ့အမေ အပြောရပ်သွားပေမယ့် အောင်ချိန်းအတွေးက မရပ်ဘူး။ ရက်ချိန်းကြောင့် ရွာမှာသိက္ခာကျခဲ့ရတာလည်း အကြိမ်ကြိမ် ဆိုတော့ ရက်ချိန်းကို အောင်ချိန်းမယုံတော့ဘူး။ ဦးသာညွှက်ရဲ့ ကြက်ကို တကယ်ခိုးသွားတာဆိုရင် အခက်လို့တွေးပြီး စိတ်ပူနေတယ်။

သူတွေးတာမှန်ခဲ့ရင် အခြေအနေမကောင်းဘူး။ ဦးသာညွှက်ဘက် ကကြည့်ရင် ကြက်လည်းအခိုးခံရသေး မိသားစုမကျေမနပ်နဲ့ ပိုင်းပြောတာ လည်း ခံရသေးဆိုတော့ အခဲကြေမှာမဟုတ်ဘူး။ ဒီသတင်းရွာထဲ ပြန့်သွား ရင် ရက်စရာကြီး။

မိသားစုတွေ စိတ်လေးလေးနဲ့ပဲ ရေချိုးထမင်းစားလိုက်ကြတယ်။ တော်ညနက်တဲ့အထိ ရက်ချိန်းက ပြန်မလာသေးဘူး။

ထမင်းလုံးစီ၊ ရေနွေးသောက်ရင်း အားလုံးရက်ချိန်းကို မျှော်နေ ကြတယ်။ အဲဒီအချိန်မှာ ကိုသာညွှက်နောက်တစ်ခေါက်ရောက်လာတာ။

"ကိုဘသော်"

"ဟား ခင်ဗျား ဘာလာလုပ်ပြန်တာလဲ ကိုသာညွှက်"

"ညနေက ကိစ္စကို သက်သေပြမလို့လေ"

ကိုသာညွှက်စကားကြောင့် အားလုံးအံ့အားသင့်သွားပြီး တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြတယ်။ ရင်ထဲမှာ စိုးရိမ်

စိတ်ကိုယ်စီနဲ့။

"ကိုဘသော် ခင်ဗျား ကျုပ်နဲ့လိုက်ခဲ့ ခင်ဗျားသား ရက်ချိန်း ဘယ်မှာ ဘာတွေလုပ်နေသလဲဆိုတာ လက်တွေ့ပြမယ်"

"ကောင်းတယ် ကျုပ်အခု လိုက်ခဲ့မယ်"

ကိုဘသော် ဆတ်ခနဲထရပ်ပြီး စားပွဲပေါ်က လက်နှိပ်ဓာတ်မီးကို လှမ်းယူတယ်။ အဖေ့ဒေါသကိုသိနေတဲ့ အမေကစိုးရိမ်ပြီး

"သားကြီး မင်းအဖေနဲ့ လိုက်သွားနော်"

"ရတယ် မလိုက်နဲ့ သား အိမ်ကပဲ စောင့်၊ လာ ကိုသာညွှက် သွားမယ်"

ကိုသာညွှက် မျက်နှာက ခြင်ကိုအတောင်ဖြုတ် ကော်သုပ်ပြီး အပိုင်ရိုက်သတ်တော့မယ့် ဟန်ပန်အပြည့်နဲ့ အောင်နိုင်သူတစ်ယောက်လိုပဲ။ အဖေကတော့ ဂိုးပြတ်နဲ့ ရှုံးနိမ့်နေပေမယ့် ယှဉ်ပြိုင်ခြင်းသာ အဓိက ဆိုတဲ့ အားကစားသမားစိတ်ဓာတ်မျိုးနဲ့ မာန်တင်းထားရပုံပါပဲ။

"ဒုက္ခပါပဲ သားရယ် ကိုသာညွှက်ပြောသလိုသာဖြစ်နေရင် မင်းအဖေ အငယ်ကောင်ကိုသတ်မှာ"

အမေက ရက်ချိန်းအတွက် ပူပန်စိတ်နဲ့ စိုးထိတ်နေသလို အောင်ချိန်း မှာတော့ ဒီကိစ္စသတင်းပြန့်ပြီး ရွာထဲမှာ ဟိုးလေးတကြော် ဖြစ်သွားမှာကို တွေးကြောက်နေမိတယ်

"ရက်ချိန်းရာ မင်းလုပ်ပုံနဲ့ ငါတော့ ရွာထဲမှာမျက်နှာမပြရဲအောင် ဖြစ်ရတော့မယ် ထင်ပါရဲ့ကွာ"

■ ■ ■

ပြောင်းလဲနေတဲ့ အခြေအနေတွေကို မသိရှာကြတဲ့ ရက်ချိန်း တို့ကာလသားတစ်သိုက်ကတော့ ရွာဘေးကချောင်းစပ်မှာ မီးဖိုပြီးချက်ပြုတ် ဖို့ပြင်ဆင်ရင်း ပျော်နေလိုက်ကြတာ ပေးလား ဝါးလား။

"ဟား ဟား ဟား ဒီည အမြည်းကတော့ ရှယ်ပဲ"

"ရက်ချိန်းနဲ့ တွဲလုံးတို့အစွမ်းပေါ့ ကိုသာညွှက်ရဲ့ကြက်ကို ဝင်ဆွဲ လာတာလေ"

"ဟုတ်လား ဒီလူကြီး သူ့ကြက်ကို ပိုးမွေးသလိုမွေးထားတာကွ အညာက မျိုးကောင်းတိုက်ကြက်နဲ့ စပ်ထားတာဆိုလားပဲ"

“ဟုတ်လား ဒါကြောင့် ဒီလူကြီး သူ့ကြက်ကို မျက်ခြေပြတ်မခံတကိုး ငါတို့အလစ်ချောင်းနေရတာ အကြာကြီး၊ သူ့အိမ်သာတက်တုန်း င်ဆွဲလာရတာ”

“ဒီလူကြီး ရိပ်မိနိုင်တယ်နော်”

“တွေးပူမနေပါနဲ့တွဲလုံးရာ သူတပ်အပ်မြင်တာမှ မဟုတ်ဘဲ”

ရက်ချိန်းက ခပ်ပေါ့ပေါ့ပြောရင်း အင်တုံထဲမှာ ရေနွေးဖျောထားတဲ့ကြက်ကို အမွေးစင်အောင်နှုတ်နေတယ်။ အုတ်ခဲသုံးလုံး ဖိုခနောက်ထိုးပြီး ရရာသစ်ကိုင်းတွေနဲ့ မီးမွှေးနေတဲ့ တာနောက ရွာဘက် လှမ်းကြည့်ရင်း

“ချက်ကြီးနဲ့အောင်ပုကလည်း နီးနီးနားနား အရီးမြအိမ်က ဘူးသီးသွားခိုးတာ ဒီလောက်ကြာရသလား”

“ဒီကောင်တွေလည်း စောင့်နေရပြီထင်တယ် အရီးမြကလည်း ဘူးစင်ကို လုံးဝအလစ်ပေးတာမဟုတ်ဘူး”

“ဘူးစင် ဂရုစိုက်ရတာနဲ့ သူ့သမီး ဘယ်သူ့နောက် ပါသွားမလဲ သိဘူး”

“ဟား ဟား ဟား ဟား”

ရက်ချိန်းတို့ အုပ်စု စိတ်လွတ်ကိုယ်လွတ်နဲ့ ပြောလို့ရယ်လို့ ကောင်းနေလိုက်ကြတာ ရွာလမ်းမကြီးဘက်က ဓာတ်မီးရောင်တဝင်းဝင်း လာနေတဲ့ လူရိပ်ကိုတောင် သတိမထားမိလိုက်ကြဘူး။

ရက်ချိန်းနဲ့ တွဲလုံးကကြက်ကို အမွေးနှုတ်လို့ကောင်းတုန်း တာနောက မီးမွှေးလို့ကောင်းတုန်း၊ နေမျိုးနဲ့မြင့်ဝင်းကလည်း ပုလင်းထောင်ပြီး သောက်လို့ကောင်းနေကြတဲ့အခိုက်မှာပဲ

လက်နှိပ်ဓာတ်မီးရောင်က ရက်ချိန်းတို့အပေါ် စူးစူးရှရှဖြာကျလာတယ်။ အထူအပါးမသိတဲ့တွဲလုံးက ချက်ကြီးတို့ထင်ပြီး လှမ်းကောလိုက်သေးတယ်။

“ခွေးကောင်တွေ မျက်နှာကို မီးမထိုးနဲ့ ဘယ်မလဲ မင်းတို့ လာတဲ့ ဘူးသီး”

“ဟေ့ကောင်တွေ မင်းတို့ ဘာငြင်းချင်သေးလဲ ငါ့ကြက်ကို ခိုးတဲ့ကောင်တွေ လက်ပူးလက်ကြပ်မိပြီ”

ဦးသာညွှက်အသံကြီး ဟိန်းထွက်လာမှ တွဲလုံးမျက်လုံးကြီးပြူး ပြီး ထရပ်တယ်။ ရက်ချိန်းလည်း အမွေးကြောင်အောင် နှုတ်ထားတဲ့ ကြက်ကို အင်တုံထဲပစ်ချလိုက်တယ်။

"ကိုင်း ကိုဘသော် သက်သေအတိအကျကို ခင်ဗျားမျက်မြင် ပဲမဟုတ်လား ခင်ဗျားသား ခိုးသွားတဲ့ကြက် ဟောဟိုအင်တုံထဲမှာ တွေ့လား"

ဦးသာညွှက်က အင်တုံထဲကကြက်ကို ဓာတ်မီးနဲ့ထိုးပြပြီး အပိုင် ပြောလိုက်တယ်။ ကိုဘသော် ဘာမှမပြောနိုင်တော့ဘူး ရက်လွန်းလို့ မျက်နှာကြီးနီနေတာ ပုပ်လုဆဲဆဲ ခရမ်းချဉ်သီးကြီးအတိုင်းပဲ။

မထင်မှတ်တဲ့အခိုက်မှာ ခိုးထုပ်ခိုးထည်နဲ့အမိခံလိုက်ရတာဆိုတော့ ဘယ်သူမှမငြင်းနိုင်ဘဲ ကြောင်တောင်တောင်ဖြစ်နေကြတယ်။ ရက်ချိန်း က တစ်စက်ကလေးမှ မျက်နှာမပျက်ဘဲ

"ခင်ဗျား ဘာတွေပြောနေတာလဲ ခင်ဗျားကြက် ဘယ်သူခိုးလို့ လဲ"

"ဘာကွ မင်းလက်မှာ ကြက်အမွှေးတွေတန်းလန်းနဲ့တောင် ငွတ် ငြင်းဦးမလို့လား"

ရက်ချိန်းက လက်မှာကပ်နေတဲ့ ကြက်မွှေးတွေခါချရင်း ခပ်တည် တည်နဲ့

"ဩော် ဒါလား ဦးသာညွှက် ကြက်မက သူ့ရေဆင်းချိုးတုန်း သူ့အဝတ်အစားတွေ ခဏလောက်စောင့်ကြည့်ပေးထားပါဆိုလို့ ကျုပ်က ကိုင်ထားပေးရတာ။

"ဘာ ဘာကွ"

မျက်နှာပြောင်တိုက်ပြီး ရှုးသလိုပေါ်သလို ပြောလိုက်တဲ့ရက်ချိန်း စကားကြောင့် ဦးသာညွှက်ဒေါသထွက်ပြီး တဆတ်ဆတ်တုန်နေတယ်။ ကျန်တဲ့ကာလသားတွေလဲ ရယ်ကျဲကျဲနဲ့ရက်ချိန်းစကားကို ခေါင်းညိတ် ထောက်ခံကြတယ်။

"ဟုတ်တယ် ခင်ဗျားကြက်ကို ရက်ချိန်း ကူညီနေတာ"

"ကျုပ်တို့ သက်သေရှိတယ် ဦးသာညွှက်အင်တုံထဲ ရေဆင်းချိုး တာ"

"ဟေ့ကောင်တွေ ပေါကြောင်ကြောင်လျှောက်ပြောမနေနဲ့ အေး

တို့ပြောသလို ရေဆင်းချိုးတယ်ပဲထားဦး ငါ့ကြက်က မဒန်းကွ အဖိုဆို ဖို့ အဲ ကြက်ဖိုတောင်မသမ်းရသေးတဲ့ ကြက်ပျိုမကွ အခုလို အရက် ကိုယ်တုံးလုံးနဲ့ ရေဆင်းချိုးပါ့မလား"

ဦးသာညွှက်က အမွှေးပြောင်နေတဲ့အင်တုံထဲက ကြက်ကိုလက် ထိုးပြီးပြောတယ်။

"ဒါတော့ ဦးသာညွှက်ပဲ စဉ်းစားကြည့်ပေါ့ ကြက်မပါဆိုမှ ကျက်ရှိပါ့မလား"

"အန်"

ရက်ချိန်းစားကြောင့် ဦးသာညွှက် ပါးစပ်အဟောင်းသားဖြစ်သွား ယ်၊ တစ်ချိန်လုံးငြိမ်နေတဲ့ ကိုဘသော် အခုမှဒေါသထွက်ဖို့ သတိရ ်နဲ့

"ဟေ့ကောင် ရက်ချိန်း မင်းစကားတတ်တိုင်း ပေါက်ကရ လျှောက် ပြောမနေနဲ့ လူမိုက် အခုတော့မင်းက ဆိုးရုံမိုက်ရုံတင် မကတော့ဘူး မှုးပစ္စည်းပါ ခိုးတတ်နေပါလားကွ ဟေ"

"ကျွန်တော်မခိုးဘူး အဖေ"

"မင်းမခိုးဘဲ ဒီကြက်က သူ့ဟာသူ လာလည်တာလား"

"ဟုတ်တယ် ဒီကြက်က ရွာရိုးလျှောက် အလေလိုက်ရုံတင် ဘူး နှင်းဥတို့အိမ်က ကြက်ပေါက်ခြောက်ကောင်ရဲ့အဖေ ကြက်ဖအို ကိုပါ အတင်းအဓမ္မဝင်ကြံနေလို့ ကျွန်တော်တားရင်း လက်လွန်သွား ာပါ"

ဒီလိုအခြေဆိုက်နေတာတောင် ရက်ချိန်းပြောင်သလို နောက်သ ုပ်နေတော့ ကိုဘသော် ဒေါသတွေအဆီးအတားမဲ့သွားတယ်။

"ခွေးကောင် မင်းပါးစပ် ခုပိတ် တယ်လေ ငါ"

လက်ထဲက ဓာတ်မီးနဲ့ လှမ်းပစ်ဖို့ ရွယ်လိုက်တဲ့ အခိုက်မှာပဲ က်ကို လှမ်းဆွဲတာခံရလို့ လှမ်းကြည့်တော့

"ဟင် သားကြီး မင်းဘာလို့ လိုက်လာတာလဲ"

"အဖေ့ကိုစိတ်မချလို့ ကဲ ဒေါသတွေလျှော့လိုက်ပါတော့ အဖေ ဆူဆူညံညံကြား တစ်ရွာလုံးဝိုင်းလာမှ ပိုပြီးအရှက်ကွဲနေပါဦးမယ် းသာညွှက်ကိုလည်း ကျွန်တော်ကပဲ တောင်းပန်ပါတယ်ဗျာ၊ လူငယ်

သဘာဝ ကာလသားဓလေ့အတိုင်း အပျော်လုပ်ကြတာလို့ သဘောထား ခွင့်လွှတ်ပေးပါ"

"ဟ ရမလားကွ ဟိုမှာ ငါ့ကြက် မဒန်းလေးက သေပြီလေ"

"အဲဒီအတွက် ကြက်ဖိုး ကျွန်တော်လျော်ပေးပါ့မယ် လူငယ်တွေ မှားတာကို ခွင့်လွှတ်လိုက်ပါ ဦးလေးရာ နော်"

အောင်ချိန်းကြားထဲက တောင်းပန်ပြီး လျော်ပေးမှ ဦးသာညွှာက် မကျေမနပ်နဲ့ဘဲ ကြေအေးလိုက်ရတယ်။ ရွာထဲကို ဒီပြဿနာတွေ ဟိုးလေး တကြော် မဖြစ်စေချင်လို့သာ စိုက်လျော်လိုက်ရတာ ရက်ချိန်းကို အောင်ချိန်း သနားလို့မဟုတ်ဘူး။

အရက်သမား လူဆိုးလူမိုက်အပြင် သူခိုးဆိုတဲ့ ဘွဲ့ပါထပ်တိုး လာရင် သူ့ပါသိက္ခာကျမှာစိုးလို့။ အထူးသဖြင့် နှင်းဦ သူ့ကို သူ့ညီနဲ့ တစ်တန်းထဲသတ်မှတ်လိုက်မှာကို စိုးရိမ်နေတာ။

အောင်ချိန်းကသာ ဖြစ်လာနိုင်တာတွေတွေးပြီး ပူပန်နေမိတာ ရက်ချိန်းဆိုတဲ့ကောင်က မျက်နှာတစ်ချက်မပျက်ဘူး။

မတော်ချင်လို့မရတဲ့ ညီ ဖြစ်နေလို့သာပေါ့။ ရက်ချိန်း အပေါ် သံယောဇဉ်ကုန်တာ ကြာပြီ။ ဒီလိုကောင်ကို သူ့ညီအဖြစ် လောကထဲပို့ပေး လိုက်တဲ့ ကံကြမ္မာကို သူစိတ်နာနေတာ။

ရက်ချိန်းလို လူဆိုးအစား ချစ်စရာကောင်းပြီး လိမ္မာတဲ့ ညီမလေး တစ်ယောက်သာ အမေ မွေးခဲ့ရင် သိပ်ကောင်းမှာ အခုတော့ ရက်ချိန်း နှိပ်စက် ဒုက္ခပေးသမျှ ဝဋ်ကြွေးရှိသ၍ ခံပေဦးတော့။

■ ■ ■

## အခန်း(၁၄)

"မင်းအခွက်က ဘာဖြစ်နေတာလဲ တွဲလုံး၊ ငါးရှဉ့်ကျပ်တိုက်ထားသလိုပဲ"

တွဲလုံးမျက်နှာ ညိုညစ်နေတာကြည့်ပြီး ရက်ချိန်းပြောလိုက်တာ ...ဆိုအချိန်မှန်အိမ်ရောက်လာပြီး ကိုဒိုက်ကြီးဆိုင်သွားဖို့ခေါ်တတ်တဲ့ ...လုံး မျက်နှာမကောင်းတာ အိမ်မှာကတည်းက သတိထားမိတယ်။

"အရက်ဖိုးမရှိလို့လား တွဲလုံး နတ်ကန္နားလည်း ပြီးသွားပြီနော်"

"မဟုတ်ပါဘူးကွာ ပိုက်ဆံရှိပါတယ်"

"ဒါဆိုဘာဖြစ်လဲ ဘိုးတော်ကြီး ပွမ်လိုက်လို့လား"

"အဖေ ပွမ်တာလောက်တော့ စာမဖွဲ့ဘူး"

"ဒါနဲ့များ ဘာလို့မှိုင်နေတာလဲ ပြော ဖဲဝိုင်းသွားချင်လို့လား"

"မဟုတ်ပါဘူးကွာ မင်းကိုငါမေးစရာရှိလို့"

"ကဲ မေး"

"ဟိုကွာ ဟို မင်းအစ်ကို ကိုအောင်ချိန်းကိစ္စ"

"ငါ့အစ်ကို ကိစ္စဟုတ်လား ကိုအောင် ဘာဖြစ်လို့လဲ"

"အင်း ခုတလော ကိုအောင်ချိန်း နှင်းဥတို့အိမ် အမြဲသွားတယ်ကွ ငါ ညနေဘက် ဖြတ်လျှောက်တိုင်း နှင်းဥတို့အိမ်မှာ ကိုအောင်ချိန်းကို တွေ့တယ်"

"အဲဒါဆန်းလား နှင်းဥတို့အိမ် ကိုအောင်အမြဲသွားနေကျပဲဟာ မင်းပြောချင်တာကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါ တွဲလုံးရာ"

တွဲလုံးမျက်နှာကို စူးစိုက်ကြည့်ပြီး ရက်ချိန်းမေးလိုက်တယ်။ တွဲလုံးက ဒီလိုပဲအူတူတူနဲ့ ဘူးလုံးနားမတွင်း စကားကိုရှင်းအောင် မပြော တတ်ဘူး။ အခုလည်း ဝေ့လည်လည်နဲ့ကောက်ရိုးပုံပတ်လျှောက်ပြီး အပ် ပျောက်ရှာသလို လိုရင်းမရောက်ဘူးဖြစ်နေတယ်။

"ဟေ့ကောင် ရှင်းရှင်းပြော ဆို"

"အဲ ဒီ ဒီလိုပါကွာ ကိုအောင်ချိန်းနဲ့နှင်းဥများ ကြိုက်နေကြသလား လို့"

တွဲလုံးရဲ့အပြောကြောင့် ရက်ချိန်းပါတွေတွေဝေဝေဖြစ်သွားရ တယ်။ ကိုအောင်နဲ့နှင်းဥကြိုက်နေသလားတဲ့ မဖြစ်နိုင်ဘူးထင်တယ်။ နှင်းဥ က ရွာသူတို့မထင်ရအောင်လှတော့ တွဲလုံးအပါအဝင် ကာလသားတော် တော်များများ ကြိုက်နေကြတာလေ။ ဒီအထဲကိုအောင် မပါဘူးလို့လည်း တစ်ထစ်ချမပြောနိုင်ဘူး။

တွဲလုံးကလည်း လူကသာအူကြောင်ကြောင်နဲ့ ကြိုက်မယ့် ကြိုက် တော့လည်း နှင်းဥမှ နှင်းဥ၊ အင်း နှင်းဥ အလှကလည်း တခြား ရွာသူတွေ ရှက်ကြမ်းရေကျိုမှ မဟုတ်တာ။ နုနုမွတ်မွတ်လေးနဲ့ ယဉ်ယဉ်လေး လှတဲ့သူ အသားအရည်က ညိုညက်ပြီး နက်မှောင်တဲ့ ဆံကေသာကလည်း ခါးသာ သာအထိရောက်အောင် ဖြောင့်စင်းနေတာ။

အစက်အပျောက်ကင်းစင်တဲ့ မျက်နှာလေးမှာ မျက်ခုံးတွေက သွယ်တန်းပြီး ညီညီညာညာ စီတန်းစိုက်ထားသလိုမျိုး။ မျက်တောင်ကော့ တွေခြံရံထားတဲ့ မျက်ဝန်းက ကြည်လဲ့တောက်ပနေတာ။

နှာတံစင်းစင်းလေးက ကြည့်ကောင်းသလို သွေးကြောလေးတွေ ယှက်သန်းနေတဲ့ ပါးနုနုနစ်ဖက်၊ စိုလဲ့နေတဲ့နှုတ်ခမ်းဖူးဖူးလေးတွေနဲ့ နဖူး ပြေပြေမှာ ဆံနွယ်လေးတွေ ကပိုကရို ကျနေပုံကအစ အားလုံးအဆင်ပြေ ပြေလှနေတာ။

မျက်နှာအလှနဲ့လိုက်ဖက်တဲ့ ကိုယ်လုံးကိုယ်ပေါက်ကလည်း ငယ်တုန်းက ရက်ချိန်း သိခဲ့တဲ့ နင်းဥ မဟုတ်တော့ဘူး။ ပြေပြစ်တဲ့အမောက်တွေ ကျဥ်တဲ့ခါး၊ ထွားတဲ့တင်နဲ့ မြင်သူ ဘဝင်ဆူအောင်ထားနိုင်လွန်းတယ်။

ရက်ချိန်းက မိန်းမတွေကို အသောက်အစားအပျော်အပါးလောက်ထုံမကျသေးလို့ နင်းဥကို သတိမထားမိဘူး။ ဒါပေမဲ့ တွဲလုံးနဲ့အမြဲတွဲတော့ နင်းဥအပေါ် တွဲလုံး အရူးအမူးဖြစ်နေတာကို စာနာမိတယ်။

"ငါပြောတာ ဖြစ်နိုင်လား၊ မင်း ဘယ်လိုထင်လဲ"

"ငါက ဘာထင်ရမှာလဲ ငါမှမသိတာ ကိုအောင်ကြိုက်ရင်လည်းကြိုက်မှာပေါ့ နင်းဥကိုကြိုက်တဲ့သူတွေ ဒီရွာမှာ အများကြီးပဲဟာ"

"အေးကွာ ဒါတွေ စဉ်းစားမိတိုင်း ငါ အရမ်းခံစားရတယ် နင်းဥကိုသိပ်ချစ်တယ်ကွာ"

ထုံးစံအတိုင်း အပ်ကြောင်းထပ်နေတဲ့ ဓာတ်ပြားဟောင်းကိုဖွင့်တွဲလုံးဟန်ပြင်နေပြီ။ ဒါကြောင့် ရက်ချိန်းက စကားအစမခံဘဲ ကြိုကြိုတင် ပိတ်ပြောပစ်လိုက်ရတယ်။

"ဟေ့ကောင် ဒီစကားတွေ ငါ့လာပြောလို့ ဘာမှ ထူးလာမှာမဟုတ်ဘူး။ မင်းပြောရမှာက နင်းဥကို၊ အေး လက်နှေးနေရင်တော့ သူများလက်ပါသွားမှာ ကျိန်းသေပဲ"

"ငါ ကြောက်တယ် ရက်ချိန်း ဟိုတစ်ခါကလည်း တို့နှစ်ယောက်အပြတ်ပြောပြီးသား ပြီးတော့ နင်းဥကငါ့ကိုမြင်တာနဲ့ ခါးခါးသီးသီးပဲ

"မင်း နင်းဥကို ရရင် တကယ်ယူမှာလား"

"မေးမှ မေးရက်တယ်ကွာ"

"မင်း မိဘတွေကကော သဘောတူပါ့မလား"

"ဟိုဘက်ကမ်းတောင် လွန်သေး ငါ့အဖေနဲ့အမေကို စကားစဖူးထားကွ နင်းဥကသာ လက်ခံမယ်ဆိုရင် နွားတွေ လယ်တွေအကုန်တောင်းပေးမယ်တဲ့ ငါကလည်း တစ်ဦးတည်းသော သား နင်းဥကလည်း တစ်ဦးထဲသော သမီး၊ အချိန်တန်ရင် ငါတို့ပဲအမွေရမှာဆိုတော့တစ်ခါထဲပြီးရောတဲ့"

"တကယ်နော် အဲဒါဆိုအဆင်ပြေပြီလို့သာမှတ်လိုက် မင်းမပြော ရဲရင် ငါပြောပေးမယ် လာ လိုက်ခဲ့"

"ဟ ဖြစ် ဖြစ်ပါ့မလားကွ"

"ဘာလို့မဖြစ်ရမှာလဲ နှင်းဥသာ လက်ခံမယ်ဆိုရင် အဖေတို့ အမေတို့လာပြီး တောင်းရမ်းကြလိမ့်မယ်လို့ စကားစရမှာပေါ့ သွားဆဲတာ မှမဟုတ်ဘဲကွာ သူ့ဂုဏ်တက်မယ့်ကိစ္စ လာစမ်းပါကွာ"

ရက်ချိန်းက ဇွတ်လက်ဆွဲခေါ်လာတော့ တွဲလုံး တုန်တုန်လှုပ်လှုပ် နဲ့ တန်းလန်းကြီးပါလာတယ်။ ပြဿနာတစ်ခုကို ချက်ချင်းလက်ငင်း ဖြေရှင်းတတ်တဲ့ ရက်ချိန်းအကြောင်း တွဲလုံး သိပြီးသားဆိုပေမယ့် ရင်ထဲမှာ တော့ တထိတ်ထိတ်ရယ်။

တွဲလုံးကံကောင်းတာလား ကံဆိုးတာလားတော့ မသိဘူး။ ရွာလမ်း မှာပဲ နှင်းဥနဲ့ဆုံတယ် နှင်းဥဘေးမှာ ကြာညိုလည်းပါရဲ့။

"ဖြစ် ဖြစ်ပါ့မလား တွဲလုံး ကြာညိုလည်းပါတယ်"

"ပါတော့ ဘာဖြစ်လဲ ငါရှင်းမယ်"

"ငါမလိုက်ရဲဘူး ရက်ချိန်း"

"မလိုက်ရဲရင် နေခဲ့ မင်းကိုယ်စား ငါပြောလိုက်မယ်"

တွန့်ဆုတ်ကြောက်လန့်နေတဲ့ တွဲလုံးကိုထားခဲ့ပြီး ရက်ချိန်း နှင်းဥ တို့ဆီ လျှောက်လှမ်းလာခဲ့တယ်။ သူ့ကိုမြင်တော့ နှင်းဥကကြည်ကြည် လင်လင် မျက်ဝန်းတွေနဲ့ လှမ်းကြည့်ပေမယ့် ကြာညိုက ဘာပြဿနာ လာရှာပြန်ပြီလဲဆိုတဲ့ အကြည့်မျိုးနဲ့ မျက်စောင်းထိုးတယ်။ ကြာညိုကို ရက်ချိန်း အရေးမလုပ်ဘူး။

"ဘယ်ကပြန်လာတာလဲ နှင်းဥ"

"ရွာနောက်ပိုင်း အရီးဖော့တို့အိမ်က"

နှင်းဥက သူ့ကိုတော့ ရင်းရင်းနှီးနှီးပြောဆိုဆက်ဆံတတ်တယ်။ ငယ်ငယ်ကဆို သူ့ကိုနှင်းဥက ခင်လည်းခင် ကြောက်လည်းကြောက်တတ် တဲ့သူ အရှူးမကြီး မစာဥတမ်း ကစားရင်း ရက်ချိန်း ရိုက်လိုက့်ကွဲသွားတဲ့ ဒဏ်ရာက နှင်းဥ ညာဘက် နားထင်စပ်မှာ ရေးရေးလေး ကျန်နေတုန်းပဲ။

"နင်ကော ဘယ်လဲ"

"ငါ ကိုဒိုက်ကြီးတို့ဆိုင်သွားမလို့ ဒါပေမဲ့ နင့်ကိုပြောစရာရှိလို့

နိုင်ဆီ အရင်လာတာ အတော်ပဲ လမ်းမှာဆုံတော့ ကောင်းတာပေါ့"

ရက်ချိန်း စကားကြောင့် နှင်းဥ မျက်တောင်လေးတွေ ပုတ်ခတ်ပုတ်ခတ်ဖြစ်သွားတယ်။ မိကြာညိုက နှင်းဥနဲ့ရက်ချိန်းကို စပ်စပ်စုစု မျက်ဝန်းတွေနဲ့ တစ်လှည့်စီကြည့်တယ်။

"ကြာညို နင်သွားနှင့်တော့ ငါနှင်းဥကို အရေးကြီးစကား ပြောစရာရှိလို့"

"နှင်းဥအမေက ငါ့ကို အဖော်ထည့်လိုက်တာ ပြောစရာရှိရင် ငါ့ရှေ့မှာပဲ ပြော"

"နင့်ရှေ့မှာ ပြောလို့မဖြစ်တဲ့ အချစ်ရေး အိမ်ထောင်ရေးစကား ပြောမှာမို့လို့သွားခိုင်းတာ သိပ်မကြာပါဘူး သွားစမ်းပါ ကြာညိုရာ"

ရက်ချိန်း ခပ်မာမာလေသံနှင့်ပြောလိုက်တော့ နှင်းဥမျက်နှာ ရဲသွားတယ်။ မိကြာညိုက ပေရပ်နေလို့ ရက်ချိန်း ဘုကြည့်ကြည့်လိုက်မှ လှမ်းချင် လှမ်းချင်နဲ့ မလှုပ်တလှုပ် ထွက်သွားတာ။

ကြာညို အဝေးရောက်သွားတဲ့အထိ စောင့်ကြည့်နေပြီးမှ ရက်ချိန်း စကားစတယ်။

"နှင်းဥ စောစောက ငါပြောတဲ့ကိစ္စက ဟိုကောင် တွဲလုံးအတွက်"

ဒီစကားကြားတော့ နှင်းဥ စိတ်ဆိုးသွားတယ်။

"လာပြန်ပြီလား ရက်ချိန်း ငါဘာပြောထားလဲ နင်ဘာဖြစ်လို့ တွဲလုံးခိုင်းတိုင်းလုပ်နေရတာလဲ နင့်ကိုအရက်တိုက်မယ်ဆိုလို့ လုပ်ပေးနေတာလား ဒါဆို နင့်အတွက် အရက်ဖိုး ငါပေးလိုက်မယ် ဘာမှမပြောဘဲ နေလိုက်တော့"

နှင်းဥ မျက်နှာ စွေးစွေးနီနေတာ စောစောက နီသလိုမျိုး မဟုတ်ဘူး။ ဒေါသကြောင့် ရဲရဲတောက်နေတာ။

"ငါက သူများအရက်တိုက်ပြီး ခိုင်းတိုင်းလုပ်မယ့်ကောင်လား နှင်းဥ ရယ် အခုတွဲလုံးက နင့်ကိုမရရင် သေတော့မလိုဖြစ်နေတာ ပြီးတော့ ကောင့်မိဘတွေကလည်း လယ်တွေယာတွေ နွားတွေရွှေတွေနဲ့ တင့်တင့်တောင်းမှာတဲ့ ငါက နင်ကောင်းစားတာ မြင်ချင်လို့ပါဟာ"

"ဒါဆို ငါ့ဘက်က အပြတ်ပြောလိုက်မယ် တွဲလုံးကို ငါမယူဘူး။ သူ့မိဘတွေခေါ်လာပြီးတောင်းရင် အရက်ကွဲသွားမယ်လို့ ပြန်ပြော

လိုက်"

"မဟုတ်သေးပါဘူး နှင်းဥရာ"

"ရက်ချိန်း နှင်ဘာမှထပ်မပြောနဲ့တော့ ဒီကိစ္စနဲ့ပတ်သက်ပြီး နှင့်ကို ငါစိတ်ဆိုးတယ်သိလား၊ တကယ်ဆို နှင်နဲ့ငါက သူငယ်ချင်းတွေ ပြီးတော့ နှင့်အပေါ် နားအလည်ဆုံးက ငါ၊ အဲဒါကို နှင် သဘောမပေါက်ဘူးလား သူ ကိုယ်တိုင် ပြောတာထက် နှင်လာပြောလို့ ပိုပြီး စိတ်ဆိုးတာ"

"အဲဒါတွေ ငါမသိဘူး နှင်းဥ ဒီကောင့်ကိုယူရင် နှင်တစ်သက်လုံး စိတ်ချမ်းသာရမှာ အဲဒါ နှင့်ဘဝကို ငါဂရုစိုက်တာပဲ"

"ငါနဲ့ တွဲလုံးညားမှ နှင် စိတ်ချမ်းသာမှာ ဟုတ်လား"

"ဟုတ်တယ် နှင်ရော တွဲလုံးရော ငါ့သူငယ်ချင်းတွေပဲ နှင်တို့ အဆင်ပြေရင် ငါ စိတ်ချမ်းသာတာပေါ့"

နှင်းဥ ဘာစကားမှ မပြောနိုင်တော့ဘူး။ ရက်ချိန်းကို စိုက်ကြည့်ရင်း မျက်ရည်တွေ ဝေ့လာတယ်။ အံကို တင်းတင်းကြိတ်ပြီး နှင်းဥ လှည့်ထွက်ဖို့ ပြင်တော့ ရက်ချိန်းက လက်ကို လှမ်းဆွဲတယ်။

အဲဒီ လက်ပေါ် နှင်းဥရဲ့မျက်ရည်တစ်စက် ပေါက်ခနဲ ကျသွားရ တယ်။

"တွဲလုံးအတွက် တစ်ခုခုပြောခဲ့ဦး နှင်းဥ"

နှင်းဥ ဆတ်ခနဲမော့ကြည့်တော့ သူ့မျက်ဝန်းထဲမှာ ဒေါသနဲ့ နာကျည်းမှုတွေကို ရက်ချိန်းမြင်လိုက်ရတယ်လို့ထင်မိတယ်။

"တွဲလုံးကို ပြောလိုက်ပါ ဒီတစ်သက် ငါ့ကို မမျှော်လင့်နဲ့လို့ ပြီးတော့ နောက်ကို ငါ့ဆီ နှင်ဘယ်တော့မှ မလာပါနဲ့၊ နှင့်ကိုငါ မမြင်ချင် တော့ဘူး ဒါပဲ"

ပြောပြီး ပြေးထွက်သွားတဲ့ နှင်းဥကို ရက်ချိန်း နားမလည်တော့ ဘူး။ အမြဲတမ်း သိမ်မွေ့ပြီး ဒေါသကင်းစင်နေတတ်တဲ့ နှင်းဥ ဘာကြောင့် များ ဒီလောက်အထိဒေါသကြီးနေရတာလဲ၊ ရက်ချိန်းစဉ်းစားလို့ကို မရတော့ ဘူး။

အဝေးမှာစောင့်နေတဲ့ ကြာညိုဆီအရောက် အတူဆက်လျှောက် သွားကြတဲ့ သူတို့နှစ်ယောက်ပျောက်သွားတဲ့အထိ ရက်ချိန်းငေးကြည့် နေမိတယ်။

"ရက်ချိန်း နှင်းဥက ဘာ ဘာတဲ့လဲဟင်"

သိချင်ဇောနဲ့ အမောတကောမေးလာတဲ့ တွဲလုံးအသံကိုကြား လိုက်ရမှ ရက်ချိန်းသတိပြန်ဝင်လာတယ်။

"ဟေ့ကောင် မင်းက ဘယ်ရောက်နေတာလဲ"

"ငါ ငါ ခြုံထဲ ဝင်ပုန်းနေတာ နှင်းဥကို ရင်မဆိုင်ရဲလို့"

"အေး ကောင်းတယ် နောက်လည်း ဘယ်တော့မှ နှင်းဥကို မင်းမျက်နှာချင်းမဆိုင်ရတော့ပါဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"သူက မင်းကို စိတ်မဝင်စားဘူး ခါးခါးသီးသီးပဲ မင်းမိဘတွေ ဟာတောင်းရင်လဲ အရှက်ခွဲလွှတ်မယ်တဲ့ နှင်းဥကို မေ့ပစ်လိုက်တော့ တွဲလုံးရာ မိန်းမတစ်ယောက်အတွက် ဒီလောက်အောက်ကျမခံချင်စမ်း ပါနဲ့"

"ငါ ငါ နှင်းဥ ကို"

"ဟေ့ကောင် တော်တော့ဆို နှင်းဥအကြောင်း ထပ်မပြောနဲ့ တော့ မင်းကြောင့် ငါ့ကိုတောင်အကြီးအကျယ် ဒေါ်ပွသွားတာ ရွာမှာ မိန်းမတွေအများကြီးပါကွာ နှင်းဥကလွဲရင် ကျန်တဲ့မိန်းမကြိုက်ပစ်လိုက် စမ်း ဒီရွာက မကလို့ တခြားရွာကဟာပဲဖြစ်ဖြစ် ငါရအောင်ပြောပေး မယ် ဟုတ်ပြီလား"

"အချစ်ဆိုတာ အဲဒီလို"

"ဟေ့ကောင် နှင်းဥ နာမည်မင်းပါးစပ်က ထွက်လာရင် ငါ့ လက်သီး နဲ့ မင်းရဲ့မျက်ခွက် ညားပြီသာ မှတ်၊ လာ သွားမယ် အရက်ဆိုင်"

ရက်ချိန်းက ယတိပြတ်စကားနဲ့ ကြိမ်းမောင်းလိုက်မှ တွဲလုံး ဟတ်တောပိတ် နှုတ်ဆိတ်သွားတော့တယ်။ တွဲလုံး မျက်နှာပျက်နေပုံက လုံးချောကို စိန်ခေါ်ထိုးသတ်ခဲ့တဲ့ တက်သစ်စ လက်ဝှေ့သမားလိုပါပဲ။

တွဲလုံးကို သနားပေမယ့် ဒီကိစ္စမှာတော့ ရက်ချိန်းလည်း ဘာမှ မတတ်နိုင်ဘူး။ အရက်ဆိုင်ရောက်တော့လည်း သူတို့ချင်းစကား မပြောဖြစ် ကြဘူး။

နှင်းဥ ခါးခါးသီးသီး တုန့်ပြန်ပြောဆိုသွားတဲ့စကားတွေ ရက်ချိန်း နားထဲမှာ ပြန်ကြားယောင်နေမိတုန်းပဲ။ နှင့်အပေါ် နားအလည်ဆုံးက ငါပါ

အဲဒါကို နှင် သဘောမပေါက်ဘူးလား သူကိုယ်တိုင်ပြောတာထက် နှင်လာပြောတာ ပိုပြီးစိတ်ဆိုးတာတဲ့ အဲဒါကကော ဘာကိုဆိုလိုတာလဲ။

တစိမ့်စိမ့်တွေးပြီး ရက်ချိန်း စိတ်ထဲမှာ တစ်မျိုးကြီးခံစားနေရတယ်။ နှင်းဥကို ဒေါသထွက်တာလည်း မဟုတ်ဘူး။ ကိုယ့်ဘာသာ မကျေနပ်ဖြစ်နေတာ ဘာကို မကျေနပ်မှန်းလည်း မသိဘူး။ ဆန်းတော့ ဆန်းသား။

■ ■ ■

# အခန်း (၁၅)

ဘိုကေကို ကျော့နေအောင်ဖီးရင်း မှန်ထဲက သူ့ရုပ်သူ အသေ အချာပြန်ကြည့်နေတဲ့ အောင်ချိန်းမပြီးနိုင် မစီးနိုင်အောင် ပြင်ဆင်နေ တယ်။ မြို့ကဝယ်လာတဲ့ "ဗိုက်တာကို" ကို ခေါင်းမှာပွတ်ရင်း သားစိုး ထိုမိုးထိအောင် ဆံပင်တွေထောင်ကြည့်ချင်စိတ် ပေါက်နေတယ်။ ဒါပေမဲ့ သု မလုပ်ရဲပါဘူး။

ဒါနဲ့ ချွေးနံ့ပျောက်ဆေးတောင့်နဲ့ ချိုင်းကိုသုတ်လိုက်ရင်း သေတ္တာ ထဲက ရုပ်လက်ရှည်အပြာကွက်နဲ့ ပလေကာပ်ပုဆိုးကိုထုတ်ယူဝတ်ဆင် ထိုက်ပြန်တယ်။

အင်း ဒီအချိန်လောက်ဆို နှင်းဥ ရေမိုးချိုးပြီးလို့ သနပ်ခါးပါးကွက် ကြားလေးနဲ့ နုနုဥဥလေးလှနေမှာလို့ တွေးမြင်ကြည့်တယ်။ ထိရက်စရာ ရှိအောင် လှနေတဲ့ နှင်းဥ အကြောင်းတွေးမိတာနဲ့ အောင်ချိန်း ရင်ခုန်သံ တွေ မြန်ဆန်လာတတ်တယ်။

အပျိုဖော်ဝင်စကတည်းက ကြွရှနေတဲ့ နှင်းဥရဲ့အလှကို သူသတိ ပြုမိခဲ့တာ တစ်ခါကြည့်ရုံနဲ့ မဝတဲ့ နှင်းဥ အလှကို မက်မောကြတာ သူ


PUBLISHED BY VIEW

တစ်ယောက်ထဲ မဟုတ်မှန်းလည်းသိတယ်။ ရွာထဲက ကာလသားတွေ အားလုံး နှင်းဥကိုပိုင်ဆိုင်ချင်ကြတာ ရိပ်မိလာတော့ အောင်ချိန်းပိုပြီး စိတ်မချဖြစ်လာရတယ်။

ဒါပေမဲ့ နှင်းဥမှာချစ်သူမရှိသေးတာ သူ့အသိဆုံး။ သူ့ရဲ့ ရိုးသားမှုကြောင့် နှင်းဥ မိဘတွေက အိမ်ကို ဝင်ထွက်ခွင့်ပြုထားတယ်။ နှင်းဥကလည်း ခင်ခင်မင်မင် ဆက်ဆံတယ်။

အဲသလို မိဘတွေရဲ့ ယုံကြည်မှုနဲ့ နှင်းဥရဲ့ ခင်မင် ရှိသေမှုတွေက အောင်ချိန်းရဲ့ ပါးစပ်ကို ပိတ်ထားလိုက်တာပဲ။ ရင်ထဲက ခံစားချက်ကို ဖွင့်ဟဖို့ အမျိုးမျိုး တွေးလာရတယ်။ နှင်းဥကလဲ အထင်သေး အရိုသေတန် သွားမလား။ နှင်းဥ မိဘတွေ အယုံအကြည်မဲ့သွားမလား စဉ်းစားရင်း ပြောမထွက်တော့ဘူး။

နှင်းဥကို လိုချင်တဲ့သူတွေထဲမှာ ကြေးရေတတ်ရွာမျက်နှာဖုံးတွေရဲ့ သားတွေပါ ပါနေတာမို့လို့ အဲဒါနဲ့ပတ်သက်ပြီးတော့လည်း အားငယ် စိတ်ဝင်နေတယ်။

အောင်ချိန်းတို့မှာ အိမ်တစ်လုံး ယာနှစ်ခင်းပဲရှိတာလေ အဲဒီ အပေါ် လူလေးယောက်မှီခို စားနေရတာဆိုတော့ ချမ်းသာကြွယ်ဝတဲ့ အနေအထားမဟုတ်ဘူး။ ဒီကြားထဲ ရက်ချိန်းပေးတဲ့ဒုက္ခတွေကလည်း တမျောင်။ ပလိုင်းပေါက်နဲ့ ဖားကောက်ရသလို။

ဒီတော့ သူမှာအလုပ်ကြိုးစားလုပ်၊ ရတဲ့ငွေလေး ဒီအတိုင်းထားရင် ရက်ချိန်းရဲ့ ပြဿနာပေါင်းစုံကို စိုက်ရင်းရတဲ့အထဲ ပါသွားမှာဆိုတော့ ရွှေတိုငွေစလေးလုပ်ပြီး စုဆောင်းထားရတယ်။

အခါအခွင့်သင့်ရင်တော့ နှင်းဥကိုဖွင့်ပြောပြီး လက်ထပ်ဖို့ရည်မှန်းထားတာ။ အခုချိန်မှာတော့ နှင်းဥအလှကိုမဝတဝ ကြည့်ရင်း ကြိတ်မှိတ်မျိုသိပ်ထားရုံပေါ့။

"သားကြီး ဒါက ဘယ်တုန်း"

အဝတ်အစားသစ်တွေနဲ့ ဖီးလိမ်းပြင်ဆင်ထားတဲ့ အောင်ချိန်းကို အမေက လှမ်းမေးတယ်။

"ရွာထဲခဏ အမေ ဦးပွကြီးဆီ မြို့က သီးနှံပေါက်ဈေးသွားမေးမလို့ပါ"

"ဟုတ်ရဲ့လားကွယ် သားကအကျအန ဝတ်စားထားတာ ဆိုတော့ ည်းစားသန့်တွေနဲ့များ ချိန်းချက်ထားသလားလို့"

"ဟာ အမေကလည်း မဟုတ်တာဗျာ အဟဲ"

"ကဲ ကဲ သွားပါစေကွာ သားကြီးအတွက် ချွေးမကရှာစရာမလို ဘူး ရှာချင်ရင် ဟိုလူမိုက်အတွက်ပဲရှာ ငါ့သားကြီးကို ကျနေတဲ့မိန်းကလေး တွေ အများကြီးပါကွ ငွေခင်ရ ဟား ဟား ဟား"

အဖေက သူ့အတွက်ဂုဏ်ယူသလိုပြောတော့ အမေမျက်စောင်း ထိုးတယ်။ မဆီမဆိုင် သူ့သားငယ်ကို အဖေက နှိပ်ကွပ်လိုက်တာကို။

အောင်ချိန်း အိမ်ပေါ်ကဆင်းလာတော့ ရေချိုးဖို့ပြင်နေတဲ့ ရက်ချိန်း ဆုံပါရော။

"ဟား ကိုအောင် ကျော့လို့မော့လို့ ရည်းစားနဲ့ချိန်းထားတယ်ပေါ့"

"ဟေ့ကောင် ပေါက်ကရမပြောနဲ့ ဦးပွကြီးဆီ သီးနှံကိစ္စ သွားမေး လို့"

"ဟား ဟား ဟား အမေတို့ကိုပဲ လိမ်လို့ရမယ် သိလား ကိုအောင် ဟား ဟား ဦးပွကြီးရွာမှာမရှိဘူး၊ မြို့တက်သွားတာ နှစ်ရက်ရှိပြီ"

အလိမ်ပေါ်သွားလို့ အောင်ချိန်းရှက်ရှက်နဲ့ ပြေးထွက်သွားတဲ့အထိ ရက်ချိန်းရဲ့ ရယ်သံကပြေးလိုက်လာနေတုန်းပဲ။

ရွာထဲလျှောက်ရင်း အောင်ချိန်း ရက်ချိန်းအကြောင်းတွေးနေမိ တယ်။ ပုဆိုးတိုတိုနဲ့အပေါ်ပိုင်း ဗလာကျင်းထားတဲ့ရက်ချိန်းရဲ့ ကျစ်ကျစ် လစ်လစ်ခန္ဓာကိုယ်အချိုးအဆစ်က ကြည့်လို့ကောင်းတယ်။ အရုပ်အမောင်း ကလည်း မနာလိုစရာ ကောင်းလောက်အောင် မြင့်မားလိုက်တာ သူ့ အတွက် ခေါင်းတစ်လုံးစာ ပိုမလားပဲ။

ညီအစ်ကိုရင်းဆိုပေမယ့် ဒီကောင်ရက်ချိန်းက သူ့ထက်ယောကျ်ား ဆန်သွားတာကိုတော့ မငြင်းနိုင်ဘူး။ လိမ်လိမ်မာမာနဲ့ မတေမပေဘူး ဆိုရင် ရွာသူတွေဝိုင်းနေမှာပဲလို့ အောင်ချိန်းတွေးနေမိတယ်။

ဒါပေမဲ့ ရက်ချိန်းဆိုတဲ့ကောင်က ဘယ်မိန်းကလေးကိုမှ စိတ်ဝင် စားပုံမရဘူး။ ရွာသူတွေကလည်း ရက်ချိန်းဆိုရှုံကြောက်ပြီးကြောက်နေ ကြတာ။

"ဟော ကိုဖိုးချစ် ဒါကဘယ်တုန်း"

စူးခနဲအသံနဲ့ နှုတ်ဆက်လာတဲ့ ကြာညိုကိုမြင်မှ အောင်ချိန်း အတွေးတွေပြတ်တောက်သွားရတယ်။ ကြာညိုခေါ်တာ သူ့နာမည်မဟုတ် သလို အနားမှာလည်း ဘယ်သူမှမရှိဘူး။

"နင် ဘယ်သူ့ကို နှုတ်ဆက်တာလဲ ကြာညို"

"အဟင်း ဟင်း တော့်ကိုပေါ့ ကိုအောင်ချိန်းရဲ့ ပုဆိုးအသစ်နဲ့မို့ ကိုဖိုးချစ်လို့ခေါ်လိုက်တာပါ တော်"

"ဟာ လာနောက်နေပြန်ပြီ"

"အဟင်း စတာပါတော် အခုဘယ်လဲ ဘယ်သွားမလို့လဲ"

စကားမပြတ်တမ်း မိကြာညို လေကြောရှည်တော့မယ်ဆိုတာ အောင်ချိန်း တွက်မိတယ်။ သူနဲ့ဆုံတုန်း မိကြာညို ရှိသဲ့သဲ့စကားတွေနဲ့ ရေလာမြောင်းပေးလုပ်တတ်တာလည်း သိနေတယ်လေ။

"နင်းဥတို့အိမ် သွားမလို့ဟ"

တမင်ကို အမှန်အတိုင်း ပြောလိုက်တာ။ ပြုံးနေတဲ့မိကြာညို မျက်နှာ တစ်ချက်မဲ့သွားတာတွေ့ရလို့ ရင်ထဲကျေနပ်သလို ဖြစ်သွားပေမယ့် ချက်ချင်း ပြန်ပြောတဲ့ ကြာညိုရဲ့စကားကြောင့် အောင်ချိန်း ဟန်မဆောင်နိုင် အောင်ကို မျက်နှာပျက်သွားရတယ်။

"ဩော် ညီတော်မောင် ရက်ချိန်းအတွက် နားသွားဖောက်ပေးမလို့လား"

"ဘာ ဘာပြောတယ် ကြာညို"

"အဟင်း ဟင်း ကျုပ်သိပါတယ်နော် ဟိုတစ်ရက်က တော့်ညီ ရက်ချိန်း နင်းဥကိုအချစ်အကြောင်း အိမ်ထောင်ရေးအကြောင်းပြောချင်လို့ဆိုပြီး ကျုပ်ကိုရောင်ခိုင်းတယ်"

"ဟင်"

"နင်းဥလက်ကိုဆွဲပြီးပြောနေတာ အကြာကြီး ကျုပ်မျက်စိနဲ့ကို မြင်တာနော် နင်းဥ တော်တော်ရှက်သွားတယ် ထင်တယ်၊ မျက်ရည်တွေကျပြီး အံတကြိတ်ကြိတ်ဖြစ်နေတာ နင်းဥကို သနားလို့ ကျုပ် မမေးဘဲ ငြိမ်နေရတာ"

"နေပါဦး ဘယ်တုန်းကလဲ"

"သုံးလေးရက် ရှိပြီထင်တယ်"

ဟုတ်ပြီ။ ဒီသုံးလေးရက်အတွင်း အောင်ချိန်းလည်း နှင်းဥဆီ မရောက်ဖြစ်ဘူး။ ဒီကြားထဲမှာ ဖြစ်ခဲ့တာပဲပေါ့။ နှင်းဥဆီရောက်တာနဲ့ ရက်ချိန်းကိစ္စဆီးပြီး တိုင်တော့မယ်ထင်တယ်။ နှင်းဥကသာ သူ့မိဘတွေကို အသိပေးတိုင်ထားရင်တော့ တကယ့်ကို မျက်နှာပူစရာ ဖြစ်တော့မှာ သေချာတယ်။

သူ ကြား‌ပြီးကို နှုတ်တောင် မဆက်နိုင်ဘူး။ နှင်းဥတို့ အိမ်ဘက် သုတ်ခြေတင် ထွက်ခဲ့တော့တာ။ ဒီကိစ္စမှာတော့ ရက်ချိန်းကို သူဘယ်လိုမှ ရှောင်မလွှတ်နိုင်ဘူး။ သူတောင် ဖွင့်မပြောရက်ဘဲ အရိပ်တကြည့်ကြည့် လုပ်ခဲ့ရတာကို ဒီကောင်က လက်ဆွဲပြီးတော့များ ပြောရက်သတဲ့။

တနုံနုံတွေးရင်း ဒေါသတွေတလိပ်လိပ်တက်လာတယ်။ ဒီကောင့်ကြောင့်တော့ နှင်းဥနဲ့သူ့ကြားက ခင်မင်မှုတွေ အထိအခိုက် မခံနိုင်ဘူး။ နှင်းဥ မိဘတွေ အယုံအကြည် ပျက်တာမျိုးလည်း အဖြစ်မခံနိုင်ဘူး။

နှင်းဥတို့အိမ် ရောက်တော့ နှင်းဥက သူ့ကိုဖော်ဖော်ရွှေရွှေ နှုတ်ဆက်နေလို့ အံ့သြမိသေးတယ်။ နှင်းဥ အဖေကလည်း ရာသီ သီးနှံတွေ အကြောင်း မေးလိုက်တာ စုံလို့။

နှင်းဥအမေက အကြမ်းရည်တွေ ငါးခြောက်ဖုတ်တွေတောင် ချပြီး ဧည့်ခံတယ်။ ဒီအတိုင်းဆို နှင်းဥ မိဘတွေကို ပြောပြမထားဘူး ထင်တယ်။ ကြည်ညို နောက်လိုက်တာတော့ မဖြစ်နိုင်ဘူး။

သူဘယ်လိုမှ မမျိုသိပ်နိုင်တဲ့အဆုံး အပြန်မှာခြံဝထိ ရေနံမီးခွက် လိုက်ပို့ပေးတဲ့ နှင်းဥကိုပဲ ထိပ်တိုက် မေးရတော့တယ်။ နှင်းဥ မိဘတွေကို ဖွင့်မပြောခဲ့တာဟာ ရက်လို့လားမှ မသိတာ။

"နှင်းဥ ကိုအောင် မေးစရာတစ်ခုရှိလို့"

"ဘာများလဲ ကိုအောင် မေးလေ"

"ဟိုကောင် ရက်ချိန်းကိစ္စပါ ကိုအောင်လည်း ဒီကိုအလာလမ်းမှာ ကြည်ညိုနဲ့ဆုံလို့ ပြောပြမှသိရတာ"

မီးရောင်အောက်မှာ တင်းခနဲဖြစ်သွားတဲ့ နှင်းဥရဲ့နှုတ်ခမ်းတွေကို အောင်ချိန်းသတိပြုမိလိုက်တယ်။

"အဲဒီကိစ္စအတွက် ရက်ချိန်းကို နှင်းဥ အရမ်းစိတ်ဆိုးတယ် ကိုအောင် တွဲလုံးအတွက် သူက ကိုယ်စား ပြောပေးတာတဲ့လေ"

"ဘယ်လို တွဲလုံး အတွက် ဟုတ်လား"

အောင်ချိန်း ဇဝေဇဝါ ဖြစ်သွားတယ်။ နှင်းဥပြောသမျှ နားထောင်ရင်း သူ သိလိုက်ရတာ။ ရက်ချိန်းကတွဲလုံး နှင်းဥကို မပြောရဲတဲ့ ရည်စားစကားနဲ့ တောင်းရမ်းဖို့ ကမ်းလှမ်းချက်ကို လှမိုက်လုပ်ပြီး ကိုယ်စားပြောပေးသတဲ့။

ဒီကောင် ဘယ်လိုကောင်လဲ မသိဘူး။ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် ကောင်းကျိုးမပေးတဲ့ကောင်။

■ ■ ■

## အခန်း (၁၆)

"နေစမ်းပါဦး ကိုအောင် အဲဒီကိစ္စက မင်းနဲ့ ဘာဆိုင်လို့လဲ"

မေးပုံကိုက ဂျစ်ကန်ကန်လေသံနဲ့ ရှုတည်တည် မျက်ဝန်းတွေက မျးခွန်းကို အလိုမကျတဲ့ပုံစံနဲ့ စိုက်ကြည့်နေတယ်။ အဖေနဲ့အမေတို့ မှာ ဒီကိစ္စကိုမပြောသင့်လို့ ရက်ချိန်းကို ထမင်းဝိုင်းမှာလက်တို့ပြီး ခြံပြင် ခေါ်ထုတ်ခဲ့ရတာ။

မထင်မှတ်ဘဲ ရက်ချိန်းက တွဲလုံးဘက်ကဖြစ်နေတယ်။

"တွဲလုံးက နှင်းဥကို ကြိုက်တယ် သူမပြောရဲလို့ ငါကပြော တယ်၊ အဲဒါ ဘာပြဿနာဖြစ်သွားလို့လဲ ကိုအောင်"

"မင်းမကူညီသင့်ဘူးကွ နှင်းဥဆိုတာ ကိုယ်စောင့်ရှောက်ရမယ့် သူ့မိဘတွေကလည်း ညီမတစ်ယောက်လို စောင့်ရှောက်ဖို့အပ်ထား ...

ရက်ချိန်းလှောင်သလို ပြုံးတယ်။ နှစ်နှစ်သာကွာတဲ့ ညီအစ်ကို ... ဆိုတော့ ရက်ချိန်းကသူ့ကို သိပ်မလေးစားဘူး။ ကိုအောင်လို့ ခေါ်နေ ... ယ့် စကားပြောရင် မင်းနဲ့ငါနဲ့ သုံးတတ်တယ်။

"နှင်းဥ မိဘတွေက ငါ့ကိုအပ်ထားတာမဟုတ်ဘူး မင်းကိုယုံကြည်လို့ အပ်ထားတာဆိုရင်တော့ မပြောတတ်ဘူး ငါနဲ့လည်းမဆိုင်ဘူး"

"မင်းက ငါ့ညီလေ မင်းက တွဲလုံးတို့ကို မတားတဲ့အပြင် ကိုယ်တိုင်မြောက်ပင့် ကူညီနေတော့ ဘယ်ကောင်းမှာလဲ"

"ဒါမျိုးက မြောက်ပင့်ပေးတိုင်း ရတဲ့ ကိစ္စမဟုတ်ဘူး။ တွဲလုံးနှင်းဥကို တကယ်ချစ်တာ ငါသိတယ်"

"နှင်းဥက ချောတယ် လှတယ် ဒီတော့ တွဲလုံးသဘောကျတာမဆန်းပါဘူး ဒါပေမဲ့ ကိုယ်နဲ့ တန်၏ မတန်၏ဆိုတာတော့ စဉ်းစားတတ်ရမှာပေါ့ကွ"

"ဘာကိုမတန်တာလဲ လူပျိုနဲ့အပျို မတန်ဘူးဆိုတာ ရှိသေးလား"

"ဟား ဒါကလည်း ရှင်းနေတာပဲ နှင်းဥကိုကြိုက်တဲ့လူတွေကတစ်ပုံကြီး သူဌေးသားတွေလည်း ပါတယ်၊ နှင်းဥသာ အိမ်ထောင်ပြုမယ်ဆိုရင် ခေါင်းခေါက်ပြီးရွေးလို့ရတယ်၊ ဒါကို မင်းက တွဲလုံးလို အလုပ်မရှိအကိုင်မရှိ အရက်သမားနဲ့ သဘောတူရသလား"

"ဒါတွဲလုံးကို သက်သက်နှိမ်တာပဲ တွဲလုံးက နှင်းဥကိုချစ်တယ်တွဲလုံးကို ရွေး မရွေးဆိုတာ နှင်းဥရဲ့ကိစ္စ ပြီးတော့ ယောကျ်ားပဲကွာအရက်သောက်ချင်သောက်မယ် တစ်ရွာလုံးကြည့်မရအောင် ဆိုးချင်ဆိုးမယ် မယုတ်မာရင်ပြီးတာပဲ"

"နှင်းဥကို တွဲလုံးနဲ့တော့ သဘောမတူဘူး"

"ကိုအောင် မင်း နှင်းဥကို ကြိုက်နေတာလား"

"ဟော့ကောင် ပေါက်ကရတွေမပြောနဲ့ ငါက နှင်းဥကို ရိုးရိုးသားသား စောင့်ရှောက်နေတာကွ"

"ဒါဆို သဘာဝတရားကို လက်ခံလိုက်ပေါ့ နှင်းဥ တစ်ချိန်မှာယောကျ်ားယူမှာပဲ သူ့စိတ်ကြိုက်ရွေးမှာ မင်းညီမ မဟုတ်လို့ ဝင်စွက်ဖက်လို့မရဘူး ဝင်ရှုပ်နေရင် သူများပြောစရာဖြစ်မယ်နော်"

"ဘယ်ကောင်ပြောပြော ငါ ဂရုမစိုက်ဘူး"

အောင်ချိန်း အသံက တဖြည်းဖြည်းနဲ့ ကျယ်လာတယ်။ ဒီကောင်ဘာလို့ ဒေါသထွက်နေရတာလဲ။

"နှင်းဥ ကိစ္စမှာ ကန့်လန့် ကန့်လန့် ဆက်ပါနေရင် တခြားကောင်တွက မင်းကို ကောက်ရိုးပုံစောင့်တဲ့ ခွေးလို့ပြောမှာပေါ့"

"ဘာကွ"

အောင်ချိန်းမျက်နှာကြီးနီရဲသွားတာ လရောင်အောက်မှာ ရက်ချိန်းထင်ရှားရှား မြင်လိုက်ရတယ်။ မျက်လုံးကြီးပြူးလို့ အသားတွေတောင်ဆတ်ဆတ်တုန်နေတယ်။

"အေး အခု ငါပြောတာနဲ့ မင်းမခံနိုင်ဘူး မဟုတ်လား သူများပြောမခံရအောင်နေပေါ့ကွာ မင်းနဲ့နှင်းဥ သွေးသားမတော်စပ်ဘူးဆိုတာလူတွလုံးသိတယ် ကိုအောင်"

"မင်းသာ တွဲလုံးနဲ့ နှင်းဥ နီးစပ်အောင် မကူညီပါနဲ့"

ပြောပြီးတာနဲ့ ကိုအောင် အိမ်ပေါ်ပြန်တက်သွားတယ်။ သူ့ကိုနိုးပေးသွားတာလား။ တားမြစ်တာလား။ မသေချာပေမယ့် ရေခဲတုံးနှင်းဥနဲ့ပတ်သက်ပြီး အရည်ပျော်နေပြီဆိုတာ ရိပ်မိလိုက်တယ်။

အမှန်ကိုလည်း ဝန်မခံရဲ။ နှင်းဥ သူများနောက် ပါသွားမှာလည်းနေတဲ့ ကိုအောင့်အဖြစ်က ရယ်စရာကောင်းနေတယ်။

"မင်းရောဂါက မသေးပါလား ကိုအောင်ရာ"

■ ■ ■

## အခန်း (၁၇)

နှင်းဥက ပြတ်ပြတ်သားသား ငြင်းလိုက်ပြီးတဲ့နောက် လေး
ရက်လောက် ပျောက်နေတဲ့တွဲလုံး မမျှော်လင့်ဘဲ ပေါက်ချလာတယ်။

"ဟာ တွဲလုံး လာကွာ မင်း အရင်ရက်တွေက ဘယ်ပျောက်နေ
တာလဲ"

"အိမ်မှာ မြယာကုန်းက ငါ့ဘကြီးရောက်နေလို့ကွ ပြီးတော့
အပြင်လည်း မထွက်ချင်တာနဲ့ အိမ်ထဲမှာပဲ အောင်းနေတာ"

"ဘာလဲ ဟတ်ထိသွားတယ်ပေါ့"

"ဟဲ ဟဲ ဒီလိုပါပဲကွာ"

တွဲလုံးက ဘာအမွေးမှမပေါက်တဲ့ သူ့ရဲ့နှုတ်ခမ်းနဲ့မေးစေ့ကို ဘယ်
လက်နဲ့ မကြာခဏပွတ်သပ်ပြီး ပြောနေတယ်။ ပထမတစ်ခါ နှစ်ခါ တော့
သတိမထားမိဘူး။ နောက်တော့မှ သူ့ဘယ်ဘက်လက်ရဲ့ လက်သူကြွယ်မှာ
ရွှေရောင်တဝင်းဝင်းနဲ့ ပတ္တမြားလက်စွပ်ကို သတိပြုမိလိုက်တယ်။

"ဟား ငါ့ကောင် တယ် သားနားနေပါလား၊ လူတစ်ကိုယ်လုံး
ဘယ်ဘက်လက်က ကြည့်အကောင်းဆုံးပဲပေါ့"

သူ့အပတ်တကုတ် ကြွားနေတာကို ရက်ချိန်း သတိပြုမိသွား

သချာမှ တွဲလုံး စိတ်ချမ်းသာသွားဟန်နဲ့
"အဟဲ ငါ့ဘကြီး ဆင်ပေးထားတာ၊ ရွှေကပဲ ငါးမူးသားကွ
ာက်က ပတ္တမြားအစစ်"
ဟုတ်မှာပါပဲ လက်စွပ်ကအပြားကြီးကြီး ထုကောင်းကောင်းနဲ့
ဘာပဲဖြစ်ဖြစ် လက်စွပ်အရောင်နဲ့ တွဲလုံးရဲ့ပါးတင်မကဘူး။ တစ်ကိုယ်လုံး
ပြောင်နေတယ်။ ဒါကြောင့်လည်း လူတွေရွှေကိုမက်မောကြတာပေါ့။
"မင်းရဲ့ ဘဏ္ဍာရေး အခြေအနေဘယ်လိုလဲ"
"မဆိုးပါဘူး မင်းကော"
"ငါ့မှာလည်း ငါးထောင်လောက်တော့ပါတယ် ရက်ချိန်း"
"ဒါဆို နှစ်ယောက်ပေါင်း တစ်သောင်းမပြည့်တပြည့်ပေါ့။ မင်း
လုပ်ချင်လို့လဲ တွဲလုံး"
"အဟဲ ငွေရင်းလေးရှိတုန်း တိုးပွားပြီး အကျိုးများအောင် ရင်းနှီး
ပေါ့ ကွ"
"အဟင်း မင်း ကုလားကားကြည့်ချင်ပြန်ပြီထင်တယ် ဒင်ကြီးတို့
ကို သွားမလား"
"အေး ကောင်းတယ် သွားကြမယ်"
အသွင်တူ အပွေးတူ အခေါက်တူ နှစ်ယောက်သား သိပ်ပြီး
ရောတောင်မလိုဘူး တစ်သံထဲထွက်တယ်။ ဒါနဲ့ပဲ ရက်ချိန်းနဲ့တွဲလုံး
ကြီးတို့ဖဲဝိုင်း ရောက်ခဲ့ကြတယ်။
ဒင်ကြီးဆီမှာ ရွာကို သီးနှံတွေလာကောက်တဲ့ ကုန်စိမ်းဒိုင်သမား
ရောက်နေလို့ ဝိုင်းကကောင်းသလား မမေးနဲ့။ လူများလို့ နှစ်ဝိုင်း
ထားရတယ်။
ရက်ချိန်းနဲ့ တွဲလုံးဝိုင်းနှစ်ဝိုင်းကို အကဲခတ်ပြီး ဘေးထိုးဝင်ထိုးရင်း
မ်းလိုက်ကြတယ်။
ငွေပေါတဲ့ ဝိုင်းဆိုတော့ ဘေးထိုးထိုးတဲ့ ရက်ချိန်းတို့တောင်
လှည့်သုံးလှည့် စားလိုက်ရတယ်ဆိုရင်ပဲ လက်ထဲမှာ သောင်းဂဏန်း
ာက်ရလိုက်တယ်။ အရင်းထဲက လုံးဝမပါသေးဘူး။
အခြေအနေကောင်းနေတာဆိုတော့ ရက်ချိန်းနဲ့တွဲလုံး အချင်းချင်း
စပ်မိကြတယ်။ အဲဒီအချိန်မှာ ဝိုင်းထဲမှာ ဖြူကာပြာကာကျသွားတဲ့

တာနောနဲ့ ကုန်စိမ်းပွဲစားတစ်ယောက်ထွက်သွားကြလို့ ရက်ချိန်းနဲ့ တွဲလုံး နေရာဝင်ယူလိုက်ကြတယ်။

အဖွင့်ကောင်း ဈေးဦးပေါက်ကောင်းထားလို့ ရက်ချိန်းနဲ့တွဲလုံး ခပ်ရမ်းရမ်းနဲ့ ဝင်နွှဲလိုက်တယ်။ ရှိုးဝိုင်းဆိုတော့ အလျော်အစားက ကြမ်း သလားမမေးနဲ့ တစ်လှည့် နှစ်လှည့်ပြီလိုက်တယ်ဆိုရင်ပဲ ကိုယ့်ရှေ့ကို အပုံလိုက် ရောက်လာနိုင်သလို ကုန်းကောက်စရာမကျန်တဲ့အဖြစ်လည်း ကြုံနိုင်တာပဲ။

ဒါပေမဲ့ ရက်ချိန်းကတော့ အခြေအနေကောင်းတုန်းပဲ။ ရမ်းအသေး နဲ့တစ်လှည့် ရမ်းအကြီးနဲ့တစ်လှည့် ကင်းထရိုင်နဲ့တစ်လှည့် စားလိုက်ရလို့ ရက်ချိန်း ရှေ့မှာ ငွေပုံကြီး ဟီးတိုက်နေတယ်။

ဖဲကောင်းတဲ့အချိန်မှာ တစ်ဆက်ရှင်ဆိုတာ ခဏလေးလိုပဲ။ ကိုယ့် ဖဲကိုယ် အာရုံစိုက်နေရလို့ တွဲလုံး အခြေအနေတောင် သတိမထားမိလိုက် ဘူး။ လှမ်းကြည့်တော့ တွဲလုံးရှေ့မှာ ငါးရာတန် အခေါက်တစ်ခေါက်ပဲ တွေ့ရတော့တယ်။

ဒါနဲ့ ဆက်ရှင်သစ်အစမှာ အရင်းတစ်ယောက် တစ်သောင်းစီ ထုတ်ပြီး အနိုင်ကိုတင်ထားရတယ်။

ကစားပွဲဆိုတာ ကြွေတစ်လှည့် ကြက်တစ်ခုန် ဆိုတဲ့အတိုင်း အပြောင်းအလဲက သိပ်မြန်တယ်။ လောဘကိုသတ်နိုင်မှ မဟုတ်ရင် အခြေ အနေက ပြောင်းပြန်ဖြစ်သွားနိုင်တယ်။

ရက်ချိန်းအခြေအနေက သိပ်မဆိုးပေမယ့် တွဲလုံးမှာကုန်ပြီ။ ဒါနဲ့ ပဲတင်ထားတဲ့ ငွေထဲက ထပ်ထုတ်ပေးရတာ နှစ်ခါရှိပြီ။ ဖဲသေတဲ့အချိန်မှာ ငွေများလို့ ငွေနဲ့လိုက်လည်း ငွေကုန်တာပဲ အဖတ်တင်မှာ။ ဒါကြောင့်

"တွဲလုံး မင်း ခဏနားလိုက်ပါလား"

"ဟာကွာ ငါ ကစားချင်သေးတယ်ကွ"

တွဲလုံးရဲ့ ဇွဲနဲ့ဇကိုသိထားတော့ တားမရတဲ့အတူတူ ထပ်ထုတ် ပေးလိုက်ရပြန်တယ်။ ချိန်ဆလို့ရအောင် သတိပေးလိုက်တယ်။

"တွဲလုံး အဲဒါအရင်းထဲက ပေးတာနော် နိုင်တာက ကုန်ပြီ"

ဘယ်လိုပဲ သတိပေးပေး ရှုံးမဲ မဲနေတဲ့တွဲလုံးကို တားလို့မရ တော့ပါဘူး။ ဆက်ရှင်သစ် တစ်ဝက်အကျိုးမှာပဲ နှစ်ယောက်လုံးကုန်

ကောက်စရာမရှိတော့ဘူး။

ဒီတော့ ဒိုင်ကိုင်နေတဲ့ ပွဲစားက

"ကဲ ဟိုနှစ်ယောက် ဆက်ကစားဦးမှာလား"

"ကစားမယ်"

"မကစားဘူး"

ရက်ချိန်းနဲ့ တွဲလုံးဆီက မတူညီတဲ့စကားနှစ်ခွန်း ပြိုင်တူလို ထွက်လာတယ်။ တွဲလုံးက ရှုံးမဲ မဲပြီးတင်းနေတဲ့ကောင် ဆိုတော့ ဇွတ်ပြောနေတယ်။

"ဆက်ကစားမယ်ဆိုရင် ပိုက်ဆံပြ"

ဒိုင်ရဲ့ အမေးကို တွဲလုံးက လက်စွပ်ချွတ်ပြီး လှမ်းပေးရင်းနဲ့ ပြလိုက်တယ်။

"ဟာ ဟေ့ကောင် တွဲလုံး မလုပ်နဲ့လေ တော်တော့"

"ရတယ် ရက်ချိန်း ဘာမှမပူနဲ့ တို့တွေလာဖို့ လာတာမဟုတ်ဘူး ဆိုလာတာ ဒီမယ် အဲဒါ ငါးမူးသားရှိတယ်၊ ပတ္တမြားလက်စွပ်နော် ဘယ်လောက်ပေးမလဲ"

ကုန်စိမ်းပွဲစားဒိုင်သမားက လက်စွပ်ကိုစေ့စေ့စပ်စပ်ကြည့်ရင်း

"တစ်ပုံး ပေးမယ်"

"နှစ်ပုံးပေး ရွှေတင် သုံးသိန်းကျတယ်"

"ရွှေဆိုတာ ရောင်းရင်ရှုံးတာပဲ အခုဟာက ဝိုင်းထဲမှာပေါင်တာ ဒီ့ထက်တော့ မပိုနိုင်တော့ဘူး မယူချင်လည်း နေ"

ကိုယ့်ပစ္စည်းနဲ့ကိုယ် အနှိမ်ခံနေရတာတောင် စိတ်ဆိုးရကောင်းမှန်း မသိတော့ဘူး တွဲလုံး ဘာကိုမှမစဉ်းစားချင်တော့ဘူး။

"ယူမယ် ပေး"

"ဟာ တွဲလုံး မလုပ်ပါနဲ့ကွာ လာပါ ပြန်ကြရအောင်"

"ဟင့်အင်း မပြန်ဘူး တစ်ဝိုင်းလုံး သိမ်းပြီးမှ ပြန်မယ်"

"ဟား ဟား ဟား အပြောကတော့ နာဂစ်၊ ပြီးတော့မှ လာမညစ် ရော့ တစ်သိန်း"

တွဲလုံးကို ဘယ်လိုမှတားမရတဲ့အဆုံး ရက်ချိန်းဝိုင်းထဲကထွက် တွဲလုံးအခြေအနေကိုပဲ အကဲခတ်နေရတော့တယ်လေ။ နှစ်ယောက်

ပေါင်း တစ်သောင်းမပြည့်တပြည့်နဲ့ နှစ်ဆက်ရှင်လောက်ကစားခဲ့ရပြီးပြီ ပဲ တန်နေပြီပဲ တော်တော့ပေါ့။ ရက်ချိန်းက စိတ်ထိန်းနိုင်ပေမယ့် တွဲလုံးက အဲသလိုမဟုတ်ဘူး။ ကစားမိပြီဆိုရင် ဘာကိုမှမတွေးတော့ဘူး။ မမြင် တော့ဘူး။ မွန်ပြီး လုပ်ချင်တာ စွတ်လုပ်ကုန်ရော။

တားမရလို့သာ လွှတ်ထားလိုက်ရတာ။ ရက်ချိန်းရင်တွေ ပူနေပြီ။ ဒီလက်စွပ်ပြန်မရလို့ မဖြစ်ဘူး တွဲလုံးကိုယ်စားသူ သဘောပေါက် ပြီးသား။

တွဲလုံးဖဲက သေနေတုန်းပဲ။ ချီးပဲ တက်တက်ဆောင့်နေတယ် ဆိုတဲ့ စကားနဲ့အတူ သူ့အိမ်မှာရှစ်ပဲ လာ လာပူးနေတယ်။ ဒီတော့ လက်စွပ်ပေါင်ထားတဲ့ငွေတစ်သိန်းက တတိတိနဲ့ ပွန်းနေပြီ။

"တွဲလုံး မင်းခဏနားလိုက် ငါဆော့ပေးမယ်"

"ရတယ် ရက်ချိန်း ငါပဲ ဆော့မယ်"

ကံပြောင်းပြီး အိမ်ကောင်းသွားအောင် လူလဲကစားမယ် ပြော တော့လည်း တွဲလုံး လက်မခံဘူး။ ဒီတော့လည်း ရက်ချိန်း ထိုင်ကြည့်နေ ရုံပဲရှိတော့တယ်လေ။ ဖြစ်သမျှ အကြောင်း အကောင်းပဲပေါ့။

သိပ်မကြာလိုက်ပါဘူး။ တွဲလုံးအိမ်မှာ ဂျက်ထရိုင်ကျတယ်။ ဗိုင်းထဲ ကအမြင်မှာ ကင်းပူးအကြီးဆုံးပဲ။ နောက်တစ်အိမ်က တစ်, ကိုး, ကင်း ပြထားတယ်။ သူ့ဟာကလည်း ကျိုးနေပြီ။ ဒီတော့ စွန့်စားပြီး ရှားကင်း ကိုဝယ်ဖို့ ပုံအောလိုက်တယ်။

တွဲလုံးကော ရက်ချိန်းပါ ချွေးပျံနေကြပြီ။ ဘယ်လိုပဲ ကံစမ်းစမ်း လက်စွပ်က မပြန်လမ်းကိုမြန်းသွားပြီ။ ပျောက်နေတဲ့ ကင်းတစ်ချပ်က ကင်းပူးအိမ်ရဲ့ မှောက်ဖဲဖြစ်နေတယ်။ ဂျက်ထရိုင်ကို ကင်းထရိုင်ကစား သွားတော့ တွဲလုံးလည်း လက်စွပ်ကို ရေစက်ချလိုက်တော့တယ်။

အဆီပြန်နေတဲ့ မျက်နှာကြီးကို ပုဆိုးနဲ့သုတ်နေတဲ့ တွဲလုံးကို ရက်ချိန်းဆွဲခေါ်ပြီး ဒင်ကြီး အိမ်ထဲက ထွက်လာကြတယ်။

ညောင်ပင်အောက် ရေအိုးစင်က ရေကို ခပ်သောက် မျက်နှာ သစ်လိုက်လို့ အပြင်ပန်းအေးသွားပေမယ့် ရင်ထဲမှာပွက်ပွက်ဆူနေတယ်။

"ဒုက္ခပဲ ရက်ချိန်း ဘကြီးကလည်း မပြန်သေးဘူး လက်စွပ် မပါဘဲ အိမ်ပြန်သွားရင် ဘကြီးနဲ့အဖေ ငါ့ကိုဝိုင်းသတ်ကြမှာ"

"မင်းကို ငါတားသားပဲ နားမှမထောင်တာ"

"အဲဒါတွေ ထားလိုက်တော့ကွာ ဘယ်လိုလုပ်ရင်ကောင်းမလဲ ဆိုတာသာ အကြံပေးပါ ရက်ချိန်းရာ"

"အဲဒီ ကုန်စိမ်းပွဲစားအပြန်စောင့်ပြီး ရိုက်လုကြမလား"

"ဟာကွာ အချုပ်ထဲ ရောက်သွားမှာပေါ့"

"အေး ငါလုပ်ပေးနိုင်တာ ကူညီနိုင်တာဆိုလို့ အဲဒီနည်းပဲရှိ တော့တယ် တွဲလုံး ရက်ချိန်းလည်းအကြံကုန်နေပြီ"

"ဟူး ငါ ရှုံးမဲ မဲလိုက်တာ"

တွဲလုံးကလူမိုက် နောက်မှနောင်တရတဲ့စကားဆိုပြီး မျက်နှာ ညိုနေတယ်။ ဒီအချိန်မှာ အပြစ်တင်နေရင်လည်း လေကုန်တာပဲအဖတ် တင်မှာမို့ ဖြေရှင်းဖို့ နည်းလမ်းကိုပဲ ရက်ချိန်း ခေါင်းခြောက်အောင် စဉ်းစား နေလိုက်တယ်။

တွဲလုံးကတော့ ညောင်ပင်ရင်းက မြက်ခင်းထဲပစ်လှဲပြီး လူးလိမ့် နေပြန်ပြီ။ နေမထိ ထိုင်မသာနဲ့ အကြီးကြီး ဒုက္ခရောက်နေတာလေ။ ကိုယ့်လက်ချက် မဟုတ်လို့ တော်လေးတယ်လို့ တွေးရင်း ရုတ်တရက် အကြံတစ်ခု ရလိုက်တယ်။

"ဟေ့ကောင် တွဲလုံး မင်း ဒီကပဲစောင့် ငါအိမ်ခဏပြန်ပြီး ချက်ချင်း ပြန်လာခဲ့မယ် သိလား"

တွဲလုံးဆီက အဖြေကိုမစောင့်ဘဲ ရက်ချိန်းဒုန်းစိုင်းပြီး ပြေးထွက် လာခဲ့တယ်။ ဒီအချိန်ဆို အဖေနဲ့ကိုအောင်လည်း ယာထဲရောက်နေကြ ပြီ အမေလည်း တရေးတမော အိပ်နေလောက်ပြီ။ ဒါအချိန်ကောင်းပဲ။

■ ■ ■

ရက်ချိန်း ဆွဲခေါ်လာလို့ ဒင်ကြီးတို့ အိမ်ပေါ်ပြန်ရောက်လာတဲ့အထိ ဘာတွေ ဘယ်လိုလုပ်မလဲဆိုတာ တွဲလုံး ကောင်းကောင်း နားမလည် သေးဘူး။ ရက်ချိန်းကလည်း ဘာမှပြောမပြဘူး။

အိမ်ပေါ်ရောက်တာနဲ့ အိမ်ရှင်ဒင်ကြီးနဲ့ ရက်ချိန်းတိုးတိုးတိုးတိုး နဲ့ တွတ်ထိုးနေကြတယ်။ အိမ်ထဲက ဝိုင်းကကောင်းတုန်းပဲ။ ခဏနေတော့ ဒင်ကြီးနဲ့ လက်စွပ်အပေါင်ခံတဲ့ ကုန်စိမ်းပွဲစားက တွတ်ထိုးနေကြပြန်ရော ဒင်ကြီးပြောတာ နားထောင်ရင်း ပွဲစားက ရက်ချိန်းတို့ကို လှမ်းလှမ်းကြည့်

နေတယ်။ ခဏနေတော့ အိမ်ရှင်ဒင်ကြီး ဝမ်းသာအားရ မျက်နှာနဲ့ ရောက်လာပြီး

"ပွဲစားက လက်ခံတယ်တဲ့ ရက်ချိန်။ ဒါပေမဲ့ မင်းယူလာတဲ့ ပစ္စည်းကို သူကြည့်ဦးမယ်တဲ့"

"ရတယ်လေ လာ ဝိုင်းသာ ပြင်လိုက်စမ်းပါ နှစ်ယောက်ထဲပဲနော်"

"အေးပါကွ"

ရက်ချိန်းနဲ့ပွဲစား နှစ်ယောက်သား မျက်နှာချင်းဆိုင်ဝင်ထိုင်လိုက်ကြတယ်။ ရက်ချိန်း ခါးပုံစထဲက ကော်ဘူးနီလေးထုတ်ပြီး ဖွင့်လိုက်တယ်၊ ဘူးထဲက မျှင်မျှင်သေးသေး ဆွဲကြိုးတစ်ကုံးနဲ့ ပါးပါးလှပ်လှပ် လက်စွပ်နှစ်ကွင်းကို ပွဲစားက အသေအချာ စစ်ဆေးကြည့်ရှုနေတယ်။

"သုံးမျိုးပေါင်း ငါးမူးနဲ့ နှစ်ရွေးရှိတယ်"

"ဟုတ်ပြီ ရပြီ တစ်ပွဲထဲနော်"

ပွဲစားက ရက်ချိန်းယူလာတဲ့ ရွှေထည်သုံးမျိုးကို အလယ်မှာ ပုံလိုက်တယ်။ ပြီးတော့ သူ့လက်မှာဝတ်ထားတဲ့ တွဲလုံးရဲ့လက်စွပ်ကို ချွတ်ပြီးလောင်းကြေးအဖြစ် ထည့်လိုက်တယ်။

ဒင်ကြီးက ဖဲထုပ်အသစ်ချပေးရင်း

"ငါ့အတွက် အကောက်က ဘယ်သူပေးမှာလဲ ဝိုင်းကကြေးကြီးဝိုင်းနော်"

"ဒီလိုလုပ် ဒင်ကြီးရှုံးတဲ့သူဆီကပဲ တစ်သောင်းယူလိုက်ဖြစ်လား"

"ဖြစ်တယ် ဖြစ်တယ် ကဲ စတော့"

တစ်ပွဲထဲ ကစားရှုံနဲ့ ကြေးက ရွှေငါးမူးသားစီဆိုတော့ အိမ်ထဲက လူတွေအကုန်လုံး ရက်ချိန်းတို့ပွဲကို ဝိုင်းကြည့်နေကြတော့တာပေါ့။ ပွဲစား ဝေပေးတဲ့ ပထမဆုံး နှစ်ချပ်ကို ပြောင်းပြန်ထပ်ပြီး ဖြည်းဖြည်းချင်း ပွတ် အသေအချာ ကြည့်နေတဲ့ ရက်ချိန်း ရင်ထဲမှာ တဒိန်းဒိန်းခုန်လို့။

ဝိုင်းကြည့်နေတဲ့ လူတွေဆီကလည်း ဘာသံမှကို ထွက်မလာဘူး။ အားလုံးငြိမ်းပြီး စိတ်ဝင်တစား ကြည့်နေကြတယ်။

ရက်ချိန်း ဖဲက တစ်ပူး။ သူ ကျေနပ်သွားပြီး ဟတ်တစ်ကို လှန်ပြ ထားလိုက်တယ်။ ပွဲစားက ကွင်းဖဲကို ပြထားတယ်။

"ကဲ ကြေးထပ်ခေါ်စရာမှမလိုတာ ငါးချပ်လုံး အပြီးဝေလိုက်မယ်"

"လုပ်လေ ကောင်းသားပဲ"

ပွဲစားက ကျန်တဲ့သုံးချပ်ကို အပြီးဝေပေးတယ်။ ရက်ချိန်းက ာက်ဖဲ သုံးချပ်ကို တစ်ဖဲနဲ့ပိတ်ပြီး စိမ်ပြေ နပြေပွတ်တယ်။ စိတ်လှုပ် းလွန်းလို့ ရက်ချိန်းမျက်နှာမှာ ဇီးကင်းလောက်ရှိတဲ့ ချွေးသီးချွေးပေါက် တွေစို့လာရတယ်။

တွဲလုံးလည်းအတူတူပါပဲ သူ့ရဲ့လက်စွပ်ပြန်ရဖို့ ဘဝနဲ့ရင်းပြီး ြုစားနေတဲ့ ရက်ချိန်းကိုကြည့်ပြီး သူ့မိုက်ပြစ်ကို နောင်တရနေမိတယ်။ ပွဲသာ မအောင်မြင်ခဲ့ရင် နှစ်ယောက်လုံးရွာက ထွက်ပြေးရမယ့်ကိန်း လေ။

ဘယ်လိုမှ ဖြေရှင်းလို့ရမှာ မဟုတ်တော့ဘူးဆိုတာ တွဲလုံး ကောင်းကောင်း သဘောပေါက်နေတယ်လေ။ ဒါကြောင့် ရက်ချိန်းရဲ့ဖဲကို ကြည့်ရဲတော့လို့ ပွဲစားရဲ့ ဖဲကို လှမ်းကြည့်လိုက်တယ်။

ပွဲစားရှေ့မှာ ကွင်းသုံးလုံး ချပြထားပြီးပြီ ပြီးတော့ ဝမ်းသာအားရ က်နှာပေးနဲ့ နောက်ဆုံးတစ်ချပ်ကို အရသာခံရင်း ပွတ်နေတယ်။ ပွဲစား ့ကွင်းထရိုင်ကို မြင်လိုက်ရလို့ တွဲလုံး အဖျားတက်ချင်သလိုလို ဖြစ်သွား တယ်။ မဆီမဆိုင်ဖဲဝိုင်းမှာ ဘုရားစာရွတ်နေမိရဲ။

ပွဲစားက လက်ထဲက ဖဲနှစ်ချပ်ကို ဖြန်းခနဲ ရိုက်ပြီး ချပြလိုက်တယ်။ ွင်းသုံးချပ်ပေါ်ကို ကင်းနှစ်ချပ်ပြုတ်ကျလာတယ်လေ။ ဝိုင်းကြည့်နေသူ းလုံးဆီက ဟာခနဲ ဟင်ခနဲ အသံတွေ ထွက်လာတယ်။

ပွဲစားကြီးက အောင်နိုင်သူ မျက်နှာပေးနဲ့ ဒူးနန့်နေပြီ။ ရက်ချိန်း တော့ နဖူးက ချွေးတွေသပ်ချလို့ကောင်းတုန်း။

တွဲလုံး ဒူးတွေပါတဆတ်ဆတ်တုန်ပြီး မတ်မတ်ရပ်မနေနိုင်တော့ ့ငုတ်တုတ်ထိုင်ချလိုက်ရတယ်။ သူ့စိတ်ထဲမှာ ဘယ်ရွာကိုပြေးရင်ကောင်း ယဲလို့ တွေးနေရပြီလေ။ အဲဒီအချိန်မှာ

"ဟား တစ်ထရိုင် ကင်းပူးပောက်(စ်)ပဲ အကြီးဆုံးပောက်(စ်)"

ကြားလိုက်ရတဲ့အသံကြောင့် တွဲလုံးမျက်လုံးပြူးပြီး စားပိုးနင်သလို ်သွားရတယ်။ ဝမ်းသာအားရနဲ့ ထကြည့်လိုက်တော့ ဟုတ်တယ်။ က်ချိန်းရဲ့ဖဲက တစ်သုံးလုံး၊ ကင်းပူး။ ရက်ချိန်းနဲ့တွဲလုံး လက်ဝါးချင်း

ရိုက်လိုက်ကြတယ်။

ကုလား ငါးကောင် ပိုင်ရှင်ပွဲစားဆိုတာ မျက်နှာကြီးမည်းလို့ တက်တခေါက်ခေါက်နဲ့ ရက်ချိန်းက သူ့ရွှေတွေနဲ့ တွဲလုံးရဲ့လက်စွပ်ကို ကောက်ယူပြီးထရပ်လိုက်တယ်။

"ကဲ ဒင်ကြီးရေ ကျေးဇူးပဲ အခုငါတို့ ဖဲနိုင်တာမဟုတ်ဘူး ဘဝ မပျက်တာ တွဲလုံးရဲ့ဘဝကို ငါ့ဘဝနဲ့ ရင်းလိုက်ရတာ ကံကောင်းလို့ပေါ့ ကွာ နောက်ဘယ်တော့မှ မင်းဆီမလာတော့ဘူး သွားပြီဟေ့"

ရက်ချိန်းက ဒင်ကြီးကို အားပါးတရနှုတ်ဆက်ပြီးတဲ့နောက် သူတို့နှစ်ယောက် အိမ်ထဲက ဝမ်းသာအားရပြေးထွက်လာခဲ့ကြတယ်။ လမ်းပေါ်ရောက်မှ တွဲလုံးရဲ့လက်စွပ်ကိုပြန်ပေးရင်း

"တွဲလုံး နောက်တစ်ခါ ကံကောင်းဖို့ဆိုတာ ဖြစ်နိုင်ချေသိပ်နည်း သွားပြီနော်"

"စိတ်ချစမ်းပါကွာ ငါတော်တော့်ကို နောင်တရသွားပါပြီ ငါ့ အသက်ကို မင်းဘဝနဲ့ရင်းပြီး ကယ်လိုက်တာဆိုတာ ငါသိပါတယ်၊ ငါထပ် ပြီး မမိုက်တော့ပါဘူးကွာ ဒါနဲ့ အဲဒီရွှေတွေက ဘယ်သူ့ဟာလဲ မင်းအမေ ရဲ့ ပစ္စည်းတွေလား"

"မဟုတ်ဘူး ငါ့အစ်ကိုရဲ့ရွှေတွေ"

"အင်း မင်းလည်း အတော်စွန့်စားခဲ့ရမှာပဲ ကျေးဇူးတင်လိုက်တာ ရက်ချိန်းရာ"

"မလိုပါဘူးကွာ တို့တွေက ဆိုးတူကောင်းဘက်တွေပဲ မဟုတ်လား ကဲ ငါလည်း ဒီပစ္စည်းတွေ ဘယ်သူမှ မသိအောင် ပြန်ထားရဦးမှာ နောက်နေ့မှ ဆုံမယ်"

"အေး အေး သူငယ်ချင်း"

တွဲလုံးနဲ့လမ်းခွဲပြီးတဲ့နောက် ရက်ချိန်း အိမ်ကိုပဲ တန်းပြန်ခဲ့တယ်။ သူ့အိမ်ကိုရောက်တော့ ကိုအောင်က ရေချိုးနေပြီ။ ဒါနဲ့ရက်ချိန်း ခပ်တည် တည်ပဲ အိမ်ပေါ်တက်လာခဲ့တယ်။ အဖေနဲ့အမေ ရေနွေးသောက်ရင်း စကားထိုင်ပြောနေကြလို့ အခန်းထဲထိ တောက်လျှောက်ဝင်လာခဲ့တယ်။

အခန်းထဲရောက်တော့ အပြင်က အသံဗလံကိုနားစွင့်ပြီး ကို အောင်ရဲ့ သေတ္တာကို အသံမပြည်အောင် ဖွင့်ရသေးတယ်။

သေတ္တာပွင့်သွားမှ ခါးပိုက်ထဲက ရွှေဘူးကိုပြန်ထည့်ရတယ်။

"ဟေ့ကောင် အဲဒါဘာလုပ်တာလဲ"

နောက်နားဆီက ရုတ်တရက် ထွက်ပေါ်လာတဲ့ ကိုအောင်ရဲ့ ယ်ကြောင့် ရက်ချိန်း ဆတ်ခနဲ တုန်သွားရတယ်။

"ဘာ ဘာမှမလုပ်ပါဘူး ကိုအောင်ရာ မင်းကလည်း အလန့် ကြား"

"ဟေ့ကောင် အူကြောင်ကြောင်လုပ်မနေနဲ့ မင်းငါ့ရဲ့ ရွှေဘူးကို မလို့ မဟုတ်လား"

"မဟုတ်ပါဘူးကွာ ယူတာ မဟုတ်ဘူး ပြန်ထားတာ"

"ဘာ"

အောင်ချိန်းက လေအလျဉ်လို အနားရောက်လာရင်း ရက်ချိန်း ို အားကုန် တိုးထည့်လိုက်တာ ခွပ်ခနဲပဲ။ ထင်မှတ်မထားလို့ မကာကွယ်မိ ဲ့ ရက်ချိန်း ဘိုင်းခနဲ လဲကျသွားတယ်။ အောင်ချိန်းက သူ့သေတ္တာကို လောတကြီးဖွင့်ရင်း ရွှေဘူးကိုထုတ်ပြီး စစ်ဆေးကြည့်နေတယ်။

အခန်းထဲက ဝုန်းဝုန်းဒိုင်းဒိုင်း အသံတွေကြောင့် အဖေနဲ့အမေ ပြေးအလွှားရောက်လာကြတယ်။ အဖေက ကြမ်းပေါ်လဲနေတဲ့ ရက်ချိန်း ိုမြင်တော့

"ဟေ့ကောင်တွေ မင်းတို့ ဘာဖြစ်ကြတာလဲ"

"ကိုအောင် သားကိုထိုးတာ အဖေ"

ရက်ချိန်း လဲနေရာက လူးလဲထရင်းဖြေလိုက်တော့ အောင်ချိန်းက ပြာသလဲ စွပ်စွဲတယ်။

"ဒီကောင် သားရဲ့ ရွှေတွေခိုးမလို့ အဖေ လက်ပူးလက်ကြပ် တွေ့တာ"

"ဟင်"

"ဟာ"

အဖေနဲ့အမေ အကြီးအကျယ်အံ့အားသင့်သွားကြတယ်။ ထုံးစံ တိုင်း အဖေက ဒေါသပွက်ပွက်ထနေသလို အမေက မယုံကြည်နိုင်ဟန် ့ ရင်ဘတ် ဖိနေရှာတယ်။

"မင်း မင်းကွာ လက်ကြောတင်းတင်း အလုပ်မလုပ်ဘဲ ခိုးစားဖို့

ကြံ့နေပြီပေါ့ ဟုတ်လား"

"မဟုတ်ဘူး အဖေ"

"ဘာမဟုတ်ရမှာလဲ ရက်ချိန်း ငါ့မျက်စိနဲ့ တပ်အပ်မြင်နေတာ တောင် မင်းက ဘူးခံငြင်းမလို့လား ငါ့သေတ္တာဘာလို့ဖွင့်တာလဲ ပြော ပြောလေ"

အခြေအနေက တင်းမာနေတာဆိုတော့ အမေက သား နှစ် ယောက်ကြားဝင်ရပ်ပြီး ထိန်းသိမ်း ဖျောင်းဖျတယ်။

"အေးအေးဆေးဆေး ပြောကြစမ်းပါ သားတို့ရယ် ပတ်ဝန်းကျင် ကြားလို့မှကောင်းပါဘူး ကဲ သား ရက်ချိန်း အမှန်အတိုင်းပြောစမ်း"

"ဟုတ် သား ကိုအောင်ရဲ့ ရွှေဘူးကိုယူပေမယ့် မနိုးပါဘူး ပြန်ထား တာပါ"

"ဟော့ကောင် လာပြန်ပြီလား ဝေ့လည်လည်နဲ့ ရှင်းရှင်းပြော"

"ဟုတ်ကဲ့ ပြောပါ့မယ် ကဲ အခု ကိုအောင်ပစ္စည်းတွေ စစ်ပြီး ပြီမဟုတ်လား ပျောက်သလား လျော့သလား"

"မပျောက်ဘူး"

"ကဲပါ ကိုဘသော်တို့ရယ် ကျုပ်သားလေးက ခဏတဖြုတ် ယူကြည့်တာဖြစ်ပါလိမ့်မယ် ဟုတ်တယ်မို့လား သား"

"မဟုတ်သေးဘူး အမေ ဒီကောင် ခုမှအပြင်က ပြန်လာတာ အမေလည်းမြင်ရဲ့သားနဲ့"

"ဟုတ်တယ် ကိုအောင် အဲဒါရှင်းပြမလို့ ငါ အဲဒါတွေ နေ့ခင်းထဲက ယူသွားပြီး အခုမှပြန်လာထားတာ"

"ဘာ"

ဒေါသတကြီးဖြစ်နေတဲ့ အဖေနဲ့ ကိုအောင်ကို ရက်ချိန်းက အဖြစ် မှန်အစအဆုံး ဖေါက်သည်ချပြရတယ်၊ ဇာတ်စုံသိသွားတဲ့အခါကျမှ အမေ က

"ကဲမပြောဘူးလား ကျုပ်သားက မနိုးပါဘူး သူများကိုကူညီတာ"

"ဒီလိုနည်းနဲ့ ကူညီရသလား မတော် ရှုံးသွားရင် မင်းဘယ်လို ပြန်လျော်မလဲ ကဲ ပြောစမ်း"

"သားလက် သား ယုံတယ်"

"ကံကောင်းလို့ ပြန်ရလာတာပါကွာ မင်းလက်မင်းယုံရင် ဖဲရိုက်ပြီး
တားပါလား ဘယ်နှစ်ခါများနိုင်လာခဲ့ဘူးလို့လဲ"

"ကဲ တော်ကြစမ်းပါရှင် သားကြီးကလည်း ကိုယ့်ပစ္စည်းကိုယ်
ချာသိမ်း သားငယ်ကလည်း မဟုတ်တာတွေထပ်မလုပ်နဲ့ ကြားလား"

အမေရဲ့ ရွှေပြည်အေးတရားနဲ့ ပြေလည်သွားကြပေမယ့် ကိုအောင်
ရက်ချိန်းကို မယုံတော့သလိုမျိုး ရွှေတွေကို ပြန်မသိမ်းဘဲ သူ့ကိုယ်ပေါ်
ဝတ်ထားလိုက်တော့တယ်။

■ ■ ■

## အခန်း (၁၈)

ရက်ချိန်းအပြင်မထွက်ဘဲ အိမ်တွင်းအောင်းနေတာ သုံးရက်လောက်ရှိပြီ။ တွဲလုံးလက်စွပ် ပြဿနာပြီးသွားကတည်းက ရက်ချိန်းလုပ်နေကျအလုပ်တွေကို စိတ်ကုန်သွားတာ။ အရက်လည်းမသောက်ချင် အလေလည်းမလိုက်ချင် ဖဲလည်း မရိုက်ချင်တော့ဘူး။

လေးငါးခြောက်နှစ် ဆက်တိုက်လုပ်လာခဲ့လို့ ငြီးငွေ့သွားတာပဲလား မပြောတတ်တော့ပါဘူး။

ဒါနဲ့ပဲ ခြံစည်းရိုးပေါက်တာတွေ ဖာလိုက်၊ ခြံတွေ ပေါင်းတွေရှင်းလိုက်၊ ထင်းတွေခွဲလိုက်နဲ့ အိမ်အလုပ်တွေပဲ ဇယ်စက်သလိုလုပ်နေလိုက်တယ်။

အမေဆိုတာ ရက်ချိန်းလုပ်တာတွေကြည့်ပြီး တပြုံးပြုံးနဲ့ကျေနပ်နေရှာတယ်။ သူ့လည်း မိဘတွေစိတ်ချမ်းသာအောင် နေထိုင်သွားဖို့စိတ်ကူးလေး ဝင်နေတယ်။ ဒါပေမဲ့ ချက်ချင်းကြီး ပြောင်းလဲပြုပြင်ရမှာကို ရှက်သလိုလို ဖြစ်နေလို့။

မကောင်းတာတွေ ဒလစပ် လုပ်နေတုန်းက လုံးဝမရှက်ခဲ့ပဲ ကောင်းကောင်းနေတော့မယ် ဆိုမှ ရှက်မိနေတဲ့ သူ့စိတ် သူ ရယ်ချင်နေမိ

...ယ်။

ခြံထဲမှာ ရှင်းလင်းပြီး လုပ်စရာကုန်သွားတော့မှ ရက်ချိန်း ရေချိုးရင်း ...ပျင်းပြေ ဘယ်သူ့ဆီသွားလည်ရင်ကောင်းမလဲလို့တွေးနေတုန်း

"ဟေ့ကောင် ရက်ချိန်း"

တွဲလုံးအသံကြောင့် ရက်ချိန်း ဝမ်းသာသွားတယ်။ ပျင်းနေတုန်း ...ယ်သူပဲရောက်လာရောက်လာ အပျင်းပြေတာပေါ့။

"ငါ ကိုဒိုက်ကြီးဆိုင်တောင် ရောက်ခဲ့သေးတယ်၊ မင်းမလာတာ ...ရက်ရှိပြီဆိုတော့ နေများမကောင်းဘူးလားလို့"

"ငါက နေမကောင်းဖြစ်စရာလားကွ ပျင်းတာနဲ့ မထွက်ဖြစ်တော့ ...သောက်ဖြစ်တော့ဘူး အမေဆို စိတ်ကိုချမ်းသာလို့"

"ဟဲ ဟဲ ဒီညနေတော့ လိုက်ခဲ့ကွာ ငါမင်းကိုပြုစုချင်လို့"

"အင်း သောက်ရမှာတောင် ပျင်းနေပြီ"

"လာစမ်းပါကွာ တိုင်ပင်စရာလည်းရှိလို့ပါ"

တွဲလုံးက ငွတ်ခေါ်နေတော့ ရက်ချိန်းငြင်းရမှာ အားနာသွားတယ်။

"ကဲ ဒါဆို ခဏစောင့်"

တွဲလုံး အိမ်ရှေ့ကွပ်ပျစ်မှာ သွားထိုင်နေတုန်း ရက်ချိန်း ကမန်း ...တန်းနဲ့ ရေဆက်ချိုးနေလိုက်တယ်။

အိမ်ပေါ်တက် အဝတ်အစားလဲနေတုန်း အမေရောက်လာပြီး

"သား ဘယ်လဲ"

"တွဲလုံးနဲ့ အပြင်ခဏလိုက်သွားမလို့ အမေ"

"ဘာလဲ အရက်ဆိုင်လား ပြတ်လက်စနဲ့ မသောက်ပါနဲ့တော့ ...း သားရယ်"

"အရက်သောက်ဖို့ မဟုတ်ပါဘူး အမေ ကိစ္စရှိလို့ပါ မကြာဘူး ...ပဲ စောစောပြန်လာခဲ့ပါ့မယ်"

အမေကျေနပ်အောင် ပြောပြီးထွက်လာခဲ့ကြတာ ကိုဒိုက်ကြီးတို့ ...ဆက်ပါပဲ။ အမေမှာလိုက်လို့ သောက်ဖြစ်ရင်တောင် အလွန်အကျွံ ...မသောက်ဘူးလို့ ရက်ချိန်းစိတ်က ဆုံးဖြတ်ထားတယ်။

"မင်းလည်းပျောက်လိုက်တာ အိမ်မှာဘာပြဿနာရှိလို့လဲ လက် ...ကိစ္စ သိသွားကြသေးလား"

"အပြင်မှာဖြစ်လာတဲ့ကိစ္စ အိမ်ကသိစရာလားကွ အဖေက ဘကြီး ကိုငါ့အကြောင်းတွေတိုင်လို့ ဘကြီးဆူဆဲနေတော့ ခဏငြိမ်နေရတာ"

"အေး ကောင်းတယ် မင်းကြောက်ရတဲ့သူလည်း ရှိဦးမှ"

"ကြောက်ရရုံတင် မဟုတ်ဘူး ဘကြီးပြန်ရင် ငါပါ တစ်ခါထဲလိုက် သွားရမှာ အဖေက မနိုင်တော့ဘူးဆိုပြီး ဘကြီးလက် အပ်လိုက်တာကွ"

"ဟေ ဒါဆို မင်းမြယာကုန်းကို လိုက်သွားတော့မှာပေါ့"

"အေး မလိုက်လို့မဖြစ်တော့ဘူး ဘကြီးကလည်း အတင်းခေါ် နေတာ ဒါကြောင့်မင်းကို ပြုစုရင်း နှုတ်ဆက်ပွဲလုပ်မလို့"

"မင်း နှင်းဉကြောင့် ရှောင်ပြေးတာလား"

"အင်း အဲဒါလည်းပါတာပေါ့ကွာ အဓိကကတော့ ဟိုမှာရှိတဲ့ ဘကြီးရဲ့လယ်တွေ ငါလုပ်ပေးရမှာ"

"ကောင်းပါတယ်ကွ ဘဝတစ်ဆစ်ချိုးပေါ့ ကောင်းတဲ့ ပြောင်းလဲ ခြင်းပဲဟာ ကြိုဆိုရမှာပေါ့"

ကိုဒိုက်ကြီးဆိုင်ထဲရောက်တော့ ဆုံနေကျအပေါင်းအသင်းတွေနဲ့ အကုန်ပြန်တွေ့ရတယ်။ ရက်ချိန်းရဲ့ ရွှေငါးမူးသားကြေး ရှိုးဝိုင်းက ကာလ သားတွေကြားမှာ ပြောစမှတ်ဖြစ်နေတာလေ။

ရက်ချိန်းအတွက် ဂုဏ်ပြုပွဲနဲ့ တွဲလုံးရဲ့ နှုတ်ဆက်ပွဲဆိုတော့ အားလုံး ဝိုင်းဝန်းချီးမြှောက်လိုက်ကြတာ တစ်ဆိုင်လုံး ပွက်လောရိုက်သွား တယ်။ ဒါပေမဲ့ ရက်ချိန်း သိပ်မသောက်ချင်တော့ဘူး။ အမေ့ကို သနားလို့ ဖြစ်မယ် ထင်တယ်။ ဒါနဲ့

"တွဲလုံး သိပ်များသွားလို့ မကောင်းဘူး ပြန်ရအောင်"

တွဲလုံးကို တီးတိုးသတိပေးတော့ သူ့စကားကို တွဲလုံး နားထောင် ရာတယ်။ အားလုံးကိုနှုတ်ဆက်ပြန်လာခဲ့ကြတော့ အပြင်မှာ မှောင်ရီပျိုးနေ ပြီ။

"ငါ ဟိုကိုရောက်လည်း မင်းကို သတိရနေမှာပါကွာ"

သူ့ပုခုံးကိုဖက်ပြီး တွဲလုံးကပြောတယ်။ နှစ်ယောက်သား တွဲလာ ခဲ့ကြတာ ဟိုးငယ်စဉ်တောင်ကျေးကတည်းကဆိုတော့ နည်းတဲ့ သံယောဇဉ် လား။

"ငါလည်း သတိရနေမှာပါ တွဲလုံးရာ"

တွဲလုံး လက်ကိုဆွဲပြီး ရက်ချိန်းခြံထဲလှမ်းဝင်တယ်။ လရောင်ကြောင့် ထင်လင်းနေတဲ့ မြေတလင်းကို ကြည့်မိတော့ ရက်ချိန်း မျက်လုံးပြူးသွားရတယ်။

"ဟာ ဟိုမှာ ဟိုမှာ မြွေ မြွေ"

မြေတလင်းပေါ်မှာ လူးလွန့်တွားသွားနေတဲ့မြွေကို နှစ်ယောက်လုံးမြင်လိုက်ကြရတယ်။ ပြောင်လက်နေတဲ့ ခန္ဓာကိုယ်က အကွက်ထနေတယ်၊ ဦးခေါင်းတိုတို အမြီးတုတ်တုတ် ဒါမြွေဆိုးတစ်ကောင်ဆိုတာ ရက်ချိန်းတန်းပြီး သိတယ်။

"နောက်ဆုတ် တွဲလုံး အဲဒါ မြွေပွေးကွ"

အနီးဆုံးမှာ တွေ့တဲ့ ဝါးလုံးပိုင်းကိုဆွဲယူပြီး မြွေကိုရက်ချိန်း ရိုက်လိုက်တယ်။

"ဖြောင်း"

ရိုက်တုန်းက ခေါင်းကို ချိန်ပြီးရိုက်တာ။ လျှင်မြန်လွန်းလှတဲ့မြွေရဲ့ရှောင်တိမ်းမှုကြောင့် ခါးပိုင်းကိုပဲ ထိတယ်။ ဝါးလုံးကလည်း ဆွေးနေတော့ ဖြောင်းခနဲ ကျိုးသွားတယ်။

မြွေက တစ်ချက်တွန့်ပြီး သွေးရူးသွေးတန်း ပြေးရော စည်းရိုးကဝါးတစ်လုံးဆွဲချွတ်ပြီး ပြေးလိုက်တော့ မြွေက နှင်းဥတို့အိမ်နောက်ဘက်ဝင်ပြေးတာ မြင်လိုက်ကြရတယ်။

ပီနံအိတ် ပိုင်းစ ကာထားတဲ့ အိမ်သာထဲမြွေဝင်သွားလို့ ရက်ချိန်းနဲ့ တွဲလုံးဆက်လိုက်ကြတယ်။ ဘာမှစဉ်းစားနေချိန်မရလို့ တံခါးလိုလုပ်ထားတဲ့ ပီနံအိတ်စကို ရက်ချိန်းဆွဲလှန်ပစ်လိုက်တယ်။

"အို အမေ့"

"ဟင် နှင်း နှင်းဥ"

ရုတ်တရက် ရက်ချိန်းကို မြင်လိုက်ရတော့ နှင်းဥ အထိတ်တလန့်နဲ့ ငေါက်ခနဲ ထရပ်တယ်။ မင်သက်မိပြီး ဆွဲကိုင်ထားမိတဲ့ ပီနံအိတ်စကိုရက်ချိန်း လွှတ်ချဖို့မေ့နေတယ်။

"ရက်ချိန်း နင် နင်"

ရှက်စိတ်နဲ့ နှင်းဥ မျက်နှာလေးရဲရဲနီနေတယ်။ အိမ်သာထဲက နှင်းဥ သုတ်ခနဲ ခုန်ဆင်းတယ်။ ဒီတော့မှ ရက်ချိန်း သတိဝင်လာပြီ

အိတ်စကို လွှတ်ချရတယ်။

"နှင်း နှင်းဥ ငါ ငါ ဟို"

နှင်းဥ မျက်ဝန်းတွေက ရက်ချိန်း နောက်မှာ ရပ်နေတဲ့ တွဲလုံးကို တော့ ပိုပြီး ရက်ရွံ့ထူပူသွားရတယ်။

"ရက်ချိန်း နင် နင် ယုတ်မာလိုက်တာ"

"မ မဟုတ် မဟုတ်ဘူး နှင်းဥ မြွေ မြွေ"

ဆူညံ ဆူညံအသံတွေကြောင့် ဒေါ်လေးမြ အိမ်ပေါ်ကအော်ဟစ် ဆင်းလာတယ်။ ဝါးလုံးပိုင်းကိုင်ပြီးရပ်နေတဲ့ ရက်ချိန်း၊ သူ့နောက်မှာ လျှိုးကွယ်လျှိုးရပ်နေတဲ့ တွဲလုံး၊ မျက်ရည်ကျအောင်ရှိုက်နေတဲ့ သမီး သူ နှင်းဥ။

သူတို့အားလုံးကို နားမလည်နိုင်တဲ့ မျက်ဝန်းတွေနဲ့ ဒေါ်လေးမြ ကြည့်နေရှာတယ်။

■ ■ ■

## အခန်း (၁၉)

သိတဲ့အတိုင်းပဲ ဒီကိစ္စမျိုးကျတော့ သတင်းပြန့်လွယ်လိုက်တာများမပြောပါနဲ့တော့။ အရင်ဆုံး နှင်းဥတို့နားက အိမ်နီးချင်းတွေစုဝေးပြီး ရောက်လာတယ်။ နှင်းဥ ငိုယိုပြီး ရှင်းပြခဲ့တဲ့အတိုင်း ဒေါ်လေးမြကာ မျက်ရည်တဝဲဝဲနဲ့ ပြန်ပြောပြရတယ်။

"ဟင်"

"ဟာ"

"ဟယ်"

"ယုတ်မာလိုက်တဲ့ ရက်ချိန်းရယ် ထင်တောင် မထင်မိဘူး"

"ဟုတ်ပါ့တော် ကိုယ့်တစ်ရွာတည်းသားတွေ ဒီလိုတော့ မလုပ်သင့်ပါဘူး"

"မ မဟုတ်ဘူး ဒေါ်အေးဘုံ ကျွန်တော် မြွေကို လိုက်တာပါ မြွေက အိမ်သာထဲဝင်သွားလို့ အိမ်သာထဲ လူရှိမှန်းလည်း မသိဘူးလေ"

"ဟုတ် ဟုတ်ပါတယ် ရက်ချိန်းပြောတာ အမှန်တွေပါ"

ရက်ချိန်းရှင်းပြတာကို တွဲလုံးက ထောက်ခံတယ်။ ဒါပေမဲ့ အိမ်သာထဲ ဝင်သွားတယ်ဆိုတဲ့မြွေကို ဘယ်သူမှ မမြင်မတွေ့လိုက်လို့ မယုံကြည်

ကြဘူး။ ပိုဆိုးတာက ရက်ချိန်းနဲ့တွဲလုံးဆီက အရက်နံ့ကြောင့် သူတို့
ယောက်ကို အယုံအကြည် ပိုကင်းသွားကြတယ်။

"ဒီလိုလုပ်တာတော့ မခံနဲ့ မနှင်းမြ ရွာလူကြီးကိုတိုင်ပြီး အချုပ်
ပိုပ့စ်ရမှာ"

"ဟုတ်တယ် ဒါတမင်လုပ်တာ နှင်းဥသာ လန့်မအော်ရင် ဒင်းတို့
ယ်အထိကြံစည်ကြမလဲ မသိဘူး"

"ဘာဗျ ခင်ဗျား ဘာစကားပြောတာလဲ ရက်ချိန်းဆိုတဲ့ကောင်က
ချင်ဆိုးမယ် မိုက်ချင်မိုက်မယ် ဘယ်တော့မှမယုတ်မာဘူး မှတ်ထား"

"ရက်ချိန်း လက်ပူးလက်ကြပ်မိတာကို ပြောင်ငြင်းနေတာလား"

"ခင်ဗျားတို့ နှင်းဥကို မေးကြည့်ပါလား အိမ်သာကိုဆွဲဖွင့်လိုက်
တော့ ကျုပ်လက်ထဲမှာဝါးလုံးပိုင်းကိုင်ထားတယ် နှင်းဥကိုသာ မတော်တရား
တို့ ဝါးလုံးမှမလိုတာ"

ရက်ချိန်းက သူမယုတ်မာဘူးဆိုတာ ဝါးလုံးပိုင်းနဲ့ သက်သေထူ
တော့ နှင်းဥကို ဝိုင်းမေးကြပြန်ရော။

"ဟုတ်လား နှင်းဥ သူ ဝါးလုံးကိုင်ထားတာ"

"ဟုတ် ဟုတ်ကဲ့"

"ဒါဆို မြွေဝင်လာတာကော တွေ့လား နှင်းဥ"

"မ မတွေ့ပါဘူး ရှင် အဟင့် ဟင့်"

"ကိုင်း ရှင်းတယ်နော် ရက်ချိန်း မင်း ဝါးလုံးကိုင်ထားတာ ဘာလုပ်
မယ်မသိပေမယ့် နှင်းဥက မြွေကို မတွေ့ဘူးတဲ့"

တစ်ယောက်တစ်ပေါက် စစ်မေးကြရင်း အခြေအနေက ပိုရှုပ်ထွေး
တယ်။ တရှုံ့ရှုံ့ငိုနေတဲ့ နှင်းဥကို ပွေ့ဖက်နှစ်သိမ့်ရင်း ဒေါ်နှင်းမြက
လုံးအတွက် ဖေးဖေးမမ ဖြစ်အောင် ဝင်ပြောရာတယ်။

"တော်ကြပါတော့ရှင် ရှက်စရာကောင်းလွန်းလို့ပါ။ ကျွန်မ
ကျား ယာထဲသွားအိပ်တဲ့ညကျမှ ဖြစ်ရတယ်ရှင် ဒီတော့ ဒီကိစ္စဖြေရှင်း
အောင် ရက်ချိန်း အဖေ ကိုဘသော်ကိုသာ သွားခေါ်ပေးကြပါ"

"ဟုတ်တယ် ဟုတ်တယ် အဲဒါကောင်းတယ်"

ထောက်ခံသံတွေနဲ့အတူ အိမ်နီးချင်းနှစ်ယောက် သုံးယောက်
ထွက်သွားကြတယ်။ ရက်ချိန်းကတော့ အံကိုတင်းတင်း ကြိတ်ပြီး

လက်သီးကိုတင်းတင်းဆုပ်ထားတယ်။ တွဲလုံးက ရက်ချိန်း နောက်မှာ ကွယ်နေရင်း တစ်ကိုယ်လုံး နတ်ပူးသလို တဆတ်ဆတ် တုန်နေရှာတယ်။

"ပြဿနာပဲ ရက်ချိန်း ငါတို့ဘယ်လိုရှင်းကြမလဲဟင်"

"ဟာ ကိုယ်မှမဟုတ်တာ ဘာကြောက်စရာရှိလဲ ဘယ်မှာပဲ ရင်ဆိုင်ပြီး ရှင်းရ ရှင်းရ ငါ ဂရုမစိုက်ဘူး"

ရက်ချိန်း ယတိပြတ်စကားပြောတော့ တွဲလုံးငြိမ်သွားတယ်။ ဖြစ်လာသမျှကို ရင်ဆိုင်ဖြေရှင်းမယ်ဆိုတဲ့ ဟန်ပန်နဲ့ရက်ချိန်းခေါင်းမော့ ရင်ကော့ထားလိုက်တယ်။

သိပ်မကြာပါဘူး။ သွားခေါ်တဲ့ လူတွေနဲ့အတူ ရက်ချိန်းအဖေ ကိုဘသော် ရောက်လာတယ်။ မငွေခင်လည်း မျက်စိမျက်နှာပျက်ပျက်နဲ့ ပါလာတယ်။ အောင်ချိန်းလိုက်လာတာတော့ မတွေ့ဘူး။

ရက်စရာကောင်းတဲ့ အဖြစ်ကြီးဆိုတော့ အောင်ချိန်း မျက်နှာ မပြရဲမှာ သေချာတယ်။ အဖြစ်အပျက်ကို သွားခေါ်တဲ့လူတွေ ပြောပြကြလို့ အဖေတို့သိပြီးသားလို့ ရက်ချိန်း ခန့်မှန်းမိတယ်။ ရှက်ဒေါသတွေနဲ့ ရက်ချိန်း ရှေ့လာရပ်တယ်။

"ရက်ချိန်း မင်း မင်း ခွေးထက်မိုက်တဲ့ကောင်"

"ကျွန်တော် အဲဒီလောက်အောက်တန်းမကျဘူး မယုတ်မာဘူး အဖေ အခုကိစ္စက မြွေကိုလိုက်ရိုက်ရင်း မထင်မှတ်ဘဲ ဖြစ်သွားတာ"

"ဟေ့ကောင် ကြံဖန်ပြီးဆင်ခြေမပေးနဲ့ မြွေကိုရိုက်တာဆိုရင် ဘယ်မှာလဲမြွေ"

"မြွေကို ပထမတစ်ချက် ရိုက်လိုက်တော့ ခါးကိုထိပြီး အိမ်သာထဲ ဝင်ပြေးသွားလို့ ကာထားတဲ့ပိန်အိတ်ကို ဆွဲလှန်ပြီးရှာမိတာ"

"မင်း မြွေကိုတွေ့သလား"

"မတွေ့ဘူး အဖေ ပြီးတော့ နှင်းဥ အိမ်သာတက်နေတာလည်း သားမသိဘူး"

"မဖြစ်နိုင်ဘူး ကိုဘသော် ကျုပ်တို့ရှာတာလဲ မြွေမတွေ့ဘူးနော်"

"ဟုတ်တယ် ဒီကောင် ကလိန်စေ့ ငြမ်းဆင်နေတာ"

"အိမ်သာထဲမြွေဝင်ရင် အိမ်သာတက်နေတဲ့ နှင်းဥ မြွေကိုတွေ့ ရမှာပေါ့ ခု နှင်းဥက ဘာမြွေမှဝင်မလာဘူးတဲ့"

ရေနစ်သူကိုဝိုင်းပြီး မီးသတ်ပိုက်နဲ့ထိုးကြဝဲ့ မျှာသားတွေရဲ့ စကား ကြောင့် အဖေရုက်လာတယ်ထင်ပါရဲ့။

"ကဲ ကျုပ်သား ရက်ချိန်းကိစ္စမှာ အားလုံးက အပြစ်ရှိတယ်လို့ ယူဆကြတယ်ဆိုရင် ကျုပ်ကိုယ်တိုင် ဒီကောင့်ကို ရွာလူကြီးလက်အပ်မယ်"

အဖေက အားလုံးကြားအောင် ပြတ်ပြတ်သားသားပြောတယ်။ အမ်ငွေခင်က ရက်ချိန်းလက်ကိုဆုပ်ကိုင်ပြီး မျက်ရည်စက်လက်နဲ့ မချိတင်ကဲ မေးရှာတယ်။

"သားရယ် ဘယ်လိုဖြစ်ရတာလဲ ဒါကြောင့် ညနေကအိမ်ပြင် ထွက်ပါနဲ့လို့ အမေတားတာ တစ်ချိန်လုံးမျက်ခုံးတွေလှုပ်နေတာ သားရဲ့ အဟင့် ဟင့်"

"ဟာဗျာ အမေကလည်း ဘာမှမဆိုင်ပါဘူး ဒီကိစ္စ သားမှာ အပြစ်မရှိတာ သားအသိဆုံး သားလုပ်ရဲရင် ခံရဲတယ် အခုဟာက အထင် အမြင်မှားတာပါ အမေ"

"အေး မင်းကိစ္စ မင်းရှင်းတော့။ ငါကခြေမ မကောင်း ခြေမ လက်မ မကောင်း လက်မပဲ ဘယ့်နှယ်ကွာ တစ်မိသားစုလုံး သိက္ခာကျ ရှုက်ရအောင် မင်း လုပ်လိုက်တာ"

ဦးဘသော်က တကယ့်ကိုပြတ်ပြတ်သားသားဖြေရှင်းဖို့ ရွာလူကြီး လက်ထဲ ရက်ချိန်းကို ကိုယ်တိုင်အပ်တယ်။ အခုကိစ္စအတွက် အထိရောက် ဆုံး အရေးယူပေးဖို့လည်း တိုက်တွန်းသွားတယ်။

ရက်ချိန်းကလည်း မာသလားမမေးနဲ့ ဖြစ်သမျှကို သူတစ်ယောက် ထဲ တာဝန်ယူပြီး တွဲလုံးကို ပြန်လွှတ်လိုက်တယ်။

■ ■ ■

ခုတစ်ခေါက် ရက်ချိန်းရာတဲ့ ပြဿနာကတော့ တစ်ရွာလုံးပြော ဆုံးတော့ဘူး။ ဘယ်နေရာသွားသွား ဒီအကြောင်း ဒီကိစ္စပဲကြားနေရတာ ဘသော်တို့ အောင်ချိန်းတို့ဆိုတာ ရွာထဲမှာမျက်နှာမပြဝံ့လို့ အရက် သောက်တာနဲ့ အိမ်ကထွက်ပြီး ယာထဲသွားလိုက်ကြတာ မှောင်မှအိမ်ပေါ် ပြန်တက်ရတဲ့အထိပဲ။

ငယ်ပေါင်းတွေဖြစ်တဲ့ နှင်းဥအဖေ ကိုလှဆောင် ဆီတော့ ကိုဘ သော် ကိုယ်တိုင် သွားတောင်းပန်ပါတယ်။

ကိုလုဆောင်က ပြေရာပြေကြောင်းပြောပြီး ခွင့်လွှတ်ကြောင်း နှစ်သိမ့်ပေမယ့် ကိုဘသော်က ရက်ချိန်း မျက်နှာကို မကြည့်ချင်လောက် အောင်ဖြစ်နေပြီ။

ဒေါ်ငွေခင်ကတော့ ထိပ်ကုံးခတ် ခံထားရတဲ့ ရွာလူကြီးအိမ်က ရက်ချိန်းအတွက် ထမင်းပို့ မပျက်ရှာဘူး။ ထမင်းလာပို့တဲ့ အမေ မျက်ရည် ကျတာမြင်တော့ ရက်ချိန်း စိတ်မကောင်းဘူး။

"ဒီကိစ္စမှာ သား အပြစ်မရှိဘူး အမေ၊ ဒါကို တွဲလုံး ကောင်း ကောင်း သိပါတယ်၊ တစ်နေ့တော့ အမှန်တရားပေါ်မှာပါ"

"တွဲလုံးက သားနဲ့ ပုလင်းတူ ဗူးဆို့လေ၊ သူ သားဘက်က သက်သေထွက်တာကို ဘယ်သူကယုံမှာလဲ"

အမေက တစ်နေ့နှစ်ခေါက်လာတွေ့ပေမယ့် အဖေနဲ့ကိုအောင်က လုံးဝပေါ်မလာဘူး။ ဒါကို ရက်ချိန်း နားလည်ခွင့်လွှတ်ပေးလို့ရတယ်။ သူတို့ရှက်ရှာကြမှာပဲလို့ပေါ့။

တွဲလုံးလည်း မြယာကုန်းကိုမသွားခင် ရက်ချိန်းဆီလာနှုတ်ဆက် ရှာပါတယ်။

"ငါတကယ် စိတ်မကောင်းဘူး ရက်ချိန်း ဒီကိစ္စ ငါ့ဆတ်သော့ လို့ဖြစ်ရတာ ငါ့ကြောင့်မင်းတစ်ယောက်ထဲ ဒီပြဿနာကိုခေါင်းခံလိုက်တာ မဖြစ်သင့်ပါဘူးကွာ ငါ့အတွက်နဲ့ မင်းမှာပြဿနာပေါင်းစုံကြုံခဲ့ရတာပါ အီး ဟီး ရှုတ်"

"ဟေ့ကောင် ကျက်သရေမရှိ လာငိုမနေနဲ့ ဒီကိစ္စ မင်းနဲ့ဘာမှ မဆိုင်ဘူး ဘယ်သူတွေဘာပြောပြော ငါတို့လိပ်ပြာသန့်တယ် အမှန်တရား ဆိုတာ အချိန်တန်ရင်ပေါ်လာမှာ"

"အေးပါကွာ အဲဒီအချိန်မှာ ငါမရှိတော့ဘူးကွ ဒီကိစ္စဖြစ်သွားတော့ ငါ့အိမ်ကလည်း ဘကြီးနဲ့မြယာကုန်းကို ချက်ချင်းလိုက်သွားခိုင်းနေတာ"

"စိတ်ဖြောင့်ဖြောင့်သွား သူငယ်ချင်း ငါ့အတွက်မပူနဲ့"

စိတ်ပျော့တဲ့ တွဲလုံးကို ရက်ချိန်းက အပြုံးမပျက်နှစ်သိမ့်လိုက် သေးတယ်။ ထိတ်တုံးခတ်ခံရတာ ခြေထောက်နှစ်ဖက်လုံးကွေးလို့ ဆန့်လို့ မရတော့ အတော်ခံရခက်တယ်။ ဒါပေမဲ့ ရက်ချိန်းက မျက်နှာတစ်ချက် မပျက်ဘူး။ ရွာထဲမှာ သူ့အကြောင်းဘယ်လောက်ထိ မကောင်းပြောနေမလဲ

ဆိုတာလည်း မှန်းဆကြားယောင်ရင်း သိနှင့်နေတယ်။

"အိမ်သာတံခါးလုပ်ထားတဲ့ ပီနံအိတ်ကို ဟောသလိုလှန်ထည့်လိုက်တာတဲ့ကွ"

"ရက်ချိန်း အသေအချာမြင်လိုက်ရမှာပေါ့နော်"

"ဘာလဲကွ မြွေကိုပြောတာလား မမြင်လိုက်ရလို့ ဒီကောင်ထိပ်တုံးနဲ့ ညားနေတာပေါ့"

"အေးနော် ယုတ်မာလိုက်တာဟာယ် နင်းဥဆို အရမ်းရက်သွားမှာပဲ"

"ရက်တာပေါ့ဟဲ့ နင်ပဲ အဲဒီလိုလှန်အကြည့်ခံပါလား ဟွန်း"

"အမလေး ပြောရုံနဲ့တင် ကြက်သီးတွေ တဖြန်းဖြန်း ထလာတယ်တော်ပါတော့ဟယ်"

"ဟုတ်ပါ့တော် ကိုယ်တွေ အိမ်သာတက်နေတုန်း မြွေပဲဝင်ဝင်ရက်ချိန်းပဲ ဝင်ဝင် ဘယ်ဟာမှမကောင်းပါဘူးတော်"

"ဟား ဟား ဟား ဟား"

အင်း တရားကို နတ်စောင့်တယ် ဆိုပေမယ့် နတ်နဲ့မတွေ့ခင်အချိန်လေးမှာတော့ ရက်ချိန်း အလူးအလဲ ခံပေဦးတော့ပေါ့။

■ ■ ■

## အခန်း (၂၀)

ရှက်လိုက်တာမှ ကိုယ့်မျက်နှာကိုယ် ဓားနဲ့လှီးပစ်ရမလား။ မျက်နှာပဲဖြုတ်သိမ်းထားရမလား မသိတတ်လောက်အောင်ပဲ။ အဲဒီရှက်စရာကောင်းလှတဲ့ အဖြစ်အပျက်ကြီးကို နှင်းဥတို့ အိမ်နီးချင်း ဦးစံဗျောနဲ့ နက်ကျော်တို့အိမ်ကို သယ်လာတဲ့အချိန်မှာ သူတို့မိသားစု ညစာစားနေတဲ့ အချိန်လေ။

"ကိုဘသော် ရက်ချိန်း နှင်းဥတို့အိမ်မှာ ပြဿနာတက်နေလို့"

ကိုစံဗျောရဲ့ အဆက်အစပ်မရှိ စကားကြောင့် အဖေနဲ့အမေက တော့ သိပ်မစိုးရိမ်ကြဘူး။ သူမှာသာ အထိတ်တလန့်ဖြစ်သွားတာ။

"ကိုစံဗျော ရှင်းရှင်းပြောတော့ ရက်ချိန်းဘာဖြစ်လဲ"

"နှင်းဥ အိမ်သာတက်နေတာကို ရက်ချိန်း လှန်ကြည့်လို့တဲ့"

"ဘာ"

"ဟာ"

"ဘုရားရေ"

"ဟုတ်တယ်ဗျို့ ရက်ချိန်းနဲ့တွဲလုံး နှင်းဥအဖေ ကိုလှဆောင်ကြီး မရှိတုန်း ခြံထဲဝင်ပြီး အိမ်သာတံခါးလုပ်ထားတဲ့ ပီနံအိတ်စကို ဆွဲလှန်တာဗျ နှင်းဥအထဲမှာအိမ်သာတက်နေတာဆိုတော့ အဟဲ စဉ်းစားသာကြည့်တော့"

တကယ့်ကို မကြားဝံ့ မနာသာ ကိစ္စကြီးပါလား အဖေဆိုတာ မျက်နှာကြီးရဲလို့ အမေကလည်း ပါးစပ်အဟောင်းသားနဲ့ ထမင်းတောင် ဆက်စမသုံးနိုင်ဘဲ ထလိုက်သွားကြရတာ။

အောင်ချိန်းကတော့ ရက်စိတ်တွေမွန်ထူပြီး အိမ်မှာကျန်ခဲ့တယ်။ နှင်းဥအိမ်သာတက်နေတာကို ရက်ချိန်းဆွဲလှန်သတဲ့။ တွဲလုံးလည်းပါတယ် ဆိုတာ ဘာသဘောလဲ။

ရက်ချိန်းတမင်လုပ်တာများလား။ ဟိုတစ်နေ့က ရွှေတွေယူပြီး ထိုက်လို့ သူ့ကို ထိုးလိုက်တဲ့ကိစ္စ မကျေနပ်လို့ ဒီလိုလုပ်တာလား။ အဖော်တို့ မိုက်ရိုင်းတဲ့ကောင်၊ တကယ့်ကို ဆိုးဝါးတဲ့ လုပ်ရပ်ကို မဆင်မခြင် လုပ်တာ။ နှင်းဥနဲ့ သူ့မိဘတွေကို သူဘယ်လို မျက်နှာပြရတော့မလဲ။

တစိမ့်စိမ့်တွေးလေ ထန့်နံ့ဒေါသထွက်လေပဲ။ နှင်းဥကို ချစ်ရေး ဆိုဖို့ကိစ္စ စဉ်းတောင် မစဉ်းစားရဲတော့ဘူး။ ရွာလမ်းပေါ်မှာလည်း မီးရောင် တဝင်းဝင်းနဲ့ သွားလာနေကြတဲ့လူတွေ။ နှင်းဥတို့အိမ် သွားကြတာပဲနေမှာ။

တစ်နာရီလောက်ကြာမှ အဖေတို့ပြန်ရောက်လာတယ်။ မျက်နှာ တည်းမကောင်းကြဘူး။ ရက်ချိန်းပြန်ပါမလာပုံထောက်ရင် ပြဿနာမပြီး သေးဘူးဆိုတာ အောင်ချိန်းရိပ်မိလိုက်တယ်။

အမေက ချော့မရအောင်ငိုနေတော့တာ။ အဖေ ရှင်းပြတာ နားထောင်ရင်း ခေါင်းတခါခါ ဖြစ်ရတာက အောင်ချိန်း။

"မြွေ မဖြစ်နိုင်ဘူးအဖေ မြွေကို လိုက်ရိုက်တယ် ထားဦး ခြံထဲ ထိတာရယ် အိမ်သာ တံခါးဆွဲလှန်တာရယ်က ဘယ်လိုမှမဖြစ်သင့်ဘူး ရက်စရာကောင်းလိုက်တာ အဖေရာ"

"သားကြီးပြောတာမှန်တယ် ဒီကောင့်မှာ စိတ်ယုတ်မာ မရှိဘူး ထားဦး ဘယ်သူက ယုံမှာလဲ"

"သားသိတယ် အဖေ ဒီကောင် တွဲလုံးနဲ့နှင်းဥကို အောင်သွယ် ပေးနေတာ ဒါကိုနှင်းဥ မကြိုက်ဘူးဆိုတာ သူလည်းအသိ ဒါကြောင့် ဟိုတစ်ညက သားဆုံးမသေးတယ်။ အဖေ့သားက နားမထောင်ဘူး။ ဂျစ် ကန်ကန်နဲ့ သားပြောတာကို မကျေနပ်လို့ဒီလိုလုပ်လိုက်တာဖြစ်မယ်"

"ကိုယ့်ညီကို ဒီလိုမပြောပါနဲ့ သားရယ် သူတကယ် မြွေလိုက် ရိုက်တာ ဖြစ်မှာပါ"

"အမေက ဒီကောင် ဘာပြောပြော မျက်စိမှိတ် ယုံနေတာကိုး ဒါဆိုမြွေက ဘာလို့ရှာမရအောင် ပျောက်သွားရတာလဲ"

"ထားလိုက်တော့ အဖေလည်း ဒီကောင့်ကို မေတ္တာကုန်သွားပြီ မနင်းမြတို့ကလည်း ရက်လို့ အကျယ်အကျယ် မဖြစ်စေချင်ဘူး၊ ဒါပေမဲ့ ရွာသားတွေရဲ့ အထင်သေး အမြင်သေး မျက်လုံးတွေနဲ့ ဝိုင်းကြည့်ကြမယ့် ဒဏ်ကို အဖေ မခံနိုင်တော့ဘူး"

"ကျွန်မသား ရှိတာ ကျွန်မ ယုံတယ် တရားကိုနတ်စောင့်ပါတယ် သားငယ်က အိပ်မက်ထဲမှာ သူလွတ်မယ့်နေ့ကို ရက်ချိန်း လာပေးဦးမှာ"

အဲဒီညက အမေ ဘုရားစင်ရှေ့မှာ တစ်ညလုံးငုပ်တုပ်၊ အဖေနဲ့ သူလည်း အိပ်မပျော်ကြဘူး။ ဒီတစ်ခါ ရက်ချိန်း လုပ်လိုက်တဲ့ကိစ္စက အကြီးအကျယ် ထိခိုက်နစ်နာစေတာ အမှန်ပဲ။

ရက်ချိန်းနဲ့ တစ်အူတုံဆင်းဆိုတော့ ဒီပုတ်ထဲက ဒီပဲလို့သတ်မှတ်ပြီး အဖက်မလုပ်တော့ရင် တစ်သက်လုံး နှင်းဥကိုဆုံးရှုံးရတော့မှာ။ မိသားစု အရှက်ရအောင် ပြဿနာရှာတာနဲ့တင် အားမရလို့ ရွာကပြောင်းပြေးရအောင်ပါ ထပ်လုပ်လိုက်တာ"

"အဖေ ကျွန်တော် ရှက်တယ်ဗျာ ဒီရွာမှာမနေချင်တော့ဘူး"

"တခြားပြောင်းလဲ ဘာထူးမှာလဲ ဘယ်သူက မသိဘဲနေမှာလဲ ဒီအရိပ်မည်းကြီးက တစ်သက်လုံး တို့နောက်ကပ်ပါလာမှာလေ၊ ဒါပေမဲ့ မင်းနဲ့မဆိုင်ပါဘူး။ တစ်ရွာလုံးက ရက်ချိန်းနဲ့အောင်ချိန်းကို ခွဲပြီးမြင်တတ်ပါတယ်ကွာ ဒီကိစ္စကို ခေါင်းထဲကသာ ထုတ်ပစ်လိုက်ပါ"

အဖေပြောတာကို အောင်ချိန်း လက်ခံလိုက်ရတယ်။ ဇာတိမြေကိုစွန့်ဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ။ ဒါနဲ့ပတ်သက်ပြီး နှင်းဥကို နားလည်အောင် ရှင်းပြတောင်းပန်ချင်တယ်။ ဒါပေမဲ့ အခုတော့ ရင်မဆိုင်ရဲသေးဘူး။

ရက်ချိန်းနဲ့ တစ်မိထဲဖွား ဖြစ်လာရတာကိုက ဒုက္ခကြီးတစ်ခုလို့ သူထင်နေတယ်။ ဒီကောင်နဲ့ မပတ်သက်ရအောင် သွေးလိုဖောက်ထုတ်ပစ်လိုက်ချင်တယ်။

ဦးအောင်မောင်းလည်း ရက်ချိန်းကို ဘယ်လို အရေးယူမှန်းမသိ ဖြစ်နေတယ်။ ရွာသားတချို့ကတော့ မြို့ကရဲစခန်းထိ ပို့စေချင်နေကြတယ်၊

အကောင်းဆုံးပဲလို့ အောင်ချိန်းလည်း ထင်တယ်။

ဒီကောင့်မိုက်ချက်က ကမ်းကုန်နေပြီ မှတ်လောက်သားလောက် က်စက်ပြမှ တန်ကာကျမှာ သံယောဇဉ်ကင်းတယ်ပဲ ဆိုချင်ဆို ရက်ချိန်း ကို အောင်ချိန်း သတ်ပစ်ချင်လောက်အောင် မုန်းသွားခဲ့ပြီ။

အမေကတော့ သူသားငယ်ဆီ ထမင်းပို့ပြီးပြန်လာတိုင်း မျက်ရည် လး တဝဲဝဲနဲ့ပါပဲ။

■ ■ ■

## အခန်း (၂၁)

ရက်ချိန်းကို ထိပ်တုံးခတ် ဒဏ်ပေးထားတာ သုံးရက်မြောက်တဲ့နေ့မှာပဲ ဘယ်သူမှမျှော်လင့်မထားတဲ့ သတင်းတစ်ခုထွက်လာတယ်၊ ရက်ချိန်းအတွက်တော့ တရားစောင့်တဲ့နတ်ကကိုယ်ထင်ထွက်ပြ လိုက်သလိုပဲ။

အဲဒါက နှင်းဥအဖေ ဦးလှဆောင်တစ်ယောက် ပိုးထိလို့ဆုံးပြီဆိုတဲ့ သတင်းပဲ။ ညနေစောင်းကြီး အိမ်သာတက်ဖို့ ရေအိမ်ဝင်သွားတဲ့ ဦးလှဆောင်တော်တော်နဲ့ ပြန်ထွက်မလာဘူး။ ဒေါ်လေးမြလိုက်ခေါ်တော့ ဘာတုံ့ပြန်သံမှ မကြားရဘူးတဲ့။

"ကိုလှဆောင် ကိုလှဆောင် တကတည်း အိမ်သာတက်တာကလည်း ကြာချက်တော် အပင်ပေါက်အညှောင့်ထွက်လာဦးမယ်"

ရေအိမ်အပြင်က ဒေါ်လေးမြတတွတ်တွတ်ပြောနေပေမယ့် အထဲက လုံးဝ မတုံ့ပြန်ဘူး။ တံခါးလုပ်ထားတဲ့ ပီနံအိတ်ကလည်း ပိတ်လျက်သား။

"ကိုလှဆောင် ကိုလှဆောင် တော် အထဲမှာ အိပ်ပျော်နေသလား"

■ ■ ■

ဒေါ်လေးမြ စိတ်မရှည်တော့ဘူး ခေါ်မရတဲ့အဆုံး ပီနံအိတ်ရေအိမ်

ခါးကို ဆွဲဖယ်လိုက်တယ်။

"ကိုလှဆောင် ဟင့် အမလေး လုပ်ကြပါဦး"

အလန့်တကြားထအော်လိုက်တဲ့ ဒေါ်လေးမြအသံကြောင့် အိမ်ပေါ် နင်းဉပြေးဆင်းလာတယ်။ တစ်ဖက် အိမ်က ဒေါ်လုံးတင်တောင် ပေါ်သွားရင်း တန်းလန်းက ထရပ်မိတဲ့အထိပဲ။

"အမေ အမေ ဘာဖြစ်တာလဲ"

"နင့်အဖေ နင့်အဖေ အိမ်သာထဲမှာ"

"အမယ်လေး မနှင်းမြရယ် ကိုယ့်ယောက်ျား အိမ်သာထဲတွေ့ ပများ ဒီလောက်အလန့်တကြား အော်ရလား ကျုပ်ဖြင့် သေးတောင် နဲ့တယ်"

"မ မဟုတ်ဘူး ဒေါ်လုံးတင် အဖေ ဘာဖြစ်သွားလဲ မသိဘူး ကြည့်ပါဦး"

"ဗုဒ္ဓေါ ဘာများဖြစ်ကြလို့လဲ၊ ကိုစံဖျော ကိုစံဖျော နှင်းမြတို့ဆီ ကြည့်လိုက်ဦး ကိုလှဆောင် ဘာဖြစ်မှန်းမသိလို့"

ဒေါ်လုံးတင်ရဲ့ အင်တာနက် သတင်းအရ အိမ်နီးချင်းယောက်ျား တွေ ရောက်လာကြမှ ဦးလှဆောင်ကိုဝိုင်းပြီး မလို့ ဆွဲထုတ်ကြရတယ်။

"ဟာ နှုတ်ခမ်းတွေပြာနေတယ် အိမ်သာထဲက အင်တုံထဲမျက်နှာ ကျပြီး ရေမွှန်းတာလားမသိဘူး"

"ဟာ နက်ကျော်ရာ ပေါက်ကရတွေ ဒါရေနစ်တာဖြစ်မလား ဆိပ်မိတာ တစ်ကိုယ်လုံးပြာနှမ်းနေတာပဲ"

"သိဘူးလေဗျာ ရေနစ်တဲ့သူလည်း ဒီလိုပဲ ပြာနှမ်းနေတတ် လေ"

ဦးလှဆောင်တစ်ကိုယ်လုံး စေ့စေ့စပ်စပ်ရှာကြည့်တော့မှ ခြေ ဆစ်အပေါ်နားမှာ မြွေစွယ်ရာ အပေါက်နှစ်ပေါက်ကို တွေ့ကြရတာ ခြေအနေက လွန်နေပြီ။ ဦးလှဆောင် အသက်မရှိတော့ဘူး။

"သေချာတယ် မြွေပေါက်ခံရတာ ရှာကြစမ်း ဒီမြွေ လူကိုပေါက် ရင် ဝေးဝေးမပြေးနိုင်ဘူး"

ဦးစံဖျောပြောလို့ အားလုံးဝိုင်းပြီး အိမ်သာတဝိုက်မှာ မြွေလိုက်ရှာ တယ်။ မကြာပါဘူး စည်းရိုးအစပ်ခြုံထဲမှာ ခွေနေတဲ့ မြွေပွေးကြီးကို

တွေ့လိုက်ကြရတယ်။ တစ်ယောက်က ခေါင်းကိုတုတ်နဲ့ဖြတ်ရိုက်လိုက်တာ မြွေလည်း တစ်ခါထဲဘဝပြောင်းရော။

"ဒါဆို ရက်ချိန်းတို့တွဲလုံးတို့ပြောသလို အိမ်သာထဲမြွေဝင်သွားတယ်ဆိုတာ ဒီမြွေပွေးပဲပေါ့"

"အေး ဟုတ်မယ် ဒီမြွေ မပြေးနိုင်ဘူး ရက်ချိန်း ခါးကိုဖြတ်ရိုက်မိတယ်လို့ ပြောဖူးတယ် မြွေရဲ့ကိုယ်လုံးမှာ ဒဏ်ရာပေါင်းရာကြည့်ကြစမ်း"

မြွေပွေးရဲ့ခါးလယ်မှာ ပေါက်ပြဲပြီးသွေးခြောက်တွေကပ်နေတဲ့ ဒဏ်ရာပေါင်းကိုပါ တွေ့လိုက်ကြရတယ်။ ဒါဆို ရက်ချိန်းမြွေလိုက်ရိုက်ရင်း အိမ်သာဖွင့်မိတယ်ဆိုတာ မှန်နေပြီပေါ့။

"အင်း ဦးလုဆောင်ကံဆိုးတာ မြွေက အိမ်သာထဲဝင်ခွေနေတာကိုး ဒဏ်ရာရ ထားလို့ အခဲမကြေဖြစ်နေပုံပဲ အစာရှာထွက်ရင်း ဦးလုဆောင်အိမ်သာအတက်နဲ့ဆုံပြီး ပေါက်လိုက်တာပဲဖြစ်မှာ"

တစ်ယောက်တစ်ပေါက် ဆက်စပ်စဉ်းစားကြည့်ကြတော့ အဖြေက ထင်ထင်ရှားရှားပေါ်လာရော ရက်ချိန်း မြွေတွေ့တယ်ဆိုတုန်းက ဘယ်သူမှ မယုံခဲ့ကြဘဲကိုး။

ဒီလိုနဲ့ ရက်ချိန်းမှာ အပြစ်မရှိတာထင်ရှားနေလို့ ဦးအောင်မောင်းက ရက်ချိန်းကိုပြန်လွှတ်ပေးလိုက်တယ်။ နှစ်ရက်ကျော်ကျော်လောက် ထိပ်တုံးခတ်ခံထားရလို့ ရက်ချိန်း ခြေထောက်တွေ ထောက်တောင် မထောက်နိုင်ဘူး ကာလသားနှစ်ယောက် တွဲပြီး ပြန်ပို့ပေးရတယ်။

ဒေါ်ငွေခင် ဝမ်းသာလိုက်ပုံများ မပြောနဲ့တော့။ သူ့သားလေး ရိုးသားတယ်ဆိုတာ ယုံပြီလား၊ တရားကို နတ်စောင့်တယ်ဆိုတာ မြင်ပြီလားနဲ့ဝင့်ကြွားနေတော့တာ။ အရက်တကွဲ အကျိုးနည်းရမယ့်ကိစ္စကြီးကို ရက်ချိန်း မလုပ်ခဲ့တာ ထင်ရှားတဲ့အဖြစ်အတွက် ဦးဘသော်လည်း စိတ်ချမ်းသာရတာပါပဲ။

"ဒါနဲ့ ငွေခင် ဒီတစ်ခါ သူလွှတ်မယ့်ရက်ကို အိပ်မက်နဲ့ရက်ချိန်းလာမပေးပါလား"

ဦးဘသော်က အပျော်လွန်နေတဲ့ သူ့ဇနီးကို မထိတထိ ကလိတိတိ ရိတိတိနဲ့ မေးတယ်။

"ဒီမယ် ကိုဘသော် ဒီသုံးရက်လုံးစိတ်ပူပြီး ကျုပ်တရေးမှ မအိပ် သေးဘူးရှင့် မအိပ်ဘဲနဲ့ ဘယ်အိပ်မက်လာမက်မှာလဲ"

ဒေါ်ငွေခင် ချက်ကျလက်ကျပြန်ဖြေမှ ဦးဘသော်လည်း ပါးစပ် ပိတ်သွားတယ်။ ရွာသူရွာသားတွေလည်း ရက်ချိန်းအပေါ် အမြင်ရှင်းသွားကြ လေ။

"ရက်ချိန်း သနားပါတယ် မဆီမဆိုင် ခံလိုက်ရရှာတာ"

"အဲဒီတုန်းက နှင်းဥလည်း ရှက်ပြီးထူပူနေတော့ မြွေကိုဘယ်လို သတိထားမိမှာလဲ"

"နှင်းဥကို ရက်ချိန်းအတော် စိတ်ဆိုးသွားမှာပဲနော် အပြစ်မရှိဘဲ ခံလိုက်ရတာ မကျေနပ်လို့ ကျိန်စာတိုက်လိုက်သလားမသိဘူး ဦးလှဆောင် မြွေနဲ့တန်းတိုးတော့တာပဲ"

အင်း ဘူးပေါက်တစ်ရာသာ ဆို့လို့ရမယ် ပါးစပ်တစ်ပေါက်ပိတ် မရဘူးဆိုတာ မှန်သလားမမေးနဲ့။ အဲဒီလို ပိတ်မရတဲ့ ပါးစပ်ပေါက် တွေနဲ့ စိတ်ထင်တိုင်းလျှောက်ပြောကြတော့ ရက်ချိန်းကျိန်ဆဲလို့ လှဆောင်သေရသလိုလို ဖြစ်ကုန်ရော။

တကယ်ဆို ဦးလှဆောင်ပိုးထိလို့ ဆုံးတဲ့သတင်းကြားရတော့ ချိန်းအတော့်ကို စိတ်မကောင်းဖြစ်ခဲ့ရတာပါ။ သတင်းမေး အားပေး မယ့် လမ်းကောင်းကောင်းမလျှောက်နိုင်လို့ မထွက်ဖြစ်ခဲ့ဘူး။

အောင်ချိန်းအတွက်တော့ ပွဲလန့်တုန်း ဖျာခင်းခွင့်ရသွားတာပဲ။ အကြောင်းပြပြီး အလုပ်ကိုအချိန်လျှော့လုပ်ရင်း နှင်းဥနား ကပ်နေ သန်းခေါင်ကျော် လင်းအားကြီးအထိပဲ။

"ကိုအောင် နှင်းဥကိုပြောလိုက်နော် ငါ လမ်းလျှောက်နိုင်မှ လာ မယ်လို့"

"အေး အေး"

ရက်ချိန်း ကိစ္စရှင်းသွားလို့ အမျက်ပြေ အရှက်ပြေသွားခဲ့ပေမယ့် ကို ကူညီခဲ့တဲ့အတွက်တော့ အခဲမကျေသေးဘူး။ ဒါကြောင့် ရက်ချိန်း အောင်ချိန်းက အရင်လောက်တောင် စကားမပြောတော့ဘဲ ဖာသိ ပဲနေတော့တယ်။

ရွာက ကာလသားတွေလည်း ဦးလှဆောင် နာရေးကိုအကြောင်း

ပြုပြီး နှင်းဥနားမှာ ရွှေစွန်ညိုတွေလုပ်နေကြတော့ အောင်ချိန်းရင်မအေး ဘူး။ ဒီလိုအချိန်မှာ အောင်ချိန်း နှင်းဥကို ဂရုတစိုက်စောင့်ပြီး အကြင်နာ တွေနဲ့ လွှမ်းခြုံပေးလိုက်ရင် နှင်းဥ သူ့အပေါ် စိတ်ယိုင်လာမှာပဲလို့ တွက် တယ်။

အားကိုးရာမဲ့သွားတဲ့ နှင်းဥအတွက် အားကိုးထိုက်သူ တစ်ယောက် ဖြစ်အောင် သူ လုပ်ပြချင်နေတယ်။ အောင်ချိန်းကတော့ ကိုယ့်အတွေးနဲ့ ကိုယ်ကျေနပ်လို့။

■ ■ ■

## အခန်း (၂၂)

နှင်းဥတို့အိမ်ဝင်းထဲမှာ ဒီရက်ပိုင်းအတွင်း ကာလသားတွေ တဝုန်းဝုန်းနဲ့ စည်ကားနေတယ်။ ထန်းတောပိုင်ရှင် ကိုလှရွှေမျက်နှာလို အားရပါးရ ပွင့်ထားတဲ့ အောက်လင်းဓာတ်မီးကလည်း ထိန်လို့လင်းလို့။

ထမင်းဟင်းချက်တဲ့ မီးဖိုဆောင်မှာလည်း ကာလသားအုပ်၊ ထင်းခွဲနေရာမှာလည်း ကာလသားအုပ်၊ ပန်းကန်ခွက်ယောက်ဆေးတဲ့ နေရာမှာလည်း သူတို့ပဲ။

ရွာထဲက မိန်းမကြီး၊ မိန်းမလတ် မိန်းမငယ်တွေ ဘာမှလုပ်စရာမရှိဘူး။ ကာလသားတွေ ခင်းပေးထားတဲ့ ဖျာပေါ်မှာ ကြွကြွရွရွလေးထိုင် လက်ဖက်သုပ်စား ပဲကြီးလှော်ဝါး၊ ရေနွေးကြမ်းသောက်ပြီး တိုးတိုးတိတ်တိတ်နဲ့ အတင်းတုတ်နေရုံပဲ။

“ဥလေး လက်ဖက်သုပ်စားမလား မသိဘူး သွားပို့လိုက်ဦးမယ်”

“သံချောင်း ချထားလိုက်စမ်း အဲဒါ ငါသွားပို့မလို့”

“ဟော့ကောင်တွေ နှင်းဥအတွက်ဆို လုပ်မနေနဲ့တော့ စောစောကငါသွားပို့ပြီးပြီ ဟိုမှာတင် လက်ဖက်သုံးပန်းကန်ဖြစ်နေပြီကွ”

“ဘာဖြစ်လဲ ငါထပ်ပို့တော့ လေးပန်းကန်ပေါ့”


PUBLISHED BY VIEW

"ဒုက္ခပါပဲ မင်းတို့လုပ်ပုံနဲ့ နင်းဥ ဆီးချုပ် ဝမ်းချုပ် အကုန်ချုပ်ကုန်မှ ဆေးဆရာပင့်နေရဦးမယ်"

ဥလေး ဥလေးနဲ့ တစ်ဥတည်းဥနေတဲ့ သူတွေနဲ့ နင်းဥတို့ခြံဝိုင်းက နှစ်ဆယ့်လေးနာရီ စည်ကားနေတယ်။

ဦးလှဆောင် အလောင်းမြေချတဲ့နေ့ကဆိုရင် အားကိုးရာမဲ့သွားတဲ့ နင်းဥတို့သားအမိ ငိုလိုက်ကြတာ သတိတွေဘာတွေတောင် လစ်ကုန်တယ်။ ဝိုင်းပြီး ခြေမချီး လက်မချီးနဲ့ ဘဝင်ဖိနဲ့ အလုပ်တွေရှုပ်ကုန်ရော်

"အောင်မယ်လေး ကိုလှဆောင်ရဲ့ အီးဟီးဟီး အစ် ဂစ်"

"ဟာ ဒေါ်လေးမြ တက်သွားပြီ လုပ်ကြပါဦး ဟ"

"ဟေ့ကောင် တကယ် တက်နေတာ ဒေါ်လေးမြလေ မင်းဘယ်သူဆိသွားမလို့လဲ"

"ဟေ ဟုတ်လား ငါက နင်းဥထင်လို့ အဟီး"

"ချီး ချီး ခြေမချီး"

"ဒေါ်လေးမြ သတိထား"

"အမေ အဲ အရီးမြ အောင့်မထားနဲ့ သွန်ချလိုက် ငိုချလိုက်"

"ဟ ဟ ပူလိုက်တာ ဘာတွေလဲ"

"မင်းက သွန်ချခိုင်းလို့ အရီးမြသွန်လိုက်တာလေ မျက်ရည်တော့ မဟုတ်ဘူး သေးတွေ အားပါးတရပဲ ဟား ဟား ဟား"

"အီး နံလိုက်တာ ရက်စက်ပါပေ့ အမေမြရယ်"

ဒေါ်လေးမြကို ယောက္ခမလောင်းလို သဘောထားဝိုင်းပြုစုနေကြသလို နင်းဥနားမှာလည်း ကာလသားအုပ်ဝိုင်းနေတာ တစ်အုံတစ်မကြီးပဲ။

"တက်ပါတော့လား ဥလေးရာ ပြုစုချင်လှပြီ အဟီး ဟီး"

"ဟေ့ကောင် သာကတိုး မင်းကလက်တပြင်ပြင်နဲ့ ဘာဖြစ်နေတာလဲ"

"ဥလေး တက်သွားရင်ပြုစုဖို့ အသင့်ပြင်နေတာ ဟဲ ဟဲ"

"ဟာ တော်တော်မျက်နှာပြောင်တဲ့ကောင် ကဲကွာ"

အာသာငမ်းငမ်း ပရမ်းပတာဖြစ်နေတဲ့ သာကတိုးမျက်ဖြူလန်ပြီး တဂစ်ဂစ်နဲ့တက်သွားရော။

"ဟာ တက်ပြီ တက်သွားပြီ လုပ်ကြပါဦးဟ"

"ဥလေး ဥလေး တက်သွားပြီလား ဖယ်ကြစမ်း ငါပြုစုမှဖြစ်မှာ"

"ဥလေးတက်တာ ဒါပေမဲ့ နှင်းဥ မဟုတ်ဘူး မင်းယောက်ဖ သာကတိုးရဲ့ ဥတက်သွားတာကွ"

"ဘာ သာကတိုး တက်တာဟုတ်လား ဒီကောင်ဆို သေပစေ"

အားလုံးထဲမှာ အဆိုးဆုံး အကဲဆုံးက အောင်ချိန်း၊ နှင်းဥ နားမှာ တောက်တဲ့ကိုကော်သုတ်ထားသလို ကပ်နေတာ။ အခွင့်အရေးချောင်း နေတဲ့ ကာလသားတွေကိုလည်း ဘုကြည့်ကြည့်ပြီး ဘုတောတောနေ တော့ အားလုံးက မကျေနပ်ကြဘူး။

"ဒီကောင် ဘာကောင်လဲ နှင်းဥ နားက ခွာကိုမခွာတော့ဘူး"

"အဲဒါ ရက်ချိန်းအစ်ကို အောင်ချိန်းလေ နှင်းဥနဲ့ပတ်သက်လာ ရင် တာနော ယက္ခလို အာခံတွင်းထဲ ထည့်ငုံထားမယ်ဆိုတဲ့ အစားထဲက"

"အေး နေပစေဦး မငုံခင် နှင်းဥကို ဝမ်းနှုတ်ဆေးနဲ့ဆီးရှင်ဆေး ကျွေးပြီး တိုက်ထားလိုက်မယ် ဟား ဟား ဟား"

"ကောင်းတယ် ဒါတောင် ပါးစပ်ဟာလိုက်ရင် ငါတို့မြင်မှာစိုးလို့ ကျက်သမျှ အကုန်ကြိတ်မှိတ်မျိုချမယ့်ကောင်စားမျိုးကွ ဟား ဟား"

ကာလသားတွေ မကျေမနပ်ပြောမယ်ဆိုလည်း ပြောလောက် တယ် အောင်ချိန်းက အခွင့်အရေးကို အပြည့်အဝ အသုံးချပြီး နှင်းဥ နားမှာ အနီးကပ် ကိုယ်ဖိ ရင်ဖိကိုပြုစုနေတာ။

"နှင်းဥ အရမ်းအားငယ်နေလားဟင်"

"စဉ်းစားကြည့်ပေါ့ ကိုအောင်ရယ် နှင်းဥတို့သားအမိ ဒီအဖေကို အားကိုးနေရတာလေ နှင်းဥတို့အတွက် ရွှေတောင်ကြီးပြိုကျသွားတာ"

"ဟုတ်ပါတယ်လေ ဒီ့အတွက် ကိုအောင်လည်း စိတ်မကောင်း ဘူး ဒါပေမဲ့ အားငယ်မနေပါနဲ့၊ ကိုအောင် တစ်ယောက်လုံး ရှိပါသေး တယ်၊ ပုံအောပြီး အားကိုးလိုက်စမ်းပါ ကိုအောင်က ရက်ချိန်းလို မဟုတ် ဘူး နှင်းဥရယ်"

ရက်ချိန်းနာမည် ကြားလိုက်တော့ နှင်းဥ မျက်ဝန်းမှာဒေါသအရိပ် ယောင်တွေလက်လက်ဖြာသွားတယ်။

"သူ့စိတ်ဓာတ်ကို နှင်းဥ ကောင်းကောင်းကြီး သိသွားခဲ့ပါပြီ

ကိုအောင် အဖေဆုံးတာတောင် နှင်းဥတို့အိမ်ဘက် တစ်ချက်လှည့်မလာဘူး"

နှင်းဥရဲ့အပြစ်တင်စကားကြားမှ အောင်ချိန်းသတိရမိတာ ရက်ချိန်းပြောဖို့မှာလိုက်တဲ့စကား၊ ထိပ်တုံးဒဏ်နဲ့ ရက်ချိန်း လမ်းကောင်းကောင်းမလျှောက်နိုင်တာ နှင်းဥ မသိဘူး။

ဒါပေမဲ့ ရက်ချိန်းအပေါ် စေတနာမရှိတာနဲ့ အောင်ချိန်းဘာမှပြန်မပြောဖြစ်ပါဘူး။

"ရွာထဲမှာ ပြောနေကြတဲ့စကားတွေ နှင်းဥ ပြန်ကြားရပါတယ် သူ မဟုတ်ဘဲနဲ့ ထိပ်တုံးခတ်ခံရလို့ နာကျည်းနေတာတဲ့ သူ့ကျိန်စာတိုက်လို့ အဖေ မြွေပေါက်ခံရတာတဲ့လေ"

ရက်ချိန်းအပေါ် နာကျည်းမှုတွေဖော်ထုတ်နေတဲ့ နှင်းဥစကားတွေကို အောင်ချိန်း ခပ်မဆိတ်ဘဲ နားထောင်နေလိုက်တယ်။

"သူတို့ပြောတာတွေ မယုံချင်ပေမယ့် ရက်ချိန်း စိတ်နာနေလို့သာ အဖေ့အသုဘကို သူရောက်မလာတာပေါ့"

"နှင်းဥရယ် အားလုံးအတွက် ကိုအောင်ကပဲ တောင်းပန်ပါတယ်"

"ရပါတယ် ကိုအောင်၊ နှင်းဥ ကိုအောင့်ကို နားလည်သလို ရက်ချိန်းကိုလည်း သံယောဇဉ်ဖြတ်လိုက်ပါပြီ"

အတ္တကြီးတယ်ပဲပြောပြော နှင်းဥ စကားကြောင့် အောင်ချိန်းစိတ်အေးသွားရတယ်။ နှင်းဥနဲ့ ဒီကောင် မပတ်သက်လေ ကောင်းလေပဲ။

■ ■ ■

## အခန်း (၂၃)

နှင်းဥအဖေ ရက်လည်ပြီးသွားမှပဲ နှင်းဥတို့ခြံဝင်းကလေး ပုံမှန်
ိုင်း ပြန်တိတ်ဆိတ်သွားတယ်။

အောင်ချိန်းတို့သားအဖလည်း ရွာထဲမှာ ပုံမှန်သွားလာ အလုပ်
ိုင်တော့တယ်လေ။

အဖေ့အလောင်း မြေကျသွားမှပဲ သောကတွေ တစ်ခန်းရပ်ပြီး
ဘတ်အတွက် တွေးဖြစ်တော့တယ်။ အမေလည်း အဖေမပါတော့တဲ့
ိုကိုတွေးရင်း ရင်မောနေမှာ သေချာပါတယ်။

နှင်းဥလည်း လယ်အလုပ်ယာအလုပ်တွေနဲ့ ပတ်သက်ပြီး ထမင်း
လောက်ပဲ လုပ်ဖူးတာလေ။ တွေငေးပြီး ငိုင်နေတဲ့ နှင်းဥနားကို
င်းမြ ရောက်လာတယ်။

"သမီး ဘာမှအားမငယ်နဲ့နော် အမေရှိတယ် သိလား"

နှစ်သိမ့်တော့မှ ပိုဝမ်းနည်းသွားရလို့ နှင်းဥအမေ့ရင်ခွင်ထဲ တိုးဝင်
ိုလိုက်တယ်။ ဒီတော့မှ သားအမိနှစ်ယောက်ရဲ့ မျက်ရည်တွေ ပေါင်း
သွားတော့တာ။

"အမေ့ကို သမီးကူမယ် သမီးတို့နှစ်ယောက် ယာထဲအတူတူ ဆင်းကြတာပေါ့နော်"

"မဖြစ်ပါဘူးကွယ် သမီးက ပင်ပင်ပန်းပန်း ဘာမှလုပ်ဖူးတာမှ မဟုတ်ဘဲ"

ပြောလို့သာပြောနေရတာ အားပေးတဲ့အမေကိုယ်တိုင် အားယုတ်နေတယ် ဒီသားအမိနှစ်ယောက်ထဲ ရှေ့ဆက်ဖို့ဆိုတာ မလွယ်မှန်းကြိုတွေးခဲ့ပြီးသား။ သူသာ မျက်စိမှိတ်သွားရင်တော့ သမီး တစ်ယောက်ထဲ လောကအလယ်မှာ ယောင်ချာချာနဲ့ကျန်ရစ်ခဲ့တော့မှာ။

ကိုလှဆောင်ရဲ့ အသုဘရက်တွေတုန်းကတော့ ကူညီဝိုင်းဝန်းစောင့်ရှောက်မယ့်သူတွေ အများကြီးရယ်။ အခုတော့ အဲဒီလူတွေ တစ်ယောက်မှ မရှိကြတော့ဘူး။ အင်းလေ ဘယ်သူကကော သွေးမတော်သားမစပ်နဲ့ အမြဲတမ်းလာပြီး စောင့်ရှောက်နိုင်မှာလဲ။

ဘဝအမော ရသကို မြည်းစမ်းခွင့်ရလို့ စိတ်ဓာတ်တွေ ချတ်ခြံကျနေတဲ့ အခိုက်မှာပဲ

"ဒေါ်လေးမြ"

သားအမိနှစ်ယောက် အတွေးကိုယ်စီနဲ့ ရင်မောနေတုန်းမှာပဲ ကြားလိုက်ရတဲ့ခေါ်သံကြောင့် လှည့်ကြည့်မိတော့

"ဟင် မောင်ရက်ချိန်း"

"ဟုတ်ကဲ့ ဒေါ်လေးမြ ကျွန်တော် တက်ခဲ့မယ်နော်"

"အေး ေအး တက်ခဲ့လေကွယ် လာ လာ"

မမျှော်လင့်ဘဲ ရက်ချိန်းကို မြင်လိုက်လို့ ဒေါ်နှင်းမြအံ့ဩသွားပေမယ့် ဖော်ဖော်ရွေရွေပဲ ဖိတ်ခေါ်တယ်။ နှင်းဥကတော့ ရက်ချိန်းကို စူးစူးဝါးဝါး စိုက်ကြည့်နေတယ်။

"ဦးလေးရဲ့ ရက်လည်တုန်းက ထိပ်တုံးဒဏ်ကြောင့် ကျွန်တော်လမ်းတောင်လျှောက်လို့ မရလို့ မလာဖြစ်ခဲ့တာပါ ဒေါ်လေးမြရယ်"

နှင်းဥက ရက်ချိန်း ဝင်ထိုင်လိုက်တာနဲ့ ဆတ်ခနဲ ထပြီးအိမ်ခန်းထဲဝင်သွားတယ်။ ဒေါ်လေးမြက နှင်းဥ အပြုအမူအတွက် အားနာသွားသလိုမျိုးနဲ့ ရက်ချိန်းကို လှမ်းကြည့်တယ်။

ရက်ချိန်းက မသိသလို ဟန်မပျက်ဆက်ထိုင်ပြီး စကားပြော

နေတယ်။

"ကျွန်တော် တကယ်စိတ်မကောင်းဘူး ဒေါ်လေးမြ ဦးလေးဆောင် မသေသင့်ဘဲသေရတာ ဒေါ်လေးမြတို့ခြံထဲမှာ မြွေတွေတုန်းက ကျွန်တော် အသေရိုက်သတ်နိုင်ခဲ့ရင် ဒီလိုဖြစ်မှာမဟုတ်ပါဘူးဗျာ"

ရက်ချိန်း ရင်ထဲကခံစားချက်အတိုင်းပြောတော့ ဒေါ်လေးမြ ယုံမလဲဖြစ်ရတယ်။ အဲဒီတုန်းက ရက်ချိန်းကို အားလုံးက မယုံကြည်ဘဲ အထင်အမြင်သေးခဲ့ကြတာကိုး။

"မင်းအတွက်လည်း ဒေါ်လေးမြ စိတ်မကောင်းပါဘူးကွယ် အမှန်ကိုမသိကြတော့ မင်း အတော်ဒုက္ခရောက်ခဲ့မှာပဲနော်"

"ရပါတယ် အဲဒီအတွက် ကျွန်တော် ဘာမှမခံစားရတော့ပါဘူး အခုလည်း ဒေါ်လေးမြဆီ ရောက်လာတာ ခွင့်တောင်းစရာတစ်ခုရှိလို့ပါ"

"ဘာများလဲ မောင်ရက်ချိန်း"

"ဦးလေးဆောင် သေရတာ ကျွန်တော့် ပယောဂမကင်းဘူးလို့ ကျွန်တော် ခံစားနေရတာ အဲဒါကြောင့် ဒေါ်လေးမြတို့ သားအမိကို ကျွန်တော် ကူညီချင်တယ်"

"ဘယ်လို မောင်ရက်ချိန်း"

"ဒီလိုပါ ဒေါ်လေးမြ ကျွန်တော့်ကို ဒေါ်လေးမြရဲ့တူသား တစ်ယောက်လို သဘောထားပါ။ ဒေါ်လေးမြနဲ့နှင်းဥအတွက် ဦးလေးဆောင်ရဲ့ ယာခင်းကို ကျွန်တော် တာဝန်ယူ လုပ်ကိုင်ပေးပါရစေ"

ရက်ချိန်းစကားက အံ့ဩစရာကောင်းနေလို့ ဒေါ်နှင်းမြဘာစကားမှ မဆိုနိုင်ဘဲ တွေတွေကြီးငေးကြည့်နေမိတယ်။ သူ့မိဘ ယာခင်းကိုတောင် မလုပ်တဲ့ ရက်ချိန်းက သူတို့အတွက် ယာလုပ်ပြီးကူညီမလို့တဲ့။

ဒေါ်လေးမြက ယောင်တောင်တောင် ခေါင်းညိတ်မိတော့ ရက်ချိန်း ဝမ်းသာအားရနဲ့

"ဒါဆို မနက်ဖြန်ကစပြီး ကျွန်တော် ယာထဲဆင်းမယ်နော်"

"အေး အေး သာဓုပါကွယ် သာဓု သာဓု"

ဒေါ်လေးမြ ကယောင်ကတမ်းနဲ့ ခွင့်ပြုမိပြီး သာဓုခေါ်လိုက်တယ်။ ရက်ချိန်း နှုတ်ဆက်ပြန်သွားတော့ ဒေါ်လေးမြ ငူငူငိုင်ငိုင်ကြီးကျန်ခဲ့တယ်။ ဒီအချိန်မှာ နှင်းဥ နောက်ဖေးပေါက်က ပြေးဆင်းသွားတာ။

ခြံထဲကထွက်သွားတဲ့ ရက်ချိန်းနောက် နှင်းဥ ပြေးလိုက်ခဲ့တယ်။

"ရက်ချိန်း နေဦး"

နှင်းဥအသံကြောင့် ရက်ချိန်း လှည့်ကြည့်တယ်။ နှင်းဥကသူ့ရှေ့မှာရပ်ပြီး စူးစူးစိုက်စိုက် မျက်ဝန်းတွေနဲ့ ကြည့်နေတယ်။ မျက်နှာထားကမာကျောနေတာကိုလည်း သတိပြုမိလိုက်တယ်။

"နှင်ပြောသွားတာတွေ ငါအကုန်ကြားတယ် ရက်ချိန်း"

"ဟုတ်တယ် နှင်းဥ အဲဒါ ငါ့စေတနာပါ"

"စေတနာ ဟုတ်လား ငါ မယုံဘူး ရက်ချိန်း။ နှင်ဘယ်တုန်းကကောင်းတာလုပ်ခဲ့ဖူးလို့လဲ၊ ငါ့အပေါ်မှာရော နှင်ဘာကောင်းခဲ့သလဲဟင်တွဲလုံးလက်ထဲ တွန်းပို့ခဲ့သေးတာပဲ မဟုတ်လား။ နှင့်စိတ်ထဲမှာ ဘာရှိတယ်ဆိုတာ ငါ သိတယ် ငါ့ကြောင့် ထိပ်တုံးခတ်ခံခဲ့ရတာကို မကျေနပ်လို့အဖေ့ကိုတောင် ကျိန်ဆဲခဲ့ဦးမှာပဲ မဟုတ်လား"

နှင်းဥ သူပြောချင်တာတွေ အားလုံးပြောပြီးသွားတဲ့အထိ ရက်ချိန်းခတ်မဆိတ်ပဲ နားထောင်ပေးလိုက်တယ်။

"နှင်ပြောချင်တာတွေ ကုန်ပြီလား"

"သိပ်အရေးကြီးတာ ကျန်နေသေးတယ် ရက်ချိန်း ငါတို့သားအမိကို နှင်ကူညီမယ်ဆိုတာလေ ငါလုံးဝ လက်မခံဘူး နှင့်အကူအညီငါတို့မလိုအပ်ဘူး ယုံလည်းမယုံကြည်ဘူး"

"အဲဒါနှင့်အပိုင်းလေ ငါ့ဘက်ကတော့ ငါလုပ်ချင်တာကို လုပ်ရမှာပဲ ငါ့ဆုံးဖြတ်ချက်ကို ဘယ်သူမှတားလို့မရဘူး နှင်မယုံလည်း ငါဂရုမစိုက်ဘူး ငါလုပ်မယ့်ကိစ္စကို သိကြားမင်း ဆင်းတားတောင် မရဘူးနှင်းဥ"

မီးဝင်းဝင်းတောက် မျက်ဝန်းတွေနဲ့ နှင်းဥ သူ့ကို ကြည့်နေတယ်ရက်ချိန်းကလည်း နှင်းဥမျက်ဝန်းတွေကို တည့်တည့်ရင်ဆိုင်ကြည့်ပစ်လိုက်တယ်။ အရင်ဆုံး အကြည့်လွှဲသွားရတာ နှင်းဥပါ။

"နှင်က ရွာထဲကလူတွေရဲ့ ဂုဏ်ပြုချီးကျူးတာကို ခံချင်လို့ ငါတို့မိသားစုကို ကူညီမှာ မဟုတ်လား။ ငါကတော့ လုံးဝအထင်မကြီးဘူးပြီးတော့ နှင့်ကို ငါ အရမ်းမုန်းတယ် ရက်ချိန်း သိလား"

စကားအဆုံးမှာ နှင်းဥ လှည့်ထွက်သွားတယ်။ ပိုးပိုးပေါက်ပေါက်

ပြုတ်ကျကျန်ခဲ့တဲ့ နှင်းဥရဲ့မျက်ရည်စတွေကိုလည်း မြင်လိုက်ရတယ်လေ။ နှင်းဥက သူ့ကိုဘာကြောင့် မယုံကြည်တာလဲ။

နှင်းဥပြောသလို အမျှားရဲ့ ဂုဏ်ပြုလက်ခုပ်သံကို သူမျှော်နေတာ မဟုတ်ဘူး။

ရက်ချိန်းဆိုတဲ့ကောင်က ယုံကြည်ရာဘဝမှာပဲ ရှင်သန်တတ်တဲ့ သူဆိုတာ နှင်မသိသေးပါဘူး နှင်းဥ။

■ ■ ■

## အခန်း (၂၄)

"ဘာရယ် ရက်ချိန်းက နှင်းဥတို့ ယာတွေ ကူလုပ်ပေးမယ် ဟုတ်လား အဖေ"

"ဟုတ်တယ် သားကြီး သားငယ်က ကိုလှဆောင် သေရတဲ့ကိစ္စမှာ သူ့ပယောဂ မကင်းဘူးလို့ယူဆပြီး ဒီလို ဆုံးဖြတ်လိုက်တာတဲ့"

အမေက ဂုဏ်ယူဟန်နဲ့ရှင်းပြတယ်။ အဖေကတော့ ပက်လက်ကုလားထိုင်မှာထိုင်ရင်း ဆေးပေါ့လိပ်ဖွာရှိုက်ရင်း ငြိမ်သက်နေတယ်။

"အံ့သြစရာကြီး အမေရာ ယာခင်းထဲ ယောင်လို့ခြေမချဖူးတဲ့ကောင်က"

"အင်း ဒီကိစ္စ ဒီကောင် မင်းအမေဆီမှ ခွင့်တောင်းပြီးမှ လုပ်တာ ဟုတ် မဟုတ်တော့ စောင့်ကြည့်ရမှာပေါ"

အောင်ချိန်း မယုံဘူး။ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ရက်ချိန်းဘာတွေကြံစည်နေပြန်ပြီလဲ။

"ကျုပ်သားက ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်ပါတယ်တော် ဘာပဲဖြစ်ဖြစ် သားငယ် ခုလိုပြောင်းလဲလာတာ ကျုပ်တော့ ဝမ်းသာတယ်"

"အင်း သူ့တွဲဘက် တွဲလုံးလည်း မရှိတော့ဘူးဆိုတော့ ဒီကောင်

ကယ်လိမ်မာတာလည်းဖြစ်နိုင်တယ် ဒါဆိုရင် မနှင်းမြတို့အတွက် ဝမ်းသာ ာပဲပေါ့"

"ကျုပ်မနေ့က နှင်းမြနဲ့တွေ့ပါတယ် သူလည်းဝမ်းသာနေရှာတာ းငယ်သာ တကယ်ပြောင်းလဲသွားရင် တစ်ရွာလုံးရဲ့သူ့အပေါ်အမြင်တွေ ည်း ပြောင်းသွားမှာပေါ့နော်"

"ဒါပေါ့ ဒီကောင်ဆိုးမယ့်သာဆိုးနေတာ သူတစ်ပါးနစ်နာအောင် တော့မလုပ်ဖူးပါဘူး မဟုတ်ကဟုတ်ကစွပ်စွဲပြီး ထိပ်တုံးခတ်ခံရအောင် ပ်ခဲ့တဲ့သူကိုလည်း စိတ်မနာဘူး အဲဒါချီးကျူးစရာပဲကွ"

ရက်ချိန်းအပေါ် အဖေ့အမြင်တွေပါပြောင်းနေလို့ အောင်ချိန်း ပ်ညြရတယ်။ သူ တကယ် လိမ်မာတာလား ဒါမှမဟုတ် နှင်းဥတို့ းအမိကိုကူညီပြီး နှင်းဥ ရင်ထဲက အမုန်းတရားတွေကို ချေဖျက်ဖို့ ွားနေတာ လား။

ဒီလုပ်ရပ်တွေကြောင့် ရက်ချိန်းအပေါ် နှင်းဥ ငြိတွယ်သွားရင် က်လို့တွေးပြီး စိုးရိမ်ပူပန်လာရတယ်။

"သားကြီးက စိတ်ချရပြီးသား အခု သားငယ်လည်း လိမ်မာလာ တော့ အိမ်ထောင်တွေ ဘာတွေကျပြီး ခြေငြိမ်သွားရင်ကောင်းမှာ"

"အမလေး ငွေခင်ရယ် မင်း သားလိမ်မာတာ သေချာပါစေဦးကွာ တွေမစောပါနဲ့. ဟ ဟား ဟား ဟား"

"ရှင်နဲ့ ကျွန်မ မသေခင် မြေးတွေနဲ့ ပျော်ပျော်ပါးပါး နေသွားချင် တာပေါ့ ကိုဘသော်ရယ်"

"ဒါဆိုရင်လည်း အလှည့်မကျော်စေနဲ့လေကွာ ကိုင်း သားကြီး က အစ်ကိုနော် ရက်ချိန်းထက် စွမ်းဖို့တော့လိုတယ်ကွ"

"ဟာဗျာ အဖေကလည်း"

အောင်ချိန်း မျက်နှာကြီးနီရဲအောင် ရက်သွားတော့ အဖေက ားဟားအော်ပြီး ရယ်တယ်။ အမေက အောင်ချိန်း ပခုံးကိုပွတ်သပ်

"ကျုပ်သားကြီးက လူရိုးလူအေးဆိုတော့ ကျုပ်အတွက်ချွေးမ ပါဘူး။ အငယ်ကောင်မှာသာ နာမည်ဆိုးနဲ့မို့ ခက်နေတာ၊ ဒီတော့ က အကြီးပီပီ ဦးစားပေးလိုက်ပေါ့နော်"

အမေကေ ရယ်သလို မောသလို ပြောလိုက်ပေမယ့် အောင်ချိန်း ရင်ထဲ မောပဲ့ကိုက်သွားရတယ်။ ရက်ချိန်းကို အလျော့ပေးရမယ်တဲ့။ မဖြစ်နိုင်ဘူး အမေ နှင်းဥနဲ့ပတ်သက်လာရင် သားဘယ်သူ့ကိုမှ အလျော့မပေးနိုင်ဘူး။ ရက်ချိန်းဆိုတဲ့ကောင်က နှင်းဥကို တွဲလုံး လက်ထဲတောင် အရောက် ပို့ဖို့ကြိုးစားခဲ့တာ။

နှင်းဥအပေါ် မေတ္တာသက်ဝင်တာတော့ မဖြစ်နိုင်ဘူး။ ဖြစ်လာမယ် ဆိုရင်လည်း ဒီကောင် တမင် အကွက်ချကြံစည်တာပဲဖြစ်ရမယ်။

မဖြစ်သေးပါဘူး ရက်ချိန်းကို လျော့တွက်ထားလို့မရဘူး ယာထဲ မှာ သူတို့နှစ်ဦးအတူရှိကြတာ ကြာရင် သံယောဇဉ်တွယ်သွားနိုင်တယ်။ အဲဒီလို နီးစပ်သွားမှာကိုတော့ ဘယ်နည်းနဲ့မှအဖြစ်မခံနိုင်ဘူး။

အတ္တကြီးတယ်ပဲဆိုဆို ရာဇဝင်ထဲက ရာမနဲ့လက္ခဏာလို ညီ အစ်ကိုစိတ်မျိုးတော့ ဘယ်လိုမှမထားနိုင်ဘူး။

အဲဒီညက မနက်စောစော နှင်းဥတို့ယာထဲ ဆင်းမယ်ဆိုပြီး ရက်ချိန်း စောစောအိပ်သွားပေမယ့် အောင်ချိန်း ဘယ်လိုမှ အိပ်မပျော်ဘူး။

ဦးလှဆောင် နာရေးတုန်းက နှင်းဥနားမှာ နေခွင့်ရခဲ့တဲ့ အချိန်တွေ ကို ပြန်လွမ်းနေမိတယ်။ အပူစိတ်နဲ့ နှင်းဥက မှုန်နံ့သာမတင်နိုင်တာတောင် ရှင်းသန့်နမွတ်နေအောင် လှနိုင်သေးတယ်။ အားငယ်နေတဲ့မျက်နှာလေး သနားစရာမျက်ဝန်းလေးတွေနဲ့ နှင်းဥရဲ့ကိုယ်သင်းနံ့ကို ခိုးပြီးရှူရှိုက်ရင်း နှင်းဥကို ပိုပြီးတပ်မက်လာခဲ့ရတယ်။

နှင်းဥကို ပိုင်ဆိုင်ခွင့်သာရခဲ့ရင် အောင်ချိန်းဘဝမှာ အားလုံး ပြည့်စုံပြီ။ ပြီးတော့ သူနဲ့နှင်းဥကြားမှာလည်း နားလည်မှုတွေနဲ့ မျက်လုံးချင်း စကားပြောနိုင်ခဲ့ကြတယ်လို့လည်း သူယုံကြည်နေတယ်။

အင်း ရက်ချိန်းကိုတော့ ဘယ်နည်းနဲ့မှ အခွင့်အရေး မပေးနိုင်ဘူး ဒီ့အတွက်…။

■ ■ ■

## အခန်း (၂၅)

"ဒီကောင် စေတနာနဲ့ကူညီနေတယ်ဆိုတာကြီးကို ကိုအောင် ...ချင်တာ ဒီကောင့်အကြောင်း နင်းဥလည်း အသိပဲ မဟုတ်လား တော် ... နင်းဥတို့ကို ဒုက္ခပေးသလိုဖြစ်နေမှာစိုးလို့ပါ"

"နင်းဥလည်း ကိုအောင့်လိုပဲ သူ့ကို မယုံပါဘူး သူကူညီတာကို ...ည်း လက်မခံချင်ဘူး အမေကခွင့်ပြုထားလို့ မပြောသာတော့တာ ...လေး ငွေခင်ကလည်း ရက်ချိန်းဆန္ဒကိုလက်ခံပေးပါလို့ တိုက်တွန်းတယ် ..."

"အမေက ရက်ချိန်း စကားကို ယုံနေတာကိုး တကယ်ဆို အမေ ...တာတွေ အများကြီး တွဲလုံးနဲ့ကိစ္စလိုမျိုးပေါ့ ပြီးတော့လည်း ကိုအောင် ...က ညီအစ်ကိုတွေ ဆိုပေမယ့် စိတ်ဓာတ်က တခြားစီပါ ဒီကောင့် ...ကြောင့် ကိုအောင်နဲ့နင်းဥကြားက ဆက်ဆံရေးကို မထိခိုက်စေချင်ဘူး။

"နင်းဥနားလည်ပါတယ် ကိုအောင် အမေ့ကြောင့် လက်ခံထား ...မယ့် သူနဲ့မဆုံအောင်ကို ရှောင်နေလိုက်တာ သူ့ကို နင်းဥ သံယောဇဉ် ...သွားပါပြီ ကိုအောင်ရယ်"

စိတ်ပျက်နာကျည်းမှုတွေနဲ့ ပြီးပြီးပြတ်ပြတ်ပြောလာတဲ့ နင်းဥ ...တွေကြောင့် အောင်ချိန်း ရင်ထဲက အပူလုံးကြီး လျော့ကျသွားခဲ့

ရတယ်။

"ဖြစ်နိုင်ရင် ရက်ချိန်းကိုယ်စား ကိုအောင်ပဲ နှင်းဥတို့ကို ကူညီ လိုက်ချင်တာ သိတဲ့အတိုင်းပဲ အဖေ တစ်ယောက်ထဲ နိုင်မှာမဟုတ်လို့သာ"

"မလိုပါဘူး ကိုအောင်ရယ် ကိုအောင့်မှာလည်း မိသားစုတာဝန် တွေရှိနေတာ နှင်းဥ သဘောပေါက်ပါတယ်၊ တကယ်ဆို ရက်ချိန်းက အိမ်အလုပ်ပဲ ဝိုင်းကူသင့်တာ"

"ကိုအောင်တို့ယာထဲ သူ့ကိုခေါ်သွားဖူးပါတယ်။ စိုက်ခင်းတွေ ပျက်စီးတာပဲ အဖတ်တင်တယ်၊ နှင်းဥတို့ယာတွေလည်း အဲလိုဖြစ်မှာ ကိုအောင် စိုးရိမ်နေတာ"

"စိတ်မပူပါနဲ့ ကိုအောင် သူ့လုပ်ရပ်က ကူညီရာမရောက်လို့က တော့ နှင်းဥကိုယ်တိုင် မောင်းထုတ်ပစ်မှာ"

နှင်းဥရဲ့ စကားအသွားအလာ အရ စိတ်ချစရာတွေချည်းပဲမို့ အောင်ချိန်း ရင်အေးပြီး ပြန်လာခဲ့တယ်။ နာမည်ပျက်ရှိခဲ့ဖူးတဲ့ သူ့ဘယ်လို ပဲကောင်းအောင် ကြိုးစားကြိုးစား အရိုးစွဲနေတဲ့ သူတွေရဲ့အမြင်ကို ပြောင်းပစ် ဖို့ မလွယ်ပါလားဆိုတဲ့ အသိနဲ့ စိတ်ချမ်းသာသွားရတယ်။

ဒါပေမဲ့ ရက်ချိန်းက တကယ်ပြောင်းလဲသွားတာ အဖေနဲ့အမေ လည်း အကြီးအကျယ် စိတ်ချမ်းသာနေကြလေရဲ့။ ရက်ချိန်း လိမ်မာလေ စိတ်ဆင်းရဲလေ ဖြစ်နေရတာက အောင်ချိန်းပါပဲ။

ခုဆို ယာခင်း အလုပ်သိမ်းပြီးလို့ ပြန်ရောက်တာနဲ့ အပြင်မထွက် တော့ဘူး။ အရက်လည်း မသောက်တော့ဘူး။ အမေတို့နဲ့ စကားပြောရင် ပြော၊ စာဖတ်ရင်ဖတ်နဲ့ တကယ့်ကို ဣန္ဒြေရနေတာ။ အလုပ်ကလွဲရင် ဘာကိုမှစိတ်မဝင်စားတဲ့ ဟန်နဲ့။

တစ်ပတ်ဆယ်ရက်အတွင်း ရွာထဲက လူတွေရဲ့အမြင်ကို ရက်ချိန်း က ပြောင်းပစ်လိုက်နိုင်တယ်။ ဒေါ်လေးမြကတောင် ရက်ချိန်းယာလုပ်တာ စေ့စပ်သေချာစနစ်ကျကြောင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့ဝယ်တာကအစ အပင်ပျိုးတာ အလယ် စိုက်ခင်းဖော်တာအဆုံး အားလုံးကိုကောင်းကောင်း လုပ်နိုင်တယ်ဆိုပြီး ချီးကျူးနေတာ။

အောင်ချိန်းက မယုံသလိုပြုံးနေတော့ ဒေါ်လေးမြက မင်း မယုံရင် ဒေါ်လေးမြတို့ ယာထဲတစ်ရက်လောက် လာကြည့်လှည့်စမ်းလို့တောင်

ဝုံဝုံခေါ်နေသေးတာ။

ဒီကောင်မရှိတုန်း သူ့အခန်းထဲဝင်ကြည့်တော့လည်း သူလေ့လာတဲ့ စိုက်ပျိုးရေးပညာပေးစာအုပ်တွေဆိုတာ မနည်းမနော။ အခြေအနေအရ ရက်ချိန်းကို လန့်လာတာတော့ အမှန်ပဲ။ အင်း ရက်ချိန်းနဲ့ ပွင့်လင်းလင်း ဆွေးနွေးကြည့်ရင် ကောင်းမယ်ထင်တယ်။

■ ■ ■

"နေစမ်းပါဦး ကိုအောင်ရ ဒါတွေ ငါ့ကိုဘာလို့လာမေးနေရတာလဲ"

"ငါသိချင်လို့ပေါ့ကွာ အိမ်အလုပ်ကိုလုံးဝစိတ်မဝင်စားတဲ့ကောင် ထဲလုံးဝမဆင်းဘူးလို့ ကြွေးကြော်ထားတဲ့ကောင်က အခုလိုပြောင်းလဲ တာ ဘာကြောင့်လဲ"

အောင်ချိန်းက ရက်ချိန်း မျက်ဝန်းကို အလစ်မပေးဘဲ စူးစိုက် ရင်း မေးတယ်။ ရက်ချိန်းကလည်း တန်ပြန်အကြည့်တွေနဲ့ တည်တည် ငြိမ်ဖြေတယ်။

"ဟိုမြွေကို အပြတ်မရှင်းနိုင်တဲ့ ငါ့ရဲ့ ပေါ့ဆမှုကြောင့် နှင်းဥတို့ အမိအခုလို ဒုက္ခတွေကြုံခဲ့ရတာ ဒါကြောင့် ငါပြန်ပေးဆပ်နေတာ အောင်"

"ဒါဆိုရင်တော့ ကောင်းပါတယ်၊ မင်းလိမ်မာသွားလို့ တစ်ရွာလုံး ချီးကျူးနေကြတာကွ"

"ချီးမွမ်းတာတွေ ကဲ့ရဲ့တာတွေ ငါ ဂရုမစိုက်ဘူးကွာ ငါ့စိတ်က တယ် နှင်းဥကို ဘာမျှော်ကိုးချက်မျိုးမှ မပါဘဲ ကူညီနေတာ"

"ဟော့ကောင် ငါက မျှော်ကိုးပြီး ကူညီတာလို့ ပြောလိုက်တာလား"

"ကိုယ့်ဟာကိုယ် သိမှာပေါ့ ငါတော့ စိတ်မဝင်စားဘူး"

ရက်ချိန်းရဲ့ စွပ်စွဲချက်ကြောင့် အောင်ချိန်းမျက်နှာ နီသွားပေမယ့် နေတာတစ်ခုအတွက် တိတိကျကျအဖြေရအောင် မေးကြည့်လိုက် ယ်။

"မင်း နှင်းဥနဲ့တွဲလုံး နီးစပ်အောင် ကူညီနေတုန်းပဲလား"

"အဲဒါလည်း ပြီးသွားပါပြီကွာ နှင်းဥကစိတ်မဝင်စားသလို တွဲလုံး ည်း လက်လျှော့သွားပြီ။ ရွာမှာလည်း ဒီကောင် မရှိတော့ဘူးလေကွာ"

အောင်ချိန်းစိုးရိမ်နေတာ တစ်ခုထပ်လျှော့သွားလို့ ကျေကျေနပ်နပ်နဲ့ သက်ပြင်းချလိုက်တယ်။

"ကဲ မင်း သိချင်တာ ဒါပဲမဟုတ်လား ငါအိပ်တော့မယ်"

"အင်း နေပါဦးကွာ မင်းနဲ့ငါက ညီအစ်ကိုတွေပါ အဲဒီအတွက် ငါပွင့်ပွင့်လင်းလင်း ပြောပြထားချင်တယ်၊ ငါနှင်းဥကို ဘဝကြင်ဖော်အဖြစ် ရည်ရွယ်ထားတယ်ကွာ"

"အဲဒါလည်း ငါရိပ်မိနေသားပဲ ကိုအောင်"

"ဟင် ဘယ်လိုလုပ်သိလဲ"

"သူ့အဖေ နာရေးမှာ မင်းလုပ်ရပ်တွေက လူပြောစရာဖြစ်အောင် သိသာနေတာကိုးကွာ ရွာထဲမှာ မင်းအကြောင်းက မကြားချင်အဆုံးဘဲ"

"ဟင် ဟုတ်လား ငါ့အဖြစ်က ပြောစရာတောင် ဖြစ်နေပြီလား"

အောင်ချိန်း မျက်စိပျက် မျက်နှာပျက် ဖြစ်နေတာကိုကြည့်ပြီး ရက်ချိန်းက ဘုတောတယ်။

"ကြိုက်ရင်လည်း ကြိုက်တယ်ပေါ့ ဘာရှက်စရာရှိလဲ မြန်မြန်ဖွင့်ပြောလိုက် ဘာလဲ ငါ့ကိုအကူအညီတောင်းမလို့လား အဲဒါတော့ မဖြစ်ဘူးနော် နှင်းဥက ငါ့ကို အယုံအကြည်ရှိတာ မဟုတ်ဘူး"

"အေးပါကွာ ငါကလည်း မပြောခိုင်းချင်ပါဘူး ကိုယ့်ဟာကိုယ်ပဲ ဖွင့်ပြောချင်တာ"

"ဒါဆိုလည်း ဆက်လုပ် ငါအိပ်တော့မယ်"

ရက်ချိန်း အိမ်ပေါ်တက်သွားတော့ အောင်ချိန်းရင်ထဲ အတော့်ကို လွတ်လပ်ပေါ့ပါးသွားတယ်။ ရက်ချိန်းကိုအသိပေးထားလိုက်ပြီဆိုတော့ ဒီကောင်လည်း ဆင်ခြင်သွားမှာ။ အရေးကြီးတာက နှင်းဥကိုဖွင့်ပြောဖို့ပဲ၊ သူသာ ဖွင့်ပြောရင် နှင်းဥ ငြင်းမှာမဟုတ်ဘူးလို့လည်း သူယုံနေတယ်၊

ကောင်းကင်မှာ ရွှန်းရွှန်းပပပြည့်ပြည့်ဝဝ သာနေတဲ့ လမင်းကို မျှော်ငေးရင်း အောင်ချိန်းမှာလည်း အပြုံးရိပ်တွေ ဖြာဝေလို့ပဲပေါ့။

■ ■ ■

## အခန်း (၂၆)

နင်းဥတို့သားအမိကို ကူညီရင်း ပြောင်းလဲသွားတဲ့ရက်ချိန်း ကြောင်းက ရွာထဲမှာပြောစမှတ်ဖြစ်သွားတယ်။ လူတွေရဲ့ပါးစပ်ပေါက် ကာ အလကားရတဲ့လေကိုသုံးပြီး ဖွတာတ်တာဆိုတော့ ကောင်းရင်လည်း မကောင်းရင်လည်းကျော်တာမျိုး။

"ရက်ချိန်း တော်တော်လိမ်မာသွားတာနော်"

"အေးဟဲ့ ငါဖြင့် ယုံတောင်မယုံချင်ဘူး။ ခုဟာက ယာထဲမှာ လုပ် လုပ်ပေးရုံတင်မကဘူး အိမ်မှုကိစ္စတွေကအစ ကူညီပေးနေတာတဲ့"

"ချီးကျူးတာ မစောကြပါနဲ့ဦးအေ စောင့်ကြည့် စောင့်ကြည့်"

"ဟုတ်ပ ရက်ချိန်း ဘာအကြံနဲ့ ကူညီနေမှန်းမှ မသိတာ တ်မှလွဲရော နင်းဥကိုများ ကြံစည်နေတာလား မသိဘူး"

"ဒေါ်လေးမြကသမီးတစ်ယောက် အရင်းပြုပြီး ထောင်ဖမ်းနေတာ း ရက်ချိန်းဆိုတာ မျိုးကောင်းတဲ့ခိုင်း နွားအေ့"

"ဒါဆို ဒေါ်လေးမြက ဒင်းကို သင်းပစ်မှာပေါ့"

"ဟား ဟား ဟား ဟား"

အတင်းရော၊ အဖျင်းရော၊ သတင်းရောစုံလင်တဲ့ ပတ်ဝန်းကျင်က


PUBLISHED BY VIEW

စကားတွေကို ရက်ချိန်း ပြန်ကြားတယ်။ ရက်ချိန်းက ဘာကိုမှဂရုမစိုက်ဘူး မနက်မိုးလင်းတာနဲ့ ယာထဲရောက်နေပြီ။

တစ်နေ့ကုန် လုပ်စရာရှိတာ လုပ်နေတာများ မနားတမ်းပဲ၊ ရေ လောင်း ပေါင်းသင်း ပျိုးနုတ် မြေသြဇာပက်၊ ဆေးဖျန်းနဲ့ အားကို မအားရဘူး ဒေါ်လေးမြကတော့ ကူလုပ်ပေးရာတယ်။ ဒါပေမဲ့ သူက ချိနဲ့နဲ့ရယ်။

ရက်ချိန်း လာပြောတုန်းက မယုံခဲ့သမျှ အခုတော့ သူ့စေတနာကို အသိအမှတ်မပြုလို့ မရတော့ဘူး၊ ယာကိစ္စတင်မကဘူး အိမ်အထိလိုက်ပြီး ထင်းခွဲ ရေခပ်အမှိုက်ရှင်းစတဲ့ အိမ်မှုကိစ္စတွေပါ လုပ်ပေးနေတာ။

နှင်းဥကတော့ ရက်ချိန်းကို လုံးဝ စကားမပြောဘူး၊ ဒေါ်လေးမြက အလိုက်အထိုက် ဆက်ဆံဖို့ ပြောရတယ်။

"သမီး အစောကြီးထဲက အမေ့ကိုပြောသားပဲ၊ သူကူညီတာကို လက်မခံပါဘူးလို့"

"ဩော် သမီးရယ် တစ်ဖက်သားက စေတနာနဲ့ ကူညီတာလေ၊ ဒီလို ပစ်ပစ်ခါခါလုပ်လို့ ဘယ်ကောင်းပါ့မလဲ"

"သမီးကတော့ မထင်ပါဘူး၊ ဒီကောင် ရွာကလူတွေ အမြင်ပြောင်း လာအောင် တမင်လုပ်ပြနေတာ ကြည့်နေ မကြာခင် အရင်လိုပြန်ဖြစ်မှာ"

"လူတစ်ယောက်ကို အမြဲတမ်း မကောင်းမြင်လို့ ဘယ်ဖြစ်မလဲ မောင်ရက်ချိန်းရဲ့ ပင်ကိုယ်စိတ်က ဖြူစင်ပါတယ်၊ ဘာမှ အငြိုးအတေး မထားဘဲ အခုလိုကူညီနေတာက သက်သေပဲလေ"

ဒေါ်နှင်းမြ ဘယ်လိုပဲ ဆုံးမ ဆုံးမ၊ နှင်းဥက မပြောင်းလဲဘူး ခပ်တည်တည်ပဲ၊ နှင်းဥ ဘယ်လိုပဲ ဆက်ဆံ ဆက်ဆံ ရက်ချိန်းက အမူအရာ တစ်ချက် မပျက်ဘူး၊ သူ့ဆုံးဖြတ်ချက်အတိုင်း ကူညီမြဲပဲ။

နေ့လယ် နှင်းဥ ထမင်းလာပို့ရင်လည်း ဘယ်တော့မှ တစ်ဝိုင်းထဲ မစားဘူး၊ ရက်ချိန်းနဲ့ ဒေါ်လေးမြပဲ အမြဲအတူစားရတာ။ တစ်ခါတလေ ဒေါ်လေးမြ အတင်းဆွဲခေါ်လို့ ဝင်စားရရင်လည်း ဘယ်သူ့မှမကြည့်ဘဲ ခေါင်းငုံ့ပြီး စားနေလိုက်တာ ထမင်းကုန်တဲ့အထိပဲ။

ကြားထဲက အားနာလာတဲ့ဒေါ်လေးမြကပဲ ရက်ချိန်းကို ဂရုစိုက် ရတော့တာ။

"ဟဲ့မောင်ရက်ချိန်း ဟင်းတွေထည့်လေ၊ ငါးလေးချက်တွေမှ

အများကြီးရယ် ထည့်စားစမ်းပါတော်"

ဒေါ်လေးမြကိုယ်တိုင် သူ့ပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေးတယ်။ နှင်းဦ မျက်နှာကို ရက်ချိန်းလှမ်းကြည့်တော့ သူ့ကိုတစ်ချက်မှ မကြည့်ဘဲ ထမင်းပဲ ငုံ့စားနေတယ်၊ ပန်းကန်ထဲက ငါးတွေကို အထီးအမ ခွဲနေတာလား မသိဘူး။

စားသောက်ပြီးလို့ တောင်းထဲ အကုန်ပြန်ထည့်သိမ်းပြီးရင်လည်း သုံလှမ်းလှမ်း အရိပ်ထဲ သွားထိုင်နေတော့တာ၊ နှင်းဦ စကားတစ်ခွန်း မပြောဘူး။ ဒေါ်လေးမြနဲ့ ရက်ချိန်းသာ ယာထဲက တဲပေါ်ထိုင်ရင်း သီးနှံကိစ္စ အရောင်းအဝယ်ကိစ္စ ပြောကြဆိုကြရတာ။

"ဒီတစ်ခေါက်ရမယ့် သီးနှံတွေ မြို့ကပွဲရုံအထိ တက်ရောင်းမလား ဒေါ်လေးမြ"

"မြို့ထိတက်ရောင်းဖို့ဆိုတာ မလွယ်ပါဘူး မောင်ရက်ချိန်းရယ်"

"ဒါလေးများ ဒေါ်လေးမြရယ် ဦးသာဖျော့ဆီက ထော်လာဂျီငှားပြီး တင်ရင် နှစ်ခေါက်မတိုက်ရပါဘူး သူများတွေလည်း ဒီလိုပဲလုပ်ကြတဲ့ဥစ္စာ"

"မောင်ရက်ချိန်း လုပ်နိုင်ရင် သဘောပဲ ဒေါ်လေးမြတော့ မပြော တတ်တော့ပါဘူးကွယ် ကိုလှဆောင်ရှိတုန်းကလည်း ဘာမှမလုပ်ခဲ့ရဘူး ကွဲ့"

"ဒါဆို ကျွန်တော် အားလုံးစီစဉ်လိုက်မယ် ဒေါ်လေးမြ သွားရောင်း တဲ့နေ့ကျ အတူလိုက်ခဲ့ပေါ့ ဘယ်လောက်ရလည်း ဆိုတာ သိရအောင် ပေါ့လေ"

"မလိုပါဘူးကွယ် မင်းကို ဒေါ်လေးမြက ယုံပြီးသားပါ"

"အင်းလေ ဒီလိုဆိုတော့လည်း ကျွန်တော်ပဲ စီစဉ်ပေးရတာပေါ့"

ဒေါ်လေးမြက တာဝန်ကုန်လွှဲအပ်လာတော့ ရက်ချိန်းဟာ သူ ကိုယ်တိုင်ပြုစု ပျိုးထောင်ထားတဲ့ သီးနှံတွေဝေဆာ သန်စွမ်းလာအောင် ကြိုးစား ပြုစုတယ်။ စိုက်ခင်း ရေဝအောင် လောင်းရတယ်ဆိုတာ လွယ်တဲ့ အလုပ်မဟုတ်ဘူး။ သည်ကြားထဲ သီးနှံတွေ ပိုးမကျအောင် ဂရုစိုက်ရသေး တာ။

ညနေအတော်လေး နေအေးမှ ဒေါ်လေးမြနဲ့ နှင်းဦက စိုက်ခင်း ထဲက ပေါင်းလေးမြက်လေး နုတ်တာလောက်ပဲ ကူကြရတာ။ ကျန်တာ

သူခြေသူ့လက်ပဲ။ တခြားစိုက်ခင်းတွေနဲ့ မတူတာက ရက်ချိန်းနဲ့ နှင်းဥ စကားမပြောလို့ တိတ်ဆိတ်ငြိမ်သက်နေတာ တစ်ခုပဲ။

တစ်နေ့တာ အလုပ်သိမ်းရင် နှင်းဥက တောင်းရွက်ပြီး တစ်ယောက်ထဲ ရှေ့ကနေ သုတ်ခြေတင်တော့တာပဲ။ ရက်ချိန်းနဲ့ ဒေါ်လေးမြသာ စကားတပြောပြောနဲ့ ပြန်လာကြတာ၊ ဒါကိုမြင်တဲ့ ရွာသားတွေက တစ်ယောက်ကိုတစ်ယောက် မေးငေါ့ ညွှန်ပြကြလို့ စကားတင်း ဆိုတတ်ကြသေးတာလေ။

"ဟိုမှာကြည့်ပါဦး သမက်နဲ့ယောက္ခမ တည့်နေလိုက်ကြတာများ"

"ဟုတ်ပ့ါ ရက်ချိန်းလို လူပေလူ့တေကို နှင်းဥတို့ ဘယ်လိုများ နဖားကြိုးထိုးလိုက်သလဲ မသိဘူး"

ရက်ချိန်းတို့ ပြောင်းလဲသွားတာကို တစ်ရွာလုံး စောင့်ကြည့်ပြော ဆိုနေကြတာ မပြီးတော့ဘူး။ ခွေးမြီးကောက် ကျည်တောက်စွပ်ပါကွာ လို့ပြောတဲ့သူတွေတောင် မောသွားကြပြီ။

ရက်ချိန်း ဘာလုပ်လုပ် မယုံပါလူး ပြောခဲ့တဲ့ နှင်းဥတောင် သူ့စကား ပြန်ရုပ်သိမ်းရမလိုဖြစ်နေပြီ။ ရက်ချိန်းက ငွေအကြွေစေ့ရဲ့ ကျော ချင်းကပ် နေတဲ့ခေါင်းနဲ့ပန်းလို လုံးဝမတူအောင်ကို ပြောင်းလဲသွား တာကို။

တစ်ယောက်နဲ့တစ်ယောက် စကားမပြောကြပေမယ့် ရက်ချိန်းရဲ့ အရိပ်က သူ့ကိုမိုးနေပြီဆိုတာ နှင်းဥ မကျေမနပ်နဲ့ လက်ခံလိုက်ရတယ်။

■ ■ ■

## အခန်း (၂၇)

အဖေရှိတုန်းက ယာထဲမှာ အလုပ်များချိန်ဆို သူရင်းငှား နှစ်ဘက်လောက် ခေါ်ပြီးလုပ်ရတဲ့အလုပ်တွေကို ရက်ချိန်း တစ်ယောက်ထဲနိုင်အောင်လုပ်တယ်။

ခဏတဖြုတ် လူမြင်ကောင်းအောင် ကူညီတာလို့ ထင်ထားခဲ့မယ့် ရက်ချိန်းလုပ်အားနဲ့ သီးနှံတွေတောင် သီးပွင့်ဝေဆာလာကြပြီ။ ချိန်းက မနေမနား အလုပ်လုပ်တုန်း အရင်က နေမခလို့ ဝင်းပြီးနေတဲ့ ရက်ချိန်းရဲ့ အသားအရည်တွေဟာ ခုတော့ နေလောင်ဒဏ်ပြီး အတော့်ကို ညိုမောင်းလာခဲ့ပြီလေ။

စွပ်ကျယ်ချိုင်းပြတ်ဝတ်ထားတဲ့ ရက်ချိန်း ခန္ဓာကိုယ်ပေါ်က ကျစ်ဖုထစ်နေတဲ့ ကြွက်သားတွေဟာ အခုမှပိုပြီး အချိုးကျ ပြေပြစ်သလိုပဲ။ စိုက်ခင်းတစ်ခုလုံး ရေထမ်းပြီးလောင်းရတဲ့ လေ့ကျင့်ခန်းနဲ့တင်ဗမာဖြစ်နေပြီ။ မရိုတ်မသင်ဘဲ ဖြစ်သလိုထားထားတဲ့ မုတ်ဆိတ်မွှေးတွေကလည်း ရက်ချိန်း မျက်နှာပေါ်မှာ ဗရပျစ်။ မြင်ရတဲ့သူအဖို့ညည်းယားစရာ။

ယာထဲ ထမင်းလိုက်ပို့တဲ့အချိန်ကစပြီး ညနေမှောင်ရီပျိုးတဲ့ အချိန်ရက်ချိန်းကို နှင်းဥ မမြင်ချင်ဘဲ မြင်နေရတာလေ။ ရက်ချိန်းက

မနက်လင်းတာနဲ့ ယာထဲရောက်နေပြီး အလုပ်သိမ်းတော့လည်း အိမ်ထိ လိုက်လာသေးတာကိုး။

အိမ်က တောက်တိုမယ်ရ အလုပ်တွေပါ အောက်ခြေသိမ်းလုပ် ပေးပြီးမှ ပြန်သွားတတ်တာ။ ဒါကြောင့် ယောကျ်ားသား မရှိတော့တဲ့ အိမ်ပေမယ့် ဓားတွေ ဓားမတွေလည်း ထက်မြနေတာပဲ၊ ခြံဝင်းထဲက ခြုံနွယ်ပိတ်ပေါင်းကအစ ရှင်းလင်းပေးတာ။ စည်းရိုးဆိုလည်း ခိုင်မှခိုင်။ နွားတွေ ခွေးတွေပါ မတိုးနိုင်အောင် ဆီးကိုင်း ဆီးခက်ပါခုတ်ပြီး ကာရံပေး ထားတာ။

ကြာတော့ ရက်ချိန်း လုပ်ရပ်တွေကို နှင်းဥ အသိအမှတ်မပြုဘဲ မနေနိုင်တော့ဘူး။ ဒါပေမဲ့ တွဲလုံးကိစ္စနဲ့ ပတ်သက်လို့တော့ ခုထိ ခွင့်မလွှတ် နိုင်သေးဘူး။ တကယ်ဆို ကိုအောင်နဲ့ရက်ချိန်းတို့ ညီအစ်ကိုကို နှင်းဥ ဟိုးငယ်ငယ်ကတည်းက သံယောဇဉ် တွယ်ခဲ့တာ။

ရက်ချိန်းဆိုတာ ကလေးကတည်းက ဂျစ်ကန်ကန်ရယ်၊ အရူးမကြီး မစာဥ ကစားတုန်း ရက်ချိန်းပေးခဲ့တဲ့ဒဏ်ရာကို စမ်းကြည့်ရင်း ငယ်ဘဝတွေ ကို နှင်းဥ သတိရနေတာ။ အဲဒီကိစ္စကြောင့် ရက်ချိန်းကို ဦးလေးဘသော် ရိုက်ခဲ့တာလည်း အရှိုးရာကို ထပ်ကရောပဲ။

ဒါပေမဲ့ ရက်ချိန်းက အငြိုးမထားဘူး နောက်နေ့ကျ ပြန်ခေါ် ပြန်ဆော့တာပဲ။ သူ့မှာပါလာတဲ့စားစရာတောင် မျှကျွေးသေးတာ။ နှင်းဥနဲ့ တခြားအဖော်တွေ ရန်ဖြစ်ရင်လည်း နှင်းဥဘက်မှာ ရက်ချိန်း အမြဲရှိတယ်၊ တစ်ခါကဆို

"ဟေ့ကောင် သံချောင်း မင်း နှင်းဥကို ဘာလို့ရန်လုပ်နေတာလဲ"

"သူ ငါ့ကို ဆဲတယ်"

"မဟုတ်ဘူး ရက်ချိန်း ငါ ယောင်သွားလို့ပါဟယ်၊ တမင်ဆဲတာ မဟုတ်ပါဘူး"

"နှင်းဥပြောတာ ကြားလား သံချောင်း ယောင်ပြီးဆဲမိတာတဲ့ မင်း မကျေနပ်ရင် ယောင်ပြီးပြန်ဆဲပေါ့ကွ"

"အေး ငါ မကျေနပ်ဘူး ပြန်ဆဲမယ် နှင်းဥ ငါ့ခါးကို တို့စမ်း ငါနင့်လို ယောင်ပြီး ဆဲမလို့"

"မတို့နဲ့နှင်းဥ သံချောင်း မင်းသိပ်ယောင်ချင်နေရင် ငါလုပ်ပေးမယ်

ပမဲ့ ခါးမတို့ဘူး မင်းနွတ်ခမ်းကြီးဖူးယောင် သွားအောင် ဟောသလို မှာ ကဲကွာ ယောင်စမ်း"

"ခွပ်"

"အား အမေရေ ရက်ချိန်း သားကိုထိုးတယ်ဗျ အီး ဟီး ဟီး"

"ကဲ မင်းနွတ်ခမ်းကြီး ယောင်လာပြီ ဆဲလေကွာ ဆဲစမ်း"

ရက်ချိန်းဆို ငယ်ကြောက်ဖြစ်နေတဲ့ သံချောင်းငိုယိုပြီး ထွက်ပြေး ားရော။ အဲဒီနောက်ပိုင်းမှာ နှင်းဥကို ဘယ်သူမှ အနိုင်မကျင့်ရဲတော့ဘူး လို သူ့အပေါ်ကောင်းခဲ့တဲ့ ရက်ချိန်းက တွဲလုံးဆီတွန်းပို့ခဲ့လို့ နှင်းဥ ာက်ထိ နာကျည်းနေတာ။

ရက်ချိန်းရယ် နှင့်အပေါ် ငါဘာကြောင့် စိတ်နာနေသလဲဆိုတာ မြင်တာလား၊ မမြင်ချင်ယောင် ဆောင်နေခဲ့တာလား။

"ငါသိချင်လိုက်တာ"

■ ■ ■

"ဟေ့ကောင် ရက်ချိန်း"

တစ်နေ့တခြား ကြီးထွားလာတဲ့ သီးနံ့တွေကိုကြည့်ပြီး ရက်ချိန်း နပ်နေတုန်း ကြားလိုက်ရတဲ့ အသံကြောင့် လှည့်ကြည့်တော့ ရေတွင်း ာ တွဲလုံးကို တွေ့လိုက်ရတယ်။

"ဟာ တွဲလုံး မင်းဘယ်တုန်းက ပြန်ရောက်တာလဲ"

လက်ထဲက ပေါက်တူးကို ပစ်ချပြီး တွဲလုံးဆီ ဝမ်းသာအားရ ာက်ခဲ့တယ်"

"မနက်က ရောက်တာ"

"ခွေးကောင် မနက်ကရောက်တာ ငါ့ဆီညနေစောင်းမှ လာရမ "

"အဖေတို့နဲ့ စကားမပြတ်လို့ပါကွာ မင်းအကြောင်း ကြားရတာတွေ ယုံနိုင်စရာပါပဲလား ခုလို ယာထဲမှာ ပက်ပင်းတွေ့တော့လည်း မယုံလို့ တော့ဘူးကွ ဟား ဟား"

ရက်ချိန်း ပခုံးကို ဆုပ်ကိုင်ရင်း တွဲလုံးက ပြောတယ်။ ရက်ချိန်း ပုံးရင်း မြေတလင်းပေါ် ထိုင်လိုက်တော့ တွဲလုံးလည်း ဝင်ထိုင်တယ်။

"ကဲ ဘာလာလုပ်တာလဲ တွဲလုံး"

"ငါ့ရွာကို ခဏပြန်လာတာ မနက်ဖြန်ပြန်မှာ"

"ဟ ဘယ်လိုဖြစ်တာလဲ ရောက်မှတော့ သုံးလေးရက်နေပါဦးကွာ"

"နေလို့မရဘူး ဟိုမှာ အလုပ်တွေတန်းလန်းနဲ့ ခုတောင်မဖြစ်မနေ ကိစ္စမို့ ပြန်လာရတာ"

"မဖြစ်မနေ ဟုတ်လား ဘာကိစ္စမို့တုန်း"

"အဟီး ဒီနှစ် ဝါကျွတ်ရင် မိန်းမတောင်းပေးဖို့ အဖေတို့ကို လာပြောတာကွ"

"ဟော မင်း မင်း မိန်းမယူတော့မယ် ဟုတ်လား"

"ဟုတ်တယ် ရက်ချိန်း ဘကြီးတို့ရွာကပဲ နှင်းဥလောက် မချော ပေမယ့် ငါ့အပေါ်ကောင်းတယ်ကွ"

" ဟဟုတ်လုချည်လား မင်းထွက်သွားတာ နှစ်လကျော်လောက် ရှိသေးတာ တအားသွက်နေတယ်ပေါ့"

"မသွက်လို့ မဖြစ်ဘူးကွ အားလုံးက ကိုယ့်ထက်လျင်တဲ့ ကောင် တွေချည်းပဲ၊ မြို့ယာကုန်းရောက်ပြီး သုံးရက်မြောက်နေ့မှာ စတွေ့တာ နောက်နေ့မှာပဲ နာမည်သိပြီး တစ်ယောက်နဲ့တစ်ယောက် ခင်မင်သွားကြ တာ၊ တစ်ပါတ်အကြာမှာ ရည်စားစကားပြောတယ်၊ တစ်လမပြည့်တပြည့်မှာ သူကအဖြေပေးတယ်ကွာ၊ အဲချစ်သူသက်တမ်း နှစ်ပတ်လောက်လည်းရရော သူနဲ့ငါ တစ်ယောက်ကိုတစ်ယောက် မခွဲနိုင်တော့ဘူးဆိုတာ သေချာသွား တယ်၊ ဒါနဲ့ငါ့ဘကြီးက တဆင့် နားဖောက်တယ်၊ သူ့တို့ဘက်ကလည်း လက်ခံတာနဲ့ အခုအဖေတို့ကို လာပြောတာ အဖေတို့ကလည်း ဘကြီး စကား တစ်ခွန်းပဲဆိုတော့ ငါ မိန်းမရဖို့ သေချာပြီပေါ့ကွ"

"ဝမ်းသာတယ်ကွာ ဒါနဲ့တွဲလုံးရာ မင်းစိတ်က အပြောင်းအလဲ မြန်လုချည်လားကွ ဟိုတုန်းက နှင်းဥမှ နှင်းဥဆို"

ရက်ချိန်းအမေးကြောင့် တွဲလုံးက အရက်ပြေပြုံးရင်း တည်တည် တန့်တန့်စကားကို ဝါတော်ရှစ်ဆယ်ရ ဆရာတော်ကြီးလို မိန့်တော့တယ်

"အချစ်ဆိုတာ သိပ်အံ့သြဖို့ကောင်းတဲ့ စွမ်းအားတစ်ခုကွ ရက်ချိန်း ရ"

"အပိုတွေကွာ နှင်းဥနဲ့တုန်းကလည်း အရူးအမူးပဲ မဟုတ်လား"

"ဟုတ်တယ် ဒါပေမဲ့ သေချာ ပြန်စဉ်းစားကြည့်တော့ နှင်းဥကို

မက်တာ ငြိမ်းငြိမ်းကိုမှ တကယ်ချစ်မိတာကွ"

"မင်းက လွတ်တဲ့ငါးကြီးတာမဟုတ်ဘဲ မိတဲ့ငါး ကြီးနေတာကိုးကွ"

"တကယ်ပြောတာ ရက်ချိန်း နှင်းဥ ချောတယ် လှတယ် ကာလ းတိုင်းက ကြိုက်ကြတယ်၊ အဲဒီထဲရောယောင်ပြီး ငါပါသွားမိတာ ငြိမ်းနဲ့ကျတော့ အဲလို မဟုတ်တော့ဘူး စိတ်ချင်းဆက်သွယ်နေသလိုမျိုး ယောက်ကို တစ်ယောက် အပြန်အလှန် ဖြည့်ဆည်းပေးချင်နေကြတာ သူဟာငါ့အတွက် ဘဝ လက်တွဲဖော် အစစ်လို့ အသွေးထဲ အသားထဲ ကို ယုံကြည်နေမိတာ"

တွဲလုံး စကားတွေ နားထောင်ရင်း ရက်ချိန်း ရယ်ချင်လာတယ်။

"တွဲလုံးရာ ဗီဒီယိုတွေထဲက စကားလုံးတွေ ငါ့ကိုလာပြောနေတာ း"

"မင်းမှာချစ်တတ်တဲ့ နှလုံးသားမှမရှိတာ"

"တော်စမ်းပါ တွဲလုံးရာ"

"တကယ်ပြောတာ အချစ်နဲ့ ပတ်သက်ရင် မင်း ငါ့တပည့်ဖြစ် ပြီနော်၊ ငြိမ်းငြိမ်း အပေါ်ထားတဲ့ ငါ့မေတ္တာကိုတော့ သံသယမရှိနဲ့ ာ မျိုးနဲ့ရိုးနဲ့ကို သွက်သွက်လက်လက် ချစ်တတ်ကြတာကွ"

"ပြောစမ်း ပေါက်ကရတွေ"

"ခြေမြန် လက်မြန်ချစ်တတ်တဲ့ နေရာမှာ အဖေလည်း သွက်ခဲ့ ဲ၊ အမေ့ကို ရွာဘုရားပွဲမှာတွေ့တယ်၊ ဘုရားပွဲအပြီးမှာ ခိုးပြေးတယ်၊ ကြည့် ကြားမှာ ငါးရက်ပဲကြာတယ်"

"ဟား ဟား ဟား ဖြစ်ရမယ် ဒါဆို မင်းက မင်းအဖေထက် တာပေါ့"

"အေး အဖေကလည်း အဘိုးထက် ညံ့ခဲ့တာကိုးကွ အဘိုးဆို ွားတို့ရွာကိုသွားလည်တာ ရွာထိပ်မှာ အဘွားနဲ့တွေ့ပြီးသဘောကျလို့ ကားပြောတာ အဘွားကလည်း သဘောကျတော့ အတည်ကြံတာဆို ်ချင်းခိုးပါလို့ ပြောသတဲ့။

" ဟေ မြန်ချက်ကတော့ကွာ ဟုတ်ရော ဟုတ်လို့လား"

"သိပ်ဟုတ်တာပေါ့ အဘွားက သူ မကြိုက်တဲ့သူနဲ့ ပေးစားလို့အိမ် ွက်ပြေးလာတာဆိုတော့ ချက်ချင်း မလိုက်လို့ ဖြစ်မှ မဖြစ်တာကိုးကွ"

"ဟား ဟား ဟား တော်ပါတော့ တွဲလုံးရာ ဟား ဟား ဟား"

တွဲလုံး ပြောပြတဲ့ မျိုးရိုးစဉ်ဆက် မြန်ချက်တွေ နားထောင်ရင်း သူ အားပါးတရ ရယ်နေမိတယ်။ ဒီအချိန်မှာပဲ နှင်းဥ ထမင်းလာပို့တာတွေ့လို့ ရက်ချိန်း ရယ်တာကို ဘရိတ်အုပ်လိုက်ရတယ်။

တွဲလုံးက နှင်းဥကိုမြင်တော့ နှုတ်ဆက်ပြုံးပြပါတယ်။ နှင်းဥ ချာခနဲ မျက်နှာလွှဲပြီး ယာတဲလေးဆီ ဦးတည်သွားတယ်၊ ဘယ်သူ့ကိုမှ နှုတ်မဆက်ဘူး

"ဟင်း ဟင်း နှင်းဥက ငါ့ကိုခုထက်ထိ ခါးခါးသီးသီးပဲနော် ငါမိန်းမယူတော့မယ်ဆိုတာ ပြောပြလိုက်စမ်းပါကွာ"

"ဒါတော့ ငါပြောဖြစ်မှာ မဟုတ်ဘူးပဲ တွဲလုံး။ ဘာလို့လဲဆိုတော့ သူနဲ့ငါခုထိ စကားမပြောကြလို့ပဲ"

"ဟင် ဘာဖြစ်လို့လဲ ငါ့ပြဿနာကြောင့်လား"

"မဆိုင်ပါဘူးကွာ ကိုင်း ဘယ်သူ့ကြောင့်ဖြစ်ဖြစ် ပြဿနာမရှိပါဘူး။ အခုဟိုမှာ မင်းအားလုံး အဆင်ပြေနေပြီပေါ့"

"လုံးဝအဆင်ပြေတယ်ကွာ ငါ့ဘကြီးက ငါတို့လက်ထပ်ပြီးရင် သူ့လယ်တွေ ယာတွေ ငါ့ကိုလက်ဖွဲ့မှာကွ အဖေကလည်း ထော်လာဂျီနဲ့ လယ်တွေထပ်ဝယ်ပေးမယ်တဲ့၊ ငါ့ဘဝရပ်တည်ဖို့ အဆင်ပြေပါပြီကွာ။"

"ဝမ်းသာတယ် တွဲလုံးရာ မင်းက တစ်ရွာပြောင်းမှ သူကောင်းဖြစ်သွားတာကိုးကွ"

"အေး သေချင်တဲ့ကျား တောပြောင်း မဖြစ်တာ ကံကောင်းတာပေါ့၊ ကဲငါသွားမယ်၊ ညကျအိမ်ကိုလာခဲ့ စကားပြောရအောင် အရက်တော့ မသောက်ဘူးနော် လက်ဖက်သုပ်ပဲ စားရမှာ"

"ဟား ဟား ဟား ငါလည်း မသောက်တော့ပါဘူးကွ တွဲလုံးရ"

တွဲလုံးနှုတ်ဆက်ပြီး ပြန်သွားတယ်။ ယာတဲပေါ်မှာ ထမင်းပြင်ပြီး စောင့်နေတဲ့ နှင်းဥ အကြည့်တွေက ဥပေက္ခာအရောင်တွေ ဆိုးထားတုန်းပဲ၊ တွဲလုံးကိစ္စနဲ့ သူ့ကိုနာကျည်းနေတုန်းပဲလား။ ဒါဆိုရင်တော့ တွဲလုံးက ပြောင်းလဲသွားပါပြီ၊ သူမှာသာ အင်း နှင်းဥ သူ့ကို ဘယ်အချိန်ထိ မုန်းတီးဦးမှာလဲဆိုတာ သူ မတွေးတတ်တော့ဘူး။

■ ■ ■

## အခန်း (၂၈)

ဒေါ်လေးမြ နေမကောင်းလို့ ဒီနေ့ယာခင်းထဲ လိုက်မလာဘူး။ ...ည့်ပဲ ထမင်းလာပို့တာ။ ရက်ချိန်းက အလုပ်လုပ်လို့ကောင်းတုန်း။ ထမင်း ...ပေးပြီးတဲ့အထိ ရက်ချိန်းရောက်မလာတော့ နှင်းဥ စိတ်တိုလာရော။

တမင် အခေါ်စောင့်နေတာလားမသိ။ လှည့်တောင်မကြည့်ဘဲ ...ယ်ပဲဖိလုပ်နေတဲ့ ရက်ချိန်းကျောပြင်ကိုကြည့်ရင်း ပြေးပြီးထုရိုက် ပစ်ချင် ...တ်တာ အသည်းကိုယားလို့။

အရင်ရက်တွေကလည်း အမေ လှမ်းခေါ်မှ ထမင်းဝိုင်းကိုလာ ...တ်တာ။ အခုအမေမပါတော့ နှင်းဥ မခေါ်လို့မဖြစ်တော့ဘူး။

"ထမင်းပြင်ပြီးပြီ"

နှင်းဥအော်ပြောတော့ ရက်ချိန်းလှည့်ကြည့်တယ်။ ပြီးမှ ပေါက်တူး ...း ရေကန်မှာခြေလက်သွားဆေးနေတယ်။

နှင်းဥကတော့ ထမင်းဝိုင်းမှာ ငုတ်တုတ် ထိုင်စောင့်နေတယ်။ ...ချိန်း တဲပေါ်တက်လာတော့ ပြင်ထားတာ သူ့ တစ်ယောက်တည်း ...တွက်ပဲဖြစ်နေလို့

"နှင်းဥ နင်ကော စားပြီးပြီလား"

"အိမ်က စားလာတယ်"

မောမကြည့်ဘဲဖြေပြီး ရှောင်ထွက်သလို တဲပေါ်က ဆင်းသွားတယ်။ စိုက်ခင်းဘေး အိုင်ထဲက ကန်စွန်းရွက်တွေ ဆင်းခူးနေတာ လှမ်းမြင်ရတယ်။

"နှင်းဥ ပြီးမှ ငါခူးပေးမယ်"

"ရတယ် ငါ့ဟာ ငါ ခူးမယ်"

လေသံက ဘုဆတ်ဆတ်ပေမယ့် သူ့ကိုစကားပြန်ပြောလို့ ရက်ချိန်း ကျေနပ်သွားတယ်။ စားလက်စ ထမင်း မကုန်ခင်မှာဘဲ အလန့်တကြားအော်လိုက်တဲ့ နှင်းဥအသံကို ကြားလိုက်ရတယ်လေ။

"အား အမေ့လုပ်ကြပါဦး အား"

ရက်ချိန်း တဲပေါ်က ဝုန်းခနဲခုန်ချလိုက်တယ်။ အိုင်စပ်မှာ ထဘီမပြီး ခုန်ပေါက်အော်ဟစ်နေတဲ့ နှင်းဥအတွက် စိတ်ပူသွားရတယ်။

"နှင်းဥ ဘာဖြစ်လဲ ဘာကောင်ကိုက်လို့လဲ"

ကန်စွန်းအိုင်မှာ မြွေဆိုးတော့မရှိနိုင်ပါဘူး။ ဒါဆို ရေမြွေတက်နင်းမိလို့ နှင်းဥ လန့်သွားတာများလား။

"အမလေး ဒီ ဒီမှာ မျှော့ မျှော့အား လုပ်ပါဦး ရက်ချိန်းရဲ့"

နှင်းဥက ကြောက်လန့်တကြားနဲ့ ထဘီစကို ဆွဲမပြီး မျှော့ကိုလက်ညှိုးထိုးရင်း သွေးပျက်မတတ် အော်တယ်။ တော်တော့်ကို အလိုက်ကန်းဆိုးမသိတဲ့ မျှော့နက်ကြီးက နှင်းဥရဲ့ ပေါင်တံဖွေးဖွေးမှာ တွဲကပ်နေတာ တွေ့လိုက်ရတယ်။

ပထမတော့ နှင်းဥ ထိတ်လန့်နေပုံကိုကြည့်ပြီး ရက်ချိန်း ရယ်ချင်သွားပေမယ့် အပျိုစင်တစ်ဦးရဲ့ ဝင်းအိစိုပြေနေတဲ့ အလှတရားကြောင့် ရင်ခုန်စိတ်လှုပ်ရှားမိတာ အမှန်။

"ဟဲ့ ရက်ချိန်း ဘာကြောင်နေတာလဲ လုပ်ဦးလေ ဟဲ့ ဟဲ့"

မျက်နှာလေး ဖြူဖပ်ဖြူလျော်နဲ့ အကြီးအကျယ်ထိတ်လန့်နေတဲ့ နှင်းဥကအော်မှ ရက်ချိန်း ရတ်တရက် နှင်းဥရှေ့ ဒူးထောက်ထိုင်ချပြီး တွယ်နေတဲ့မျှော့ကို ခပ်တင်းတင်းရင်း ဆတ်ခနဲ ဆွဲခွာပေးလိုက်တယ်။

ဘယ်အချိန်ထဲက တွယ်နေလဲ မသိဘူး အတော်ခွာယူမှာပြုတ်ကျသွားတာ သွေးတွေဝလို့ မျှော့က ဖောင်းကားနေပြီ။ ပေါင်တံနအိအိလေးက

...ရာမှသွေးစို့ပြီး စီးကျနေလေတယ်။ ရက်ချိန်းရုပ်အင်္ကျီစ အောက်နားကို ...ဆုတ်ပြီး သွေးတွေကို သုတ်ပေးလိုက်တယ်။

"ရ ရပြီ ရက်ချိန်း"

သတိပြန်ဝင်တဲ့အချိန်မှာ လုစ်ပြထားရတဲ့အပျိုမရဲ့ ဝတ်လွှာတွေ ...တွက် နှင်းဥ ရက်သလိုဖိဖုံးရင်း တစ်ဖက်ကို လှည့်လိုက်မိတယ်။

"ဟဲ့ မျှော့တွယ်တဲ့ဒဏ်ရာက သွေးထွက်နေတယ်။ သွေးသုတ်ပြီး ...မဖြစ်အောင် ဆားနဲ့ပွတ်ရဦးမယ်"

"ဟင့်အင်း စပ်မှာပေါ့ ငါ ငါ"

ကတုန်ကယင်နဲ့ ရက်သွေးဖျန်းနေတဲ့ နှင်းဥကို ရက်ချိန်း စွေ့ခနဲ ...ဖို့လိုက်တယ်။

"အို ရက်ချိန်း"

"တဲပေါ်ခေါ်သွားမလို့ မျှော့တွယ်တာကို ဒီလောက်ကြောက်နေ ...း တောသူမ သိက္ခာကျလိုက်တာဟာ"

နှင်းဥမျက်နှာလေး နီရဲပြီး ရုန်းမထွက်နိုင်ခင် ရက်ချိန်း တဲပေါ် ...လာခဲ့တယ်၊ နှင်းဥက ရက်ချိန်းနဲ့ အကြည့်မဆုံအောင် မျက်နှာလွှဲထား ...၊ တဲပေါ်ရောက်မှ အသာချပေးပြီး၊ ဆားဘူးထဲက ဆားတစ်ကော် ...လိုက်တယ်။

"အို မလုပ် မလုပ်နဲ့ ရက်ချိန်း"

နှင်းဥတားပေမယ့် ရက်ချိန်းကပိုမြန်တယ်။ နှင်းဥခြေထောက် ...ကို လှမ်းဆွဲပြီး မျှော့တွယ်ထားတဲ့ဒဏ်ရာကို ဆားနဲ့ပွတ်နယ်လိုက် ...၊

ဒီတစ်ခါတော့ နှင်းဥမျက်နှာ ကြောက်စိတ်ပြယ်ပြီး ရက်စိတ်နဲ့ ...နေတယ်။ ရက်ချိန်း ပွေ့ချီလာတုန်းက သူ့ရင်ခွင်ကျယ်ကြီးထဲမှာ တလှပ် ...ခုန်နေခဲ့တဲ့ ရင်ခုန်သံတွေက ခုထိမပြယ်သေးဘူး။

"ရ ရပြီ ရက်ချိန်း"

နှင်းဥ ခြေထောက်ကို ပြန်ရုပ်ပြီး ထဘီစကို ကသောကမျော ...ချုံတယ်။

"နင် ထမင်းစားဦးလေ ရက်ချိန်း"

ရက်ချိန်းလက်ဆေးပြီး ထမင်းဝိုင်း ပြန်ထိုင်စားလိုက်ရပေမယ့်

စားလို့မဝင်တော့ဘူး။ ရင်ထဲမှာပြည့်နေသလိုကြီး။ နှင်းဥကတော့ တဲပေါ်မှာ ကျုံ့ကျုံ့လေးထိုင်ပြီး ခေါင်းလေးငုံ့နေတယ်။

သနပ်ခါးပါးကွက်ကျားနဲ့ ဘေးစောင်းမြင်နေရတဲ့ နှင်းဥမျက်နှာလေးကို ရက်ချိန်း ခိုးကြည့်နေမိတယ်။

နှင်းဥ အရမ်းလှတာ ရက်ချိန်း သိပါတယ်။ ဒါပေမဲ့ အဲဒီအလှကြောင့် တစ်ခါမှ ရင်မခုန်ခဲ့ဖူးဘူး။ ခုတော့ သူ့ရင်ထဲ ပြောင်းဆန်နေတယ်။

ထမင်းစား မရတော့လို့ထပြီး လက်ဆေးလိုက်ရတယ်။ နှင်းဥလည်း ပန်းကန်တွေ သိမ်းဆည်းပြီး ချက်ချင်းထပြန်တယ်။

"ပြန် ပြန်တော့မယ် ရက်ချိန်း ဟို အမေ နေမကောင်းလို့"

"အေး အေး ဪ နှင်းဥ ဒီမှာ "

မေ့ကျန်ခဲ့တဲ့ ဝါးခမောက်လေး နှင်းဥ လက်ထဲ သူလှမ်းပေးတယ်၊ နှင်းဥ မျက်နှာမှာ ပန်းနုသွေးက လွှမ်းနေတုန်းပဲ၊ ကြည့်လို့မဝအောင် လှလိုက်တာ နှင်းဥရယ်၊ နှင်းဥ ဖျတ်ခနဲ မျက်ဝန်းပင့်အကြည့်မှာ ရက်ချိန်း ရင်ထဲတော်လဲ သံမြည်သွားတယ်။

"ငါ သွားတော့မယ်"

မြေနီလမ်းလေးအတိုင်း လျှောက်ပြန်သွားတဲ့ နှင်းဥကိုငေးကြည့်ရင်း ရက်ချိန်း မင်သက်မိနေတာ အကြာကြီး။

နှင်းဥဆီက သနပ်ခါးနံ့တောင် သင်းသင်းပျံ့ပျံ့ကျန်ရစ်ခဲ့သလို ထင်လိုက်မိသေးရဲ့။

■ ■ ■

## အခန်း (၂၉)

မနေ့က ယာထဲကပြန်တာ နောက်ကျနေလို့ နှင်းဥတို့အိမ်မှာ မပေးခဲ့ရဘူး။ ထင်တဲ့အတိုင်း ဒီနေ့တိုင်ကီနဲ့ စဥ့်အိုးတွေထဲမှာ ရေကာ ပ်နေပြီ။

နှင်းဥလည်း နေမကောင်းတဲ့ ဒေါ်လေးမြကို ဂရုစိုက်နေရတာနဲ့ အလုပ်တွေ လစ်ဟင်းနေတယ်ထင်ရဲ့။

သူတိုင်ကီထဲရေဖြည့်ပေးနေတုန်း နှင်းဥအိမ်ပေါ်က ဆင်းသွား ။ သူမော့အကြည့်မှာ မျက်ဝန်းချင်းခလုပ်တိုက်မိပေမယ့် ချက်ချင်း လွှဲသွားတယ်။

မနေ့က ယာထဲမှာမျှော်တွယ်ပြီးကတည်းက နှင်းဥသူနဲ့မျက်နှာ ိုင်မိတိုင်း ရှက်နေတယ်။ ပြောရရင်သူလည်း နှင်းဥနဲ့မျက်နှာချင်း ံ့သလို ဖြစ်နေမိတာပါပဲ။

ဒေါ်လေးမြ ဘာခိုင်းလိုက်လဲမသိဘူး နှင်းဥရွာထဲ ထွက်သွားတယ်၊ လုပ်တွေပြီးခါနီးမှ နှင်းဥ ပြန်လာတာမြင်တယ်၊ တစ်ယောက်ထဲ ဘူး။ နောက်မှာ အရိပ်လိုကပ်ပါလာတာက နှစ်ကောင်။

သေချာကြည့်တော့ အောင်သန်းနဲ့ လှိုင်ဘွား၊ မြင်လိုက်ရုံနဲ့

ဒီနှစ်ကောင် သောက်ထားမှန်း ရက်ချိန်း ဒက်ခနဲ သိတယ်။ ဒီကောင်တွေ တစ်လမ်းလုံး နောင့်ယှက်လာပုံပဲ နှင်းဥမျက်နှာ ဒေါသကြောင့်နီနေတယ်။

ခပ်သုတ်သုတ် ခြေလှမ်းတွေနဲ့ နှင်းဥခြံတံခါးက လှမ်းဝင်ဖို့ အလုပ်မှာပဲ အောင်သန်းက နှင်းဥ လက်ကို ဖျတ်ခနဲ လှမ်းဆွဲတယ်။

"အောင်သန်း ဒါဘာလုပ်တာလဲ လွှတ်စမ်း လက်ကို"

"နေပါဦး နှင်းဥရာ ပြောစရာလေးရှိလို့ပါ"

"အောင်သန်း နင်တို့တရားလွန်နေပြီနော်"

"အဟား သတ္တိတွေသိပ်ကောင်းနေပါလား နင်ဘယ်သူ့အားကိုးနဲ့ ဒီလောက် မာန်တက်နေရတာလဲ"

"ဘယ်တူ့ရမလဲ အောင်သန်းရ ဟိုကောင် ရက်ချိန်းပေါ့ အေ

ရက်ချိန်းကို ဒီကောင်တွေ လှမ်းမမြင်လို့ ရဲရဲတင်းတင်း လော ပြော ပြောနေကြတာ။

"လွှတ် ငါ့လက်ကို လွှတ် နင်တို့ပြန်တော့"

"လွှတ်ဖူး ချစ်တယ်လို့ အဖြေပေးမှ လွှတ်မှာ"

"ဟုတ်တယ် နှင်းဥ အောင်သန်းက ရက်ချိန်းလိုကောင်ထက် အပုံကြီးသာတယ် လယ်တွေယာတွေအများကြီး ပိုင်တယ်နော်၊ အတွေး မလွဲနဲ့"

လှိုင်ဘွား အတော်မူးနေတယ်၊ အောင်သန်း အရက်တိုက်ပြီ စည်းရုံးထားတာပဲနေမှာ။ အောင်သန်းဘက်က ရှေ့နေလိုက်ပေးနေတယ် နှင်းဥ မျက်နှာက ရဲရဲနီနေပြီ။

"အောင်သန်း ငါ့လက်ကိုလွှတ်နော် ငါအော်တိုင်လိုက်မှာ"

"ယောက္ခမကြီးကိုလား ရတယ် နှင်းဥ နားဖောက်ပြီးသာ ဖြစ်တာ ပေါ့ အဟဲ"

မိန်းမသားနှစ်ယောက်ထဲ ရှိတာသိလို့ ဒီကောင်တွေ ဒီလော အတင့်ရဲနေကြတာ ရက်ချိန်း ဆက်ပြီး သည်းမခံနိုင်တော့ဘူး။

"ဟေ့ကောင် အောင်သန်း နှင်းဥ လက်ကို အခုလွှတ်လိုက်စမ်း"

ရုတ်တရက် ရက်ချိန်းကို မြင်လိုက်ကြရတော့ အောင်သန်းနဲ့ လှိုင်ဘွား အလန့်တကြား ဖြစ်သွားကြတယ်။ အောင်သန်း နှင်းဥ လက်ကို လွှတ်လိုက်ပြီး

"မင်း မင်းနဲ့ဘာဆိုင်လဲကွာ"

လှိုင်ဘွားက အမူးရှိန်နဲ့ ရက်ချိန်းကို အံတုဖို့ကြံတယ်၊ ရက်ချိန်း
...ကို အတော်ထိန်းထားရတာ အရင်စိတ်နဲ့ဆိုမလွယ်ဘူး။

"မိဘ မောင်ဘွား မရှိဘူးဆိုပြီး ဒီလောက်ထိ စော်ကားလာတာ
...တာ့ မကောင်းဘူး"

"ငါနှင်းဥကို ချစ်လို့ လိုက်စကားပြောတာ စော်ကားတာ မဟုတ်
..."

"မင်းပါးစပ်ပိတ်ပြီး ပြန်တော့ အောင်သန်း"

"မင်းကဘာကောင်လဲ ကောက်ရိုးပုံစောင့်တဲ့ ခွေးလား"

ချုပ်ထိန်းထားတဲ့ဒေါသတွေ ပေါက်ထွက်သွားတော့ ရက်ချိန်း
...က်သီးတွေ အောင်သန်းမျက်နှာပေါ် ရောက်သွားရော။

"ခွပ်"

"အား"

အော်သံနဲ့အတူ လှိုင်ဘွား နောက်ကိုလန်ကျသွားတယ်။ အောင်
...န်း ကမူးရှူးထိုးနဲ့ ရက်ချိန်းကို ဝင်ထိုးတယ်။ အတွေ့အကြုံတွေ သိပ်များ
...တဲ့ ရက်ချိန်းအတွက် သူတို့နှစ်ယောက်က စာမဖွဲ့လောက်ဘူး။

ခဏအတွင်းမှာ နှစ်ယောက်လုံး အလဲလဲအကွဲကွဲနဲ့ သွေးမြေ
...ရတယ်။ နေမကောင်းဖြစ်နေတဲ့ ဒေါ်လေးမြတောင် အဖျားပျောက်
...ပြီထင်ရဲ့။

ပြဿနာက ငြေက တစ်ဆင့် ဦးအောင်မောင်းနား အထိ
...က်ကြားသွားပြီး ညှိနှိုင်းဖြေရှင်းကြရတဲ့အဆင့်ထိ ရောက်သွားတယ်။

ရက်ချိန်း ရွာလူကြီးရှေ့ရောက်ရတဲ့ အခေါက်တွေထဲမှာ ဒီတစ်ခါ
သူ့ဘက်က တရားလိုတွေသက်သေတွေပါဖူးတယ်။

ဒေါ်လေးမြကိုယ်တိုင် တိုင်တဲ့အပြင် နှင်းဥက သက်သေထွက်ပြီး
...ကောင်ကလည်း မူးနေတော့ အဖြေကရှင်းသွားတယ်။ အောင်သန်း
...ည်း သူတို့အမှားကို ဝန်ခံကြပါတယ်။

"အင်း ပြီးတာလည်း ပြီးပြီပေါ့ကွာ မင်းတို့လည်း အငြိုးအတေး
...နဲ့ တစ်ရွာထဲသားတွေ၊ မင်းကလည်း အရင်လိုစိတ်မျိုးဖျောက်ပြီး
...ခံကွာ၊ လွန်ကျွံကုန်ရင်မကောင်းဘူး"

ပြဿနာ ပြီးသွားပေမယ့် သတင်းကြားလို့ ရောက်လာတဲ့ အောင်ချိန်းက အပြစ်တင်ပြန်ရော။

"ရက်ချိန်းကျော မင်းလုပ်လိုက်ရင် ပြဿနာချည်းပဲ"

"ရက်ချိန်း ပြဿနာရှာတာ မဟုတ်ဘူး ကိုအောင် သူတို့ကမှုးပြီးခြံဝထိ လိုက်နှောင့်ယှက်လို့ ပြောရင်ဖြစ်တာပါ"

"ဟုတ်တယ် မောင်အောင်ချိန်း မင်းညီက နှင်းဥကို စောင့်ရှောက်ရင်းဖြစ်ရတာ ရက်ချိန်းက အရင်လို မဟုတ်တော့ပါဘူး"

ဒေါ်လေးမြကော နှင်းဥပါ ရက်ချိန်းဘက်က ဆိုတော့ အောင်ချိန်းဘာမှ မပြောသာတော့ဘူး။ ရက်ချိန်းက ယာထဲ ဆက်သွားမှာဆိုတော့ ဒေါ်လေးမြတို့ကို အောင်ချိန်းပဲလိုက်ပို့ရတယ်။

အောင်ချိန်း နှင်းဥကို တစ်လမ်းလုံး အကဲခပ်လာခဲ့တာ။ ရက်ချိန်းကို သံယောဇဉ်ကုန်သွားပါပြီ၊ မုန်းပါပြီနဲ့ပြောခဲ့တဲ့ နှင်းဥ မျက်ဝန်းတွေ အရောင်ပြောင်းနေတာ အောင်ချိန်း သိသွားတယ်။

နှင်းဥတို့သားအမိကို ရက်ချိန်း ကူညီစောင့်ရှောက်ရင်း သံယောဇဉ်တွေ နှောင်တွယ်သွားခဲ့ကြပြီလား။ သူ့ရင်ထဲမှာ သိမ်းထားရတဲ့ စကားတွေ နှစ်ခိုသွားပြီလားတွေးရင်း အောင်ချိန်း မောဟိုက်ဆို့နစ်လို့ သွားရတယ်လေ။

■ ■ ■

ယာခင်းထဲက သီးနှံတွေအပြိုင်းအရိုင်းနဲ့ ကြီးထွားလာပြီဆိုတော့ ဒီအတိုင်းပစ်ထားလို့မရတော့ဘူး။ သီးနှံပေါ်ချိန်မှာ ယာခင်းထဲဝင်မွှေတတ်တဲ့မြေကြွက်ကြီးတွေ အန္တရာယ်က မသေးဘူး။

ဒီလိုသဘာဝအန္တရာယ်တင် မကဘူး၊ ရွာထဲက ကာလသားတွေရဲ့အန္တရာယ်ကလည်း ရှိသေးတယ်။ ကာလသားအုပ်ကလည်း ယာထဲကသီးနှံတွေကိုပဲ မျက်စောင်းထိုးနေကြတာ။

ညဘက် အပျော်ချက်ပြုတ် စားသောက်ဖို့ဆိုပေမယ့် မှုးရှူးပြီးမြင်မြင်ကရာ ချိုးကြဖဲ့ကြဆိတ်ကြဆိုတော့ အခင်းကပျက်ရော။ ရက်ချိန်းကိုယ်တိုင် ချွေးနဲ့ရင်းစိုက်ပျိုးလာရမှ ကိုယ်ချင်းစာလာတတ်တာ။ ဒါကြောင့်ယာထဲမှာ ကိုယ်တိုင်ညစောင့် အိပ်တယ်။

ယာစောင့်တဲက ကွင်းခေါင်ခေါင်မှာဆိုတော့ နေ့ဘက်မှာခြစ်ခြစ်တောက်ပူသလို ညဘက်မှာ လေတဟူးဟူးနဲ့ ခိုက်ခိုက်တုန်အောင်အေး

။ ဓာတ်မီးတစ်လက်နဲ့ မြေကြွက်သံကြားတိုင်း ခြောက်လှန့်မောင်းထုတ် ရတာ၊ လွှတ် အိပ်ရေးပျက်တာပဲ။

သီးနှံခင်းတစ်လျှောက် နို့ဆီခွက်ဟောင်းတွေကို ကြိုးနဲ့အတွဲလိုက် င်းသီပြီး လှုပ်ရမ်းခြောက်လှန့်ပေးရတာ။ တဂုံဂုံ တဂွမ်ဂွမ်အသံကြားတော့ မြေကြွက်တွေ မလာရဲတော့ဘူး။

ငါးမိနစ်တစ်ခါလောက် ကြိုးဆွဲပေးနေတော့ ဘယ်မှာအိပ်ရပါ တော့မလဲ။ ဝါးညှပ်ထောင်ချောက်တွေမှာလည်း မနက်မနက်ဆို မြေကြွက် ကြီးတွေ ညှပ်ပိနေတတ်တယ်။ မိတဲ့ကြွက်တွေ ဒိုက်ကြီးအရက်ဆိုင် သွင်းပြီး ရသမျှပိုက်ဆံ ရက်ချိန်းစုထားသေးတယ်။

ညဦးနက်လာတာနဲ့အမျှ အအေးဓာတ်က ပိုစိမ့်လာတာမို့ ရက်ချိန်း ခြုံပြီး ကွေးနေရတယ်။ အမိုးကျဲကျဲကြားက မြင်နေရတဲ့ လကွေးကွေးနဲ့ ယ်လေးတွေဆီမှာ နှင်းဥ ရောက်နေတယ်။ အခုလို နှင်းဥကို သတိရရနေ တ်တာကြာပြီ။

သောက်သောက်စားစားနဲ့ ပေတေရင်း နှင်းဥအလှကို မျက်ကွယ် ခဲ့တဲ့အချိန်တွေ ခုမှ နှမြောနေမိတယ်၊ ကိုယ့်ကိုယ်ကို ဝေဖန်သုံးသပ်ရင်း ဥကို စွဲလန်းနေမိပြီဆိုတာ သိလာရတယ်။

တွဲလုံးပြောခဲ့တဲ့ စွမ်းအားကြီးမားတဲ့ အချစ်ဆိုတာနဲ့သူ ပက်ပင်း နေရပြီလား။ သက်ပြင်းချရင်း နှင်းဥပြင်ဆင်ပေးလိုက်တဲ့ ကောက်ညှင်း င်း၊ ငါးခြောက်ဖုတ်နဲ့ ရေနွေးဓာတ်ဘူးကို ထုတ်ပြီးစားနေရင်း နှင်းဥဟာ ရဲ့ အိမ်သူသက်ထားလို့တောင် ထင်လိုက်မိတယ်။ ဒီတော့လည်း ရင်ထဲ ရှိန်းတိန်းမြတနဲ့ ထူးဆန်းတဲ့ရသကို ခံစားနေရတယ်။

အဲဒီအချိန်မှာ ရက်ချိန်း နားထဲ တီးတိုးစကားသံတွေ တိုးဝင်လာ လိုပဲ။ မှောင်ထဲကို ကျင့်သားရ မျက်လုံးတွေနဲ့ စူးစိုက်ကြည့်လိုက်တော့ ခင်းဆီမှာ ကုန်းကုန်းကွကွ အရိပ်မည်းတွေ မြင်လိုက်ရတယ်။

အသင့်ဆောင်ထားတဲ့ ဝါးရင်းတုတ်ကို ကောက်ယူပြီး ခြေသံလုံလုံ တဲ့ပေါက ဆင်းလာခဲ့တယ်

“ဟေ့ ကောင်တွေ”

အော်ဟစ်သတိပေးရင်း ဓာတ်မီးနဲ့ထိုးထားလိုက်တယ်၊ ထင်တဲ့ တိုင်းပဲ သူခိုးဝင်နေတာ၊ သူခိုးက သိန်းရွှေကြည်နဲ့ တာနောဖြစ်နေတယ်။

မျက်နှာပေါ်တည့်တည့်ကျလာတဲ့ ဓာတ်မီးရောင်ကို လက်နဲ့ကာပြီး ထွက်ပြေးဖို့ ဟန်ပြင်နေတဲ့ တာနေ့ာကို ဂုတ်ဖမ်းဆွဲရင်း

"မင်းတို့ဘာလာလုပ်တာလဲ တာနေ့ာ"

"ဟာ ရက်ချိန်း မင်းညစောင့်အိပ်မှန်းမသိလို့ပါ ငါ ငါတို့ ခေါက်ဆွဲကြော်စားမလို့ ဂေါ်ဖီလေးနှစ်ထုပ်လောက် လာခိုး အဲ လာခူးတာပါ"

သူလည်း အရင်တုန်းကဒီလိုပဲ လုပ်လာတဲ့သူ ဆိုတော့ ရက်ချိန်း ကိုယ်ချင်းစာတယ်၊ ဒါပေမဲ့ သိန်းရွှေကြည် ပါလာတာ သူနားမလည်ဘူး သူက သောက်တတ် စားတတ်တာလဲ မဟုတ်၊ ပြီးတော့ အသက်က ငါးဆယ်နား ကပ်နေပြီ။

"တာနေ့ာက ထားပါတော့ ကိုကြီးသိန်းက ဘာလို့ပါလာရတာလဲ"

ရက်ချိန်းမေးတော့ ကိုသိန်းရွှေကြည် မျက်နှာကြီးကျေနပ်ပြုံးတွေ လွှမ်းပြီး

"ဒီညနေပဲ ဝါးဖောဆီက ငါအဖြေရခဲ့တာကွ အပတီး ငါ့အချစ်ကို သူလက်ခံလိုက်ပြီလေ"

"ဟား မိုက်လှချည်လား ကိုကြီးသိန်းရ လုပ်စမ်းပါဦး ဘယ်လိုဆွဲစေ့လိုက်တာလဲ"

"အပတီး နေ့တိုင်းသူ့အိမ်ကို ပုဆိုးပေါင် အင်္ကျီပေါင်နဲ့ ရင်းနှီးမှုယူရတာကွ ပြောရမှာ ရှက်တောင်ရှက်တယ် ငါ့ရှိသမျှ အဝတ်အစားလည်း ကုန်နေပြီ ဝါးဖောနဲ့မှ အဆင်မပြေရင် ဝတ်စရာတောင်မရှိတော့ဘူး ခုလို ဝါးဖောနဲ့ အိုကေသွားတော့ အထည်တွေ မရွေးရဘဲပြန်ရပြီကွ အပတီး"

"ကြည့်လုပ်နော် မဝါးဖောက သူ့ပိုက်ဆံ လုံးဝ အဆုံးခံတာ မဟုတ်ဘူး"

"ငါလည်း အဲဒါကိုပဲစောင့်နေတာ သူ အဆုံးမခံနိုင်လို့ အကြွေးနဲ့ လူကိုသိမ်းလည်း သိမ်းပါစေတော့ တစ်ကိုယ်လုံး ပုံအပ်ဖို့ စဉ်းစားပြီးသားကွ အပတဲ၊"

ကိုကြီးသိန်း အကြံပိုင်ပုံ တွေးရင်း ရက်ချိန်း ရယ်မိတယ်။

"ကဲ နှစ်ထုပ်လောက်တော့ ယူသွားကြ အခင်းကို မနင်းမိစေနဲ့"

"အေးပါကွာ ကျေးဇူးပါပဲ"

ဂေါ်ဖီထုပ် ပိုက်ပြီး တာနေ့ာတို့ပြန်သွားမှ သူတဲပေါ်မှာ ပြန်လှဲ

နလိုက်တယ်၊ စောစောက ရင်ခုန်အတွေးတွေ ဘယ်ထွက်ပြေးကုန်မှန်း သိတော့ဘူး။ ကြွက်ခြောက်တဲ့ကြိုးစကို တဂုံဂုံမြည်အောင်ဆွဲရင်း ရက်ချိန်း ဖက်လုံးတွေကြောင်နေတယ်။

နှင်းရနံ့သင်းသင်းကို သယ်ဆောင်လာတဲ့ လေအေးတစ်သုတ်က ဆောင်းညကို သက်ဝင်ပီပြင်စေခဲ့ပြီ၊ ကောင်းကင်မှာတော့ ဆောင်းမနက်ခင်းကို ပုံဖော်ထုထစ်မယ့် နှင်းမှုန်တွေ တဖွဲဖွဲကျလို့။

■ ■ ■

## အခန်း (၃၀)

ခြံစည်းရိုးတစ်လျှောက်က ခြုံနွယ်တွေရှင်းနေတုန်း ဝုန်းခနဲ လဲပြို သံနဲ့အတူ နှင်းဥ အော်သံကြောင့် လှည့်ကြည့်မိတယ်။

"ဟင် နှင်းဥ"

ရေပုံးတစ်ဖက်နဲ့ နှင်းဥရေတွင်းဘေးမှာချော်လဲသွားတာ၊ မျက်နှာ လေးရှုံ့မဲ့ပြီး ချက်ချင်းပြန်မထနိုင်ရှာဘူး။ ရက်ချိန်း နှင်းဥနားအပြေးရောက် သွားတယ်။

"သိပ်နာသွားလား နှင်းဥ ငါခပ်ပေးထားတဲ့ ရေတွေရှိရက်နဲ့ဟာ ထ ထရပ်ကြည့်စမ်း၊ ဘာဖြစ်သွားလဲသိရအောင်"

ရက်ချိန်း နှင်းဥကို ဖေးမပြီး တွဲထူတယ်၊ နှင်းဥအားခနဲအော်ပြီး ယိုင်လဲသွားလို့ ရက်ချိန်းရဲ့ သန်မာတဲ့ လက်တွေက နှင်းဥ ခါးကို သိုင်းဖက် ထိန်းထားလိုက်ရတယ်၊ နှင်းဥ တကျွတ်ကျွတ်နဲ့ ညည်းတယ်။

"ခြေကျင်းဝတ် လည်သွားတာ"

"ဟုတ်မယ် ထင်တယ် ခြေထောက်ထောက်လို့ မရတော့ဘူး"

"ငါနင့်ကို အိမ်ပေါ်ပို့ပြီး ဆေးလူးပေးမယ်"

နှင်းဥအဖြေကို မစောင့်တော့ဘဲ ရက်ချိန်းက ဇွေခနဲ ပွေ့ချီလိုက်တယ်။ နှင်းဥ ရေချိုးမလို့ဆိုတော့ ဝတ်ထားတဲ့ ထဘီရင်လျားနဲ့ ရက်ချိန်းရင်ခွင်ထဲမှာ အသာငြိမ်နေရပေမယ့် ရင်ခုန်သံက မငြိမ်တော့ဘူး။

စိုးရိမ်စိတ်နဲ့ ငုံ့ကြည့်မိတဲ့ရက်ချိန်းလည်း နှင်းဥခံစားမှုကိုရိပ်မိပြီး မျက်နှာကြီးပြန်မော့သွားတယ်။ ပြီးတော့ ဖြောင်းဆန်တဲ့ခြေလှမ်းတွေနဲ့ အိမ်ပေါ်ကိုပြေးရော။

အိမ်ပေါ်ရောက်လို့ ကြမ်းပြင်မှာ ချပေးပြီးတဲ့အထိ နှင်းဥ ရင်ခုန်မရပ်ဘူး။

ဒေါ်လေးမြရွာထဲသွားတုန်းဖြစ်တာမို့ ထရံဘောင်တန်းမှာတွေ့တဲ့ သိမ်းဆေးဘူးယူပြီး ယောင်နေတဲ့ဒဏ်ရာကို ဆေးလူးဖို့ပြင်တယ်။

"ရက်ချိန်း ရတယ် ငါ့ဘာသာလူးမယ်"

"ဘယ်ဖြစ်မလဲ အကြောထဲစိမ့်ဝင်အောင် လူးရမှာ ခဏတော့ နာမှာပဲ အောင့်ထား"

"အား နာတယ် နာတယ်"

"ခဏလေး နှင်းဥ ခဏလေး"

ရက်ချိန်းက ဆေးလူးရင်း နှိပ်ပေးတယ်၊ ဆေးလူးရင်းခံစားရတဲ့ ထိအတွေ့ကြောင့် ရက်ချိန်းရော နှင်းဥပါ မိန်းမောပြီး တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြတယ်။ ရက်ချိန်းက သူ့စိတ်ကို နိုင်နိုင်နင်းနင်းထိန်းရင်း

"ပြီးပြီ သိပ်နာနေလား နှင်းဥ"

"အင်း ရ ရတယ် ရက်ချိန်းဟို ငါ ငါအင်္ကျီဝတ်ဦးမယ်လေ"

ဒီတော့မှ ရက်ချိန်းသတိထားမိတယ်၊ အကာအကွယ်မဲ့ အသားတွေက ဝင်းမွတ်ရင်းသန့်လို့ နှင်းဥ ရုက်နေတာများ ကြက်သီးဖုလေးတွေ အောင် သီးထနေတယ်။

"အဲ ဟုတ်သားပဲ ထ အခန်းဝထိ ငါတွဲပို့ပေးမယ်"

ရက်နေပေမယ့် ခြေထောက်ထောက်လို့မရသေးတော့ နှင်းဥ ခင်းပဲညိတ်ပြရတယ်။ နှင်းဥကို အခန်းဝထိ တွဲပို့ရင်းရက်ချိန်းရင်ထဲမှာ နှင်းရှိန်းမြမြကြီး ခံစားနေရတယ်။ နှင်းဥအခန်းထဲဝင်သွားလို့ ရက်ချိန်း လှည့်အထွက်မှာ

"ဟင် ကို ကိုအောင်"

အိမ်တံခါးဝမှာ ကျောက်ရုပ်ကြီးလိုငြိမ်ပြီး ရပ်ကြည့်နေတဲ့ အောင်ချိန်းရဲ့ မသင်္ကာမျက်ဝန်းတွေနဲ့ ထိပ်တိုက်တိုးတော့တာ။

"နှင်း နှင်းဥရေချိုးရင်း ချော်လဲလို့"

ဘာမှမမေးဘဲနဲ့ ရက်ချိန်း ဖြေရှင်းချက် ပေးနေမိကာယ်။ အောင်ချိန်း ဘာမှမပြောပေမယ့် သူ့အကြည့်တွေရဲ့အဓိပ္ပါယ်ကို နားလည်လိုက်လို့ ထပ်ပြီး ဖြေရှင်းချက်ပေးဖို့ ရက်ချိန်း အားယူစဉ်မှာပဲ

"ဟော မောင်အောင်ချိန်း ရောက်နေတာကိုး"

"ဩော် ဒေါ်လေးမြ ဘယ်ကပြန်လာတာလဲ"

"မယ်ပု မှာလိုက်တဲ့ ခရမ်းသီးတွေသွားပို့တာ အိမ်ထဲဝင်ဦးလေ ဩော် မောင်ရက်ချိန်းလည်း မပြန်ရသေးဘဲကိုး"

"ဟုတ်ကဲ့ ဒေါ်လေးမြ နှင်းဥ ရေတွင်းနားမှာ ချော်လဲလို့လေ"

"ဟင် သမီးဘာဖြစ်သွားလဲ"

"ဆေးလူးပြီး နှိပ်ပေးထားတယ် ဒေါ်လေးမြ"

ဒေါ်လေးမြ ပူပန်စိတ်နဲ့အခန်းထဲဝင်သွားပြီး နှင်းဥကိုတွဲလို့ ခေါ်ထုတ်လာတယ်။ အခုတော့ နှင်းဥ လုံလုံခြုံခြုံနဲ့ပါ။

"ဒဏ်ရာက ကိုက်တယ်တဲ့ သောက်ဆေးကူဦးမှ ဖြစ်မှာ အိမ်မှာလည်းမရှိဘူး"

"ကျွန်တော် သွားဝယ်ပြီး လာပို့ပေးမယ် ဒေါ်လေးမြ"

အောင်ချိန်းက ရက်ချိန်းထက်ဦးအောင် ပြောတော့ နှင်းဥအကြည့်တွေ ရက်ချိန်းဆီ ရောက်သွားတာ အောင်ချိန်း မြင်လိုက်ရတယ်။ ဘာမှ မပြောဘဲ ဆေးဝယ်ဖို့ထွက်သွားတယ်။ ရက်ချိန်းလည်း ဒေါ်လေးမြနဲ့ နှင်းဥကို နှုတ်ဆက်ပြီး အိမ်ပြန်ခဲ့တယ်။

အပြန်လမ်းမှာ မှောင်ရီပျိုးနေပေမယ့် ရင်ထဲမှာလင်းနေသလိုပဲ၊ ရက်ချိန်းတစ်သက်မှာ ဒီလိုမျိုးတစ်ခါမှ မခံစားရဖူးဘူး။ ရှိန်းမြန္နေးထွေးတဲ့ ရင်အစုံနဲ့ ခြေလှမ်းတွေကလည်းသွက်လို့၊ ဆန်းတော့ ဆန်းသား။

■ ■ ■

ယာထဲက သီးနှံကို ရက်ချိန်းကိုယ်တိုင် မြို့တက်ရောင်းပေးတော့ မှန်းထားတာထက်တောင် ပိုရတယ်။ ရသမျှငွေကို ရက်ချိန်းက ဘောက်ချာနဲ့တကွ ဒေါ်လေးမြလက်ထဲ အပ်တယ်။

"ဒီမှာ ရောင်းရငွေတွေနဲ့ စာရင်းတွေပါ ဒေါ်လေးမြ"

"ရှာကို လာကောက်တဲ့ ပွဲစားတွေပေးတဲ့ဈေးနဲ့ အတော်ကွာတာ ...နော် ဒေါ်လေးမြဖြင့် ဒီလောက်ရလိမ့်မယ်လို့ကို မထင်ဘူး"

"အဝယ်တော်တွေ ပွဲစားတွေက သူတို့အတွက် စားရိတ်နဲ့အမြတ် ...ပိတင်ထားတာကိုး နောက်လည်း ပွဲရုံနဲ့အဆက်ရပြီဆိုတော့ ရောင်းရ ...ဝယ်သွားပါပြီ"

"သာဓုပါတော် သာဓု သာဓု အင်း မင်းရှိလို့သာပေါ့ကွယ်၊ တို့ ...သားအမိချည်းသာဆို ဘယ်လွယ်လိမ့်မလဲ ဒါကြောင့်ရတဲ့ငွေထဲက အချိုးကျ ...ယူပါကွယ်"

"ဟာ မဟုတ်တာ ကျွန်တော် စေတနာနဲ့ကူညီတာပါ"

ငြင်းနေတဲ့ ရက်ချိန်းကို နှင်းဥ စကားတစ်ခွန်း ဝင်ပြောတယ်။

"အမေပြောတာ လက်ခံပါ ရက်ချိန်း နှင့်စေတနာအတွက် ...ပြန်မှုပေါ့ဟာ"

"နှင်းဥရယ် ငါက"

"တော် ဘာမှထပ်မပြောနဲ့ ရက်ချိန်း၊ ဘာပဲဖြစ်ဖြစ် လုပ်အားခ ...ကာရှိရမှာပဲ နောက်ထပ် တို့ယာခင်းကို နင် ကူညီ လုပ်ကိုင်ပေးချင်သေး ...ယ်ဆိုရင် ဒီငွေကို လက်ခံမှဖြစ်မှာ"

"နင် အကျပ်ကိုင်တာလား နှင်းဥ"

ရက်ချိန်း မငြင်းသာအောင် ပြောလာတဲ့ နှင်းဥကကြည်ကြည်နူးနူး ...ရင်း သူ့ကိုကြည့်လို့။ ဒီအတွက်ခံစားရတဲ့ ပီတိက ဘာနဲ့မှမတူဘူး။

"နှင့်ရဲ့အကူအညီကို ငြင်းခဲ့ဘူးသလို အထင်လဲလွဲခဲ့မိပါတယ်ဟာ ...တွေကိုသင်ပုန်းချေပြီး တို့သားအမိအပေါ်ထားတဲ့ နှင့်စေတနာတွေကို ...တယ်တော့မှ မမေ့ပါဘူး ရက်ချိန်းရယ်"

"ငါ ငါ ဝမ်းသာလိုက်တာဟာ ငါ့ကိုနင်တို့ယာခင်းမှာ ဆက်လုပ် ...ပေးမယ်ဆိုတဲ့ သဘောပေါ့နော်"

"ရက်ချိန်းကလည်းဟာ နင်ကူညီလို့ တို့သားအမိ အဆင်ပြေနေ ...လေ နင်ထွက်သွားမှာကိုပဲ ငါတို့ စိုးရိမ်နေရတာ သိရဲ့လား"

"ဟား စိတ်ချ နှင်းဥ ငါ ဒီယာခင်းလေးကို သံယောဇဉ် ...ယ်နေပြီသိလား ဘယ်တော့မှ ပစ်မသွားဘူး စိတ်ချ"

နှင်းဥ နှစ်နှစ်ခြိုက်ခြိုက်ပြုံးတယ်၊ ဒေါ်လေးမြမှာလည်း ဝမ်းသာမျက်ရည်တွေရစ်ဝဲလို့၊ ရက်ချိန်း ရင်ထဲမှာလည်း ကြည်နူးပီတိတွေက အုန်းအုန်းထလို့ပေါ့ ဖြစ်နိုင်မယ်ဆိုရင် ဒီလိုဘဝလေးကို တစ်သက်လုံး ပိုင်ဆိုင်ချင်မိရဲ့။

နှင်းဥရယ် ငါ့ရင်ထဲကခံစားချက်တွေ နင်သိအောင် ပြောပြချင်လိုက်တာဟာ ဒါ ဒါပေမဲ့။

■ ■ ■

အောင်ချိန်း ရင်တွေပူနေတယ်။ ရက်ချိန်းဆိုတဲ့ ကောင်ကို ယုံကြည်မိတာကိုက အမှားကြီးပါပဲ။ အချိန်တိုလေးအတွင်းမှာ နှင်းဥနဲ့ ရက်ချိန်း ဒီလောက်အထိ ရင်းနှီးသွားကြလိမ့်မယ်လို့ အောင်ချိန်း ထင်မထားခဲ့ဘူး။

ခုတော့ သူ့မျက်စိနဲ့တပ်အပ် မြင်ခဲ့ရတာ၊ ရွာထဲကပြောနေကြတာကို ကြားရတာတော့ကြာပြီ၊ ရက်ချိန်းနဲ့ပတ်သက်လာရင် ဒီလိုပဲ သွားပုတ်လေလွင့် ပြောကြတာလို့ပဲ ထင်ခဲ့တာ။ ခုတော့ နောက်ကျောကို ဓားနဲ့အထိုးခံ လိုက်ရသလိုပဲ။

မမျိုသိပ်နိုင်တဲ့အဆုံး အောင်ချိန်း ထိပ်တိုက် ရင်ဆိုင် မေးပစ်လိုက်တယ်

"ကိုအောင် မင်းသံသယတွေ သိပ်ကြီးနေပြီ ခုချိန်ထိ ငါနှင်းဥတို့ သားအမိအပေါ် ရိုးသားဖြူစင်နေတုန်းကွ"

"ဘာပဲဖြစ်ဖြစ် မင်းဘက်က ဆင်ခြင်သင့်တယ် ရက်ချိန်း"

"ငါဘာကိုမှ ဂရုမစိုက်ဘူး ကိုအောင် ငါ့လိပ်ပြာ ငါယုံတယ်၊ ဒါကို နှင်းဥတို့သားအမိလည်း သိတယ်"

"နှင်းဥနဲ့ပတ်သက်ပြီး ငါ ဘယ်လိုသဘောထားတယ်ဆိုတာ မင်းသိပါတယ်နော်"

ရက်ချိန်းက ခေါင်းညိတ် တုံ့ပြန်အဖြေပေးတယ်။

"နှင်းဥကို စိတ်ဝင်စားရင် မင်းဘာသာကြိုးစားပေါ့"

"အေး အဲဒါ ငါသိတယ် မင်းကိုလည်း သိထားစေချင်လို့ ငါ နှင်းဥကို ဖွင့်ပြောတော့မယ်"

"ဒါဆို ပြီးရောပေါ့ကွ"

အဲဒီညက ညီအစ်ကိုနှစ်ယောက်လုံး အိပ်မပျော်ကြဘူး။ ကိုအောင်ပြောတာတွေစဉ်းစားရင်း နှင်းဥကို မြင်ယောင်နေမိတယ်၊ ကိုအောင်ဖွင့်ပြောလို့ နှင်းဥ လက်ခံလိုက်ရင်ဆိုတဲ့ အတွေးက သူ့ကိုနှိပ်စက်စပြုနေပြီ။

အောင်ချိန်းဆိုတာ ရွာထဲမှာ ကောင်းသတင်းနဲ့ လူတိုင်းက လေးစားကြတဲ့သူ၊ သူလိုကောင်ထက်စာရင် တစ်ရွာလုံးကလည်း နှင်းဥကို ကိုအောင်နဲ့သာ သဘောတူကြမှာ။

သေချာတာ တစ်ခုက ကိုအောင်နဲ့နှင်းဥ ချစ်သူတွေဖြစ်သွားကြရင် သူ့အကူအညီလိုတော့မှာ မဟုတ်ဘူး။ နှင်းဥတို့ယာခင်း ကိုအောင်ပဲ တာဝန်ယူမှာ။

ခုမှနှင်းဥ သူ့ကိုနားလည်ကာစပဲ ရှိသေးတာ၊ နှင်းဥသူ့အပေါ်ပြန်ပြီး လိုက်လိုက်လျောလျော ဆက်ဆံခဲ့တာ ဘာမှမကြာသေးဘူး။ အဲဒီပျော်ရွှင်မှုတွေ သူ့ဆီက ထွက်ပြေးဖို့ပြင်နေကြပြီ။

ဘယ်အရာကိုမှ အလေးမထား ဂရုမစိုက်ခဲ့တဲ့ ရက်ချိန်းဒီတစ်ခါတော့ ပြင်းပြင်းထန်ထန် တုန်လှုပ်နေရပြီ၊ ရင်ဆိုင်ဖို့မလွယ်တဲ့ မေးခွန်းတွေ အတွက်ရတဲ့အဖြေက သက်ပြင်းတွေပဲဖြစ်နေတယ်။

■ ■ ■

## အခန်း (၃၁)

ဒီညနေအလုပ်သိမ်းတော့ နှင်းဥတို့အိမ် ဝင်မနေတော့ဘဲ တန်းပြန်လာခဲ့တယ်။ အိမ်ရောက်တော့ ကိုအောင် ရေချိုးနေပြီ၊ အိမ်ပေါ်တက်လာတော့ အမေက ရယ်ရယ်မောမောနဲ့ နှုတ်ဆက်တယ်။

"ဟော သား ဒီနေ့ပြန်လာတာ စောလှချေလား"

"ဟုတ်တယ်အမေ ခုတလော ဒေါ်လေးမြ ကြည့်ရတာ တရှောင်ရှောင်နဲ့သူ့ကိုအားနာလို့ စောစောသိမ်းလာတာ သားပြန်မှ သူနားရမှာလေ"

"ဩော် အေး အေး အင်း အသက်တွေလည်း ကြီးကုန်ကြပြီ မဟုတ်လား၊ ကိုလှဆောင် ရတ်တရက် ခွဲသွားတော့ စိတ်ဓာတ်ကျသွားတာလည်း ပါမှာပေါ့ကွယ်"

"ဟုတ်မှာပဲ အမေ"

"ကဲ ကဲ ရေမိုးချိုးကြ လူစုံတက်စုံ ထမင်းစားကြရအောင်"

ရေချိုးပြီးတက်လာတဲ့ ကိုအောင်က

"စားနှင့်ကြတော့အမေ သား တော်ကြာ အပြင်သွားမလို့"

ဒေါ်ငွေခင်ရဲ့အမေးကို ဒရောသောပါး ဖြေပြီး အောင်ချိန်း အခန်းထဲဝင်သွားတယ်။

အမေလည်း ထပ်မမေးတော့ဘဲ ထမင်းဝိုင်းပြင်နေလို့ ရက်ချိန်း ရေချိုးဆင်းခဲ့ရတယ်။

သူရေချိုးနေတုန်း ကိုအောင်တကယ်ပဲ အပြင်ထွက်သွားလို့ ထမင်းဝိုင်းကျတော့ သူတစ်ယောက်ထဲ အဖေတို့မေးသမျှ ဖြေနေရတော့ တာပေါ့။ ခက်တာက ဒီနေ့ရက်ချိန်းဘာစကားမှ မပြောချင်ဘူး။

ကိုအောင် နှင်းဥဆီသွားတာ ရည်စားစကားပြောဖို့ဆိုတာ သူတစ် ထစ်ချ သိနေတော့ ထမင်းစားရတာတောင် စိတ်မဖြောင့်ဘူး။

အဖေက စားပြီးတာတောင် စကားမပြတ်ချင်ဘူး၊ နှင်းဥတို့သား အိမ်ရဲ့သာရေး နာရေးကစပြီး ရပ်ရေးရွာရေးအလယ် သီးနှံစိုက်ခင်းတွေအဆုံး ထွေရာလေးပါးပြောလို့ကောင်းတုန်း။

အမေက ရက်ချိန်း အရိပ်အကဲကို လွှတ်ပြီးသိတဲ့သူ၊ အမေ့စကား ကြောင့် ရက်ချိန်းဒုက္ခလွတ်ခဲ့ရတာ။

"ကိုဘသော် တော်ကလည်း ဒီနေ့မှ စကားများနေလိုက်တာ ကလေးက နားချင်နေပြီ"

"ဩော် အေး အေး နားချင် နားချည်တော့"

အဖေခွင့်ပြုလို့ ဟန်ဆောင်ထိုင်နေရတဲ့ ဒုက္ခက လွတ်တာနဲ့ အနန်းထဲဝင် လှဲနေလိုက်တယ်။ သိပ်မကြာဘူး အဖေနဲ့အမေရဲ့ ဘုရားရှိခိုးသံ ထွက်လာတယ်။ သူလိမ်မာသွားမှပဲ အမေအိပ်ရာစောစော ဝင်နိုင်ရှာတာ။

ခဏနေတော့တစ်အိမ်လုံး အသံတိတ်ပြီး မီးရောင်ပါပျောက်သွား လို့ အဖေတို့အိပ်ရာဝင်သွားကြမှန်း သိရတယ်။ ကိုအောင် ပြန်မလာသေး ပေမယ့် သူ့အတွက် ဘယ်သူမှ စိတ်ပူမနေကြဘူး။

အိပ်မရတဲ့ မျက်လုံးတွေကို ဇွတ်မှိတ်ပြီးငြိမ်နေရတာ စိတ်မော ရုပါပဲ၊ မခံနိုင်တဲ့အဆုံး အိပ်ရာကထပြီး အပြင်ထွက်လာခဲ့တယ်။

မီးရောင်မရှိပေမယ့် လရောင်ကြောင့် လင်းနေတယ်၊ အိမ်တံခါးကို သာဟပြီး ခြံထဲဆင်းလာခဲ့တယ်။ အင်း ကိုအောင်နဲ့နှင်းဥအဆင်ပြေ သွားကြပြီလားဆိုတာ သူသိပ်သိချင်နေမိတယ်။ ဒါကြောင့် အိပ်မရတာ။

လေထဲမှာဝေ့ဝဲပါလာတဲ့ စံပယ်ပန်းရနံ့ကို ရှူရှိုက်လိုက်ရလို့ နှင်းဥ ရဲ့က သနပ်ခါးကိုယ်သင်းနံ့ကိုတောင် ပြန်လွမ်းမိသေးရဲ့။

ဘာကြောင့် နှင်းဥကို သတိရ ရ နေတာလဲ။

နှင်းဥကို ချစ်နေတာလား။

တွေးရင်း မွန်းကြပ်လာလို့ လရောင်ဆမ်းတဲ့ အိမ်ရှေ့လမ်းလေးဆီ သူမျှော်ကြည့်မိတယ်။ ဒယိမ်းဒယိုင်နဲ့ အမူးသမား တစ်ယောက် လျှောက်လာတာ လှမ်းမြင်ရတယ်။

သူတို့ ခေါင်းရင်း နှစ်အိမ်ကျော်က ကိုသက်ညွန့်ကြီး မူးလာရင် သီချင်းသံကို အရင်ကြားရတာ၊ တွံတေးသိန်းတန်နဲ့ကိုမြကြီးကို CDတစ်ချပ်စာလောက်ဆိုပြီးမှ အိမ်ပြန်တတ်တဲ့သူ။

ရက်ချိန်းကြည့်နေတုန်း အမူးသမားလဲကျသွားတော့ ဥပေက္ခာမပြုနိုင်တဲ့ ရက်ချိန်း ပြေးထူပြီး ဖေးကူလိုက်ရတယ်။ ဒီတော့မှ

"ဟာ ကိုအောင်"

"ဟော့ အေ့ ဝေါ့ ရက်စက်တယ် နှင်းဥ နှင်းဥလေး ရက်စက်တယ်"

ကိုအောင် လူမှန်းမသိအောင် မူးပြီး ဗလုံးဗထွေး ပြောနေလို့ ဆွဲထူရသေးတယ်။

"ဘယ်တူ့ရဲ လွှတ် မကိုင်နဲ့ ငါ့ကို မထိနဲ့"

"ကိုအောင်ဘယ်လိုဖြစ်တာလဲကွာ ငါပါဟ ရက်ချိန်းလေ"

"ရက်ချိန်း ဒါဆို ငါ့ညီ အီး ဟီး အီး ဟီး"

"ဟာ ကိုအောင် ဘာလို့ငိုတာလဲ ဘာဖြစ်လာလဲ"

"ငါသိပ်ခံစားနေရတယ် ရက်ချိန်း နှင်းဥကလေ ငါ့ကိုမချစ်ဘူးတဲ့ကွ အစ်ကိုရင်းလိုပဲ ခင်တာတဲ့ ခံစားရတယ်ကွာ အီး ဟီး ဟီး"

ခုမှပဲ ကိုအောင် ဘာဖြစ်လာသလဲဆိုတာ ရက်ချိန်းသဘောပေါက်သွားတယ်၊ နှင်းဥ ကိုအောင့်ကိုငြင်းလိုက်လို့ လှိုက်ခနဲ ပျော်သွားရပေမယ့် ကိုအောင့်အတွက်တော့ စိတ်မကောင်းဘူး။

"မသောက်တတ်ဘဲနဲ့ ဘာလို့သောက်လာရတာလဲ ကိုအောင်ရာ"

"ငါသေချင်လို့ ခံစားရလွန်းလို့ အေ့ ဝေါ့"

ပြောရင်းတနင့်တပိုး အန်ချပြီး မှောက်သွားလို့ ကိုအောင့်ကို ရက်ချိန်း ထမ်းပြီး အိမ်ပေါ်တင်ရတယ်။

"ဟင် သားကြီးလား ဘာ ဘာဖြစ်လာတာလဲ"

အမေ နိုးနေတော့ စိုးရိမ်တကြီးမေးတယ်။

"ဘာမှမဖြစ်ဘူး အမေ ကိုအောင် မူးလာလို့"

"ဘုရား ဘုရား တစ်ခါမှ မသောက်ဖူးတဲ့သူက ဘာလို့အရက်တွေ သောက်လာရတာတဲ့လဲ ဒုက္ခပါပဲ"

"ကဲ အမေ ကိုအောင်က ဘာမှမသိတော့ဘူး သားအဝတ်အစား လဲပေးပြီး သိပ်လိုက်မယ် အမေလည်း အိပ်တော့"

ကိုအောင်ကို သန့်ရှင်းရေးလုပ်ပေးပြီး သိပ်ထားလိုက်တယ်။ ရက်ချိန်းလည်း အိပ်မပျော်ပါဘူး။ ဒီကိစ္စ နှင်းဥကို မေးရမယ်။

■ ■ ■

"ငါ ကိုအောင့်ကို အစ်ကိုတစ်ယောက်လိုပဲ သဘောထားတယ်လို့ ပြောလိုက်တာ ရက်ချိန်း"

"အေးဟာ ကိုအောင် အတော်ထိသွားပုံပဲ ညက အရက်တွေ လာတယ်"

"ဘာရယ်"

"ကိုအောင် မသောက်စဖူး သောက်လာတယ် နှင်းဥ၊ မနက်က အဖေတို့မေးတော့ သူငယ်ချင်းတစ်ယောက် အတင်းတိုက်တာပါလို့ ပြော တယ် ရက်လို့ထင်ပါရဲ့"

ရက်ချိန်းပြောသမျှ စိတ်မကောင်းဖြစ်ဟန်နဲ့ နှင်းဥ နားထောင်ပြီးမှ

"မတတ်နိုင်ဘူး ရက်ချိန်းရယ် ငါကိုအောင့်ကို မညာချင်ဘူး။ သူ့ကိုချစ်မှ မချစ်တာ"

နှင်းဥက တည်ငြိမ်လွန်းနေတယ်၊ နှင်းဥစကားကို သူလက်ခံပါ တယ် အချစ်ဆိုတာ ဖန်တည်းယူလို့မှမရတာ။ ရင်ထဲက သူ့အလိုလိုပေါ် တတာမျိုး ဆိုတာ ရက်ချိန်းလည်း ခံစားခဲ့လို့ အခုသိနေပြီလေ။

"ငါ နားလည်ပါတယ်"

"နင် ဘာနားလည်တာလဲ"

"နင့်ဆန္ဒအတိုင်း ကိုအောင့်ကို ငြင်းခွင့်ရှိတယ်လေ "

နှင်းဥက ယဲ့ယဲ့ပြုံးပြီး တွေတွေလေးစိုက်ကြည့်နေတယ်။ အရင်က ခုံ့ခုံ့ပြန်ကြည့်ရဲခဲ့တဲ့ နှင်းဥ မျက်ဝန်းကို သူဘာလို့ ရှောင်နေမိမှန်းမသိဘူး အကြည့်တွေကို ခပ်ဝေးဝေး ပို့ထားလိုက်တယ်။

"ရက်ချိန်း"

ပြန်လှည့်ကြည့်တော့ နှင်းဥမျက်နှာ အမူအရာက ထူးဆန်းနေတယ် လို့ခံစားမိတယ်။

"ဘာလဲ နှင်းဥ ဘာပြောမလို့လဲ ပြောလေ"

"ပြောမှာမဟုတ်ဘူး မေးမှာ၊ အချစ်ဆိုတာ ဘာလဲ၊ နှင်ကော ခံစားဖူးသလားဟင်"

နှင်းဥ ဒီလိုမေးလိမ့်မယ်လို့ သူ ထင်မထားဘူး။ သူဘာမှပြန်မဖြေ ဖြစ်ဘူး။ သိပ်လှနေတဲ့နှင်းဥကိုပဲ စိုက်ကြည့်နေမိတယ်။ ဒီတော့လည်း နှင်းဥရဲ့ စူးစူးရဲရဲအကြည့်ကို သူရင်မဆိုင်ရဲပြန်ဘူး။

"ဖြေလေ ရက်ချိန်း"

"ငါ မသိဘူး နှင်းဥ မဖြေတတ်ဘူး"

ရက်ချိန်း လိမ်ပြောလိုက်တယ်၊ ဒီလိုအချိန်မျိုးမှာ နှင်းဥကို ရင်ထဲက ခံစားမှုတွေ ဝန်မခံချင်တော့ဘူး။ သူ့အဖြေကြောင့် နှင်းဥ မျက်နှာပေါ်က အပြုံးတွေ မှေးမှိန် အရောင်လွင့်သွားသလိုပဲ။

"ထားပါတော့လေ ငါကတော့ အချစ်ဆိုတာ ရင်ထဲကအလိုလို ပေါ်လာတဲ့ ခံစားချက်တစ်ခုလို့ ယူဆတယ် နှင်လက်ခံသလား ရက်ချိန်း"

"အင်း ဟုတ်မှာပေါ့ ငါမှ မသိတာ"

"နှင် တကယ် မသိတာဆိုရင် ငါ ဆက်မပြောတော့ဘူး ရက်ချိန်း တစ်ခုတော့ရှိတယ်၊ အချစ်ဆိုတာ လိမ်ညာ သိုဝှက်ထားလို့လည်း မရဘူးဆို တာပဲ"

သူ မလုံမလဲဖြစ်သွားတယ်။ ဟန်ဆောင်မှုက မပီပြင်လို့ နှင်းဥ ရိပ်မိသွားမှာ စိုးရိမ်သွားတယ်။

"နှင်အခု မသိသေးရင် နောက်တော့ သိလာမှာပါ ကဲ ထမင်းသွား ချက်လိုက်ဦးမယ်၊ ခြေသံ အမေ နေမကောင်းဘူး ယာထဲလိုက်နိုင်မှာ မဟုတ်ဘူး"

နှင်းဥထွက်သွားတော့ နောက်ပိုင်းအလှကို တရှိုက်မက်မက် လှမ်းကြည့် ခံစားနေမိတယ်။ ရုတ်တရက် လှည့်ကြည့်လိုက်တဲ့ နှင်းဥကြောင့် သူကြည့်တာ လူမိသွားတယ်၊ ကပျာကသီ မျက်နှာလွှဲပြီး အိမ်ပေါ်က ဆင်းပြေးလာခဲ့တယ်။

နှင်းဥ ကျေကျေနပ်နပ် ပြုံးနေတာကို ပြန်လှည့်မကြည့်ရဲတဲ့

က်ချိန်း မမြင်လိုက်ရဘူး။

■ ■ ■

အဲဒီနောက်ပိုင်းမှာ ရက်ချိန်းက နင်းဥတို့ခြံတိုင်မှာ ချည်ထားတဲ့ ရှိုင်းဖြစ်သွားသလို အိမ်တိုင်မှာ စောင့်ရတဲ့ ဘီလူးလည်းဖြစ်နေတယ်။ လှုက်ပြန်သံပေး ခြေအေးဝမ်းရောင်တဲ့ကောင်တွေကို ထွက်ပြီးဟောက် တယ်။

သိပ်ရဲတင်းတဲ့ကောင်တွေကျတော့ ထိုးတန်တာထိုး ရိုက်တန်တာ က်နဲ့ နင်းဥရဲ့အဖေလို အစ်ကိုလိုရာထူးမှာ သူ့ဘာသာ ဆွဲခန့်တာဝန်ယူ တော့တယ်။ ကြာတော့ နင်းဥ အိမ်ရှေ့ ဘယ်ကာလသားမှ ဖြတ်မ လျှောက်ရဲတော့ဘူး။

အခုလည်း မြို့ကလာလည်တဲ့ စိုးရန်နောင်ဆိုတဲ့ မြို့သားကိုရွာထဲ လှည့်ပြနေတဲ့ ဝေဖြိုး။ နင်းဥတို့ခြံနား မရောက်ခင် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေပြီ။

"ဘာဖြစ်နေတာလဲ ဆက်သွားမယ်လေကွာ"

"အဟဲ ဒီ ဒီလမ်းက ကာလသားဖြတ်လို့မရဘူးကွ"

"ဘာပြောတယ် ကာလသားရောဂါသည် မဖြတ်ရဘူးဟုတ်လား"

"ဟာကွာ ကာလသားရောဂါသည် မဟုတ်ပါဘူး ကာလသားရွာ ကလူပျိုတွေ မဖြတ်ရဘူးလို့ပြောတာ"

"ဆန်းလှချည်လား စည်းကမ်းသတ်မှတ်ပြီး အမိန့်ထုတ်ထား လား"

ဝေဖြိုးက ဘာမှမသိသေးတဲ့ အစ်ကိုဝမ်းကွဲ ရန်နောင်စိုးကို ချိန်းအကြောင်း ရှင်းပြတယ်၊ ရန်နောင်စိုးက လက်မခံသလို ခေါင်းတရမ်း နဲ့။

"ရက်ချိန်း ဟုတ်လား ဒီကောင်က ရွာလူမိုက်လား"

"လူမိုက် မဟုတ်ပေမယ့် လက်သံပြောင်တယ် ဒေါသကြီးတယ် ယ်ဘူး"

"ထားတော့ နင်းဥဆိုတဲ့ ကောင်မလေးကို ငါမြင်ဖူးချင်တယ်"

"ဟာ မလုပ်နဲ့ စိုးရန်နောင် ညနေဆို ဒီကောင် နင်းဥနားမှာ ရှိတာ"

"မင်းမလိုက်ရဲရင် နေခဲ့ ကြည့်ရုံလေးနဲ့တော့ ပြဿနာရှာလို့ရမလားကွ"

စိုးရန်နောင် ရှေ့ကထွက်သွားတော့ မနေနိုင်တဲ့ ဝေဖြိုး ပြေးလိုက်တယ်။

"ဒုက္ခပါပဲ ငါကိုက နှုတ်ဆော့မိတာ ဟော့ကောင်နေဦး"

ကံဆိုးချင်တော့ ခြံဝင်းထဲက ထွက်လာတဲ့နှင်းဥနဲ့မှ ပက်ပင်းသွားဆုံတယ်။ စိုးရန်နောင်ကို နှင်းဥအလုက ဖမ်းစားလိုက်ပြီ။

"ဟား မိလုချည်လား"

"ရှူး တိုး တိုး အဲဒါ နှင်းဥကွ"

စိုးရန်နောင် ကျေကျေနပ်နပ်ကြီးပြုံးရင်း နှင်းဥရှေ့မှာ ပိတ်ရပ်လိုက်တယ်။

"နှင်းဥတဲ့လား တို့က စိုးရန်နောင်ပါ မြို့ကလာလည်တဲ့ ဧည့်သည်ဆိုပါတော့ အဟွန်း"

"ဟာဒီကောင်တော့ ပြဿနာပဲ"

ဝေဖြိုး တကယ်ပဲ လန့်သွားရတယ်၊ နှင်းဥတို့အိမ်ထဲက ထွက်လာတဲ့ ရက်ချိန်းကို မြင်လိုက်တော့ ဒူးတောင်တုန်မတတ်ဘဲ။ အခြေအနေတွေမြင်သွားတဲ့ ရက်ချိန်းက ခြေလှမ်းကျဲကြီးတွေနဲ့ ချက်ချင်းပဲ ရောက်လာတယ်။

"နှင်းဥ"

"ဟင် ရက်ချိန်း"

ရက်ချိန်းဆိုတဲ့ နာမည်ကြောင့် စိုးရန်နောင်မော့ကြည့်တယ်၊ နှုတ်ခမ်းမွှေး ပါးသိုင်းမွှေးတွေကြားက နဖတ်နေတဲ့မျက်နှာက မာထန်နေတယ်။

စိုးရန်နောင်က အခြေအနေအရ မျက်နှာချိုသွေးရင်း

"ကျွန်တော်စိုးရန်နောင်ပါ ဒီက ဝေဖြိုးနဲ့ညီအစ်ကိုဝမ်းကွဲတော်တယ်။ မြို့ကအလည်လာတာပါ ကိုရက်ချိန်း"

စိုးရန်နောင် ကောင်းကောင်းမွန်မွန် နှုတ်ဆက်ပေမယ့် ထန်နေတဲ့ ရက်ချိန်း အမူအရာက နည်းနည်းမှ လျော့မသွားဘူး။

"ဝေဖြိုး မင်း ဧည့်သည်ကို မင်းခေါ်သွားကွာ"

"အေး အေးပါကွာ ကိုစိုး လာပြန်ကြမယ်"

"နေပါဦးကွာ ဝေဖြိုးရ နင်းဥ တို့နင်းဥတို့ အိမ်ကို လာလည်လို့ ရမလား"

"ရှင်"

ပွင့်လင်းရဲတင်းတဲ့ စိုးရန်နောင်စကားကြောင့် နင်းဥတအံ့တဩ ဖြစ်သွားတယ်၊ ရက်ချိန်းက နင်းဥနဲ့စိုးရန်နောင်ကြားမှာ ဝင်ရပ်လိုက်တယ်။

"ဒီမယ် ကိုယ့်လူ ပြန်ရင်ကောင်းမယ် နင်းဥဆီလာလည်ချင်ရင် ရက်ချိန်းအကြောင်းသိထားမှဖြစ်မှာ ဒီတော့ရှာပတ်ပြီး လိုက်မေးကြည့်ဦး"

"ဟား ရင့်လှချည်လား ဒီရွာသားတွေ ဒီလောက်မရိုင်းကြပါဘူး ဧည့်သည်ကို ဒီလိုပဲဆက်ဆံသလား ကိုရက်ချိန်း"

"ဟော့ကောင် မင်းပါးစပ်ပိတ်ပြီးပြန်တော့ ဝေဖြိုးခေါ်သွားစမ်းကွာ ဒေါ်လေးမြနေမကောင်းလို့ ဆေးသွားဝယ်မလို့ ငါ ရန်မဖြစ်ချင်ဘူး လာ နင်းဥသွားမယ်"

နင်းဥ လက်ကို ပိုင်စိုးပိုင်နင်း ဆွဲပြီး ထွက်သွားတဲ့ ရက်ချိန်းကို စိုးရန်နောင် မကျေမချမ်း ကြည့်နေလိုက်တယ်။ ဝေဖြိုးက ချော့မော့ပြီး အတင်းဆွဲခေါ်သွားရတယ်။

"ငါ နင်းဥအကြောင်း သိချင်တယ်"

"အိမ်ပြန်ရင်း ငါပြောပြမယ် လာပါကွာ ပြန်ကြစို့"

"ရက်ချိန်းဆိုတဲ့ကောင် တော်တော်ရိုင်းတာပဲ နင်းဥနဲ့ဘာတော်လဲ"

"အမျိုးမတော်ဘူး ဒါပေမဲ့ နင်းဥအဖေဆုံးကတည်းက ဒီကောင်က ဆင့်ရှောက်နေတာ"

စိုးရန်နောင် မျက်မှောင်ကုပ်သွားတယ်။ တဒင်္ဂလေးအတွင်းမှာ ပဲ အာရုံကို စွဲငြိအောင် ဖမ်းစားနိုင်တဲ့ နင်းဥကို သူ့အာရုံထဲက ထုတ်မရ တော့ဘူး။

■ ■ ■

ဟိုနစ်ကောင်ထွက်သွားပေမယ့် ရက်ချိန်းရင်ထဲက ဒေါသတွေက ပြေဘူး။ ရက်ချိန်း အံကြိတ်လက်သီးဆုပ်ရင်း ဒေါသတွေမြိုချနေတာ ်တော့ နင်းဥ မျက်မှောင်ကုပ်ပြီး ကြည့်တယ်။

"နင် ဘာဖြစ်နေတာလဲ ရက်ချိန်း"

"ငါ ဘာဖြစ်နေလဲဆိုတာ နင် မသိဘူးလား အနားမှာနင်ရှိနေလို့

နို့မို့ဆို နှစ်ကောင်လုံး ငါ့လက်သီးနဲ့တွေ့ပြီ"

"နေစမ်းပါဦး နင်ကဘာလို့ ဒီလောက် ရန်လိုနေတာလဲ ဧည့်သည်က ရိုးရိုးသားသား နှုတ်ဆက်တဲ့ဟာကို"

"နှင်းဥ"

ရက်ချိန်း အသံကျယ်သွားလို့ အနားကဖြတ်သွားတဲ့ နွားတောင်လန့်ပြီး ထွက်ပြေးသွားတယ်။

"နင်ဘယ်လိုပြောလိုက်တာလဲ နှင်းဥ နင့်ကိုရိုသေ့သေ့ လာလုပ်တဲ့ကောင်ကို ငါ ဒေါသထွက်နေတာ ရန်လိုသတဲ့လား"

"အေးလေ ဟိုက တည်ငြိမ်အေးဆေးသလောက် နင့်ပုံက ဘီလူးသဘက်ကျနေတာပဲ အားနာစရာကြီး"

ရက်ချိန်းမျက်လုံးတွေ ဒေါသကြောင့် ပြူးကျယ်လာတယ်၊ အသွားတွေတဆတ်ဆတ်တုန်ပြီး နှင်းဥ လက်မောင်းနှစ်ဖက်ကို ဘာမပြောညာမပြော ဆုပ်ကိုင်လိုက်တယ်။ ပြီးတော့ နှင်းဥ မျက်ဝန်းတွေထဲ စူးနစ်စိုက်ဝင်အောင်ကြည့်ရင်း

"ဒီမှာ နှင်းဥ နင်နဲ့ပတ်သက်ပြီး ငါအားလုံးကို ဒေါသထွက်နေတာ နင့်အတွက်စိုးရိမ်လို့"

"စိုးရိမ်လို့ဟုတ်လား ရက်ချိန်း ငါနဲ့တွဲလုံး နီးစပ်အောင် နင်လုပ်ခဲ့တာကရော စိုးရိမ်လို့ပဲလား"

ဝံ့ဝံ့စားစားကြည့်ရင်း ပြတ်ပြတ်သားသား မေးလာတဲ့နှင်းဥကို ဆိုင်ပြီး မကြည့်ရဲတော့လို့ မျက်နှာလွှဲလိုက်ရတာ ရက်ချိန်းပါ။

"ငါ့မျက်နှာကိုကြည့်ပြီး နင်ဖြေစမ်းပါ ရက်ချိန်း၊ နင်ယောကျ်ားတစ်ယောက် မဟုတ်ဘူးလား"

"နှင်းဥရယ် ငါဝန်ခံပါတယ်ဟာ ဟိုတုန်းက ငါ့နလုံးသားက နင့်အပေါ် ဖြူစင်ခဲ့ပေမယ့် အခုတော့ ငါ ငါ နင့်ကိုချစ်တယ်ဟာ သိပ်ကိုချစ်မိနေတာဟ"

"ရက်ချိန်းရယ်"

"ငါ နင်ကိုဆုံးရှုံးရမှာ ကြောက်တယ်၊ နင်နဲ့ပတ်သက်ရင် ငါ သဝန်တိုတယ်၊ နင့်ကိုကြည့်တဲ့ ယောကျ်ားတွေကို ငါမုန်းတယ် ဒေါသဖြစ်တယ်၊ ဒါတွေအားလုံး နင့်ကို လက်လွှတ်လိုက်ရမှာစိုးလို့ဟ"

နှင်းဥက ရှက်ရိပ်ကြောင့် နီစွေးနေတဲ့ မျက်နှာလေးနဲ့ရက်ချိန်းကို
းကြည့်နေရှာတယ်။

"နှင်းဥ နှင်ငါ့ကို စိတ်ဆိုးသွားပြီလားဟင်"

"စိတ်မဆိုးပါဘူး ရက်ချိန်း နှင့်ရင်ထဲကို ထွင်းဖောက်ကြည့်ပြီး
သိမြင်နေခဲ့တာ ကြာပါပြီ"

"ဟင် ဒါ ဒါဆို နှင်သိနေတယ်ပေါ့"

"အေး နှင့်မျက်ဝန်းတွေက လိမ်မှ မလိမ်တတ်တာ"

"နှင်းဥရယ်"

"ကိုအောင့်ကိုငြင်းခဲ့တာရော ငါ့ကိုချစ်တယ်လို့ပြောတဲ့သူတိုင်းကို
ငြင်းခဲ့တာရော နှင့်ကြောင့်ပဲ ရက်ချိန်း"

"ဝမ်း ဝမ်းသာလိုက်တာ နှင်းဥရာ ငါနှင့်ကို သိပ်ချစ်တယ် နှင်တို့
ားအိမ်ကို ငါတစ်သက်လုံးစောင့်ရှောက်သွားမယ် နှင်တို့ယာခင်းနဲ့ နှင့်ကို
လုံးဝ မခွဲနိုင်တော့ဘူး သိလား နှင်းဥ"

နှင်းဥ သူ့ရင်ခွင်ထဲ မှီကျလာတယ်၊ နှင်းဥ ကိုယ်လုံးလေးကို
က်ချိန်း တင်းတင်းကြပ်ကြပ် ပွေ့ဖက်တားမိတယ်။

ဒီလိုခံစားမှု ရသမျိုး သူတစ်ခါမှ မကြုံဖူးဘူး။ အခုတော့ ရင်ထဲမှာ
က်လှည့်ဝိုင်းကော ကုလားဘုရားကော ရောက်နေသလို တဒုန်းဒုန်း
ဒိုင်းဒိုင်းနဲ့၊ စစ်ဖြစ်နေသလားလို့တောင် ထင်ရတာ။

ခုတော့ နှင်းဥရဲ့ ရင်ခုန်သံကို သူ ကြားတတ်ခဲ့ပြီလေ။

■ ■ ■

## အခန်း (၃၂)

ရွာထဲက ဝေဖန်နေကြတဲ့ စကားတွေ ဒေါ်လေးမြလည်း ကြားရတာပါပဲ၊ သွေးမတော် သားမစပ် ရက်ချိန်းကို အားကိုးနေရတဲ့ဘဝက ရေရှည်မှာ မသင့်တော်မှန်းလည်း ဒေါ်နှင်းမြ သိတယ်။

ကိုယ့်မှာက သမီးမိန်းကလေး တစ်ယောက်ပဲရှိတာ။ မိန်းမသားနှစ်ယောက်ထဲရှိတဲ့ဘဝမှာ အခက်အခဲဆိုတာက အများကြီးရယ်။ ယုတ်စွအဆုံး ကိုယ်အိမ်ဝင်းထဲမှာရှိတဲ့ ရေအိမ်တက်တာကအစ ညရေးညတာဆို အန္တရာယ်များတယ်။

ရက်ချိန်းကိုအားကိုးနေရပေမယ့် ရေရှည်မှာ မလွယ်မှန်း တွေ့ခဲ့တာကြာပြီ၊ ခုချိန်မှာ သူရှိနေလို့ အကြောင်းမဟုတ်ပေမယ့် တဖြည်းဖြည်း ချူချာနေပြီဖြစ်တဲ့ ကိုယ့်ကိုယ်ကို စိတ်မချဘူး။ သူသာ မျက်စိမှိတ်သွားခဲ့ရင်

"သမီးကညာ အခါမလင့်တဲ့ စကားပုံလည်းရှိသားနဲ့ နှင်းမြရယ် ညည်းရှိနေတုန်းမှာ အိမ်ထောင်ရက်သား ချပေးထားခဲ့မှကိုဖြစ်မှာ"

ဒေါ်လုံးတင် စေတနာနဲ့ပြောတာ အကြံပေးတာ ဒေါ်လေးမြ သိတယ်၊ ဒေါ်လုံးတင်က သွားလေသူ ကိုလုဆောင်ရဲ့ ဆွေရိပ်မျိုးရိပ်မကင်းတဲ့သူမို့လည်း ဒီစကားပြောတာလေ။

"မိစုံဖစုံရှိရင် ပူစရာမလိုပေမယ့် ရှင် မရှိတော့ရင် ရှင့်သမီးမျက်စိ

သူငယ်နားသူငယ်နဲ့ ကျန်ရစ်ခဲ့မှာ ထည့်တွက်ဦး သေခြင်းတရားဆိုတာ မျက်စိတစ်မှိတ်အတွင်း ရောက်ချင်ရောက်လာတတ်တာမျိုးနော်"

ဒေါ်လုံးတင် စကားက သွေးထွက်အောင် မှန်တယ်၊ သမီးအတွက် ပြောတာမို့ မဖြစ်မနေ စဉ်းစားလာရတော့တယ်။

"ဣတ္ထိ ရုပ်ခန့်တဲ့ ညည်းသမီးရုပ်က မင်းကြိုက်စိုးကြိုက် ကတော် ဖြစ်မယ့်ရုပ်မျိုးဆိုတော့ လင်ကောင်းသားကောင်းရအောင် ကူညီစမ်းပါရစေ"

ဒေါ်လုံးတင် စကားစလိုက်တယ်ဆိုတာနဲ့ နှင်းဥလေးကို ချွေးမ တော်ချင်လို့ စေ့စပ်ညှိနှိုင်းလာသူတွေက မနည်းဘူး၊ အားလုံးထဲက အသင့် တော်ဆုံးကို ဒေါ်လုံးတင်ကနောက်ကွယ်ကနေ စိစစ်ရွေးချယ်ပေးတယ်။

ဒေါ်လုံးတင် ခေါင်းခေါက်ရွေးလိုက်တာ စိုးရန်နောင်။

"အေး အသင့်တော်ဆုံးက ဦးဘဖြိုးအိမ် ရောက်နေတဲ့ မြို့သား လေးပဲ ဘွဲ့ရပညာတတ်အေ့ မြို့မှာလည်း သူ့မိဘတွေက ပွဲရုံကြီး ထောင် ထားတာ ချမ်းသာတာကလည်း ကျိုကျိုတက်ပဲ ပြီးတော့ တစ်ဦးတည်းသော သား၊ ဒို့ထက် ပိုအရေးကြီးတာက ညည်းသမီးကို အဲဒီကောင်လေး တအား သဘောကျနေတာတဲ့"

"မြို့ကဆိုတော့ သမီးကို ခေါ်သွားရင်ဘယ်လိုလုပ်မလဲ"

"အိုအေ နောက်မှ နောက်ရောက်ရားပေ့ါ ခုဟာက သင့်တော် လွန်းလို့ပါ"

"အင်း သမီးလေးကို တိုင်ပင်ကြည့်ပါဦးမယ်"

"ဒါ လက်မလွှတ်သင့်တဲ့ အခွင့်အရေးနော်၊ ရွာကိုလာလည်ရင်း ရှင့်သမီးကိုတွေ့ပြီး အရမ်းသဘောကျနေတာတဲ့ ညည်းတို့သာ လက်ခံရင် မင်္ဂလာပွဲကို ရွာမှာပဲ အကြီးအကျယ်ကျင်းပပေးမှာတဲ့နော်"

ဒေါ်လုံးတင်က အပိုင်ပြောနေတယ်၊ ကြားရတဲ့ ဒေါ်နှင်းမြမှာလည်း သမီးအတွက် ပီတိတွေဝေလို့။

အနေအထားက နှင်းဥအတွက် ကျေနပ်စရာပဲမဟုတ်လား၊ ဒါပေမဲ့ အရေးကြီးတာက သမီးလေး စိတ်ချမ်းသာဖို့၊ ဒါကအဓိက။

■ ■ ■

"သ သမီးလက်မခံပါရစေနဲ့ အမေ"

ဒေါ်နှင်းမြ အသိပေး တိုင်ပင်တော့ နှင်းဥ အထိတ်တလန့်

ပြင်းတယ်။

"ဘာဖြစ်လို့လဲ သမီးရယ် သမီးအတွက် အကောင်းဆုံးစီစဉ်ပေးတာကို ဘာလို့လက်မခံချင်ရတာလဲ"

"သမီးအိမ်ထောင် မပြုချင်သေးဘူးအမေ"

အမေ စိတ်ပျက်သွားတာကိုကြည့်ပြီး နှင်းဥ ဝမ်းနည်းသွားရတယ်၊ အမြဲတမ်း အမေ့စကား နားထောင်တဲ့ သမီးအလိမ္မာ လုပ်ခဲ့ပေမယ့် ဒီတစ်ခါက ဘဝအရေးကိစ္စဆိုတော့ နှင်းဥ မျက်စိစုံမှိတ်ခေါင်းမညိတ်ချင်ဘူး။

"သမီးရယ် အမေ့ကျန်းမာရေးကလည်း မကောင်းတော့ဘူး၊ အမေမရှိတော့ရင် သမီးတစ်ယောက်ထဲ လောကကို ဘယ်လိုရင်ဆိုင်မှာလဲ"

"ရက်ချိန်းရှိပါတယ် အမေရယ်"

"ရက်ချိန်းက သွေးမတောသားမစပ်လေ အချိန်တန်လို့ သူ့ဘဝသူလျှောက်သွားရင် သမီးဘယ်လိုလုပ်မလဲ"

အမေ့ စိုးရိမ်စိတ်ကို ဖြေလျော့ပေးဖို့ အမှန်အတိုင်း ဝန်ခံတဲ့တစ်နည်းပဲရှိတော့တာလေ။ နှင်းဥမှ ရက်ချိန်းကို မခွဲနိုင်တော့တာ။

"ရက်ချိန်းနဲ့သမီး သံယောဇဉ်ရှိနေကြပြီ အမေ တစ်နှစ် နှစ်နှစ်လောက်ငွေစုပြီးရင် သမီးရက်ချိန်းနဲ့ပဲ လက်ထပ်ဖြစ်မှာ"

"ဟင် သမီးနဲ့ မောင်ရက်ချိန်းက"

"ဟုတ်ပါတယ် အမေ သမီးတို့ ကြိုးစားအလုပ် လုပ်ချင်သေးလို့ အမေ့ကို မပြောဖြစ်သေးတာပါ"

ဒေါ်နှင်းမြ ငေးငေးရီရီလေးဖြစ်သွားတယ်၊ အိုးချင်းထား အိုးချင်းထိ ကြိုးချင်းထား ကြိုးချင်းငြိဆိုတဲ့စကားကို သူ လျစ်လျူရှုမိခဲ့တာကိုး။ ဒါပေမဲ့ ရက်ချိန်း စိတ်ဓာတ်လေးကိုတော့ ဒေါ်နှင်းမြ သဘောကျပါတယ်။

"ရက်ချိန်းက သမီးနဲ့အမေ့ကို တသက်လုံး စောင့်ရှောက်ပါရစေတဲ့ သမီးလည်း သူ့ကို သံယောဇဉ်တွယ်နေပြီ အမေ"

နှင်းဥက မျှော်လင့်စောင့်စား ရင်ခုန်နေရှာပြီ၊ သူဘာပြောရမလဲ၊ ရက်ချိန်းဆိုတာလည်း သူတို့သားအမိကို ကူညီစောင့်ရှောက်ရင်းနဲ့ လူလိမ္မာဖြစ်သွားတာ တစ်ရွာလုံး အသိ၊ ပြီးတော့ဒေါ်နှင်းမြက နှင်းဥကို စိတ်မဆင်းရဲစေချင်ဘူး။ ဒီတော့

"အင်း အင်းလေ သမီးတို့ချင်း နားလည်နေကြပြီဆိုတော့ အမေ ခွင့်ပြုပါတယ်ကွယ်"

"အို ဝမ်း ဝမ်းသာလိုက်တာ အမေရယ် ရက်ချိန်း သိရင်လည်း တစ်အားပျော်ရာမှာ"

သမီးကိုယ်တိုင်က ရက်ချိန်းကို ခင်တွယ်နေပြီဆိုတော့ ဒေါ်နှင်းမြ လည်း ရက်ချိန်းကို ပွင့်ပွင့်လင်းလင်းပဲ မေးရတော့တယ်။ ရက်ချိန်းကလည်း အမှန်တကယ် မြတ်နိုးမိတာမို့ သေတစ်ပန်သက်တစ်ဆုံး တာဝန်ယူ စောင့် ရှောက်ပါမယ့်အကြောင်း ချက်ချင်းဝန်ခံ ကတိပေးရာတယ်။

"နှင်းဥကို ကျွန်တော် တင့်တင့်တယ်တယ် လက်ထပ်ယူချင် ပါတယ် ဒေါ်လေးမြ၊ အဲဒီအတွက် အဖေနဲ့အစ်ကိုကိုလည်း အပူမ ကပ်ချင်ဘူး ကျွန်တော်တို့ တစ်နှစ်လောက်ကြိုးစားပြီး ငွေစုချင်သေးလို့ ပါ"

နှစ်ယောက်လုံးက ရည်ရွယ်ချက်တွေနဲ့ အခိုင်အမာ ဆုံးဖြတ် ထားပြီးသား ဖြစ်နေမှန်း ဒေါ်နှင်းမြ သဘောပေါက်လိုက်တယ်။

"လောလောဆယ်တော့ သမီးတို့ကိစ္စကို ဘယ်သူမှ အသိမပေး ပါနဲ့ဦး အမေ၊ ရွာထဲက ဟိုပြောဒီပြောစကားတွေ မကြားချင်လို့ပါ။ သမီး တို့စုဆောင်းတာ အဆင်ပြေပြီဆိုမှ ရက်ချိန်းမိဘတွေကို အသိပေးချင်လို့ပါ"

"အေးလေ သမီးတို့သဘောပါပဲ မြို့သားကိစ္စကိုလည်း အကြောင်း တစ်ခုပြပြီး အမေ ငြင်းလိုက်ပါ့မယ်"

■ ■ ■

"ငါ့သားက ခုလိုဆိုတော့လည်း လူချောပဲ"

မုတ်ဆိတ်ကျင်စွယ်တွေ ရိတ်သင်ပစ်လိုက်တဲ့ ရက်ချိန်ကိုကြည့်ပြီး အမေက ကျေကျေနပ်နပ်ကြီး ပြောလိုက်တယ်။ အဖေက ဘာမှ မပြော ပေမယ့် သဘောကျနေပုံပဲ၊ ကိုအောင်ကတော့ ရုပ်တည်တည်ကြီး ကြည့် လို့။

နှင်းဥတို့ ယာထဲသွားဖို့ထွက်လာတော့ ကိုအောင်လမ်းက စောင့်ပြီး ဆီးမေးတယ်။

"ရက်ချိန်း မင်းတော်တော် ပြောင်းလဲသွားတာပဲ"

"ငါ ဒီအတိုင်းပါပဲကွာ"

"မဟုတ်ဘူး မင်းပြောင်းလဲသွားတာသေချာတယ် မင်းနဲ့ နှင်းဥ ကြိုက်နေကြပြီ မဟုတ်လား"

အောင်ချိန်းက စကားတောင်မပြီးဘဲ တဲ့တိုးကြီးမေးတာ။ ရက်ချိန်း ဘာမှမပြောဘဲ အောင်ချိန်းကို စိုက်ကြည့်နေလိုက်တယ်၊ အဲဒီအချိန်မှာပဲ အဖေထွက်လာတာမြင်လို့ အောင်ချိန်း သူ့နှားက ခွာသွားတယ်။

ရက်ချိန်းလည်း သူ့လမ်းသူ လျှောက်ခဲ့ရတာပေါ့။ အမှန်အတိုင်း ပြောလိုက်ရင် ကိုအောင်ဘယ်လိုတုန့်ပြန်မလဲ မသိဘူး။

ဒါပေမဲ့ မပြောဖြစ်တာလည်း ကောင်းပါတယ်၊ အခုအချိန်မှာ အစ်ကိုကတစ်ဆင့် အဖေတို့ မသိစေချင်သေးဘူး။

ရက်ချိန်းနဲ့နှင်းဥမှာ လုပ်စရာတွေ အများကြီး ရှိသေးတယ်၊ ရွာထဲ အထိ သတင်းစကားတွေ မပျံ့စေချင်ဘူး။

နှင်းဥရဲ့သိက္ခာနဲ့ ဒေါ်လေးမြရဲ့ မျက်နှာကိုလည်း ကြည့်ရသေးတယ်။ သူတို့ရဲ့ အနေအထိုင်ကိုလည်း အရင်ကထက် ပိုဆင်ခြင်လာရတယ်။

ပတ်ဝန်းကျင်က ပြောလာရင် သူ့စိတ်နဲ့မဖြစ်ဘူး။ အရင်လိုဒေါသ စိတ်နဲ့ထိုးတာကြိတ်တာတွေလည်း မလုပ်ချင်တော့ဘူး။

ဒါ နှင်းဥကို ချစ်တဲ့စိတ်နဲ့ သိမ်မွေ့လာတာ၊ သူ့အခုလို နေတာ ထိုင်တာကို နှင်းဥ သဘောကျတယ်။ သူကလည်း နှင်းဥကို စိတ်ချမ်းသာစေ ချင်တယ်။

ပြီးတော့ အဖေနဲ့အမေကိုလည်း သူ့အတွက်ရတက် အေးစေ ချင်တယ်။ ဟိုတုန်းက ရက်ချိန်းနဲ့မတူတဲ့ ရက်ချိန်းအဖြစ် နေပြချင်တယ်။ နှင်းဥနဲ့ သူ့ရဲ့အနာဂတ်အတွက် အရင်ကထက်ပိုပြီး ကြိုးစားအားထုတ်ဖို့ သူ ဆုံးဖြတ်ထားတယ်။

ယာခင်းကို ပိုပြီး ဂရုစိုက်လုပ်တယ်။ နှင်းဥတို့သားအမိကလည်း အရင်ကထက် တက်ညီလက်ညီ ဝိုင်းကူပေးတယ်။

ပျော်စရာကောင်းတဲ့ မိသားစုဘဝလေးကို ရက်ချိန်း စိတ်ကူးပုံဖော် နေတတ်ခဲ့ပြီ။ အနာဂတ်အတွက် အင်အားဖြစ်တဲ့ ယာခင်းလေးကလည်း အောင်အောင်မြင်မြင် သီးပွင့်ဝေဆာလို့။

ဒါပေမဲ့ မမြင်နိုင်တဲ့ ကံကြမ္မာက မထင်မှတ်တဲ့အချိန်မှာ အလစ်ဝင် တိုက်ခိုက်လိမ့်မယ်လို့ ရက်ချိန်း ဘယ်လိုမှ မျှော်လင့်မထားခဲ့ဘူး။

## အခန်း (၃၃)

တစ်ရက်မှာ ဒေါ်လေးမြ ယာထဲ အလုပ်လုပ်နေရင်း လဲကျသွားလို့ ဆေးခန်းကိုပို့တယ်၊ ဆေးခန်းရောက်တော့ သတိပြန်ရလာပေမယ့် နာက မသက်သာဘူး။

"နှင်းဥ ဒေါ်လေးမြကို ဂရုစိုက်ပြုစုစမ်းပါဟာ နင်ယာထဲကို မလာနဲ့ မင်းလည်းလာမပို့နဲ့ ငါ့ဘာသာ အိမ်ပြန်စားလို့ရတယ်"

"နင် တစ်ယောက်ထဲ ပင်ပန်းနေမှာပေါ့"

နှင်းဥက ရက်ချိန်းအတွက် ပူပန်ပြီးပြောတယ်၊ အဲဒီလို သူ့အပေါ် ရုစိုက်ပြီးပြောတဲ့ စကားကြောင့် ရက်ချိန်းရင်ထဲ သိပ်ကိုပီတိဖြစ်သွားရတယ်၊ လောကကြီးထဲမှာ သူ့ကို စာနာနားလည်ပြီး မေတ္တာထားတဲ့သူ တစ်ယောက် ရှိနေတာကို တအားကျေနပ်နေမိတယ်။

"ငါ လုပ်နိုင်ပါတယ် နှင်းဥရယ် အရေးကြီးတာက ဒေါ်လေးမြ ပြန်ကျန်းမာလာဖို့ပဲ မဟုတ်လား"

ယာထဲ စိုက်ခင်းတွေက ပစ်ထားလို့မရဘူး၊ ရက်ချိန်းက ယာကို လည်း ဂရုစိုက်တယ် ဒေါ်လေးမြကိုလည်း ဂရုစိုက်တယ်၊ နှင်းဥအတွက် ဆိုရင်တော့ ပြောစရာကို မလိုဘူး။


PUBLISHED BY VIEW

ညနေ ယာထဲကပြန်တာနဲ့ နှင်းဥတို့အိမ်ဝင်ပြီး ဒေါ်လေးမြကို အားပေးတယ်။ ဝေဒနာမေ့သွားအောင် အပျင်းပြေအောင် စကားတွေ ပြောပေးတယ်။ ခြေဆုပ်လက်နယ် ပြုစုတယ်။ ဒါပေမဲ့ ဒေါ်လေးမြ အခြေနေက တဖြည်းဖြည်း ပိုပိုပြီး ဆုတ်ယုတ်လာတယ်။

ခဏ ခဏ အောင့်နေတာက မသက်သာဘူး။ မသက်သာဆို ရွာဆေးခန်းမှာ လက်ထောက် ကျန်းမာရေးမှူးနဲ့ သစ်သား ခုတင် တစ်လုံးပဲ ရှိတာလေ၊ ဒေါ်လေးမြခုလို ခံစားနေရတာကို မြင်တွေ့ရတာ စိတ်မချမ်းသာဘူး။ နှင်းဥလည်း အမေ့အတွက် မျက်ရည်လေး တစမ်းစမ်းနဲ့ ဖြစ်နေတာ။

နောက်ဆုံးတော့ ရက်ချိန်းက အကောင်းဆုံး အကြံပေးရတယ်။

"ဒေါ်လေးမြကို ငါတို့ မြို့ဆေးရုံမှာ ပြကြည့်မယ်ဟာ"

ပြောမယ့်သာ ပြောရတယ်၊ မြို့ဆေးရုံဆိုတာကလည်း သူကော နှင်းဥပါ မောချင်ချင်ရယ်။ ဆေးရုံတင်တယ်ဆိုတာ လွယ်တာမှ မဟုတ်ဘဲ။ ပြီးတော့ နှင်းဥတစ်ယောက်ထဲနဲ့လည်း မဖြစ်ဘူး။

အဲဒါတွေထက် ပိုအရေးကြီးတာက ငွေပဲ။ ဆေးရုံရောက်တာနဲ့ ငွေက ဒလဟော ထွက်ပြီသာမှတ်။ လက်ထဲက ရှိစုမဲ့စုလေးကလည်း ဆေးဖိုးဓာတ်စာဖိုးနဲ့ လုံးပါးပါးနေပြီ။

ဒါနဲ့ပဲ နှင်းဥနဲ့တိုင်ပင်ပြီး ယာခင်းကို ဝါးဖောဆီမှာ ပေါင်လိုက်ရတယ်။ ဒါကို ဒေါ်လေးမြ လုံးဝမသိဘူး အသိပေးလို့လည်း မဖြစ်ဘူးလေ။ သူ့ကို ကုဖို့ပေါင်တာဆိုရင် ဒေါ်လေးမြက အသေခံသွားမှာ။

ထင်တဲ့အတိုင်း မြို့ဆေးရုံမှာ တင်ခဲ့ရမယ်ဆိုတော့ နှင်းဥကို လူနာစောင့်အဖြစ် ထားခဲ့ရတယ်၊ တစ်နေ့ တစ်နေ့ အကြောင်းအမျိုးမျိုးနဲ့ ထွက်လိုက်တဲ့ ငွေက မနည်းဘူး။ ဒီတော့ နောက်ထပ်ပိုက်ဆံရမယ့် နည်းလမ်း စဉ်းစားရပြန်ရော။

နှင်းဥ ခမျာလည်း လူနာပြုစုရတာ တစ်ဖက် ငွေရေးကြေးရေး ပူပန်ရတာက တစ်ဖက်နဲ့ သနားစရာပါပဲ။ ဒါတောင် ကြာညိုတို့ ဘုတ်စုမတို့ အလှည့်နဲ့ လိုက်လာပြီး နှင်းဥကို ကူကြလို့သာပေါ့။

နောက်ဆုံးမှာ နှင်းဥက အိမ်ကိုပါ ပေါင်လိုက်ဖို့ ထုတ်ပြော လာတယ်၊ တခြားနည်းနဲ့ ငွေမရှာတတ်တဲ့ ရက်ချိန်းလည်း ရင်နာနာနဲ့ပဲ

ခေါင်းညိတ်ရတော့တာပေါ့။ ဒါပေမဲ့ တောက အိမ်ပေါင်တာ ဘယ်လောက်ရမှာလဲ။ အမေ့အတွက်ဆိုတဲ့ အတွေးနဲ့သာ နှင်းဥ မဖြစ်မနေ ဆုံးဖြတ်ခဲ့ရတာ။

အမေ့ ကျန်းမာရေးကလွဲပြီး ကျန်တာအရေးမကြီးဘူးလို့ပဲ သဘောထားပြီး ပေါင်ခဲ့ရတာ။ ရက်ချိန်းကတော့ သူကြီးစားစိုက်ပျိုးခဲ့ရတဲ့ ယာခင်းလေးသာ ဆုံးရှုံးရင် ဆိုတဲ့အတွေးနဲ့ မရှုနိုင် မကယ်နိုင် ဖြစ်နေရတာ။

ဆေးရုံမှာ ရက်ကြာလာတာနဲ့ အမျှ ငွေလိုအပ်ချက်က ကြီးကြီးလာတာအမှန်ပဲ၊ အိမ်ကော ယာခင်းကော လက်ထဲရှိတဲ့ ငွေတို့ငွေစပါ ကုန်လုပြီ။ အမေက ဆေးရုံပေါ်မှာပဲ။ နှာခေါင်းက သွင်းထားတဲ့ အစာပိုက်တန်းလန်း ဆီးပိုက်တန်းလန်းနဲ့ဆိုတော့ ဆင်းလို့ကလည်း မဖြစ်။

တစ်ခါ အာထရာဆောင်းတို့ ဓာတ်မှန်တို့ကလည်း တစ်ပတ်တစ်ခါ ရိုက်နေရတာ မဟုတ်လား။ အရေးပေါ် ဖြစ်လာရင် ဆေးရုံက အကောင်းဆုံးဆိုတဲ့ အတွေးနဲ့ မဖြစ်မနေဆက်ထားကြရတာ။

ငွေထပ်လိုတော့ ဒေါ်လုံးတင်ဆီ နှင်းဥ အကူအညီတောင်းရရော။

"ကုန်စရာတွေက အများကြီး ဒေါ်လေးရဲ့ နှင်းဥလည်း မကြံတတ်တော့ဘူး"

"အင်း ဒုက္ခပါပဲလား နှင်းဥရယ် ကဲ ကဲ ညည်းဆေးရုံသာပြန်နှင့်ပါ ဒါ စီစဉ်စရာရှိတာစီစဉ်ပြီး လိုက်လာခဲ့မယ်"

နောက်တစ်နေ့ကျတော့ ဒေါ်လုံးတင် ဆေးရုံကို လိုက်လာတယ်။ ဘယ်လိုရှာလာတာလဲတော့ မသိဘူး။ ငွေက အလုံအလောက်ကို ပါလာတာ။

ဒီတော့ လုပ်စရာတွေရှိတာ တန်းစီလုပ်ရတော့တာ၊ အာထရာဆောင်းရိုက်၊ ဓာတ်မှန်ရိုက်၊ ဆီးစစ်၊ သွေးစစ်တာတင်မကဘူး အသားစကိုပါ ဖြတ်ခွဲခန်းပို့ပြီး စစ်ရဆေးရ ဓါတ်ခွဲရတာ။

တစ်ပတ်အတွင်း အဖြေသိရတယ်။ သားအိမ်ကင်ဆာတဲ့လေ ... အဲလိုသိရတော့ ရက်ချိန်းကော နှင်းဥပါ ခြေမကိုင်မိ လက်မကိုင်မိနဲ့ ခေါင်းမီးတောက်ရတော့တာပေါ့။ အမြန်ဆုံးခွဲစိပ်ကုသမှ ရမယ်တဲ့။ တစ်ခြားကိုယ်အင်္ဂါ အစိတ်အပိုင်းတွေဆီ မကူးခင်ခွဲစိပ်ပြီး သားအိမ်ထုတ်ပစ်ရင်တော့ မျှော်လင့်ချက်ရှိသတဲ့။

ဆေးတွေ အဆက်မပြတ် ကျွေးထားလိုက်၊ ဘုရားကု ကုလိုက်နဲ့

မို့နည်းနည်းသက်သာလာတဲ့ ဒေါ်လေးမြကတော့ ဘာမှ မသိရှာဘူး၊ စကားပြောနိုင်တာနဲ့ ရက်ချိန်းကို အားကိုးတကြီးမေးတယ်။

"သား အမေတို့ယာခင်းလေး အဆင်ပြေရဲ့လား"

"ပြေ ပြေပါတယ် ဒေါ်လေးမြ သီးနှံတွေ မနှစ်ကလိုပဲ အထွက်ကောင်းမှာပါ"

"အေး အေး အမေ ဒါပဲကြားချင်တာ အမေ့ဆန္ဒက သားနဲ့သမီး ကိစ္စကို တစ်နှစ် မစောင့်စေချင်တော့ဘူး ဒီတစ်ခါ သီးနှံပေါ်တာနဲ့ ရောင်းချပြီး မင်္ဂလာကိစ္စကို အကျဉ်းရုံးလုပ်လိုက်ကြတော့"

ဒေါ်လေးမြပြောတာ နွားထောင်ရင်း ရက်ချိန်း ယောကျ်ားတန်မဲ့ မျက်ရည်ဝဲရတယ်၊ နှင်းဥက ဟန်မဆောင်နိုင်တော့လို့ ဆေးရုံ ဝရန်တာ ထွက်ပြီး ရှိုက်ကြီးတငင် ငိုရှာတယ်။

ဒေါ်လေးမြ ဆန္ဒတွေပြည့်ဝဖို့က မဖြစ်နိုင်တော့ဘူးလေ၊ ယာခင်း ကော အိမ်ပါပေါင်ထားရပြီးပြီ၊ ပြောရရင် မဆွတ်ရသေးတဲ့ သီးနှံကိုပါ အောက်ဈေးနဲ့ ကြိုရောင်းထားလို့ကုန်ပြီ။ ဒါတွေကို ဒေါ်လေးမြမှ မသိတာ။

ရက်ချိန်း မကြားရက်တော့ဘူး၊ သိပ်မကြာဘူး ဆေးအရှိန်နဲ့ ဒေါ်လေးမြ အိပ်ပျော်သွားရော၊ အဲဒီတော့မှ ဒေါ်လုံးတင်ရောက်လာပြီး ရက်ချိန်းကို လက်တို့တိုင်ပင်တယ်။

"မောင်ရက်ချိန်း နှင်းဥအမေကိစ္စ ဘယ်လိုဆက်လုပ်ကြမလဲ"

"ကျွန်တော်လည်း မပြောတတ်တော့ပါဘူး ဒေါ်လုံးတင်ရယ် ဒေါ်လေးမြလည်း အတော်ခံစားနေရတော့ သနားရသလို နှင်းဥလည်း ဘာမှ မကြံတတ်တော့ စိတ်ပူရတာပဲ"

"ဆရာဝန်ကြီးတွေ ပြောတဲ့အတိုင်း ရန်ကုန်ပို့ ဓာတ်ရောင်ခြည် ကင်ပြီး ခွဲစိတ်ကုသရင် မျှော်လင့်နိုင်ပါသေးတယ်"

"ဒေါ်လုံးတင်ရယ် ဒီမှာတောင် မနည်းရုန်းကန်နေရတာ ရန်ကုန် ဆေးရုံပို့ဖို့ဆိုတာ အိပ်မက်ဆန် မနေဘူးလား"

"အဲဒီလောက် မခက်ခဲပါဘူးကွယ် ကာယကံရှင် နှင်းဥသာ သဘောတူရင် ချက်ချင်း စီစဉ်လိုက်လို့ ရတယ်"

"ဗျာ ဘယ် ဘယ်လို ဒေါ်လုံးတင်"

"အဟင်း မင်းက နှင်းဥနဲ့ မောင်နှမလို နေလာတဲ့သူမို့ ယုံကြည်လို့

တိုင်ပင်တာ၊ မနှင်းမြကို ရန်ကုန်မှာ ဆေးကုသပေးဖို့ ကိစ္စ စိုးရန်နောင် တာဝန်ယူမယ်တဲ့"

"ဟင်"

"ဒီသူငယ်က နှင်းဥကို မြင်မြင်ချင်း သဘောကျ နှစ်သက်နေတာလေ သူ့အဖေက နှင်းဥသာ သူ့သားကို လက်ထပ်ရင် အစစအရာရာ တာဝန်ယူပေးမယ်တဲ့"

ရက်ချိန်းရင်ထဲ ဗြောင်းဆန်သွားရတယ်။ နှင်းဥကို ချွေးမတော်ရမှ ဒေါ်နှင်းမြအသက်ကို ကယ်တင်ပေးမယ့်သဘောပဲ ဖြစ်နေတာ မဟုတ်လား။

"ဘာကြောင့်မှန်း မသိဘူး နှင်းဥက ခေါင်းခါနေတယ်၊ ဒါသားရွှေအိုးထမ်းလာတဲ့ကိန်းပဲ မဟုတ်လား နှင်းဥဘဝလည်း ကောင်းစားသွားမယ် မနှင်းမြလည်း အသက်ချမ်းသာရာ ရမှာလေ၊ ဒါ မိဘကျေးဇူးဆပ်တာပဲ မဟုတ်လား ဘယ်လောက်များ ကုသိုလ်ရလိုက်မလဲ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဒါကို နှင်းဥ သဘောမပေါက်ဘူး ဒီတော့ မောင်ရက်ချိန်းက နှင်းဥကို ဖျောင်းဖျ နားချပေးပါကွယ် မင်းရဲ့စကားဆို နှင်းဥ နားထောင်မှာပါ"

ဒေါ်လုံးတင် စကားတွေက ရက်ချိန်းနှလုံးသားကို ဓွားစာ စင်းသလို င်းပစ်နေတာ မဟုတ်လား။ မျက်ဝန်းမှာ မျက်ရည် ခရသလို နှလုံးသား ာလည်း သွေးချွေဥခဲ့ရပြီလေ။

"ဘယ်နှယ့်လဲ မောင်ရက်ချိန်း မင်းနှင်းဥကို တိုက်တွန်းပေးမယ် ဟုတ်လား"

ဒေါ်လုံးတင်က ကိုယ့်ကိုယ်ကို သေမိန့်ချဖို့ တိုက်တွန်းနေသလိုပဲ၊ က်ချိန်းအဖြစ်က ချစ်ရသူ မထိစေဖို့ကို အနှော်ရထာမင်း လက်ထဲပဏ္ဏာ အဖြစ်ဆက်သရတဲ့ ကျွန်စစ်မင်းလို ဖြစ်နေရပြီမဟုတ်လား။

မထူနိုင်မထနိုင်၊ မကျနိုင် မမနိုင်တဲ့ ကိုယ့်ဘဝကိုယ် စိတ်နာမိရုံ ပြင် ဘာလုပ်လို့ရတော့မလဲ။

"အင်း ကျွန်တော် ပြောကြည့်ပါဦးမယ်"

"အေး လုပ်စမ်းပါကွယ် စိုးရန်နောင်ကလည်း အခြေအနေသိချင် ပြီ ပြီးတော့လည်း သူကနှင်းဥကို အရူးအမူး ချစ်ရှာတာပါကွယ်"

စိုးရန်နောင်က အရူးအမူး ချစ်သတဲ့လား။ ဒါဆို ရက်ချိန်းအချစ်က ယ်အဆင့်လဲ၊ သေကောင်ပေါင်းလဲ ချစ်တယ်လို့ ပြောရင်တောင် လုံ

လောက်မှာမဟုတ်ဘူး။ ဒါပေမဲ့ သူ ဘယ်လိုချစ်ချစ်၊ သူ့အချစ်က ငွေမဖြစ်သလို ဒေါ်လေးမြဲ အသက်ကို မကယ်နိုင်ဘူး။

စိုးရန်နောင်အချစ်က ရွှေဖြစ်ငွေဖြစ် လိုရာဖြစ်တဲ့အချစ်၊ အမေ့အသက်ကို ကယ်တင်နိုင်ဖို့ လမ်းစပေါ်နေတဲ့ အချိန်မှာ ရက်ချိန်းက အဲဒီလမ်းပေါ်က ခလုတ်ကန်သင်း ဖြစ်နေပြီ။ အနှောင့်အယှက် ဖြစ်နေပြီ။ သူ့ကြောင့် နှင်းဥ ဆုံးဖြတ်ချက် မချနိုင်အောင် တွေဝေနေပြီ။ နှင်းဥရယ် ငါ့အတွက်နဲ့ ဒေါ်လေးမြဲအသက် ကယ်တင်နိုင်မယ့် အခွင့်အရေးကို လက်လွှတ်မခံလိုက်ပါနဲ့နော်။ မြင့်မိုရ်တောင်ဦး မကကျူးတဲ့ မိဘကျေးဇူးဆပ်နိုင်တဲ့ သမီးအလိမ္မာလေး အဖြစ် ဂုဏ်ယူလိုက်စမ်းပါ။

ငါ့ရင်ထဲက ဖရိုဖရဲ ပြိုလဲနေတဲ့ နှလုံးသားကို နင်းပြီးစိုးရန်နောင် ခင်းပေးတဲ့ လမ်းပေါ် တက်လှမ်းလိုက်စမ်းပါ။

■ ■ ■

ဆေးရုံဝင်းထဲက စိန်ပန်းပင်ကြီးဟာ နီနီရဲရဲ စိန်ပန်းပွင့်တွေကို သံယောဇဉ် ကင်းကင်းနဲ့ ခါချနေတယ်၊ အပင်ခြေရင်း မြေတလင်းမှာ ကြွေကျမြေခနေတဲ့ စိန်ပန်းပွင့်တွေဆိုတာ ရဲပတောင်းခတ်လို့။

ရက်ချိန်း ရင်ထဲက နှလုံးသားနီစွေးစွေးကလည်း ကြွေကျသွားခဲ့ရပြီ၊ တသိမ့်သိမ့်ရှိုက်ငိုနေတဲ့ အသံကြောင့် နှင်းဥကို ရက်ချိန်း နမြောစွာနဲ့ စိုက်ကြည့်လိုက်တယ်။

ဖေးမခွင့် ရှိမရှိ မသိတော့ပေမယ့် နှင်းဥ လက်လေးကို ဆုတ်ကိုင်ဖျစ်ညှစ်နေမိတယ်။ မျက်ရည်ကြည်သီဝေ့နေလို့ မြင်ရတဲ့ နှင်းဥ ပုံရိပ်က ဝေဝါးနေတယ်။ ရက်ချိန်း စကားမပြောနိုင်တော့ဘူး။

"တို့တွေရဲ့ ကံကြမ္မာက ဆိုးဝါးလိုက်တာ ရက်ချိန်းရာ ကွေကွင်းခြင်းဒုက္ခကို ဘာလို့များ ကြုံကြရတာလဲဟင်"

"သူများ ချစ်ခြင်းကို အနှောင့်အယှက် ပေးခဲ့မိလို့ပဲဖြစ်မှာပေါ့ နှင်းဥရယ်"

"အဟင့် ငါ နင်နဲ့ မခွဲနိုင်ဘူး ရက်ချိန်း"

"ဖြစ်သင့်တာကိုပဲ စဉ်းစားရတော့မှာမို့လား နှင်းဥရယ် ငါ့ကိုလုံးဝထည့်မတွက်ပါနဲ့ နင်သာ မြန်မြန်ဆုံးဖြတ်ပြီး ခေါင်းညိတ်လိုက်စမ်းပါ ဒေါ်လေးမြဲအတွက် တစ်ရက်ဆို ဆိုသလောက် သိပ်အရေးကြီးနေပြီလေ"

"ရင်နာလိုက်တာ ရက်ချိန်းရာ"

အံကြိတ်ပြီးပြောလာတဲ့ နှင်းဥ စကားကြောင့် ရက်ချိန်းလည်း ...တင်ကဲ ခံစားရတာပါပဲ၊ ဒေါ်လုံးတင်က အကူအညီတောင်းပြီးတဲ့နောက် ...က်ချိန်း နှင်းဥနဲ့ တေ့တေ့ဆိုင်ဆိုင် ဆွေးနွေးဖြစ်ခဲ့ကြတယ်။

တစ်ခု ဖြေသာတာက ဒေါ်လုံးတင် ကိုယ်တိုင် နှင်းဥကို ပြော ...းပြီးသား ဖြစ်နေတာပဲ၊ ကိုယ်တိုင် ရင်ခွဲပြီး အသည်းထုတ်ပေးရတာ ...က်စာရင် သူများ ခွဲထားလို့ ပက်ပက်စက်စက် ကွဲနေတဲ့ ရင်ထဲက ...သည်းကို အသာနှိုက်ယူ ပေးပစ်လိုက်ရတာ ပိုသက်သာမယ်လို့ ထင် ...ပဲလေ။

ဒေါ်လေးမြရဲ့ ရောဂါအခြေအနေ၊ ငွေရေးကြေးရေးအနေအထား၊ ...နောင်ရဲ့ ကမ်းလှမ်းမှု၊ သူတို့နှစ်ယောက်ကြားရဲ့ အနာဂတ်အားလုံးကို ...ပွင့်လင်းလင်း ပြောဖြစ်ခဲ့ကြတယ်။ တစ်ယောက်နဲ့တစ်ယောက်ကြားက ...ွယ်နေတဲ့ သံယောဇဉ်ကြောင့် စကားတွေ ဝေ့လည်ကြောင်ပတ် ...နေကြပေမယ့် အဖြေက ထွက်ပြီးသား။

နောက်ဆုံးတော့ သည်းမခံနိုင်တော့ဘဲ နှင်းဥက

"ရက်ချိန်း နှင်ငါ့ကို အဆုံးအရှုံးမခံနိုင်ဘူးလို့ တစ်ခွန်းပဲပြောလိုက် ...ပဲဟာ ဖြစ်လာသမျှ ကံစီမံတာလို့ နာခံလိုက်မယ် သမီးလိမ္မာလုပ်ပြီး ...သက်လုံး စိတ်ဆင်းရဲ မခံချင်ဘူး ရက်ချိန်း"

ရင်ကွဲ ပက်လက်နဲ့ နှင်းဥက အနာဂတ် ခရီးရွေးချယ်ခွင့်ကို ...ချိန်း လက်ထဲ အပြည့်အဝ ထည့်ပေးလိုက်တယ်။ ရက်ချိန်းက ခေါင်းခါဆို ...င်းခါလိုက်မယ်၊ ခေါင်းညိတ်ဆိုညိတ်လိုက်မယ် လို့ပြောလာနေပြီ။ ...ချိန်မှာ ရက်ချိန်း တစ်ကိုယ်ကောင်းဆန်လိုက်ရင် သူတို့နှစ်ယောက် ...ရမယ်လို့ မယုံကြည်ချင်တော့ဘူး။ ဒီတော့

"ငါနဲ့တူပြီး မမိုက်ချင်ပါနဲ့ နှင်းဥရယ် တစ်နေ့သုံးကြိမ် သင်္ချိုင်း ...မျက်စောင်းထိုးပြီး ဝမ်းနဲ့လွယ်လို့ နင့်ကို မွေးပေးခဲ့တဲ့ ဒေါ်လေးမြရဲ့ ...ေးတရားတွေကိုသာဆပ်ဖြစ်အောင် ဆပ်လိုက်စမ်းပါ ဒီလိုအခွင့်အရေး ...ဘာသမီးတိုင်းရနိုင်တာမဟုတ်ဘူး နှင်းဥ၊ နို့တစ်လုံးဖိုး မကျေနိုင်ပေမယ့် ...ခွက်ဖိုးလောက်ကျေနိုင်တဲ့ အဖြစ်နေဘ် စိတ်ကူးမလွဲနဲ့"

"ရက်စက်လိုက်တာ ရက်ချိန်းရယ်"

"ရက်စက်တာ မဟုတ်ပါဘူး နှင်းဥရယ် ထောင့်ငါးရာမေတ္တာနဲ့ ကိလေသာအမှောင်ဖုံးတာကို သာယာမိလို့ နှင်တစ်သက်လုံး နောင်တရမဆုံး ဖြစ်နေမှာစိုးတာပါ အမေ့အသက်ကို ကယ်ခွင့်ကြုံရက်နဲ့ မကယ်ခဲ့တဲ့ သမီးမိုက်လို့ အများတံတွေးခွက်မှာ ပက်လက်မျောမှာ ငါမကြည့်ရက်လို့ပါ"

"ကောင်းပါပြီ ရက်ချိန်း နှင်ပြောသလိုပဲ ငါဆုံးဖြတ်လိုက်ပါတော့မယ်"

ဘယ်သူ့ကြောင့်ရယ်လို့ လွှဲမချတော့ဘဲ နှင်းဥ တစ်ယောက်တစ်ပါးသူရင်ခွင် ခိုလှုံခွင့်ကို နှစ်ဦးသဘောတူ ဆုံးဖြတ်ပြီးတဲ့နောက်၊ စောင့်ကြည့်နေတဲ့ ဆေးရုံ ဝရန်တာက ဒေါ်လုံးတင်ဆီ နှင်းဥ ထွက်ခွာသွားခဲ့တယ်။

နောက်ကို လှည့်မကြည့်ဖြစ်အောင် နှင်းဥ ဘယ်လောက် အားထုတ်ရမလဲဆိုတာ ရက်ချိန်း စာနာစိတ်နဲ့သိနေတယ်။

ဩော် ဝေးမယ့်ဝေးတော့လည်း တစ်သက်လုံး ဆိုသလိုပါပဲလား နှင်းဥရယ်။

■ ■ ■

## အခန်း (၃၄)

နှင်းဥတို့ အိမ်ရှေ့မှာ မဏ္ဍပ်ကြီးဆောက်နေတဲ့ သတင်းကို အဖေ ယူလာတာ။ ရက်ချိန်းနဲ့ နှင်းဥ ချစ်သူတွေဖြစ်သွားကြပြီလို့ အလိုလို သိခဲ့တဲ့အချိန်ကစပြီး သွားနေကျ လမ်းက ယာထဲ အသွားအပြန်လုပ်တာက လွဲလို့ အောင်ချိန်းအပြင် မထွက်ခဲ့တာကြာပြီ။ ဒါကြောင့် အဖေ့သတင်း ကြားရတော့ အောင်ချိန်း အံ့သြရတာပေါ့။

"ဘာ မဏ္ဍပ်လဲ အဖေ"

"နှင်းဥ မင်္ဂလာဆောင်မဏ္ဍပ်တဲ့"

"ဗျာ"

"ဘယ်သူနဲ့တုန်း ကိုဘသော်ရဲ့ တော့်ဟာကလည်းပြတ်တောင်း ပြတ်တောင်းနဲ့ ရေရေရာရာ ပြောပြစမ်းပါ"

"အေး ပြောမယ် ပြောမယ် ကိုဘဖြိုး သား ဝေဖြိုးတို့ရဲ့ အစ်ကို တစ်ဝမ်းကွဲ တော်တဲ့ မြို့က သူဌေးသား စိုးရန်နောင်နဲ့ ယူမှာတဲ့ဗျာ မဏ္ဍပ်ကြီးမှ ဟီးလို့"

"အလိုတော် ဆိုင်းမဆင့် ဗုံမဆင့် ရည်ငံနေကြတယ်လို့လည်း

မကြားမိပါဘူး"

"နှင်းဥက သူ့ရည်းစားထားတာ မင်းသိအောင် မင်းရှေ့လာ ပလူးပြ ရဦးမှာလားဟ ငွေခင်ရ"

"တော်ကလည်း စကားပမာ ပြောတာပါ ဒါနဲ့ မနှင်းမြက ဆေးရုံမှာ ဆို"

"ဟုတ်တယ် အမေ"

"အင်း အမေက ရက်ချိန်းကို အထင်ကြီးကြီး နှင်းဥကို ချွေးမ တော်ရမှာလို့ တထစ်ချ ယုံထားတာ သားကြီးရဲ့ ခုတော့"

အမေ့စကားကြားတော့ အဖေက တဟားဟား ထရယ်တယ်။

"ဟား ဟား ဟား တော်တော်တရားကျဖို့ကောင်းတဲ့ ငွေခင်ပဲ ရက်ချိန်းလို လူဆိုးကို နှင်းဥက စဉ်းစားမတဲ့လား ကြားသွားလို့ သတ်သေ နေပါဦးမယ်ကွာ ဟား ဟား ဟား"

ဟုတ်တယ် အောင်ချိန်းလည်း အမေတွေးသလိုပဲ တွေးခဲ့တာ၊ ဘယ့်နှယ် ဗျာ ထဘီရင်လျားနဲ့ နှင်းဥကို ရက်ချိန်း စွေ့ခနဲပွေ့ချီပြီး အိမ်ပေါ် ခေါ်တင်သွားတာ သူ့မျက်မြင်ပဲဟာ။ ဒီအတိုင်းအတာအထိ ရင်းနှီးဖို့ဆိုတာ သမီးရည်းစားမက လင်မယားမကျ လူတွေမှ လက်ရဲဇက်ရဲ လုပ်ရဲကြမှာ မဟုတ်လား။

နောက်တော့မှ ချော်လဲလို့ပါ ဘာညာနဲ့ ရက်ချိန်း ပြောပေမယ့် အောင်ချိန်း မယုံပါဘူး နှင်းဥနဲ့ ရက်ချိန်း သေချာပေါက် ဖြစ်နေကြပြီလို့ပဲ တွက်ထားတာ။

ခုမှ တခြားတစ်ယောက်နဲ့ မင်္ဂလာဆောင်တော့မယ် ဆိုတော့ အောင်ချိန်း နားကိုမလည်တော့ဘူး။ ဒီကိစ္စ သူ ရှင်းရှင်းလင်းလင်း သိရမှ ဖြစ်မယ်၊ ရက်ချိန်း နဲ့မို့သာ သူ့အလျှော့ပေးခဲ့တာ၊ တစ်ခြားသူ ဆိုရင်တော့ မဖြစ်ဘူး။

တွေးရင်း အောင်ချိန်း နှင်းဥနဲ့ စကားပြောချင်လာတယ်၊ ဘာတွေ ဘယ်လိုဖြစ်ကြသလဲ ဆိုတာ သေသေချာချာ မေးကြည့်ရမယ်လို့ ဆုံးဖြတ်ပြီး အောင်ချိန်း သုတ်ခနဲ ထတယ်။

"သား ရွာထဲ ခဏလျှောက်လိုက်ဦးမယ် အဖေ"

"အေး အေး သိပ်မကြာစေနဲ့ သား"

"ဟုတ်ကဲ့"

ပြောပြောဆိုဆို အိမ်ပေါ်က ဆင်းသွားတဲ့ အောင်ချိန်းကို ဦးဘသော်တို့ လင်မယား ငေးကြည့်ရင်းကျန်ခဲ့ကြတယ်။ ဆေးလိပ်ခွက်ထဲက ဆေးပေါ့လိပ် တစ်လိပ်လှမ်းနှိုက်ရင်း ငွေခင်ကိုကြည့်မိတော့ ဦးဘသော်စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားရတယ်၊ ဒီမိန်းမ ဘာကိုမှ မမြင်ဘဲ ကြည့်နေတာ၊ ဒါနဲ့ လှမ်းတို့ပြီး

"ဟဲ့ ငွေခင် ငွေခင် ဘာဖြစ်နေတာတုန်း"

ဦးဘသော် လှုပ်မေး၊ မေးမှ ဒေါ်ငွေခင် သတိဝင်လာတယ်။

"ဘာဖြစ်သလဲ နေမကောင်းဘူးလား ငွေခင်"

"အင်း လူက နေကောင်းပါတယ် မကောင်းတာက အိပ်မက်ပါ"

"လာပြန်ပြီ ငွေခင်ရယ် ဘာတွေမက်ပြန်တာတုန်း"

"ရက်ချိန်းလေ သားငယ် သားငယ်"

ပြောရင်း မျက်စိမျက်နှာ ပျက်နေတဲ့ ငွေခင်ကို ကြည့်ပြီး ဦးဘသော်စိတ်ပူသွားရတယ်။

■ ■ ■

## အခန်း (၃၅)

"အခါတော် x x ပေးတာက x x နတ်ရေးငယ် ရွှေစာ x x သာသနာ ရောင်ဝါလင်း ကောင်းခြင်း ခု x x သည့်ချိန်ခါ"

ခမ်းနားထည်ဝါလှတဲ့ မဏ္ဍပ်ကြီးဆီက မင်္ဂလာတေးသံသာတွေ လွင့်ပျံ့လာနေတယ်။ တခြားသူတွေ နားဝင်ပီယံ ဖြစ်မဖြစ်တော့ မသိဘူး။ နှင်းဥ နားထဲ စီးဝင်လာတာတော့ သံရည်ပူတွေနဲ့ မခြားပါဘူး။

အသည်းကွဲငရဲမှာ အရှင်လတ်လတ် ငရဲကျပြီး နှိပ်စက်ခံနေရတာ လို့ နှင်းဥ ထင်နေတယ်။

မြို့သား စိုးရန်နောင်နဲ့ နှင်းဥတို့ရဲ့ မင်္ဂလာပွဲကို ရွာမှာပဲ ခြိမ်ခြိမ့်သည်း ကျင်းပမှာဆိုတော့ တစ်ရွာလုံးက နှင်းဥအတွက် ဂုဏ်ယူမဆုံးကြဘူး။

ကာလသားတွေလည်း နှင်းဥကို မျှော်မှန်းခွင့်မရတော့ပေမယ့် ပျော်နေလိုက်ကြတာ တဝါးဝါး တဟားဟားနဲ့ ပျော်နေကြမှာပေါ့။ စိုးရန်နောင် ရဲ့ ညီဝမ်းကွဲ ဝေဖြိုးက ကာလသားတွေအတွက် အရက်ချောင်းစီး မောင်မ တီးဘဲ လှူနေတာကိုး။

"သောက် သံချောင်း သောက် နှင်းဥကို မင်းတို့ ငါတို့ မရ တော့ပေမယ့် တို့ရွာသူ မြို့ကသူဌေးသားနဲ့ရတာ ဂုဏ်ယူလိုက်စမ်းပါကွာ"

"အိုး ဒါပေမဲ့ ခံစားရတယ်ကွာ နလုံးသားနဲ့ရင်းပြီး သောက်ရတဲ့ အရက် အဝကို သောက်ပစ်မယ် ပေးစမ်း အေ့"

"အလကားရတိုင်း လောဘမတက်နဲ့ မသက်ပါ ထွက်သွားဦးမယ်"

မီးစက်သံတညည်းညည်းနဲ့ဆိုတော့ မဏ္ဍပ်ထဲမှာလည်း ထိန်ထိန်ငြီးလို့ ပေါ့။ နှင်းဥတို့ခြံဝင်းက ကျဉ်းလို့လမ်းထိပ်မြေကွက်လပ်မှာ ဆောက်ထားတဲ့ မဏ္ဍပ်ဆီလှမ်းကြည့်ရင်း မနက်ဖြန်ဆို မချစ်မနှစ်သက်တဲ့သူ့ရဲ့ ရင်ခွင်ထဲ တိုးဝင် ရတော့မယ်ဆိုတဲ့ အသိနဲ့ မချိအောင် နှင်းဥ ခံစားနေရတယ်။

"နှင်းဥ ဒီည ဒီမှာပဲ အိပ်မှာလား"

"ဟုတ်ကဲ့ ကိုစိုးရန်နောင် ဒါထုံးစံပဲ မဟုတ်လား ကိုစိုးရန်နောင် လည်း ဝေဖြိုးဆီမှာပဲ အိပ်ရမှာလေ မနက်ဖြန်မင်္ဂလာဆောင်ပြီးမှ ရင့်နောက် ကို နှင်းဥလိုက်ခဲ့မှာ ဒါပဲနော် ရွာက ကာလသမီးတွေ အတွက်လည်း မုံ့ပေးဖို့ ပြင်ဆင်ထားဦး"

ကြာညိုရဲ့ ရွှန်းရွှန်းဝေ စကားကြောင့် စိုးရန်နောင် မချင့်မရဲနဲ့ သွားဖြစ်ရရှာတယ်။ ကိုယ့်ရွာမှာ ကြက်ဖဆိုပေမယ့် သူများရွာမှာ ကြက်မဆို တဲ့ စကားကလည်း ရှိနေတာကိုး။

"နှင်းဥနဲ့ အတူ ဘယ်သူတွေ ရှိကြမှာလဲ"

"ကျွန်မရယ် ဒွေးလေး လုံးတင်ရယ် ရှိကြမှာ စိတ်ချပါတော် တော့် ဇနီးလောင်းကို ခြင်တောင် မကိုက်နိုင်အောင် တစ်ကိုယ်လုံးပတ်တီး စည်းပေးထားလိုက်မယ်"

"ဟား ဟား ဟား ဒါဆိုရင်တော့ စိတ်ချပါပြီဗျာ ကိုင်း သွားမယ် နှင်းဥ စောစောအိပ်နော် ဒါမှမနက်ဖြန် မျက်နှာပြည့်ပြည့်လေးနဲ့ ပိုလှနေမှာ"

"ဟုတ်ကဲ့"

သတို့သားလောင်း စိုးရန်နောင်အိမ်ပေါ်က ဆင်းသွားတာနဲ့ နှင်းဥ ခင်းထားတဲ့ ဖျာပေါ် ပစ်လှဲချလိုက်တယ်။

စိတ်ဆင်းရဲလွန်းလို့ တစ်ကိုယ်လုံး နုံးချိနေပြီ။

"ဒွေးလေး ခုလောက်ဆို မေမေ့ကို ခွဲစိပ်နေကြပြီ ထင်တယ်နော်"

"ပူမနေပါနဲ့ နှင်းဥရယ် ရန်ကုန်က ဆရာဝန်ကြီးတွေ လက်ထဲ ရောက်သွားမှတော့ စိတ်သာချလိုက်တော့"

"အမေ ပြန်ကောင်းလာမှာပါနော်"

"ကောင်းလာမှာပါ နှင်းဥရယ် ငါ့ယောက်ျားရော ညည်းညီမတွေပါ လိုက်သွားကြတာပဲ နှင်းမြအတွက် ဘာမှ စိတ်ပူမနေနဲ့"

ဒွေးလေး လုံးတင်ရဲ့ အားပေးစကားကြောင့် အပူလျော့သွားပေမယ့် စိုးရန်နောင်နဲ့အတူနေရတော့မယ့် အဖြစ်ကို တွေးကြောက်နေမိတာက လျော့မသွားဘူး။

"ကဲ နှင်းဥ ငါတို့လည်း မနက် ဝတ်ရမယ့် အဝတ်အစားတွေ ပြန်ယူလိုက်ဦးမယ် ညည်းနေရဲ့တယ် မဟုတ်လား"

"နေရဲပါတယ် ဒွေးလေးရယ် တစ်သက်လုံး နေလာတဲ့ ကိုယ့်အိမ် ပဲဟာ"

"ကဲဒါဆို ကြာညို ငါနဲ့အဖော်လိုက်ခဲ့ဦး မြွေပါးကင်းပါး မမြင်ရလို့"

"ဟုတ်ကဲ့ပါတော် ဟဲ့ နှင်းဥတံခါးပိတ်ထားဦးနော်"

ဒွေးလေးနဲ့ကြာညို ထွက်သွားကြတာတော့ နှင်းဥစိတ်ထဲ လွတ် လပ်ပေါ့ပါးသွားသလို ခံစားရတယ်၊ စိတ်ကျဉ်းကျပ်မှုတွေ လျော့သွားတာနဲ့ အတွေးထဲကို ရက်ချိန်း ရောက်ပါတော့တာပဲ။

ဒေါ်လုံးတင်ကို ခေါင်းညိတ်အဖြေပေးလိုက်ဖို့ တိုက်တွန်းပြီး ကတည်းက ရက်ချိန်း ပျောက်သွားလိုက်တာ၊ ရွာမှာလည်း မတွေ့ရ သတင်း မကြားရဘူး။

အသည်းမာမာနဲ့ ခွဲခွာသွားလို့ ရက်စက်လိုက်တာလို့ နှင်းဥ မထင်ရက်ပါဘူး ရက်ချိန်းရယ် နင် ငါ့ကို မချစ်လို့မဟုတ်လား၊ အမေနဲ့ ငါ့အတွက် နင့်နှလုံးသားကို စတေးခဲ့တာလို့ ငါနားလည်ပါတယ်။

ဒီလိုပါပဲ ရွေးချယ်စရာမရှိဘဲ ချောင်ပိတ်အရိုက်ခံရတဲ့ ငါ့နှလုံးသား ကလည်း နင့်ဆီမှာပဲ ကျန်ခဲ့တာပါဟယ်။

"နှင်းဥ နှင်းဥ နှင်းဥ"

အိမ်အပြင်က ခေါ်သံတိုးတိုးကြောင့် နှင်းဥ ထိတ်ခနဲဖြစ်သွားတယ်။ နှင်းဥ ရင်းနှီးနေတဲ့အသံ၊ ရက်ချိန်း များလားထင်ပြီး ဝမ်းသာမိတယ်။

"ဘယ် ဘယ်သူလဲ"

"ငါ ငါ ကိုအောင်ပါ အောင်ချိန်း"

တိုးတိုး အုပ်အုပ်ပြန်ဖြေတဲ့ ကိုအောင့်အသံကို နှင်းဥ မှတ်မိသွား တယ်။

"ဘာ ဘာကိစ္စလဲ ကိုအောင်"

"နင့်ကို အရေးတကြီး ပြောစရာရှိလို့ တံခါးဖွင့်စမ်းပါဦး ခဏပဲ နှင်းဥ"

နှင်းဥ မျက်ရည်တွေ ကပျာကသီ သုတ်လိုက်တယ်၊ ကိုအောင် ဘာပြောမလို့လဲ၊ ရက်ချိန်းနဲ့တွေ့ပြီး ကိုအောင်ကို ဘာများ မှာလိုက်လို့လဲ။

သိချင်ဇောနဲ့ နှင်းဥ အိမ်တံခါးကို ကသောကမျော ဖွင့်ပေးလိုက်တယ်၊ အောင်ချိန်း သုတ်ခနဲ ဝင်လာပြီး တံခါးကို ချက်ချင်းပြန်ပိတ်လို့ ဂျက်ပါထိုးလိုက်သေးတယ်။

နှင်းဥကို လှမ်းကြည့်တဲ့ ကိုအောင့်မျက်နှာက နီလို့ရဲလို့၊ ရွှစ်ရွှစ်ရှရှ ချဉ်စုတ်စုတ် အရက်နံ့ကလည်း ထောင်းခနဲ လွင့်လာတယ်။

"ဟင် ကိုအောင် အရက်တွေ သောက်ထားတယ်"

"ဟင့်အင်း ငါ အရက်မူးနေတာ မဟုတ်ဘူး၊ အချစ်မူးနေတာပါ နှင်းဥ နင့်ကို ငါ သိပ်ချစ်တယ်"

"အို"

အခုမှ နှင်းဥ ကြောက်ရမှန်းသိတာ။ တံခါးဖွင့်ပေးမိတာ မှားပြီ ဆိုတဲ့အသိနဲ့ နောက်ကို တစ်လှမ်းဆုတ်ဖို့ ပြင်လိုက်တယ်၊ ဒါပေမဲ့ နောက်ကျသွားပြီ။ ကိုအောင့် လက်တွေက နှင်းဥ လက်မောင်းနှစ်ဖက်ကို တင်းတင်း ကျပ်ကျပ် ဆုပ်ကိုင်ထားပြီးသား ဖြစ်နေတယ်။

"နှင်းဥရယ် ငါ့ရင်ထဲမှာ မီးတောက်နေပြီ သိရဲ့လား"

"အို ကိုအောင် ဒီလိုမလုပ်ပါနဲ့ မသင့်တော်ပါဘူး နှင်းဥက လက်ထပ်ရတော့မှာ"

"ငါ နင့်ကို အဆုံးရှုံးမခံနိုင်ဘူး နှင်းဥ"

ကြောက်စရာကောင်းလောက်အောင် မီးဝင်းဝင်းတောက်နေတဲ့ အောင်ချိန်း မျက်လုံးတွေကို နှင်းဥ မြင်နေရတယ်။ အရက်တန်ဖိုးနဲ့ နှင်းဥ ရှေ့ရောက်လာတဲ့ ကိုအောင်က နှင်းဥ အရင်တုန်းက သိခဲ့ဘူးတဲ့ ကိုအောင် မဟုတ်တော့ဘူး။

"နှင်းဥ နင်မြို့က ကောင်နဲ့ လက်မထပ်ရဘူး ငါကလွဲရင် နင့်ကို ဘယ်သူမှ မပိုင်စေရဘူး"

နှင်းဥ အောင်ချိန်း လက်တွေကြားက ရုန်းထွက်ကြည့်တယ်။

မရဘူး။ အရက်ရှိန်နဲ့ခွန်အား ပေါင်းထားတဲ့လက်တွေက မြဲမြဲလွန်းနေတယ်။ ရုန်းရကန်ရတာ နှင်းဥ ချွေးစို့လာတဲ့အထိပဲ။

"ကိုအောင် အား အစ် နှင်းဥကို သနားပါ ကိုအောင်"

တောင်းပန်မှ ပြောင်းဆန်တော့တာပဲ။ အောင်ချိန်းပုံစံက ဘီလူး စီးနေတဲ့အတိုင်းပဲ။ အော်ဟစ်ပြီး အကူအညီတောင်းမှာ စိုးလို့ ပါးစပ်ကိုပါ ပိတ်ထားတော့ နှင်းဥအသက်ရှူပါကျပ်လာရတယ်။

အထိတ်တလန့်နဲ့ နှင်းဥမျက်ဝန်းတွေကို အောင်ချိန်း ဥပေက္ခာပြု လိုက်ပြီ။ နှင်းဥရဲ့ကိုယ်လုံးလေးကို သူ့ရဲ့ဗလနဲ့ ဖိတွန်းပြီးလုံချဖို့ကြိုးစားလာ တယ်။

"အ အစ် အု အီး"

ခွန်အားခြင်းမမျှတော့ နှင်းဥ ကြိုးစားသမျှ အရာမထင်ဘူး။ အောင်ချိန်းကတော့ မုန်ယိုနေတဲ့ ဆင်တစ်ကောင်လို နှင်းဥကို အနိုင် အထက်ပြုဖို့ အားထုတ်နေတုန်းပဲ။

"ချမ်းသာပေးပါ ကိုအောင်ရယ် မတော်ပါဘူး အူး အစ်"

"မအော်နဲ့ နှင်းဥ ဒီအချိန်မှာ ငါဘာမဆိုလုပ်ရဲတယ်နော်"

နှင်းဥတစ်ယောက် အိမ်ထဲမှာ ငရဲကျနေတဲ့အခိုက် မဏ္ဍပ်မှာတော့ လော်ကာသီချင်းသံနဲ့ ဆူညံနေဆဲပဲ။ နှင်းဥ ဘယ်လိုပဲ အော် အော် အပြင်က ကြားကြမှာ မဟုတ်ဘူး။

တဖြည်းဖြည်းနဲ့ ပီပြင်လာတဲ့ည အလင်းရောင်အောက်မှာလူ တစ်ယောက် မှောင်ထဲက တိုးထွက်လာတယ်။ နှင်းဥတို့အိမ်ဘေးရောက် တော့ရပ်ပြီး အိမ်ကြီးဆီကို မမိုတ်မသုန် အကဲခတ်နေတယ်။ သူက ရက်ချိန်။

အပြီးအပိုင် စွန့်လွှတ်လိုက်ရတော့မယ့် ချစ်ရသူနှင်းဥရဲ့ အငွေ့ အသက်နဲ့အရိပ်အယောင်ကို နောက်ဆုံး ရှုမြင်ခံစားချင်လို့သာ လာခဲ့ရတာ နှင်းဥကိုတွေ့ရလိမ့်မယ်လို့ မမျှော်လင့်မိဘူး။

နှင်းဥ အခန်းထဲက မီးရောင်မှာအရိပ်နှစ်ခုတွန်းထိုးလှုပ်ရှားနေ တာ မြင်လိုက်ရလို့ ရက်ချိန်း စိုးရိမ်သွားတယ်။

ဒါနဲ့ သုတ်ခနဲ ပြေးဝင်ရင်း တံခါးကိုအသာနားကပ်ပြီး အသံဗလံ တွေ နားစွင့်ကြည့်တယ်။

"နှင့်ကိုငါ ချစ်လို့ပါ နှင်းဥ မစွန့်လွှတ်ပါရစေနဲ့နော်"

"ကိုအောင် မလုပ်ပါနဲ့ နှင်းဉကို သနားပါ ဟင့် ဟင့်"

အထဲကအသံတွေကို ရက်ချိန်းရှင်းရှင်းလင်းလင်း ကြားလိုက်ရတယ်။ ဦးနှောက်တွေ ဆူပွက်ပြီး ဘာကိုမှ စဉ်းစားမနေတော့ဘူး။ အိမ်တံခါးကို ပခုံးစောင်းနဲ့တိုက်ဖွင့်ပစ်လိုက်တယ်။

တံခါးကျိုးပျက်ပြီး ရက်ချိန်းပါ အိမ်ထဲရောက်သွားတယ်။ အရှိန်လွန်ပြီး ရောက်လာတဲ့ ရက်ချိန်းက နှင်းဉနဲ့အောင်ချိန်းကိုပါ ဝင်တိုက်မိတော့ အောင်ချိန်းလက်ထဲက နှင်းဉ လွတ်သွားတယ်။

နှင်းဉမျက်နှာလေးက ထိတ်လန့်လို့ ဝတ်ထားတဲ့အင်္ကျီလေးတောင် ရင်ညွန့်အထက်နားမှာ စုတ်ပြဲနေတာမြင်လိုက်ရတော့ ရက်ချိန်း ဒေါသက ထောင်းခနဲပဲ။

"အောင်ချိန်း မင်း မင်း ယုတ်မာလှချည်လား"

"ဟေ့ကောင် မင်းနဲ့မဆိုင်ဘူး မင်းထွက်သွား"

မူးပြီးလူ့စိတ်ပျောက်နေတဲ့အောင်ချိန်းက ဒယိမ်းဒယိုင်နဲ့ မောင်းထုတ်တယ်။ ရက်ချိန်းက လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်လိုက်တယ်။ လက်သီးပေါ်က အကြောတွေတောင် ထောင်ထလို့။

အောင်ချိန်းက ဆင်ခြင်တုံတရားကင်းမဲ့စွာနဲ့ သူ့ အသင့်ယူဆောင်လာပုံရတဲ့ ဓားမြှောင်တစ်လက်ကို ခါးကြားက ဆွဲထုတ်လိုက်တယ်။ ရက်ချိန်းက မတုန်လှုပ်ဘူး။ အောင်ချိန်းရဲ့လှုပ်ရှားမှုကို စွန်ရဲတစ်ကောင်လို မျက်ခြေမပြတ် စူးစိုက်ကြည့်နေတယ်။

"ရက်ချိန်း မင်းသွားတော့ ဒါငါ့ကိစ္စ"

"ကိုအောင် မင်း အဓိပ္ပါယ်မရှိတာ မလုပ်နဲ့ လက်ထဲက ဓားကို ချလိုက်စမ်းပါကွာ"

ရက်ချိန်းပြောရင်း အောင်ချိန်းနားကို တိုးကပ်လိုက်တယ်။ နှင်းဉက စိုးရိမ်တကြီးနဲ့ ရက်ချိန်းကို နောက်ဘက်က သိုင်းဖက်ပြီး ဝင်ဆွဲတယ်။

"နှင် နှင်တို့ ရန်မဖြစ်ကြပါနဲ့ဟယ် ငါ့စကားကိုနားထောင်ကြပါ"

"ဘာမှမကြောက်နဲ့ နှင်းဉ နှင်သာ ဖယ်နေစမ်း"

ပခုံးကိုဖက်ကိုင်ထားတဲ့ နှင်းဉလက်တွေကို အသာဖယ်ချပြီး ရက်ချိန်းက ပြောလိုက်တယ်။ အောင်ချိန်း အံကိုတင်းတင်းကြိတ်ပြီး မှိတ်မတတ် ဝါးမတတ် မျက်လုံးတွေနဲ့ ရက်ချိန်းကို ကြည့်နေတယ်။

"မင်း ငါ့ကိုအမြဲတမ်း ဒုက္ခပေးနေပါလား ရက်ချိန်း ဒီတစ်ခါတော့ မရဘူး ကဲကွာ"

အောင်ချိန်း အသိတရား ပျောက်သွားပြီလားမသိ။ ရက်ချိန်းရင်ဝကို ဓားမြှောင်နဲ့ တည့်တည့်မတ်မတ် ထိုးစိုက်ချတယ်။

ရန်ပွဲအတွေ့အကြုံပြည့်ဝနေတဲ့ ရက်ချိန်းက ကိုယ်ကိုယိမ်းပြီး အလိုက်သင့် တိမ်းရှောင်ပြီးသား။

ဒါပေမဲ့ ရက်ချိန်းနောက်က မခွာဘဲ ကပ်ရပ်နေတဲ့ နှင်းဥရင်ညွန့်ထဲကို ဓားက တန်းတန်းမတ်မတ် စိုက်ဝင်သွားတယ်။

"အ အား မလုပ်နဲ့"

"ဟာ နှင်းဥ နှင်းဥ"

ခွေလဲကျသွားတဲ့ နှင်းဥကို လှမ်းပွေ့လိုက်တယ်။ အောင်ချိန်း မျက်လုံးကြီး ပြူးပြီး မယုံနိုင်သလို ကြောင်တွေတွေကြီး ကြည့်နေတယ်။

"နှင်း နှင်းဥ နှင်းဥ"

"ငါ ငါ နင့်ကို ချစ် အ"

နှင်းဥ ရက်ချိန်း ရင်ခွင်ထဲမှာပဲ ဇက်ကျိုးကျသွားတယ်။ ရက်ချိန်းခမြာ မယုံနိုင်သလို ကြည့်နေရာက မျက်လုံး ကလယ်ကလယ် ဖြစ်သွားပြီး နာကျင်စွာ အသံနက်ကြီးနဲ့ ကြုံးပြီး အော်ဟစ်လိုက်တယ်။

"နှင်း နှင်းဥ ဖြစ်မှ ဖြစ်ရလေ နှင်းဥရယ်"

ရက်ချိန်း အော်သံကြောင့် သတိဝင်လာတဲ့ အောင်ချိန်းက ထွက်ပြေးဖို့ ဟန်ပြင်လိုက်တယ်။ အလစ်မပေးတမ်း ကြည့်နေတဲ့ ရက်ချိန်းက လေလို လျင်မြန်တဲ့အရှိန်နဲ့ အောင်ချိန်းကို ခုန်အုပ်လိုက်တယ်။

နှစ်ယောက်သား လုံးထွေးပြီး ကြမ်းပေါ် ဝုန်းခနဲ ပစ်ကျသွားတဲ့အခိုက်မှာ အောင်ချိန်း လက်ထဲက ဓားဟာ ရက်ချိန်း ဗိုက်ထဲ တဆုံးနစ်ဝင်သွားတယ်။

ဒါပေမဲ့ ရက်ချိန်း လက်နှစ်ဖက်ကလည်း အောင်ချိန်းရဲ့ လည်မျိုကို တင်းတင်းကြပ်ကြပ်ကြီး ညှစ်ထားလိုက်တာ ပြုတ်တူနဲ့ညှပ်ထားသလိုပဲ။ ရက်ချိန်း လက်မှာ အကြောပြိုင်းပြိုင်းကိုထလို့။

"အ အစ် အစ် အ"

ရက်ချိန်း မျက်ဝန်းတွေ ဒေါသကြောင့် ပြူးထွက်နေသလို အောက်

ာ အောင်ချိန်းမျက်နှာကြီးလည်း နီရဲမို့အစ်လာတဲ့အထိ ဝေဒနာကို
အပြင်းအထန်ခံစားနေရတယ်။
တဖြည်းဖြည်းနဲ့ရက်ချိန်းကိုယ်လုံးကြီး အောင်ချိန်းပေါ် ပြုတ်ကျ
သွားသလို အောင်ချိန်းလည်း လုံးဝငြိမ်သက်သွားတယ်။
မင်္ဂလာမဏ္ဍပ်ဆီက သီချင်းသံဟာ ည လေထုထဲမှာလွင့်ပျံ့လို့
လာတယ်။ နှင်းဥတို့အိမ်လေးကတော့ တိတ်ဆိတ်ငြိမ်သက်လို့ . . .။

■ ■ ■

## အခန်း (၃၆)

နှင်းဥ၊ အောင်ချိန်းနဲ့ ရက်ချိန်း လူသုံးယောက် တစ်ညထဲ သေဆုံး သွားကြတဲ့ ဒီဖြစ်ရပ်ကြီးဟာ တစ်ရွာလုံးက လူတွေကို အံ့ဩထိတ်လန့်စေ တာ အမှန်ပါပဲ။

ရွာကျောင်းဆရာတော် ဦးဝိမလ ကြိုတင်နိမိတ်ဖတ်ကြားခဲ့သလို ရက်ချိန်း တစ်ယောက် အလွန်ထင်ရှား ကျော်ကြားလိမ့်မယ် ဆိုတာကတော့ သွေးထွက်အောင် မှန်ကန်လွန်းနေပါတယ်။

လူသေသွားတာ တစ်နှစ်ကျော်ကြာတဲ့အထိကို ရက်ချိန်းက နာမည်ဆိုးနဲ့ ထင်ရှားကျော်ကြားနေတုန်းပါပဲ။

သတိရလို့တစ်မျိုး စကားစပ်မိလို့တစ်ဖုံ ရွာသားတွေဆုံတိုင်း ဒီကိစ္စ ကြီးကို ပြန်ပြောင်းပြောမိနေကြတုန်းပါ။

အဲဒီဖြစ်ရပ်မှာ ရက်ချိန်းက နှင်းဥကို ပက်ပက်စက်စက် အဓမ္မ ကြံစည်လို့ အောင်ချိန်းက ကယ်ဆယ်ရင်း သုံးယောက်စလုံး သေပွဲဝင်ခဲ့ကြ ရတာတဲ့။

ဖြစ်ရပ်မှန်ကို ဘယ်သူမှ မျက်မြင်ဒိဋ္ဌ မတွေ့ကြ မမြင်လိုက်ကြ ရပေမယ့် ရွာထဲကလူတိုင်း အောင်ချိန်းနဲ့နှင်းဥကို တသသနဲ့သတိရပြီး ကရုဏာသက်လို့ မဝနိုင်ကြဘူး။

လူမိုက် လူယုတ်မာ ရက်ချိန်းကိုတော့ နာကျည်းမုန်းတီး နေလိုက် ကြတာများ အခါအခွင့်သင့်တိုင်း ပြောမဆုံးတော့ဘူးတဲ့။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး